သာသနာတော် နေ-လ ပမာ ထွန်းတောက်ပါစေသတည်း

အမျိုးဘာသာ သာသနာ ပညာခွင် မြှင့်တင်ရေးအဖွဲ့ချုပ်

ဥ-သ-မဟာနာယကကြီး

## ညောင်ရမ်းဓေယျပဏ္ဍိတ

စီရင်ရေးသားသော

# စေတီ ဘုရား

# တည်ထားနည်းကျမ်း

၁၃၂၅-ခုနှစ်၊ ဝါခေါင်လတွင် ပဌမ-အကြိမ်မြောက်

အုပ်ရေ- ၃၀၀၀၊ ပုံနှိပ်[illegible]။

# ၁၉၄၈

# နိဒါန်း

၁။ " ဗုဒ္ဓေါ ဗုဒ္ဓေါတိဃောသော အတိဒုလ္လဘတရော " စသည်ဖြင့် အသျှင်မဟာ ဗုဒ္ဓဃောသ အရှင်မြတ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို၊ ထုတ်ဘော် ချီးကျူး အထူးရှိခိုးခြင်း နမက္ကာရ ပြုခဲ့သည်နှင့်အညီ၊ ဤလောကကြီး အတွင်းမှာ "မြတ်စွာဘုရား မြတ်စွာဘုရား" ဟူသော အသံကို ကြားရရုံမျှပင်၊ အလွန်တရာမှ ကြားရခဲခြင်းဖြစ်ပေသည်။ ဤအရာ၌ ဗုဒ္ဓဘာသာဝင်တို့ကို မဆိုထားဘိ ဘာသာခြား ဖြစ်သောသူတို့သည်ပင် ဗုဒ္ဓဘာသာဝင်များ ခဏ ခဏ ပြောဆို နေသံကို မပြတ်လိုပင်ကြားနေရ၍ ကြားရဘို့ရန် မခက်ခဲလှ ပါဟု ထင်မြင်ပြောဆိုကြပါမူ စင်စစ်အားဖြင့် ထိုသို့ မထင် အပ်သည်သာတည်း။

၂။ လောက၌မနုဿတစကြာမင်းကြီးများသာ သုံးဆောင်ထိုက်သော မနောမယ ပတ္တမြားရတနာကြီးကို အချို့သောသူတို့သည် အညတြနေရာ တခုတွင် တွေ့ပါမူ ထိုရတနာကြီး၏ မှန်မြတ် ထူးကဲလှစွာသော တန်ခိုးအာနိသင်ကို ထူး ထူး ချွန်ချွန် မသိသည်ဖြစ်၍ သာမည ကျောက် ကြီး ဟူ၍သာ၊ သာမည ကြည့်ရှု၍ပြောပေမည်၊ ထိုသူများမှာ နက်နက်နဲနဲ ထူးကဲစူးစိုက်စွာ မကြည့်ရှုသောကြောင့် မသိရသော်လည်း၊ မနောမယ ကျောက်ရတနာကြီးကို အမှန်အတိုင်း သိရှိသူတို့ကား။ "ဤရတနာကျောက်ကြီးကား၊ မည်မျှလောက် အံ့ဩ

ဘွယ်ကောင်းလောက်အောင်၊ ထူးကဲ မွန်မြတ်လှစွာသော အကျိုးအာနိ သံသတို့ကို”ရှိ၍ မည်မျှလောက် နှစ်သက် မြတ်နိုးဘွယ်ကောင်းပါပေသည်ဟု သဘောပေါက် သိရှိပေသည်

၃။ ဤစကြာဝဠာကြီးတွင် ဘုရားတဆူတဆူဖြစ်ပွင့်ရန် လွန်စွာမှ ခဲယဉ်းလှကြောင်းကို ဗုဒ္ဓဝင်ဒေသနာတော်၊ ဇာတတ္ထကိနိဒါန်း၊ သောတတ္ထကိ နိဒါန်းတို့တွင် လွန် စွာ ထင် ရှား စွာ ဟောတော်မူပေသည်၊ ကမ္ဘာပေါင်း အသင်္ချေ ကုန်လွန်သွားသော်လည်း ဘုရား တဆူ တဆူမျှ မဖြစ်ပွင့်ချေ၊ သို့ ဖြစ် ၍ “ဘုရား-ဘုရား” “ မြတ်စွာဘုရား-မြတ်စွာဘုရား ” ဟူသော အသံတော်များ လွန်စွာမှ ကြားရသိရရန် ခဲယဉ်းလှကြောင်း ထင်ရှားလှပါကြောင်း၊ ဘုရားအလောင်း စင်စစ်ဖြစ်သော နိယတ ဗျာဒိပ်တော်ခံရရန်ပင် ခက်ခဲလှပေစွ၊ တဖန် ဗျာဒိပ်ပင် ခံရပါလျက် အဆူဆူသောဘုရားအပေါင်းတို့ထံတွင် ထပ်မံဗျာဒိပ်တော် ခံရရန် မည်မျှပင် မဟာကရုဏာစေါတ် အဇ္ဈာသယ စေါတ်တို့ဖြင့် ဖြည့်ကျင့်ရသေး သည် ကို လည်း ထိုထိုသို့သော ဒေသနာတော် ဗုဒ္ဓဝင်တော်တို့တွင် ထင်ရှားလှပါပေသည်။

၄။ မြတ်စွာဘုရား ဟူသော အသံသာမဟုတ်သေး၊ မြတ်စွာဘုရား၏ ကိုယ်စားတော်စေါတ် ရုပ်ပွားတော်၊ စေတီတော်တို့ကိုလည်း၊ တကယ်အရေးပါအရာရောက်၊ ထိမိမှန်ကန်စွာ ဖူးမျှော်ခြင်းမျိုးဖြင့်၊ ဖူးမျှော်ရတတ်ဘိုရာ အလွန်တရာမှပင် ခဲယဉ်းလေသေးသည်၊ မြတ်စွာဘုရား လက်ထက်တော်အခါကပင်၊ မိစ္ဆာအယူ ဖုံးလွှမ်းကွယ်ကုန်သော သူတို့သည်

အစိန္တေယျလေးပါး၊ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ် အသွယ်သွယ်နှင့် ရောင်ခြည်တော် တလံပါတ်လည်ဖြင့် တွေ့မြင်ရသော မြတ်စွာဘုရား ကိုယ်တော်ကြီးကို မြင်တွေ့နေရလျက်လည်း၊ သဒ္ဓါယုံကြည်ခြင်း ကင်းကြသည်အတွက်၊ဘုရားကို ဖူးမြင်ရသူများ မဖြစ်ထိုက်ကြချေ၊ မိစ္ဆာ ဒိဋ္ဌိ တို့သည် ဘုရားမဟုတ်ဟူ၍ပင်၊ စွပ်စွဲပုတ်ခတ် ပြစ်မှားကြသောကြောင့် အပါယ်စာ ဖြစ်ကြရရှာလေသည်၊ ထို့အတူ ယခု သာသနာတော်တွင်း၌လည်း ဗုဒ္ဓသာသနိက နယ်မြေများတွင်ဖြစ်သော အိန္ဒိယပြည်၊ သီဟိုဠ်ပြည်၊ ယိုးဒယားပြည်၊ ကမ္ဗောဒီးယားပြည်၊ နီပေါပြည်စသော နယ်မြေများတွင်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော် ရုပ်ပွားတော် စေတီတော်များကိုငင်း ဗုဒ္ဓသာသနာတော်မြတ်၏ ဗဟိုဓါတ်ဖြစ်သော ဤမြန်မာနိုင်ငံတော် အတွင်းရှိ စေတီ၊ ဘုရားရုပ်ပွားတော်များကိုလည်း အဝိဇ္ဇာ အယူ ဖုံးကွယ်ကြကုန်သဖြင့်၊ ထိုစေတီရုပ်ပွားတော် ဓါတ်တို့၏ မည်မျှထူးကဲနက်နဲသော အာနိသံသ ဂုဏ်ဝိသေသတို့ကို မသိမမြင်နိုင်ဘဲ သာမညအနေဖြင့်အုဋ်ပုံမြေကြီး၊ရွှေတွေကပ်မှီးထားသည်ဟုသာ၊ မံသမျက်စေ့အမြင်အတိုင်း မိစ္ဆာဉာဏ်ဖုံးလျက် ယူသိကုန်ကြကြောင်း သိရှိကြပြီးဖြစ်လေသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးကို အများပင် မြင်ကြပါသည်။

၅။ ယခုအခါ ထိုရွှေတိဂုံ စေတီတော်ကြီး ဟူသည် ရွှေတွေ တဝင်းဝင်းဖြင့် ထင်လင်းစွာ မြင်ရသာ:ဘဲ ဘာများထူးပါသနည်းဟု အဘယ်ပုံ သိကြရပါအံ့နည်း၊ ထိုရွှေတိဂုံ စေတီ

တော်ကြီးအတွင်း၌ ကိမ်းဝပ်ကုန်သော၊ ဓါတ်တော်၊ဆံတော် စသော သရီရဓါတ်သဘောများ၊ ဓါတုစေတီတော်၊ ဥဒ္ဒိဿ စေတီတော်၊ ပရိဘောဂစေတီတော်၊ဓမ္မစေတီတော်များ ထိုက် ပုံ၊ ပူဇော်ဘွယ် အံ့ချည်းထူးကဲသော အကျိုးအာနိသင် တန်ခိုး တော် ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့ကိုကား၊ဘာသာ ခြားတို့ကိုထား၍၊ ဗုဒ္ဓဘာသာဝင်ဟူသောသူများပင်၊ပိုင်းခြား ထင်ထင် သိမြင်သဒ္ဓါ မပွားများတတ်ရှာကြသေးကြောင်း လည်း အများပင် သိရှိကြပြီးဖြစ်ပါသည်၊ ထိုစေတီဘုရား တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို၊ ခြေခြေမြစ်မြစ် သိမြင်ယုံကြည် သဒ္ဓါပွား၍ စေတနာထားမှန် ရကြရန် အလွန်အရေးကြီးလှ ပါသည်၊ ထို့ကြောင့်ပင်လျှင် အသျှင်သာရိပုတြာမထေရ်မြတ် သည်၊ မြတ်စွာဘုရားအား ဗုဒ္ဓဝင်တော်ကို ဟောရန် တောင်း ပန်ရခြင်းပင် ဖြစ်ပါသည်။

၆။ တောင်းပန်ရပုံမှာ မြတ်စွာဘုရားသည် ခရည်းတော် သုဒ္ဓေါဒနမင်းကြီး ကာဠုဒါယီမထေရ်ဖြင့် ပင့်၍ ကြွရောက် တော်မူရာတွင် သာကီဝင်မင်းမျိုးတို့၏ မာန်မာနကို ချိုးနှိမ် ရန် ရေမီးအစုံအစုံသော တန်ခိုးတော် ယမကပြာဋိဟာကို၊ ကောင်းကင်ထက်မှ ပြနေတော်မူဆဲတွင်၊ ဤ သာကီဝင် ဆွေတော်မျိုးတော်တစုတို့မှာ ယခုမျက်မှောက်သော တန်ခိုး တေဇော် အာနုဘော်တို့ကိုသာ ဖူးမျှော်အံ့သြ၍ ကုသိုလ်ဇော ဖြစ်ပွားကြရလေသည်၊ မြတ်စွာဘုရားတို့၏ ဂုဏ်ကျေးဇူး တော် အခြေအမြစ်ကိုကား ဖွင့်လှစ်၍ မသိနိုင်ရှာကြကုန်၊ မြတ်စွာဘုရားအဖြစ်ကို ဆုတောင်းသည်မှစ၍ မူလရင်းစစ်

ဂုဏ်ကျေးဇူးတန်ခိုးတော်တို့၏ အခြေအမြစ်ကို စံနစ် ကျနစွာ သိရှိကြရပါမှုကား၊ ဆွေတော်မျိုးတော်တို့နှင့်တကွ၊ ခပ်သိမ်းသော လူနတ်ဗြဟ္မာ ဝေနေယျာအများတို့ပါ ရခဲလှစွာသော ကောင်းမှုကုသိုလ်အထူး၊ ကွန့်မြူးဖြစ်ပွားကြရမည့်အကြောင်းကို၊ ကောင်းစွာမျှော်မြင်လျက် တန်ခိုးပြာဋိဟာ ကောင်းကင်တွင် ပြနေတော်မူသဲ မြတ်စွာဘုရားအား ပုဏ္ဏာလျှောက်ကြား အသနားခံတော်မူ၍ ကောင်းကင် အဇဋ္ဌာပြင်တွင် စကြံန်ကြီးကို ဖန်ဆင်းလျက် စကြံန်လျှောက်ရင်းပင် ဤဗုဒ္ဓဝင်ဒေသနာတော်ကြီးကို မဟာကရုဏာတော်ပွား၍ ဟောကြားတော်မူခဲ့လေသည်၊ ဤမျှပင် ဂုဏ်တော် ကျေးဇူးတော်တို့ကို သိမြင်စေခြင်းသော ဒေသနာတော်ကို ဆင်ခြင်လျက်၊ ယခုအခါ စေတီရုပ်ပွား ဘုရားအပေါင်းတို့ကို မြင်ပါသော်လည်း ဖူးရပါသော်လည်း၊ ထိမိစူး၍ နက်နဲသောကျေးဇူးဂုဏ်တော်တို့ကို လွန်စွာ အမှန်သိမြင်စေလိုပါသည်။

၇။ အသျှင်သာရိ ပုတြာမထေရ်မြတ်သည်၊ ဗုဒ္ဓဝင် ဒေသနာတော်ကြီးကို ဟောတော်မူပြီး နောက်တဖန် ကြည်ညိုဆပွား၊ သဒ္ဓါတရား တိုးတက် ကွန့်မြူးစေရန်၊ သာကီဝင် ဆွေတော်မျိုးတော်တို့နှင့်တကွ အများသော နတ်လူဗြဟ္မာ၊ ဝေနေယျာအပေါင်းတို့၏ အကျိုးငှာ ထပ်မံ၍ အနာဂတဝင် ဒေသနာတော်မြတ်ကြီးကို ဟောကြားတော်မူရန် လျှောက်ထားတောင်းပန်ချက်အရ ထပ်မံဆက်လက် ဟောတော်မူပါသည်၊ ၎င်းအနာဂတဝင် အဋ္ဌကထာသည်လည်း နောက်ကာလမှ ပေါ်ပေါက်သော သာမညကျမ်း မဟုတ်ပေ၊ သီဟိုဠ်ကျွန်း

အနုရာဓမြို့ ဓါတုသေနမင်းကြီး လက်ထက်တော်တွင် အသျှင်မဟာဗောဓိထေရ် တောင်းပန်ချက်အရ ကာဠဝါသီ ဝိဟာရကျောင်း၌ သီတင်းသုံးနေတော်မူသော အရှင်မဟာ ဥပတိဿမထေရ် စီရင်ရေးသားတော်မူသော အဋ္ဌကထာ ကျမ်းဖြစ်ပါသည်၊ မူလ အနာဂတဝင် ပါဠိတော် ဒေသနာ ကိုမူ အသျှင်သာရိပုတြာ တောင်းပန်ကြောင်းကို၊ အနာဂတဝင် ပါဠိတော်၏ အစမှာပင် ပါပြီးဖြစ်၍ ထင်ရှားလှပြီ။

ဂ။ ဤသို့ဗုဒ္ဓဝင်တော်ကြီး၏ ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ စသည်တို့ကို ဟောကြရခြင်းမှာ ခပ်သိမ်းသော လူနတ်ဗြဟ္မာ ဝေနေယျအပေါင်းတို့မှာ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့ကို ကြည်ညိုဆပွား သဒ္ဓါထားတတ်ကြ၊ သိမြင်စေတတ်ကြရန် ထိုဘုရားတို့၏ စေတီ၊ ရုပ်ပွားတော် ကိုယ်စားခတော်ဓါတ်တို့ သရီရဓါတ်တော်တို့ကို မြတ်နိုးကော်ရော် ပူဇော်စေတတ် ရှိခိုးတတ် ကျေးဇူးတော် ဂုဏ်တော်ကို ယုံကြည်လေးမြတ် သိမြင်မြတ်နိုးတတ်ကြစေရန်ပင်ဖြစ်ပါသည် သို့ဖြစ်၍ ယခုအခါ စေတီရှိခိုးနည်းလေးပါး ရတနာသုံးပါးတို့၏ ဂုဏ်ကို ရှိခိုးနည်းများနှင့် ထိုစေတီဘုရားကိုလည်း စံနစ်တကျ တည်ထားကိုးကွယ်တတ်ကြရန် လွန်စွာမှလိုလားအပ် လှပါသည်၊ သာသနာတော်မြတ်မှာလည်း ဝိမုတ္တိယုဂခေတ်သို့ (၆)နှစ်မျှဝင်လာပြီဖြစ်ပါ၍ ပိုမို၍ပင် လိုလားအပ်လှပါ ကြောင်း။ ဤစာစောင်ကျမ်းငယ်ဖြင့် စေတီဘုရားတည်ထား ရာ၌ စံနစ်မကျန ပေါ့ဆခြင်း စေတီလေးပါး(ဗုဒ္ဓဘုရားကိုယ် စား သရီရဓါတ်ဓါတုစေတီ၊ဥဒ္ဒိဿစေတီ၊ဓမ္မစေတီ၊ ပရိဘောဂ

စေတီ)မပြည့်စုံခြင်း၊ရတနာသုံးပါးဂုဏ်မပြောက်ခြင်း၊ဌာပနာ ဂန္ဓကုဋိတိုက် အတွင်း၌ ဆင်းတုတော် စသည်တို့ကို ထင်သလို မျက်နှာပြုလှည့်ချထားခြင်း။ ပွဲတော်-၅-ပွဲ ( ပန္နက်ချပွဲ၊ အုဋ်မြစ်ချပွဲ - ဌာပနာပွဲ - ထီးတော်တင်ပွဲ-အနေကဇာတင်ပွဲ) မပြည့်စုံ မချီးပ မပူဇော်တတ်ခြင်း၊ ဌာပနာတိုက်အတွင်း ရတနာသုံးပါးနှင့်မစပ်သော ဂန္ဓာရီများအပြင် ဆံပင်များထည့်ခြင်း၊ ဌာပနာတိုက်လုံးဝမပါသော စေတီတည်ခြင်း၊ ဌာပနာတိုက်မလုံ၍ရင်း၊ သပိတ်ကိုဖေါက်ပစ်၍ရင်း၊ ပိန္နဲတိုင်မှတဆင့် ရေဝင်၍ စေတီတော်အတွင်းရှိ ဌာပနာတိုက်အတွင်း မိုးတွင်း၌ ရေများဝင်းအပြည့်ဝင်နေခြင်း စသည့်မဖွယ်မရာသော အချက်များကို ပပျောက်စိမ့်သောငှာရင်း၊ ဩဝါဒါစရိယသံဃာကြီး ထေရ်ကြီးမရှိ၊ ပညာရှိဂေါပကအဖွဲ့မရှိခြင်း၊ ဩဝါဒအာစရိယဝါဒမရှိဘဲ ထင်သလိုဘုရားစေတီတို့ကို စည်းကမ်းမရှိ၊အစိုးရ—မြေတို့ အပေါ်၌ သာသနာမြေမဟုတ် ဝတ္တကမြေဂရံမရဘဲ တည်ထားခြင်းတို့မှ ပပျောက်လျှက်၊ စေတီရှိခိုးနည်းလေးပါးဖြင့် ရှိခိုးတတ်ကြပါစေရန် လေးမြတ်သော စေတနာသဒ္ဓါတရားဖြင့် ရေးသားရပါသည်၊ အကယ်၍ အပြစ် အနာအဆာများ တွေ့ပါက သူတော်ကောင်း ပညာရှိတို့သည် ဆုံးမခြင်း လျစ်လျူပြုလျှက် မိမိတို့ နှစ်သက်ရာရာကိုသာ ယူကြပါရန် ညွှန်ကြား ဖြည့်စွက် ပေးကြပါရန် လေးမြတ်စွာ ဝန်ခံပန်ကြားအပ်ပါသည်။

(အနာဂတဝင် ပါဠိတော် နိသျကို ရှေးက မိုင်းခိုင်မြို့စား နန်းမတော် အတွင်းဝန် ဦးရံ ရေးသားခဲ့သော နိသျ တဆောင်သာရှိကြောင်း ပိဋကတ်သမိုင်းတွင် လာရှိသော်လည်း ၎င်းနိသျကို ယနေ့တိုင် ရှာမရပါကြောင်း။)

(နိဒါန နိဋ္ဌိတံ)

ညောင်ရမ်း ဇေယျ ပဏ္ဍိတ
ဥ-သ-မဟာနာယကမင်း၊
မ-သ-န-ခ မြှင့်တင်ရေး အဖွဲ့ချုပ်။

★

# ပဏာမ

၁။ မဟာကာရုဏိကံ နာထံ၊ ဉေယျသာဂရပါရဂုံ၊
ဝန္ဒေ နိပုဏ ဂမ္ဘီရ၊ ဝိစိတြ နယဒေသနံ။

၂။ ဇာတိကောဋိသဟဿေဟိ၊ ပမာဏရဟိတံ ဟိတံ၊
လောကဿ လောကနာထေန၊ ကတံ ယေန မဟေသိနာ။

၁။ ထိုဂါထာတို့ကား၊ ဥဒါန်း အဋ္ဌကထာ၊ ဣတိဝုတ် အဋ္ဌကထာ ဝိမာနဝတ္ထု အဋ္ဌကထာ၊ ပေတဝတ္ထု အဋ္ဌကထာ၊ ထေရဂါထာ အဋ္ဌကထာ၊ နေတ္တိ အဋ္ဌကထာ တို့နှင့်၊ တံဆိပ်တော်ရ ညောင်ကန်ရွာ ဇာတိ ပြည်ဆရာတော်ဘုရားကြီး ဦးကြီးညို သည်လည်း၊ မိုင်းခိုင်မြို့စား ဦးရန်၊ တောင်သာမြို့စား ဘိုးသူ တော်တို့ တောင်းပန်၍ စီရင်အပ်သော ပါဠိဇာတ် ပါဠိတော် နိဿယသစ်တွင် ပါသော။ ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘ တို့ကိုပင် အလေးအမြတ်ပြုသောအားဖြင့် ပူဇော်ရှိခိုး၍ ပဏာမပြုအပ် ပါသည်၊ ထိုသို့မြတ်စွာဘုရားအား ရှိခိုးခြင်းဖြင့်၊ထိုထိုသို့သော ဆရာတော်ကြီးများအားလည်း ပူဇော်ရာ ဖြစ်ပါစေသတည်း။

၂။ မြတ်စွာဘုရားသခင်၏ ရွှေလက်ထက်တော်တွင် သက်တော် ထင်ရှား မြတ်စွာဘုရားအား ရှိခိုး ပူဇော်ရာတွင် ထိခြင်း ငါးပါးတို့ဖြင့် ရှိသေ ကျိုးနွံစွာ သဒ္ဓါတရား ရှင်လှစွာဖြင့် ကျေးဇူးတော် ဂုဏ်တော်အပေါင်းကို ကြည်ညိုသဒ္ဓါစေတနာ အာရုံထား၍ ရှိခိုးပူဇော်ဘိသကဲ့သို့ ယခုစေတီဘုရား ကိုယ်ပွား တော် ဆင်းတုတော်တို့ကိုလည်း၊ ထို့အတူပင် သက်ဆော်

ထင်ရှားမြတ်စွာဘုရားကိုယ်ကဲ့သို့ ထီးခြင်းငါးပါးတို့ဖြင့် ရှိသော ကျိုးနွံစွာပင် စေတနာ ရှင်ကြည်စွာဖြင့် ကျေးဇူးဂုဏ်တော်တို့ကို သဒ္ဓါပွား၍ အာရုံထားခါ ရှိခိုးပူဇော်ရသည် သာတည်း၊ ထို့ကြောင့်ပင် ရှင်တော်ဘုရားသည်၊ "သက်တော်ထင်ရှား ငါဘုရားအားရင်း၊ ငါဘုရား၏ကိုယ်စား စေတီလေးပါးတို့အား၊ မြတ်နိုးကော်ရော် ပူဇော်ရှိခိုးကြရာတွင်၊ စေတနာတူမျှကြပါလျှင်၊ တူမျှသောအကျိုးကိုပင် ပေး၏၊" ဟူ၍ အင်္ဂုတ္တိုရ် ပါဠိတော်တွင် ဟောတော်မူခြင်းကို ထောက်ထား၍ အလေးအနက် ပူဇော်ရမည်သာတည်း။ အလေးအမြတ် ထပ်တူထပ်မျှ ရှိခိုးပူဇော်ရမည်သာတည်း။

၃။ မြတ်စွာဘုရားသည် စေတီ တည်ထားကိုးကွယ်ထိုက်သော စေတီ တည်ထားကိုယ်ကွယ်သဖြင့် လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးကျေးဇူးကို ရနိုင်သော အကျိုးကိုပြ၍ စေတီ တည်ခြင်းကိုလည်း ပြတော်မူပြီး ဖြစ်သည်၊ အနိမ့်သမျှကား၊ မဟာကပိလ ဇာတ်တွင် ဗာရာဏသီမင်းသည် အလောင်းတော် မြောက်မင်း၏အရိုးကိုပင် မြောက်၏ဦးခေါင်းပုံသဏ္ဌာန် စေတီ တည်ထားကိုးကွယ်ခြင်းဖြင့်၊ ဂုဏ်ကျေးဇူးတော်ကို ပြတော်မူပါသည်၊ သို့ဖြစ်၍ စေတီတော်ဘုရားအားလည်း ထပ်တူဘုရား လေးစား ကော်ဇော်ထိုက်သည်သာတည်း။

၄။ သို့သော်လည်း ဤကမ္ဘာလောကတွင် ဘုရားဟု အမည်ခံတိုင်း ဘုရားစစ်-ဘုရားမှန် မဟုတ်ကြပေ၊ ဘုရားဟုယုံကြည်ပြီး ကိုးကွယ်ထားတိုင်း ဘုရားစစ်-ဘုရားမှန် မဖြစ်ကြပေ၊ ဘုရားစစ်-ဘုရားမှန် မဖြစ်ပေါ်မီကရင်း၊ ဖြစ်ပေါ်ပြီးမှရင်း၊ မိမိတို့၏

ဝါဒ အဘိဓမ္မာတို့ကို ဖေါ်ထုတ်ပြလျက် ဘုရားဟု ခံယူပြီး၊ ဘုရားလုပ်နေကြခြင်းမှာ ဘုရားဟု ၎င်းတို့၏ သြဝါဒ ဘာသာ အယူကို ယုံကြည်စွာ ကိုးကွယ်သူများ ရှိကြခြင်းကြောင့်၎င်း ၎င်းတို့၏ ဘဝ သံသရာ ဝါသနာဘာဂီအရ အဝိဇ္ဇာဖုံး စရိုက် အကျင့်ခံ ပဋ္ဌာန်းနှီးစပ်ခြင်း၊ ပစ္စုပ္ပါန် ကြောင်းကျိုးစပ်မိကြ သဖြင့်၎င်း၊ နှီးစပ်၍ ကိုးကွယ်ကြသဖြင့် ဘုရားဟု ဝေါဟာရ တတ်ခြင်းသာ ဖြစ်လေသည်၊ တနည်းလည်း ပါတ်ဝန်းကျင်၏ ဖန်တီးခြင်းခံရ၍ ဘုရားလုပ်ကြရခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဘုရားစစ်-ဘုရားမှန် ဟူသော စကားကို ဆိုရ ပါသည်။

၅။ ဘုရားဟူသည် ဘဂဝါမှ ဘုရားဟူသော အမိပ္ပါယ်မှာ ဘုန်းတော်(၆)ပါးဖြစ်သော ဣဿရိယ၊ ဓမ္မ၊ ယဿ၊ သိရိ၊ ကာမ၊ ပယတ္တ၊ ဟူသော ဘုန်းတော်ခြောက်ပါး ပြည့်စုံခြင်း ကြောင့် ပြည့်စုံသောကြောင့် ဘဂဝါ=ဘုရားဖြစ်သည်၊ ထိုထို သို့သောဘုရားများက ဆိုခဲ့သည့် ဘုန်းတော်ခြောက်ပါး ပြည့်မပြည့် ရှိမရှိပင် သုံးသပ်သင့်ပါသည်၊ တဖန်တုံလည်း ဘုရားမှ -ဗုရား၊ ဗုဒ္ဓ မှ ဗုရားဖြစ်ပါသဖြင့်၊ ဗုဒ္ဓဘုရားမှာ ဗုဓ ဓါတ်(ဗုဇ-ဓါတ်)ဖြစ်ပါသည်၊ ဗုဓ=ဗုဇ-မှာ သစ္စာ လေး ပါး၊ ညေယျဓံ တရားငါးပါးကို၊ မိမိကိုယ်တိုင် အလိုလိုသိခြင်း သူတပါးတို့အား သိအောင်ပြုနိုင်ခြင်းသည်ပင်လျှင်၊ ဗုရား- ဘုရားဖြစ်ပါသည်၊ထိုထိုသို့သော မက္ခလိ ဂေါသာလ စသည့်တို့ ကား(၁)သစ္စာလေးပါး၊ ညေယျဓံတရားငါးပါးကို သိကော သိပါသလား၊ သူတပါးတို့အား ကိုကော သိစေပါသလား

စဉ်းစားသင့်လှ၏၊ တဖန်တုံကား၊ ဘုရားဟူသည် ဟေမဝတ သုတ္တန်လာအတိုင်းသာ မေးစစ်ရပါမူ များစွာပင် ခက်ဘိတောင်း၊ သို့ဖြစ်၍ အပြီးသတ် ဆိုလိုသည်မှာ၊ ဘုရားဟူသည်၊ မာန်ငါးပါးကို အောင်မြင်ပြီး၍ ပရိနိဗ္ဗာန်ပြုသော အခါတွင်ကား၊ အသခ်တဓါတ်သို့သာ စံဝင်ရရိုးမှန်၏၊ ဘဝ တဖန်မဖြစ် ထိုထိုသို့သော ဘုရားဟူသည်တို့ကား၊ မာန်ငါးပါးကို အောင်မအောင် သေသည်၏ အခြားမဲ့၌ အသခ်တဓါတ် နိဗ္ဗာန် စံဝင်မဝင်မှာ ဉာဏ်မြင့် ရင့်လှသူများ ထင်ရှားစွာ သိမြင်လွယ်လှ၏၊ သို့ဖြစ်၍ ဘုရားစစ် - ဘုရားမှန်ဟူသော စကားကို ရေးသုံးရခြင်း၏ အဓိပ္ပါယ် အကျဉ်းမျှကို ဆိုရပါသည်။

၆။ စေတီတော်ဘုရားကို ရှိခိုးကြရာတွင် ရိုသေလေးမြတ်လှစွာဖြင့် အာရုံယူထား၍ ရှိခိုးနည်းများမှာ၊ စေတီဘုရားတွင် လက်ျာယာရစ် သုံးပါတ်လှည့် ပူဇော်ပြီးသော်၊ မိမိနှစ်သက်ရာ ဘုရားစေတီ တဆူလုံးကိုဖြစ်စေ မြင်ရသောနေရာမှ ရိုသေစွာ ထိုင်ပြီးလျှင်-။

၁။ ပဌမအကြိမ်အဖြစ် စေတီတော်ကြီး၏ ဌာပနာတိုက် ရှိမည့်နေရာကို စဉ်းစားပြီးလျှင် လက်အုပ်ချီ မြှောက် မျက်စေ့မှိတ် အာရုံယူလျက်၊ ဌာပနာတိုက်အတွင်း၌ ရှိသော(၁)သရီရဓါတ် ဓါတုစေတီတော် (၂) ကိုယ်ပွားတော် ဥဒ္ဒိဿ စေတီတော်(ဓါတ်တော်-မွေတော်-ဆံတော် စွယ်တော်စသည်) (၃)ဓမ္မစေတီတော်။(၄)ပရိဘောဂ

စေတီတော်တို့ဟူသော- စေတီ (၄)ပါးကို အာရုံယူ ထင်မြင်လျက် ရှိခိုးဝတ်ပြုရပါမည်။

၂။ ဒုတိယအကြိမ်အဖြစ်။ ထိုဓါတ်တော်-မွေတော်ဆံတော်-စွယ်တော်-ညှပ်ရိုးတော် စသော စေတီ (၄)ပါးတို့၏ ဖြစ်လာရင်း မူလ ပိုင်ရှင်တော်ကား၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်ကမူ တကယ်အသက်ရှင်လျက်ရှိသော သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင် စင်စစ်ဖြစ်ခဲ့ဘူး၍၊ သက်တော်ထင်ရှား ဘုရားကိုယ်တော် တကယ်ရှိခဲ့ဘူး၏၊ ထိုသက်ရှိဘုရားသခင်၏ အသွင်ဒြပ် သဏ္ဍာန်တော်ကား ဤသို့ရှိ၏ဟု အာရုံယူ ထင်မြင်လျက် ဥဒ္ဒိဿစေတီဘုရားကိုရည်မှတ်၍ ရှိခိုးဝတ်ပြုရပါမည်။

၃။ တတိယအကြိမ်အဖြစ်။ ထိုစေတီ (၄)ပါးတို့၏ပိုင်ရှင် သက်တော်ရှင်လျက် ရှိတော်မူသော၊ သက်တော်ထင်ရှား မြတ်စွာဘုရား၏ အသွင်ဒြပ် သဏ္ဍာန်တော်ပေါ်တွင်၊ အရဟံ အစရှိသော ဂုဏ်တော် ၉-ပါးလုံးတို့၏ အနက်အဓိပ္ပါယ်သဘော ဂုဏ်ကျေးဇူး၊ ဥပကာရအထူးတို့ကို၊ တင်စား-ထင်မြင်၊ အောက်မေ့ပွားများ၊ ဂုဏ်တော်ကျေးဇူးတော်တို့၏ အစိန္တေယျ အပ္ပမေယျ ဂုဏ်ကျေးဇူးတို့ကို မိမိဉာဏ်ရှိသိမြင် သလောက် တင်စားကြည်ညိုပွားများလျက် ရှိခိုးဝတ်ပြုရပါမည်။

၄။ စတုတ္ထ အကြိမ်အဖြစ်။ ထိုဂုဏ်တော်( ၉ )ပါး နှင့်ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရားသခင်သည်ကား သယမ္ဘူအားဖြင့် အလုံးစုံသောတရား

အပေါင်းတို့ကို သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍သာ ဘုရားစင်စစ် ဖြစ် ပွင့် ရ ပေ သည်၊ ထိုသဗ္ဗညုတ ဉာဏ်တော်ကား၊ အစိန္တေယျ၊ အပ္ပမေယျ အနန္တဗိန္ဒု၊ အနန္တသေဋ္ဌ၊ အတုလဇေဋ္ဌ၊ ကျေးဇူးတော်အစုဂုဏ်တော်အနန္တကား ဘုရားသခင် အချင်းချင်းပင် တဆူ၏၊ ပွင့်သက်တန်း ကာလပါတ်လုံး ဟော၍ပင် မကုန်နိုင်အောင်၊ ဂုဏ်ကျေးဇူးတော်တို့ကား များလှပေစွ၊ ထိုသဗ္ဗညုတ ဂုဏ်ကျေးဇူးတော် ဉာဏ်တော်ကို အာရုံတွင် ထင်မြင်ငုံမိသမျှ စူးစိုက်လျက် ရှိခိုးဦးတိုက်ရပါသည်။

၇။ ဤသို့အားဖြင့် (၁) သရီရဓါတ် ဓါတုစေတီ၊ (၂)ဥဒ္ဒိဿစေတီ၊ (၃)ဓမ္မစေတီ၊ (၄)ပရိဘောဂ စေတီတော် ဟူသော စေတီလေးပါးတွင် တပါးစီ တပါးစီမှ စတင်၍ အ ထ က် ဖေါ်ပြသကဲ့သို့ (၄ )ကြိမ်တိုင်တိုင် အာရုံယူ ဦးတိုက်ရှိခိုးပူဇော် ဝတ်ချရပါမည် ဤကား ဘုရားမြတ်စွာကို ရှိခိုးခြင်းမျှသာ ရှိပါသေး၏၊ ထိုသို့ ဘုရားကို၊ စေတီဘုရားကို ဝတ်ချပြီးသော်ကား သွက္ခာတော အစရှိရှိသော တရားဂုဏ်တော် (၆) ပါးတို့ကို စိတ်အာရုံဝယ် ဝင်စား ထင်မြင်လျက် အလွန်မြတ်နိုးသော သဒ္ဓါတရားဖြင့် ဝတ်ချရှိခိုးခြင်းဖြင့် တရားတော်ကို ဝတ်ပြုခြင်းပြုရပါမည်၊ ၎င်းပြင် ဥပနာတိုက် အတွင်း၌ရှိသော ရဟန္တာ များ၏ ဓါတ်တော်များ ကိုယ်စားတော်များကို အာရုံပြု၍ သုပ္ပဋိပန္နောစသော ဂုဏ်တော်(၉)ပါး (အကြောင်း ဂုဏ်တော်လေးပါးကြောင့် ဖြစ်သောအကျိုး ဂုဏ်တော်( ၅ )ပါး )တို့၏ အနက်အဓိပ္ပါယ် သဘောသရုပ်

တို့ကို အောက်မေ့ထင်မြင်အာရုံတွင် ကြည်ညိုဆပွား စေတနာ ထား၍ သံဃာတော်မြတ်ပရမတ္ထ အရိယာတို့အားရင်း သီလဝန္တ ဂုဏဝန္တ သမုတိ သံဃာတော်တို့ပါ အာရုံပြု၍ ထင်မြင်လျက် လေးမြတ်စွာ ရှိခိုးဝတ်ပြုရပါသည်။

၈။ ဤသို့ အကျဉ်းမျှသာ ဖေါ်ပြအပ်သော နည်းစံနစ်အတိုင်း စေတီဘုရားကို ရှိခိုးခြင်းမှသာ ဗုဒ္ဓဘုရား မြတ်စွာကို တကယ်တွေ့မြင် ဖူးမျှော်ကန်တော့ ပူဇော်လှူဒါန်းရသည် ဖြစ်ပါသည်၊ သို့မှသာ ဗုဒ္ဓဘုရားစေတီတော်ကို ရှိခိုးခြင်း ဂုဏ်မြောက် ပြည့်ဝ၍ အကျိုးအာနိသင် ပြည့်ဝ ရရှိနိုင်ပေမည်၊ ထို့အတူပင် မိဘ ဆရာ သံဃာတော် စသည်တို့အားရင်း ရှိခိုးရာတွင်လည်း ဆိုင်ရာ ဂုဏ် အာရုံပြု ပွား စေတနာ လွန်ထားမှသာ ထိမိသော ရှိခိုး ပူဇော်ခြင်းဖြစ်၍ အကျိုးကျေးဇူး ဖြစ်နိုင်ပေသည်။ ထိုသို့ မဟုတ်ဘဲ ပေါ်ဆဆ ထိခြင်း ငါးပါးမပြည့် အာရုံမယူ မပွားတတ်ဘဲ ပေါက်ဆိန်ပေါက် ဝတ်ချရုံမျှဖြင့် တွေ့ကရာ ကြုံစီ စိတ်ကူးရင်း ဝတ်ချကာမျှဖြင့် ကား ပါးစပ်ကတော့ စာရှိသလို ရပြီးသလို ရွတ်ရွတ်ပြီး စိတ်က ထင်ရာသွား စဉ်းစားပြန့်လွင့်လျက် ရှိခိုးကြပါမူကား အကျိုးကျေးဇူး မထိမိသည့်အပြင် ဗုဒ္ဓေ အဂါရဝ၊ ဓမ္မေ အဂါရဝ၊ သံဃေ အဂါရဝ မထိုက်မဖြစ်လျှင်ဘဲ တော်လှုပြီမှတ်ရပေမည်၊ ထို့ကြောင့် အမျိုးကောင်း သား-သမီး ပညာရှိ သုဝစဂုဏ် ဆိုလွယ်သော သဘောရှိသူ အပေါင်းတို့သည် ပညာရှိ သူတော်ကောင်း မိတ်ဆွေကောင်းဟူသော (သပ္ပုရိသ သံသေဝစက်) မပျက်ပြည့်စုံစေလျက် ဆရာကောင်း

ဆရာမြတ်ထံတွင် မိမိတို့၏ ပစ္စုပ္ပန် သံသရာအတွက် ဆည်းကပ် နည်းယူကုန်ရာသည်၊ ဆရာကောင်း တပည့်ကောင်း မိဘကောင်းများ သားသမီးကောင်းများ ဖြစ်ထွန်းစေလိုလှ ပါသည်။

၉။ ထိုကဲ့သို့ စေတီဘုရားတို့ကို ပူဇော်ရှိခိုးပွားများသူတို့တွင် (၁) ဂုဏ်တော်၏ လောကီ အနက်အဓိပ္ပါယ် လောကုတ္တရာ အနက်အဓိပ္ပါယ် အကျိုးကျေးဇူးထူး နှစ်မျိုးတို့ကို ပြည့်စုံ ရရှိခြင်းနှင့်၊ (၂)ဂုဏ်တော်ကို အားထုတ် ပွားများ ကြည်ညို ရပါသဖြင့် ခန္ဓာစဉ်၌ ဂုဏ်တော်၏ အနက်အဓိပ္ပါယ်တွေ တည်ခါ စေတီထိုက်လေတော့သဖြင့် အထူးထူးသော အကျိုး ကျေးဇူးများကို ခံစားရနိုင်သည့်အပြင် စိတ်၏ ချမ်းသာ ငြိမ်သက်စွာဖြင့် ရွှင်လမ်းတက်လျှမ်းသော ဗုဒ္ဓပီတိ သမာဓိ မှသည် တရားထူး တရားမြတ်တို့ကိုပင် သုခ ပဋိပဒါဖြင့် (ပီတိ တက်စဉ်လမ်း) ပင် သိမြင် ရရှိနိုင်လေသဖြင့် မှန်ကန် သော စေတီဘုရား ရှိခိုးနည်းတို့ဖြင့် ပြည့်စုံ လိမ္မာကုန်ရာသည် ထိုသို့ ဆိုခဲ့သော စေတီဘုရား ရှိခိုးနည်းအတိုင်း ရှိခိုးကြရန် အတွက် စေတီဘုရားတို့ကို တည်ထားသည့် ပုဂ္ဂိုလ်ဟူသမျှ တို့သည်လည်း ထို ရှိခိုးထိုက်သော ဂုဏ်ကျေးဇူးတော်တို့ အပြည့်အစုံပါသော စေတီဘုရား တည်ထားမှသာ ပိုမိုမှန်ကန် သင့်မြတ်မည် ဖြစ်ပါသဖြင့် နောင်အခါတို့၌ စေတီဘုရား ဖြစ်စေ ပုထိုးဘုရားဖြစ်စေ တည်ထားကြရာတွင် စနစ်ကျန ပြည့်စုံမှန်ကန်သော စေတီဘုရားများသာ ခိုင်ခန့်စွာတည်စိုက် ကြစေလိုခြင်း မှရင်းစေတနာ နှိုးဆော် ပြင်းပြလှန်းလှသဖြင့်

ဤ (စေတီဘုရား တည်ထားနည်းကျမ်း) ငယ် စာစောင်ကို ပြုစုရပါသည်၊ တပည့်တော်အား သွန်သင်ပြသ ကင့်ကူလက် လှည့်ဆရာမှသည်ဥပဇ္ဈာယ်ဆရာ၊ဥပနိဿယျဆရာ၊သြဝါဒါစရိယ ဆရာ၊ မှ စ၍ ခပ်သိမ်းသော ဆရာတော် အပေါင်းတို့နှင့် ပုဗ္ဗါစရိယ ခမည်းတော် ဆရာမြတ်ကြီးပါ ဤ-စာစောင် ကျမ်းငယ်ဖြင့် ပူဇော် ဦးခိုက်ခြင်း ပြုအပ်ပါသတည်း။

ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်း ချမ်းသာကြပါစေ။

ညောင်ရမ်းဇေယျပဏ္ဍိတ

★

No. 2

ဇိနသာသနံ စိရံတိဋ္ဌတု

သာသနာတော် နေ-လ-ပမာ ထွန်းတောက်ပါစေသတည်း

ဘုရားစေတီတော် တည်ထားနည်းနှင့် ရှိခိုးပူဇော်နည်းစာတမ်း

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ။

# ၁။ စေတိယ ဂါထာ

၁။ အနန္တဉာဏံ ကရုဏာ လယံလယံ၊
မလဿဗုဒ္ဓံ သုသမာ ဟိတံ ဟိတံ၊
နမာမိ ဓမ္မံ ဘဝသံဝရံ ဝရံ၊
ဂုဏာ ကရဉ္စေဝ နိရင်္ဂဏံဂဏံ။

အနန္တဉာဏံ၊ အဆုံးမရှိသော သဗ္ဗညုတ ဉာဏ်ရှိတော်မူထသော၊ကရုဏာလယံ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူထသော၊မလဿ၊ကိလေသာတည်းဟူသော အညစ်အကြေးကို အရဟတ္တမဂ်ဉာဏ် သန့်လျက်ဖြင့် ပါယ်ဖြတ် သုတ်သင်တော် မူပြီးထသော သုသမာဟိတံ၊ ကောင်းသော သမာဓိလည်း ရှိတော်မူပြီးထသော၊ဟိတံ၊လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွါးကို ဆောင်တော်မူတတ်ထသော၊ဗုဒ္ဓံ၊မြတ်စွာဘုရားကိုလည်းကောင်း။ဘဝသံဝရံ၊ ဘဝကိုဆီးတားပိတ်ပင်တတ်သော၊ဝရံ၊ လူနတ်ဗြဟ္မာသူတော်စွာတို့သည် တောင့်တအပ်ထသော၊ဓမ္မံ၊ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ ဂုဏာကရံ သုပ္ပဋိပန္နာ၊ စသည်ကျေးဇူး ဂုဏ်အထူးတို့၏ တည်ရာလည်း ဖြစ်တော်မူထသော၊ နိရင်္ဂဏံ၊ ကိလေသာ အင်္ဂဏ မရှိထသော၊ ဂဏဉ္စေဝ၊ ကလျာဏထေရ်ရှင်

သီလဝန္တတို့နှင့် ရှစ်အင်သော အရိယာ သံဃာတော်တို့ကို လည်းကောင်း၊အဟံ၊ ဘုရားတပည့်တော်သည်၊နမာမိ၊ရှိသေ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

၂။ သတ္တာဿနုပိဋ္ဌိ ပါသာဏေ အလ္လမတ္တိကာ ပိဏ္ဍမ္ဟိလဋ္ဌနံဝိယ ပဒစေတိယံ ဒဿေတိ၊ဟူသော ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ ပဒစေတီ ဟူသည်ကား၊စေတီ(၄)ပါးတို့တွင် အဘယ်စေတီ ပါနည်းဟူမူ၊ ဌာနဂါရဝပဝတ္တိယာတိ တဿဒီဃဝါပိ စေတိ ယဋ္ဌာနဿ ဂရုဘာဝပါပနတ္ထာယ၊ သမ္မာဒိဋ္ဌိကေဟိ မနုဿေ ဟိ ကတဿ ဝန္ဒနာ, မာန, ပူဇာ, သက္ကာရဿ ဘာဇနံကတ္တာ တံဌာနမ္ဟိ ဘဂဝါ သမာပတ္တိ ဝိဟာရေန ပရိဘောဂ စေတိ ယဋ္ဌာန မကာသိ။ ဟူ၍ မဟာဝံသဋီကာ ပဥ္စမပိုင်း(၇၉) ဂါထာ စတုတ္ထပါဒ အဖွင့် သီဟိုဠ်စာအုပ် စာမျက်နှာနံပါတ် (၇၄)ကို တွေ့မြင်ရ၍ ခြေတော်ရာ ပဒစေတီတော်သည် ပရိဘောဂ စေတီတော်ဖြစ်သင့်ပါသည်၊ရေတွက်သင့်ပါသည်

၃။ စေတီဟူသည်လည်း စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံဟောတိ၊စိတတ္တာဝါ စေတိယံ၊ ဟူသော ပရမတ္ထဇောတိ ကာ အမည်ရှိသော၊ ခုဒ္ဒကပါဌ အဋ္ဌကထာ (ဂ-နိဓိကဏ္ဍ သုတ် ၂၃၁-နှင့် သီဟိုဠ်စာအုပ် ၁၄၇-တို့အရ ပူဇော်အပ်သော ကြောင့်၎င်း၊အုဋ္ဌစသည်တို့ဖြင့် စီရင်အပ်သောကြောင့်၎င်း စေတီ(၄)ပါးတို့၏ တည်ရာ ဖြစ်သောကြောင့်၎င်း၊ ကုသိုလ် ကောင်းမှု၌ လိမ္မာသူတို့၏ ဆည်းပူး အပ်သောကြောင့်၎င်း စေတီမည်ပေသည်။

၄။ ထို စေတိယံ ဟူသော ပုဒ်၌။ ပူဇေတဗ္ဗန္တိ စိတိဓာတုသဿဂရှ ကရဏတ္ထံဒသ္သေတိ၊ဟူသော ပရမတ္ထ သူဒနီအမည်ရှိသော ခုဒ္ဒကပါဠိဋီကာ (၁၀) ကြောင်းရေးပေစာ ( ဇားချပ် ) ဝမ်းဘက်(ဂ)ကြောင်း နိဝိကဏ္ဍသုတ် အဖွင့်အလိုအားဖြင့် စိတိဓါတ်ဖြစ်၏ အဘိဓါန် ဋီကာဂါထာ ၄၃၆-အဖွင့် အဘိဓါ နပ္ပ ဒီပိကာ သူစိပါဠိတို့၏အလို (စိတဓါတ်)ဏျ ပစ္စည်း ဣ ပစ္စည်း၊ ဏ ပစ္စည်းတို့တည်း။ ၎င်းတို့အဖွင့်တွင် အကြွယ် ရှုပါကုန်၊ ၎င်းတို့ကို ထောက်ဆ၍ စေတိယ စေတိယံ စသည်ဖြင့် (တိ)ဟု၊ရဿနှင့် ရှိရမည်မှန်၏၊ မြန်မာစကား ပြောရာတွင်မူ (စေတီတော်) ဟု တီ၌ ဒီဃတင်လေသည်။ ဆိုဖြစ်၍ ဓါဟာရစကားအရပင် ရေးသားခေါ်ဆိုပါမည်။

၅။ ထိုစေတီတော်သည် တံပနေတံ တိဝိဓံဟောတိ ပရိဘောဂ စေတိယံ၊ဥဒ္ဒိဿစေတိယံ၊ဓါတုစေတိယန္တိ၊တတ္ထပေါဓိရုက္ခော ပရိဘောဂစေတိယံ၊ ဗုဒ္ဓပဋိမာ ဥဒ္ဒိဿကစေတိယံ၊ ဓါတုဂဗ္ဘ ထူပါ၊သဓါတုကာ ဓါတုစေတိယံ၊ စသည်ဖြင့် ခုဒ္ဒကပါဌ အဋ္ဌကထာ ၎င်းနိဓိကဏ္ဍသုတ် ၂၃၁၊သီ ၁၄၇ တွင်၎င်း၊သုတ္တ သင်္ဂဟ အဋ္ဌကထာ ၅၆ နိဓိကဏ္ဍသုတ် သီ-၁၃၉-တွင်မူ။

စေတိယန္တိ အတ္ထံဒဿေတိ ဗုဒ္ဓေဟိပရိ ဘုဉ္ဇိတဗ္ဗောတိ ပတ္တ, စီဝရ, ဒဏ္ဍာဒီနိ၊ ပရိဘောဂေါနာမ၊ပရိဘောဂေါစ ဘဂဝတာ ပရိဘုဉ္ဇိတဗ္ဗ ဘာဝတော၊ သောစေတိယဉ္စ ဒေဝမနုဿေဟိ ပူဇေတဗ္ဗတောတိ ပရိဘောဂစေတိယံ။ ဗုဒ္ဓပဋိမာတိဗုဒ္ဓံ ပဋိဿဒိသံ ကတ္ဝာ မာနိတဗ္ဗာတိ ဗုဒ္ဓ

ပဋိမာ၊ ဓါတုဂဗ္ဘ ထူပါတိ ဓါတုဂဗ္ဘသို့၊ ဧတေသံ စေတိယာနန္တိ ဓါတုဂဗ္ဘာစ တေထူပါ၊ စာတိ ဓါတု ဂဗ္ဘထူပါ။"

ဟူ၍ ခုဒ္ဒကပါဌဋ္ဌကထာအဖွင့်(၁၀)ကြောင်း၊ပေဇာ ဝမ်း ဘက်(၇) ကြောင်းတွင် ဟောတော်မူသည်၊ တဖန်လည်း၊ သရီရ စေတိယံ ဥဒ္ဒိဿ စေတိယံ ပရိဘောဂ စေတိယန္တိ တီဏိစေတိယာနိ၊ဟူ၍ ဓမ္မပဒ အဋ္ဌကထာ ၁၄၊ဗုဒ္ဓဝဂ်အဆုံး (၉)ကဿပဒသ ဗလသုဝဏ္ဏ စေတိယဝတ္ထု သိဟိုဠ် စာအုပ် စာမျက်နှာ (၄၇၀) တွင်လည်း ပြသည်၊ (မြန်မာမူ၌ကား ဤဝတ္ထုမရှိ)

၆။ တေရသကနိပါတ် ၄၇၉၊ ကာလိင် ဗောဓိဇာတ် အဋ္ဌကထာ၊ ၂၄၅၊တွင်လည်း-

" ကတိနုခေါဘန္တေ စေတိယာနိတိ၊ တီဏိအာနန္ဒာတိ ကတမာနိဘန္တေတိဏိဟိ၊ သာရီရိကံ ပါရိဘောဂိယံ ဥဒ္ဒိဿကန္တိ၊ သက္ကာပန ဘန္တေတုမှေ၊သုဓမာ ဓရန္တေသု တေသံကာတုန္တိ၊ အာနန္ဒ သာရီရိကံ နသက္ကာ၊ ကာတုံ တံဟိဗုဒ္ဓါနံ ပရိနိဗ္ဗာနကာလေ သက္ကာကာတုံ၊ ဥဒ္ဒိဿကံ ( အဝတ္ထုကံ မနမတ္တကေနဟောတိ ) ဗုဒ္ဓဗောဓိ ပရိဘုတ္တော မဟာ ဗောဓိရုက္ခော၊ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယ မေဝါတိ "

ဟူ၍ ဟောတော်မူပါသည်၊တဖန် အာနန္ဒာ ဗောဓိကထာ ၉-ကြောင်းပေ-ဂီ-ချုပ် [illegible] ကြောင်း၊၎င်းတို့တွင်

စာကြည့်တိုက်

ဥဒ္ဒိဿကံ ပရိယောဂိယည္ထု သက္ကာဟောတိ စသည်ဖြင့် ပြလေသည်။

၇။ သာရတ္ထ ဒီပနီဋီကာ ဗာဟိရနိဒါန်း အဖွင့် ၁၆၁၊ ၁၆၃ တွင်လည်း-

"ပရိဘောဂစေတိယ ဌာနန္တိ ထူပရိဘုတ္တ။ ပကရဏာနိ နိဒဿိတွာ ကတံ စေတိယံ ပရိဘောဂစေတိယန္တိ (ဒဋ္ဌဗ္ဗံ။ တိဝိဓဥ္စိ စေတိယန္တိ) ဝဒန္တိ၊ ပရိဘောဂစေတိယံ၊ ဓါတုစေတိယံ၊ ဓမ္မစေတိယန္တိ။ တတ္ထပရိဘောဂစေတိယံဝုတ္တနယမေဝ။ ဓါတုစေတိယံပန ဓါတုယောနိဒဿိတွာကတံ၊ ပဋိစ္စသမုပ္ပါဒါဒိ လိခိတပေါတ္ထကံ နိဒဿိတွာ ကတံပန ဓမ္မစေတိယံ နာမ။ သာရိရိကံ ပါရိဘောဂိယံ ဥဒ္ဒိဿကန္တိ ဝေမ္ပိ တိပ္ပဘေဒံ စေတိယံ ဝဒန္တိ။ အယံပန ပဘေဒေါ ပဋိမာ ရူပဿာပိ ဥဒ္ဒိဿကစေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံယုဇ္ဇတိ

စသည်ဖြင့် ထင်ရှားစွာ ဟောတော်မူလေသည်။

စေတီတော်(၄)ပါး အထောက်အထား ကျမ်းများစွာပင် ရှိလေသည်။

၈။ ဖေါ်ပြခဲ့သော အကျဉ်းမျှသာ ဖြစ်သော အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အရပ်ရပ်တို့အရ စုပေါင်း စပ်ဟပ်လိုက်သော် ကား၊ (၁) ပရိဘောဂစေတီတော်၊ (၂) ဥဒ္ဒိဿက စေတီတော်၊ (၃)ဓါတုစေတီတော်၊ (၄) ဓမ္မစေတီတော်

ဟူ၍ (၄)ပါးရပါသည်၊ ထို(၄)ပါးတို့တွင် ဇာတက္ခဏ ဟောင်းပါဠိနှင့် မဟာဗောဓိဝံသဋီကာ ပါဠိတို့တွင် ဖွင့်ပုံ ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာပါဠိ သီဟိုဠ်စာမူရှိပုံ၊ယိုးဒယားစာမူရှိပုံ၊အထွေထွေသောကျမ်းတို့ အလိုအားဖြင့် ဥဒ္ဒိဿက စေတီတော်အရမှာ ကိုယ်ပွါးတော် ရုပ်ပွါးတော် ဆင်းတုတော်သည် ချည်း ဥဒ္ဒိဿစေတီ ခေါ်သည်မဟုတ် ဆင်းတုတော်မရှိဘဲ မြတ်စွာဘုရား၏ ဂုဏ်တော်များကို အောက်မေ့မြတ်နိုး ပွားများနေခြင်း အာရုံမနော ပဏ္ဏတ်သည်လည်း ဥဒ္ဒိဿက စေတီတော် ဖြစ်ကြောင်း ဖွင့်ပြကြလေသည်။ ဤကား အထူးတည်း။

၅၂၇၄။ ထူပဿ ပရိစိဏ္ဏတ္တာ၊ ရဇောဇလ္လံနုလိမ္ပတိ၊
ဂတ္တေသေဒါန မုစ္စန္တိ၊ သပ္ပဘာသော ဘဝါမဟံ။
၅၂၇၅။ အဟောမေသုဂတော ထူပေ၊ သုဒိဋ္ဌာမရိကာနဒီ
ထူပံကတွာန ပူဋ္ဌိနေ၊ ပတ္တောမှိ အစလံပဒံ။
၅၂၇၆။ ကုသလံ ကတ္တုကာမေန၊ဇန္တုနာ သာရဂါဟိနာ၊
နတ္ထိခေတ္တံအခေတ္တံ ဝါ၊ ပဋိပတ္တိဝ သာဓကာ။
၅၂၇၇။ ယထာပိဗလဝါပေါသော၊ အဏ္ဏဝံတရိတုဿဟော
ပရိတ္တံ ကဋ္ဌမာဒါယ၊ ပက္ခန္ဒေယျ မဟာသရံ။
၅၂၇၈။ ဣမာဟံကဋ္ဌံ နဿာယ၊တရိဿာမိ မဟောဒဓိံ
ဥဿာဟေန ဝီရိယေန၊ တရေယျ ဥဒဓိံ နရော။

အစရှိသော ၃၆-ဂါထာတို့ဖြင့် ၅၀ ကိုကာနိကပုပ္ဖဝဂ်၊မြန်မာ မူ အလို အပဒါန်ဦးရေ ၅၀၀၊ သီဟိုဠ်မူအလို ၄၉၀-တွင်ရင်း

ပုဋ္ဌိနထုပိယထေရအပဒါန်ပါဠိတော် ၂၉၅-၂၄၂-၄၁၄-၃၄၇ တို့တွင်ရှင်း ထင်ရှားစွာ ဟောတော်မူလေသည်။ ၎င်းပုဋ္ဌိနထုပိယထေရ်မြတ်၏အလောင်းတော် ဖြစ်သော၊ရသေ့ပေါင်း တသောင်းလေးထောင် တို့၏ဆရာ နာရဒ ရသေ့သည်၊ မြတ်စွာဘုရားတို့၏ စေတီတော်တို့ကို ရည်စူး၍ အမရိကာ မြစ်၏ အနီး၌ သဲပုံစေတီတော်တည်၍ သက်တော်ထင်ရှား မြတ်စွာဘုရား မျက်မှောက်တော်ကဲ့သို့ ရှိသေခြင်း ဂါရဝ စိတ်ကို ကိုယ်၌ ရောက်စေ၍ ဆည်းကပ် ပူဇော်လေသည်၊ အသက်၏အဆုံး၌ ဗြဟ္မာပြည်၌ဖြစ်သည်၊ နောက် သိကြား နတ်မင်း ဘဝပေါင်း အကြိမ်ရှစ်ဆယ် စကြဝတေးမင်း အဖြစ် ၁၀၃ ဘဝ၊ ပဒေသရာဇ်မင်းတို့၏ စည်းစိမ်ကား မရေမတွက်နိုင်အောင် ခံစားပြီး၍ မြတ်စွာဘုရားသခင် ရှေ့လက်ထက်တော်အခါတွင် ပုဋ္ဌိနထုပိယထေရ် ဖြစ် လာကြောင်းကို ထေရဂါထာ ပါဠိတော် အဋ္ဌကထာတို့ အလို မှာ ဝသဘ၊ အမည်ရှိသော ရဟန္တာ ဖြစ်လာကြောင်း ပြတော်မူသည်။

၁၀။ ဤသို့ပင် ထုံးဟောင်း သာဓက ရှိပါလျက် အချို့တို့က ဓါတ်တော်မရှိသော ဥဒ္ဒိဿကစေတီတော်ဖြစ်သော ဆင်းတုရုပ်ပွားတော် စသည်တို့ကို ရှိမခိုး မပူဇော်ထိုက် သဖယောင်ဖယောင် ရေးသား ဟောပြောခြင်းနှင့် မြတ်စွာဘုရားအား ရည်ညွှန်း၍ ဆွမ်းတော် ကပ်လှူခြင်းကိုပင်လျှင်၊ “ တိဏ္ဏံ ဆီကွဓေဝ သမ္မုခီဘာဝါသဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံပသဝတိ အစရှိသော တိကင်္ဂုတ္တရပါဠိတော် စူဠဝဂ်၊ ပဌမသုတ်ကို

ကိုးကား၍ ကုသိုလ်ပင်မရသလိုလိုပင် လူဒါန်းသော ဗုဒ္ဓဒါန မမြောက်သလိုလိုပင် ရေးသား ဆုံးဖြတ်ကုန်ကြ၏၊ ကျမ်းဂန်နှင့် တိုက်ဆိုင်၍ ဆင်ချင်ထိုက်လှပေသည်၊ ဩဝါဒ ဆရာ ဥပဇ္ဈာယ် စဉ်ဆက်မရှိသောဝါဒဖြစ်ကြောင်း သတိပြု သင့်ကြပေသည်။

၁၁။ မြတ်စွာဘုရားသည် စေတီတည်ထိုက် ပူဇော်ထိုက်သော ပုဂ္ဂိုလ်(၄)ပါးကို ဟောတော်မူလေသည်၊ဘုရား၊ပစ္စေကဗုဒ္ဓါ ရဟန္တာ၊စကြာဝတေး၊မန္ဓာတုများပင်ဖြစ်လေသည်၊ အချို့ သောသူတို့သည် ဗုဒ္ဓစေတီ၊ ပစ္စေကဗုဒ္ဓစေတီ၊ အရဟန္တစေ တီစေတော်တို့မှ တပါးသော-စုံးနတ်ရဲသစ်ပင်ကြီးများ၊ဘီလူး နတ်ကွန်းများကိုပင် ကိုးကွယ်ပူဇော်ကြလျက်ရှိကုန်၏ ထိုသူ များအားသာ မှန်ရာတရားလမ်းဘက်သို့ ဆွဲယူဟောပြော သင့်လှပေသည်။ထို့ကြောင့်၊ပါရာဇိကဏ် ပါဠိတော်သံဃာ ဒိသိသ်။ ၁၁၊ဝိဟာရကရက သိက္ခာပုဒ်ဝတ္ထု ၂၀၀-၂၀၃-၂၀၅ သိ ၁၅၉ တွင်-

အထခေါ အယသမာဆန္ဒော ဝိဟာရဝတ္ထုံသော မေန္တော အညတရံစေတိယရုက္ခံ ဆေဒါပေသိ ဂါမပူဇိတံ နိဂမ ပူဇိတံ နဂရပူဇိတံ ဇနပဒပူဇိတံ ရဋ္ဌပူဇိတံ စသည်ဖြင့်ဟောတော်မူလေသည်။

တဖန် ၎င်းပါရာဇိကဏ် အဋ္ဌကထာ ဒုတိယအုပ် ၁၅၀- တွင်လည်း-။

“စေတိယရုက္ခန္တိ ဧတ္ထ စိတ္တီက တဋ္ဌေန စေတိယံ၊ပူဇာရဟာနံ ဒေဝဋ္ဌာနာနမေတံ၊ အဓိဝစနံ၊စေတိယန္တိ သမ္မတံ ရုက္ခ စေတိယကံ ”။စသည် ဟောတော်မူပါ၏။

တဖန်လည်း မူလ ပဏ္ဏာသပါဠိတော် (၄) ဘယဘေရဝ သုတ်တွင်၊ အာရာမစေတိယာနိ ဝနစေတိယာနိ ရုက္ခစေတိယာနိ “ စသည်ပြုပြန်သည်၊ စတုတ္ထင်္ဂုတ္တရ အဋ္ဌကထာတွင် ထူပန္တိ ဝမ္မိကော ပူဇိတစိဝရံ”စသည်များစွာ သော အထောက်အထားတို့ ရှိကုန်၏။

၁၂။ ဤနေရာ၌ ထူပ နှင့် စေတိယတို့ အဘယ်ကဲ့သို့ ထူးပါသနည်း ဟူမူ၊ “ထူပိယတီတိ ထူပေါ၊ စေတိယံ” ကစ္စာဒိမောဂ္ဂလ္လာန် ၁၁၆။ ‘ယု ထု ကုနံ့ဒီဃော စ၊ သုတ်၌ ဥဒါဟရုဏ်။ ။ထူပေါ ထု စေတိယံ ဘဝေ’၊ မာဂဓ အဘိဓာန် စတုပ္ပဏ္ဏဝဂ် ဂါထာနံပါတ် ၄၃၆။ ။ဒွယံ စေတိယေထု အဘိတ္ထဝေ၊ ပေါ၊ ဒီဃာဒိ၊ စိတ-ပူဇာယံ၊ စေတိတဗ္ဗပူဇေတဗ္ဗန္တိ၊ ကျော၊ စေတိယံ။ ထွေစ ထူပ သဒ္ဒေါ သမုဒ္ဒေပိ၊ စေတိယသဒ္ဒေါပန မုခ ဝိရဟိတေ ယေဝ ဝတ္တတိ။ ဟူသော ရင်းအဘိဓါနပ္ပ ဒီပိကာ ဋီကာ ၂၁၃ ကို တွေ့မြင်ရသဖြင့်--။

(၁) အဦးလှိုင် မုဒ္ဒ ရှိ-မရှိ ကို ထူပ။

(၂) အဦးလှိုင်မုဒ္ဒ မရှိ၊ သက်သက်ကို စေတီ၊ဟူ၍ သိအပ်ကုန်၏။

ထူပကို ပထိုးဟူ၍ ခေါ်ဝေါ်ကုန်၏၊ စေတိယကို၊စေတီတော်ဟု ခေါ်ဝေါ်ကုန်၏။

၁၃။ ပူဇော်ကုန်သဖြင့် အကျိုး စီးပွားများကြောင်းကိုကား များစွာသောကျမ်းဂန် တို့ဖြင့် ထင်ရှား လှ သော် လည်း အနည်းငယ်မျှ ထုတ်ပြပါမည်။

ဒီဃနိကာယ်သုတ် မဟာဝါ ပါဠိတော် ဥ ပဟာပရိနိဗ္ဗာန သုတ် ၁၀၂-တွင်--။

"ယေဟိကေစိအာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္န စိတ္တာကာလံ ကရိဿန္တိ။ သဗ္ဗေတေ ကာယဿဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံလောကံ ဥပပဇ္ဇိဿန္တိတိ။

ဟူ၍ ဟောတော်မူလေသည်။ တဖန် ဝင်းအဋ္ဌကထာ၏ ၁၅၇-တွင်လည်း

စတုတ္ထေ ထူပါရဟာတိ ထူပဿအရဟာယုတ္တာ အနုစ္ဆဝိကာ စက္ကဝတ္တိနောဟိ စေတိယံ ပဋိဇဂ္ဂိတွာ ဒွေသမ္ပတ္တိယော လဘန္တိ။ဗုဒ္ဓါနံ စေတိယံ ပဋိဇဂ္ဂိတွာ တိဿောပိ။

ဟူ၍ ဟောတော်မူပါသည်၊ အကိုးအကား များလှပါ၏ ဒုကင်္ဂုတ္တရ အဋ္ဌကထာ ၁၊ ပုဂ္ဂလဝဂ် ၄၊ ထူပါရဟာသုတ် ၄၅၊ ထေရအပဒါန် ပါဠိတော် ၇၄။ ပဒသညက ထေရ အပဒါန် ၆၁၊ သီ-၉၄ ။ဝင်းပါဠိတော် ၂၁၀။ ကောရဏ္ဍပုပ္ဖိယထေရ

အပဒါန် ၁၀၇။ သီ-၁၆၀။ ၎င်း ပါဠိတော် ၃၅၆ -သ-ကောသက-ကောရဗျ ဒါယကထေရ အပဒါန် ၁၅၃-၂၅၉၊ ၎င်းပါဠိတော် ၄၂၇ - သတ္တ - ကောရဗျ ပုပ္ဖိယထေရ အပဒါန် ၂၁၀။ သီ-၃၀၂ ၎င်းပါဠိတော် ၄၉၅-ကောရဗျ ပုပ္ဖိယထေရ အပဒါန် ၂၄၀၊ သီ-၃၄၃။ စသည်ဖြင့် များစွာ သော ကျမ်းဂန် အကိုးအကားရှိသဖြင့် ပူဇော်ထိုက်သည် သာတည်း။

၁၄။ ဘုရားဖူးမျှော်ရန် ဘုရားထံတော်သို့ သွားသောသူ၏ ချေတလှမ်းကုသိုလ်ကို တဆယ့်ခြောက်စိပ် စိပ်၍ တစိပ်မျှ ကား ဆင်တသိန်း၊ မြင်းတသိန်း၊ အဿထိုရ်မြင်း ကသော ရထားတသိန်း ပတ္တမြားနားဋောင်းဝတ်သော သမီးကညာ တသိန်း ၎င်း လေးသိန်းတို့ထက်ပင် ထိုက်တန်ကုန်၏။ (မထိုက်တန် မမှီနိုင်သေးဟူလို) သံယုတ္တနိကာယ်သဂါထာ ဝဂ္ဂ ၁၀၊ ယက္ခသံယုတ် အဋ္ဌမသုတ် ၁၂၇၊ စူဠဝါပါဠိတော် သေနာသနက္ခန္ဓက ၂၆၉၊ သဒ္ဒနီတိပဒမာလာ ၂၉၀ တို့အလာ ဂါထာကား။

သတံ ဟတ္ထိသတံ အဿာ၊ သတံအဿတရီရထာ၊
သတံ ကညာ သဟဿာနိ၊ အာမုက္က မဏိကုဏ္ဍလာ၊
ကောဿ ပဒဝီတိ ဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။
ဟောတော်မူသည်။

၁၅။ ထိုစေတီတော် ဘုရားတို့အား ပူဇော်ခြင်းသည်ကား အတို ချုပ်ပြောရပါမူ၊အစိန္တေယျ ဘုရားမြတ်စွာအားရင်း တရား အားရင်း ၊ပူဇော်ခြင်းဖြင့်၊ အစိန္တေယျပင် အကျိုးပေး၏ ဟူသော ဆိုလိုက်ရပါတော့သည်၊ ခုဒ္ဒကနိကာယ် အပဒါန် ပါဠိတော် ၄၊ သီဟိုဠ် ၅ ၌ ဟောတော်မူ၏။

ဧဝံအစိန္တိယာဗုဒ္ဓါ၊ဗုဒ္ဓဓမ္မာအစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

ဟူ၍ ဟောတော်မူပါသည်၊ဤသို့ စေတီတော်ကို ဖူးမျှော် ပူဇော်ခြင်းဖြင့် အကျိုးကျေးဇူးတို့ကား လူချမ်းသာ နတ်၏ ချမ်းသာ နိဗ္ဗာန် ချမ်း သာ တိုင် အောင် ဖြစ် ကြောင်း ကျမ်းဂန်အပေါင်းတို့တွင် ထင်ရှားလှပါသည်။ ဤအကျဉ်း မျှ ထုတ်ဖေါ် ပြသဖြင့် ဘုရားစေတီတော်တို့အားပူဇော်ထိုက် သည် ဖြစ်ကြောင်း ပါရမီ ကုသိုလ်ရေး လောကီ အကျိုး စီးပွား လောကုတ္တရာ အကျိုးစီးပွားတို့၌ လိမ္မာကုန်သော အမျိုးကောင်း သားသမီး သူတော်စဉ်တို့သည် လေးမြတ် စံနစ်ကျနစွာ စေတီတော်၊ ရုပ်ပွား၊ ဘုရားတည်ထားခြင်း နှင့်၊ပူဇော်ခြင်းတို့ကို လုံ့လသဒ္ဓါဗိုလ်(၅)ဖြာဖြင့် ရခဲလှစွာ သော လူ့ဘဝ မြန်မာပြည် သာသနာတော်တွင်းတို့တွင် အားသွန်ခွန်စိုက် သဒ္ဓါဓါတ်ရှေ့ဆောင်၍ ရွက်ဆောင်ကြ ပါကုန် မိမိတို့ ဆည်းကပ်ရာ ဆရာတော် သံဃာတော်

ကျမ်းဂန်တတ် အပေါင်းတို့ထံတွင် နည်းခံလျှက် ရတနာသုံးပါး အလုပ်ကို အဟုတ်ရှက်ဆောင် ကြကုန်ရာသည်။

ဤဆိုအပ်ခဲ့သော စေတီယကထာဖြင့် စေတီတော်မြတ်ကို ပူဇော်ခြင်း တည်ထားခြင်းများကို အထောက် အပံ့ဖြစ်စိမ့်သောငှါ ရှေ့ခင်း လင်းရောင်ခြည်အဖြစ် တည်ပါစေသတည်း။

( စေတိယ ကထာ ပြီး )

★

## ၂။ မဏ္ဍာမ ကြိုတင်ပြင်ဆင်ခြင်း။

၁။ ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော် ဓါတ်ဆင်းတုတော် ဥဒ္ဒိဿက စေတီတော် တည်ခြင်းမှာ မိမိတို့နှစ်သက်သော ပုံစံအရွယ်ပမာဏ အချိုးအစား စသည်တို့ကို ဆိုင်ရာ ကြေး သွန်း ဆ ရာ အား အပ်လိုက်ခြင်းဖြင့်ပြီး၍ အထူး မဖေါ်ပြဘဲ လှိုင်ဂူပါသော ပုထိုးတော်ဖြစ်စေ လှိုင်မပါ သော စေတီတော် ရိုးရိုးဖြစ်စေ တည် ထား နည်း မှာ အတူတူပင်ဖြစ်၍ စေတီတော် ဘုရားတည်ထားနည်းကို သာ အဓိကထားပြီး ရေးသားပါမည်၊ အထူး ဖေါ်ပြလို သည်မှာ စေတီတော်ဟောင်းအပေါ် မှ ထပ်မံ၍တည်ထား ခြင်းနှင့် နေ ရာ သစ် အပေါ် တွင် စေ တီ တော် အ သစ် တည်ထားခြင်းဟု (၂) မျိုးပင် ခြား နား သော် လည်း ပွဲတော် (၅)ပွဲမှာ ထုံးစံအတိုင်း ပြု လုပ် ကျင်း ပ ရှက်ဆောင်ရသဖြင့် သဘောအတူတူပင် ဖြစ် ပါ သည်၊ သို့သော် စေတီတော်ဟောင်း၏ အပေါ် မှ ထပ်မံတည်ထား ပါမူကား အထူးကျင့်သုံး လိုက်နာရမည်မှာ—။

(၁) မူလ စေတီဘုရား၏ အမြင့်ထက် ပိုမိုမြင့်အောင်သာ ထပ်မံ တည်ရပါမည်။

(၂) မူလ စေတီဘုရားတွင် ဘွဲ့မည်မရှိ၊ မထင်ရှား တိမ် မြုပ်ပါက ဘုရား၏ ဘွဲ့တော်သစ် သမုတ်နိုင်ပါသည်၊ မူလစေတီ၏ ဘွဲ့မည် ထင်ရှားခဲ့သော် ဘွဲ့သစ်မပြောင် နိုင်ပါ။

(၃) ထပ်မံတည်သော ပုံစံမှာ မိမိတို့နှစ်သက်ရာ ပုံစံသစ်ကိုပင် တည်နိုင်ခွင့် ရှိပါသည်။

(၄) မူလ စေတီဘုရားမှ ထီးတော်ကိုမူ မသုံးလိုက မသုံးဘဲ ထီးတော်သစ် တင်လှူနိုင်ပါသည်။

သို့သော် မူလ ထီးတော်ကိုပင် ထပ်မံမွမ်းမံပြုပြင်ပြီးလည်း တင်နိုင်ပါသည်။

☆ သို့သော် စေတီဘုရားတဆူမှ ထီးကိုယူ၍ အခြား စေတီဘုရားသို့ လွှဲပြောင်း မတင်နိုင်ကြောင်း သတိပြုရပါမည်။

၂။ စေတီဘုရား တဆူ တည်မည်ဖြစ်ပါက ပဏာမ ပြင်ဆင်ရန် အချက်များမှာ။

(၁) ပရိယတ်၊ ပဋိပါတ် ပြည့်စုံသော သံဃာတော်များအား ဩဝါဒါစရိယ သံဃာအဖွဲ့၊ ဖွဲ့စည်းထားရန်။

(၂) အင်အားတောင့်တင်း စိတ်ဓါတ် ညီသူများ စုပြီး ဂေါပက အဖွဲ့ကို ဖွဲ့စည်းထားရန်။

(၃) ဘုရားစေတီတော်၏ ပုံစံတော်ကို ရွေးချယ် အတည်ပြု ထားရန်။

(၄) ကုန်ကျမည့် ပစ္စည်းစာရင်းနှင့် ငွေစာရင်းကို ခန့်မှန်းခြေ တွက်ချက်ထားရန်။

(၅) စေတီဘုရား၏ ဘွဲ့မည်တော်ကို အပြစ်လွတ်အောင် ရွေးချယ် အတည်ပြုထားရန်။

(၆) ကျမ်းကျင်လိမ္မာသော ပန်းရံဆရာ အဖွဲ့တဖွဲ့ကို စုံစမ်းစီစစ် ရွေးချယ်ထားရန်။

(၇) ရှက်ဆောင်ရမည့် တာဝန်များကို အသီးသီးခွဲဝေပြီး ပူးပေါင်း ရှက်ဆောင်မှုရှိရန်။

(၈) လိုအပ်သမျှသော အရာဝတ္ထုပစ္စည်း ပရိဘောဂများ ရှာဖွေ စုဆောင်းထားရန်။

(၉) မြတ်စွာဘုရားသခင်၏ သရီရဓါတ်တော်ဖြစ်သော (ဓါတုစေတီတော်)ဓါတ်တော်စစ်များကို ရနိုင်သမျှ စုဆောင်း ရှာဖွေထားရန်။

(၁၀) ရဟန္တာ မြတ်များ၏ ဓါတ်တော်စစ်များ ကြိုတင် ရအောင် ရှာဖွေထားရန်။

အထက်ဖော်ပြပါ (၁၀)ချက်ကို ကြိုတင်ပြုလုပ်ပြီးလျှင် မကြာခန တွေ့ဆုံဆွေးနွေး၍ အခြေခံတရား ဗိုလ် (၅)ပါး၊ (သဒ္ဓါ-သတိ-ဝီရိယ-သမာဓိ-ပညာ)ကို ကျင့်သုံး၍ လောကဗလ ငါးတန် (                    )ဖြင့် ရှက်ဆောင် ပြည့်စုံကြပါမှုကား မုချအောင်မြင်ရမည်ပင် ဖြစ်ပါသည်။

၃။ (၁) **ဩဝါဒါစရိယ သံဃာတော်များအဖွဲ့**။ မိမိတို့ စေတီဘုရား တည်ထားကြမည့်ဒေသ တဝိုက်တွင် နီးဝေးတို့မှ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပြည့်စုံသော ဂုဏ်တော် သိက္ခာတော်နှင့် ပြည့်စုံသည့် သံဃာတော်များအား စုပေါင်းပင့်၍ ဆွမ်းဘောဇဉ် ချီချဉ် ကပ်လှူပြီးလျှင် အကြောင်းအကျိုး

လျှောက်ထား ဩဝါဒ ခံယူလျက် ဩဇာ တိက္ကမကြီးသော မထေရ်ကြီးအား မဟာနာယကအဖြစ် ထား၍ ဩဝါဒါ စရိယ အဖွဲ့ကို ဖွဲ့စည်းထားရပါမည်၊ သံဃာတော်များ၏ အကူအညီလည်း ရယူရပါမည်၊ထိုအခါ ဂေါပကလူကြီးများ အစုံအညီ ရှိရပါမည်။

၃။ (၂) ဘုရားစေတီတော် ဂေါပကအဖွဲ့။ ထို ဂေါပက အဖွဲ့ကို ပဌမဦးဆုံး ဩဝါဒါစရိယ သံဃာတော်အဖွဲ့ မဖွဲ့မီကပင် ဖွဲ့စည်းထားရပါမည်၊ နီးစပ်ရာ ဒေသများမှ စိတ်တူ သဘောတူ ပုဂ္ဂိုလ်များစည်းဝေးပြီး ဂေါပကအဖွဲ့ကို ဖွဲ့စည်းရာတွင် သီလ သမာဓိ သိက္ခာဂုဏ် အပြည့်စုံဆုံးသော ပုဂ္ဂိုလ်တဦးအား ဦး စီး စေ ပြီး အလုပ် လုပ်နိုင်မည့်အား ဩဇာအား ပစ္စည်းအားစသည် အင်အားကောင်းသူများ ကို သူ့နေရာနှင့်သူ အလုပ်လုပ်ရန် တာဝန်ခွဲဝေခန့်ထားပြီး အထူးသဖြင့် ညီညွတ်ရေး အဓိက ဖြစ်ရပါမည်၊ ထိုညီညွတ် ရေး ရရန်မှာ သံသယမပါ သည်းခံနိုင်မှု ခမာဂုဏ်များကြွရန် အလွန် လိုပါသည်။

၃။ (၃) ဘုရားစေတီတော်၏ ပုံစံ ရွေးချယ်ခြင်း ခိုင်ခန့် နှစ်ရှည်စွာ အန္တရာယ်ကင်းရေးကို ပဓါန ထားရပါမည်၊ ထိုကိစ္စ အရေးကြီးပါသည်၊ခေတ်ပန်းမျက်မြင်ကို ပဓါနမထား ဘဲ ခေတ်အမျိုးမျိုး လောကဆိုးတွင် လှန်းမျှော် မှန်းဆပြီး အ တည် ပြု သင့် ပါ သည်၊ စစ်ကိုင်း ကောင်းမှုတော်ကြီး အတွင်း၌ စယ်တော်စစ်ရှိ၏၊ ခေတ်ဘယ်လောက် ဆိုးဆိုး အခြေမပျက်ပေ၊ ထို့အတူ သီဟိုဠ်ကျွန်း မဟာစေတီတော်

ပုံသည်လည်း သာသနာ ငါးထောင်လုံး တည်ပေလိမ့်မည်၊ မြန်မာပြည်တွင်မူ ရွှေစည်းခုံဘုရား၊အာနန္ဒာဘုရား၊ ရွှေတိဂုံဘုရား၊ကောင်းမှုတော်ကြီးတို့ကဲ့သို့ အရှည်ခိုင်ခန့် အန္တရာယ်ကင်းရေးပါ စဉ်းစားသင့်လှပါသည်၊ရွေးစံနစ် ပုံစံမှာ (၂) မျိုးသာ ရှိပါသည်။

(၁) စပါးပုံကဲ့သို့ပုံစံဖြင့်တည်ထားခြင်းနှင့်(၂)ဖန်လုံးပုံသဏ္ဍာန်ကဲ့သို့ ပုံစံတည်ခြင်းတို့ ဖြစ်ပါသည်၊ စပါးပုံကဲ့သို့ ပုံစံတော်မှာ ရွှေတိဂုံစေတီတော်တွင် သိကြားမင်း သင်ပေးသော ပုံစံ၊သီဟိုဠ်ကျွန်းတွင် ဒေဝါနံပိယတိဿမင်းကြီးသည် ထူပါရုံစေတီတော်ကြီး တည်ရာတွင် အရှင်မဟိန္ဒမထေရ်၏ ညွှန်ကြားချက်အတိုင်း စပါးခုံ ပုံစံ တည်ကုန်၏။စပါးပုံပုံစံ၏ ပန်းတင်ခုံ အကျယ်မှာ ( ၄၄ )တောင် ဖြစ်ပါက စေတီတော်အမြင့်လည်း ( ၄၄ )တောင် ဖြစ်လေသည်။ ဒီထက် ပုံကောင်းလိုပါက အမြင့် ဥဏှိတော်၏ အပုံ(၅)ပုံတွင် အခြေခံပလ္လင် (၄)ပုံ ထားသင့်ပါသည်။

၂။ ဖန်လုံးပုံစံတော်မှာ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး တည်ထားသော၊မဟာစေတီတော်ကဲ့သို့မြန်မာပြည်စစ်ကိုင်း ကောင်းမှုတော်ကြီး ကဲ့သို့သော ပုံစံဖြစ်သည်၊ ထိုပုံစံတော်ကို တန်ခိုးကြီးလှသော မဟိဒ္ဓိမထေရ်ရဟန္တာမြတ် သိဒ္ဓတ္ထမထေရ်မြတ်နှင့် ဝိသုကြုံ နတ်သားတို့ ညွှန်ပြသည့်အတိုင်း ရွှေဖလားတွင် ရေထည့်၍ လက်ဖြင့်ခတ်သော် ဖန်လုံးကဲ့သို့သော ရေပွက်တို့သည် ထကုန်၏၊ ထိုသို့ ပြ၍ တည်စေလေသည်။

သို့သော်လည်း ဂေါပကလူကြီးများသည် ယခု မြန်မာပြည်တွင် ရှိကုန်သော ဖေါ်ပြပါ ဘုရားများအပြင် မင်းကွန်း မြသိန်းတန်ဘုရား၊ ပုဂံခေတ်ဘုရားများ၊ ကုန်းဘောင်ခေတ် ဘုရားများ စသည် အရှည်သဖြင့် ခိုင်ခံ့ရေးကို ပဓါနပြုပြီး ရွေးချယ်ကြသင့်ပါသည်။ ခေတ်ဆိုသည်မှာ ထာဝစဉ် ချေမ်းနေသည်မရှိ၊ ရန်ဖန်ရန်ခါ ကပ်ဘေးများ၊ မိစ္ဆာဘေးများ ဖြစ်လာပါက အစဉ်အလာမရှိ၊ ဖေါ်ဖွင့်ထားသော ပြတိုက်အား အဘယ်သူက လုံစေလတံ့နည်း၊ အန္တရာယ်များမည့်အပြင် သတ္တဝါ အမိုက်အရိုင်း လောဘသားတို့အား ပို၍ပင် ဆင်းရဲဘွယ် ဖြစ်လေသည်။ အရှည် ဆင်ချင်သင့်လှသည်။

၃။ (၄) ကုန်ကျမည့် ငွေကို ခန့်မှန်းခြင်း။ ထိုကိစ္စကို ကျွမ်းကျင်သော ပုဂ္ဂိုလ်များဖြင့် ပုံစံထုတ်ပြီး တွက်ယူက အနီးစပ်ဆုံး သိနိုင်ပါသည်။

၃။ (၅) စေတီတော်၏ ဘွဲ့မည်တော် ရွေးချယ်ခြင်း။ ထိုကိစ္စတွင် ပညာရှိများဖြင့် စဉ်စားပြီး ရွေးချယ်နိုင်ပါသည်။ အစွန်းလွတ်ရန်ပင် လိုပါသည်၊ ဘွဲ့တော်မှာ လူများအမည်ကဲ့သို့ အဓိပ္ပါယ်မရှိ မဖြစ်စေဘဲ ရည်ရွယ်ချက်အပြည့်ပါသော အများ ခေါ်တွင်လွယ်သော ပညတ်အမည်တွင် ပရမတ်ပါသော ဘွဲ့မည်ဖြစ်သင့်ပါသည်၊ ဥပမာ ဘုရားစေတီ တည်သူတို့တွင် ဘုရားဆုပန်သူများပါက သဗ္ဗညု စေတီတော် သစ္စာလေးပါး အမြန်သိလိုသဖြင့် အောင်ဗေါဓိ

စေတီတော် စသည် ဖြစ်ပါသည်၊ အားလုံး ညီညွတ် ရွေးချယ်နိုင်ပါသည်။

၃။ (၆) ကျွမ်းကျင်သော ပန်းရံဆရာ အဖွဲ့ကိုရှာဖွေခြင်း၊ ထိုကိစ္စမှာ ရှေးကအကြိမ်ကြိမ် လုပ်ကိုင်ဘူး ဘုရားစေတီ တည်ဘူး ကျွမ်းကျင်သော စိတ်ကောင်း သဘောကောင်း ရှိသူကို ရွေးချယ်သင့်ပါသည်၊အထူးမှာ ပန်းရံဦးစီးလူကြီး တွင် ကိုယ်အင်္ဂါ ပြည့်စုံ သန့်ရှင်းရန် ဖြစ်ပါသည်။

၃။ (၇) တာဝန် ခွဲဝေခြင်း။ ဂေါပက အဖွဲ့တွင် အဘက်ဘက်မှ ကျွမ်းကျင်သူများပါ၍ နာယက၊ ဥက္ကဋ္ဌ(ဒု) များ၊ အကျိုးတော်ဆောင်၊ ငွေထိမ်း၊ အုပ်ချုပ်ရေးမှူး စသည်ဖြင့် တာဝန်ခွဲထားရန်ဖြစ်၍ ပူးပေါင်း ရွက်ဆောင်မှု ရှိရန်ဖြစ်ပါသည်။

၃။ (၈) လိုအပ်သော ပရိဘောဂရှာဖွေခြင်း။စေတီဘုရား နှင့် ပါတ်သက်၍ရှင်း နှီးဆော်စာတွင် သုံးမည့် တံဆိပ်တုံး အလှူခံသေတ္တာ၊ဖြတ်ပိုင်းစာအုပ်၊ မဏ္ဍာပ်၊ ကြေးစည်စသည် အထွေထွေ လိုအပ်သမျှ စာရင်းလုပ်ပြီးမှ ရှာဖွေ စုဆောင်း ရပါမည်။

၃။ (၉) ဘုရားဓါတ်တော်။ မြတ်စွာဘုရား၏ဓါတ်တော် အစစ်အမှန်ကို ရရေး အလွန် လိုပါသည်၊ အဆူရေအများ ကြီးရရေး အဓိကမဟုတ်ပါ၊ဘုရားဓါတ်တော်စစ်စစ် ၃-၄ ဆူ ဘဲ ရက ဖြစ်ပါသည်၊ ခုလို အတုခေတ်ကြီးတွင် အစစ်စကား ထည့်ပြောနေရပါသည်။

၃။ (၁၀) ရဟန္တာဓါတ်တော်။ ရဟန္တာများပရိနိဗ္ဗာန် ပြုပြီး၍ ကြွင်းကျန်သော ဓါတ်တော်မှုန်များ ရရေးဖြစ်ပါသည်၊ ယခု စေတီဘုရား တည်ရေးတွင် ယခု ဘုရားဓါတ်တော်နှင့် ရဟန္တာဓါတ်တော် အစစ်အမှန် ရရေးသည် လုံးဝ အခြေခံကြီး ဖြစ်ပါသဖြင့် အထူးပင် ကျိုး စား၍ ပြည့်စုံရပါမည်။

## ၃။ ဘုရားစေတီတော် တည်ထားရခြင်း၏ ရည်ရွယ်ချက် နှင့် ဒုတိယပိုင်း တာဝန်များ။

၁။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သည် မြင့်ရှည်စွာ တည်တွန်းစေရန်။

၂။ ခပ်သိမ်းသော ဝေနေယျတို့အား လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွား လူ့, နတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ရရှိကြစေရန်။

၃။ မိမိတို့၏ ဗောဓိဉာဏ်ရင့်၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်စေရန်။

၄။ သတ္တဝါ အများတို့သည် ကပ်ဘေးဒါဏ် အန္တရာယ် အပေါင်း ကင်းပျောက်၍ အပါယ်ဘေးဒုက္ခသို့ မကျ မရောက်စေရန်။

၅။ နောင်လာသားမြေး လူသားအပေါင်းတို့၏ အစဉ် အလေ့အကျင့် ယဉ်ကျေးမှုပညာဉာဏ် ထွန်းလင်း၍ သဒ္ဓါပြန့်ပွား စေတီဘုရား တည်ထားလိုသော ပါရမီခံ ရင့်သန်ကြစေရန်။

ဤသို့သော ကောင်းမြတ် ဖြူစင်သော နှလုံးသွင်းဖြင့် စေတီဘုရား ထမြောက် အောင်မြင်ရေးတွင် အဓိဋ္ဌာန် သစ္စာပြု လျက် ကောင်းမြတ်သော ဝစီကံ ကာယကံဖြင့် ရှက်ဆောင်ကုန် ရာသည်။

၂။ အထက်ဖော်ပြပါအတိုင်း သဘောပိုက်လျက် ဘုရား စေတီတော်၊ မပြီးမခြင်း ဣဒ္ဓိပါဒ်(၄)ပါး ကျင့်သုံးအား ထုတ်ရာတွင်၊ ဒုတိယပိုင်းအဆင့် တာဝန်များမှာ။

(၁) မြေကြီး။ ။ဘုရားစေတီတော်တည်မည့် မြေ အနေအထားကို လေ့လာပါ၊ ထိုမြေသည်၊ နှစ်ကြာမြင့် လာသော် ပျက်စီးနိုင် - မပျက်စီးနိုင် စသော မြေကြီး၏ သဘောကို ပဌမ ဆန်းစစ် အတည်ပြု၍ တဖန် ထိုမြေသည် မူလဝတ္တက သာသနမြေလော(သာသန မြေသည် မြေပုံတွင် အဝါခြယ်ထားသည်)ထိုသို့ သာသန မြေမဟုတ်က ကိုယ်ပိုင် မြေဂရံ စသည်ကိုရွေးပါ၊ ကိုယ်ပိုင်မြေဖြစ်ကလည်း ဝတ္တက မြေ ထပ်လုပ်သင့်၏၊အစိုးရမြေ ဖြစ်ပါကလည်း ဝတ္တကမြေ ဂရံရရန် လျှောက်ထားပြီးမှ ဂရံရမှတည်သင့်ပါသည်၊အများ ပြည်သူပိုင်မြေ ပန်းခြံ ကစားကွင်း အစိုးရ စိုက်ခင်း ကြိုး ဝိုင်းမြေတို့တွင် အရမ်းမတည်သင့်ပေ၊ ဆိုင်ရာ အရေးပိုင် ခရိုင်ဝန်ထံမှ အမိန့်ခံယူသင့်ပါသည်။

(၂) ဘုရား၏တံဆိပ်တုံး။ ။နိုးဆော်စာများ ဖြတ် ပိုင်းစာအုပ်များ၊ စာရွက်စာတမ်း စသည်တို့တွင် အသုံးပြု ရန် သင့်လျော်သောပုံစံကို ရွေးပြီး တံဆိပ်တုံးတခု အတည် ပြုပါ။

(၃) **ယာယီကျောင်းတော်နှင့်ဧည့်ခံမဏ္ဍပ်။** ။စေတီဘုရားတည်ထားမည့်နေရာအနီးသင့်လျော်ရာဘက်မှ(ဘုရားအရိပ် မ မိမည့်ဘက်)ဧည့်ခံမဏ္ဍပ်တဆောင် မိုးလုံလေလုံဆောက်ထားပြီး၊ထိုမဏ္ဍပ် အထက်ပိုင်းမှာဘုရားစင်အကျယ်တခု အမြင့် ပါစေရမည်၊ဘုရားစင်တွင် ဆင်းတုတော်များ၊ ဓါတ်တော်များနှင့် ကန်တော့ပွဲများ ဆီမီး-ရေချမ်းပန်းနံ့သာ စသည်ဖြင့် သပ္ပါယ်စွာ ကြည်ညိုဘွယ်ဖြစ်အောင် ပြင်ဆင်ကပ်ထားပါ၊ ထို့ပြင် အလှူခံသေတ္တာ၊ ကြေးစည်၊ နိုးဆော်စာများ၊ ဖြတ်ပိုင်းစာအုပ်များ၊ ဧည့်ခံ ဟောပြောသူနှင့် အလှူခံသူများ ၃-၄-ဦး အမြဲရှိသင့်ပါသည်။

(၄) **နိုးဆော်စာနှင့်ဖြတ်ပိုင်းစာအုပ်များ။** ။ပြည့်စုံသူများနှင့် သံဃာတော်များဖြစ်စေ ဆွေးနွေးပြီး နိုးဆော်စာ စီကုံးပါ၊ ဖြတ်ပိုင်းစာအုပ်ပုံနှိပ်ရန် စာစီကုံးပါ၊ ထိုသို့စာကို အတည်ပြုပြီးသော်၊ ပုံနှိပ်ရပါမည်။

(၅) **ငွေအလှူခံခြင်း။** ။ငွေမှာ စေတီဘုရားတည်ရာတွင် သူ အဓိကဖြစ်ပါသည်၊ငွေရရှိရေးမှာ ပဌမ ဂေါပကအဖွဲ့ကစတင်၍ ရင်းနှီး မတည်ငွေကို စုပြီး ဝိုင်းထည့်လှူရပါမည် ထိုငွေဖြင့် ပင်မပြုရန်ဖြစ်သည်၊ ထိုငွေမှ နိုးဆော်စာ ဖြတ်ပိုင်းစာအုပ်များဖြစ်စေပြီးသော်၊ မြို့ရွာဒေသ အသီးသီးသို့၎င်း၊ ရင်းနှီးသော ပုဂ္ဂိုလ်များသို့၎င်း ချဉ်းကပ်၍ မိမိတို့တာဝန် ခွဲဝေပြီး ခရီးထွက်၍ ရှက်ဆောင်ရပါမည်၊ အလှူရငွေများကို လုံးဝမလျော့စေဘဲ ဘဏ္ဍာရေးမှူးထံသို့ သွင်းရပါမည် မိမိ၏ ငွေစာအုပ်တွင် သွင်းငွေများရေးပြီး ငွေရ

ကြောင်း နေ့စွဲနှင့်တကွ လက်မှတ်ထိုး၍ သွင်းစေရပါမည်၊ အမှန်မှာ ဘုရားစေတီ တည်ရန်ဟူသောငွေကို ဘယ်သူမှ မသုံးမစွဲပိုင်ချေ၊ သို့ဖြစ်၍ ဂေါပကအဖွဲ့သည် စတင်ဖွဲ့စည်းစဉ်ကပင်၊ ဘုရားမပြီးမခြင်း ဘုရားစေတီငွေဖြင့် စရိတ်မှစပြီး မိမိကိုယ်ရေး ဘာမှမသုံးစွဲကြောင်း သစ္စာအဓိဋ္ဌာန် ပြုထားကြပြီး၊ မိမိတို့စရိတ်ဖြင့် ခရီးထွက်ခြင်း အာဟာရစားခြင်း သုံးစွဲရပါမည်၊ အလှူခံ၍ဘုရားငွေ စားသုံးစရိတ်ပြုသော ခေတ်ကြီး ကွယ်ပျောက်ပါတော့မည်၊ ဤကားသဒ္ဒါတရား မြတ်တည်း။

(ဖ) **သိက္ခာကျင့်ဝတ်။** ။ဂေါပကအဖွဲ့ဝင် လူကြီးများသည်၊ ဂရုဓမ္မသီလဖြင့် ပြည့်စုံခြင်း၊ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူသော(ပဌမ ပလ္လင်သတ္တာဟ) မြတ်စွာဘုရားကို ပရိကမ္မနိမိတ်ယူ၍ နေ့စဉ် ဂုဏ်တော် အားထုတ်ခြင်း၊ ဓမ္မစကြာ စသော တန်းခိုးကြီးသုတ် ဂါထာများ ရွတ်မြဲခြင်း၊ မေတ္တာတရားပွားများခြင်းနှင့် အစစအရာရာတွင် သည်းခံလျက် တာဝန်ကို ရေရှည် ထမ်းဆောင်နိုင်စွမ်း ရှိကြရပါမည်။

## ၄။ ပွဲတော် (၅) ပွဲကို ပြဆိုခြင်း။

၁။ ရှေးရှေးသော သာသနဒါယကာ မင်းကောင်းမင်းမြတ်များမှစ၍ ဘုရားစေတီတော် တည်ထားကြကုန်သောပုဂ္ဂိုလ်ထူးကြီးများသည်၊ ထုံးစံအတိုင်း ဘုရားစေတီ တည်တည်လျှင်၊ ပွဲတော် ၅-ပွဲကျင်းပရွက်ဆောင်ကြရိုး ဓမ္မတာ ဖြစ်ပါသည်၊ ၎င်းတို့မှာ—။

၁။ ရွှေပန္နက်တော်ချ မင်္ဂလာပွဲတော်။
၂။ ရွှေအုဌ်မြစ်တော်ချ မင်္ဂလာပွဲတော်။
၃။ ဌာပနာသွင်း မင်္ဂလာပွဲတော်။
၄။ ရွှေထီးတော်တင် မင်္ဂလာပွဲတော်
၅။ အနေကဇာတင် မင်္ဂလာပွဲတော်။

ဤပွဲတော် ၅-ပွဲကို အစဉ်အတိုင်း ကျင်းပသွားရပါမည်။

၂။ ဤမွန်မြတ်ထူးကဲ ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်အတွင်း၌ ဖြစ်ထွန်းလာရသူများမှာ ပို၍ထူးကဲမြင့်မြတ်လှစွာသော စေတီဘုရားတည်ထားခြင်း၊ ကိုးကွယ်ရခြင်းကား ဝိသေသ ဂုဏ်ပုဒ် တခုပင်ဖြစ်သည်၊ ထိုစေတီဘုရားသည်လည်း၊ ဓါတုစေတီတော် ဥဒ္ဒိဿစေတီတော်၊ ပရိဘောဂစေတီတော် ဓမ္မစေတီတော် ဟူသော စေတီ ၄-ပါးထိုက်အောင် ပြည့်စုံစွာပါစေခြင်းနှင့်၊ ရတနာသုံးပါးထိုက်အောင် ပြည့်စုံစွာပါဝင်တည်စေခြင်းသာ မူလ ပဓါနကြီး ဖြစ်ပါသည်။ သို့မှသာ ဤသာသနာတော်မြတ်အတွင်း၌၊ပိုမိုပြည့်စုံသောဂုဏ်ဖြင့် ပြီးသောစေတီဘုရားဖြစ်ထိုက်ပါသည် ဤကား ရှေးဆရာကောင်းများ၏ ဩဝါဒထုံးနည်းတည်း။

၃။ ထိုမင်္ဂလာပွဲတော် ၅ - ပွဲကို ရှေးမူမပျက် စံနစ်တကျကျင်းပကြရာတွင် မိမိတို့၏ အင်အားရှိသမျှ ပူဇာရယာ တို့ကို ပူဇော်လျက် အ ချက် ကျ ကျ ရွက်ဆောင်ကြရပါမည်။ ထိုပွဲတော်များ ကျင်းပရာတွင် ပိုမိုထူးကဲသော ဝိသေသ

ပူဇာရယာတို့ဖြင့် အထူးအပြား ကျင်းပရာတွင် ရှေ့ဝန်း နောက်ဝန်းကြီးကို ကြီးကျယ်စွာခင်း၍ပင် ပြုနိုင်ပါကြောင်း သို့သော်လည်း အခြေခံ ပါဝင်ပူဇော် ရှက်ဆောင်ရရိုးအစဉ် ကိုသာ မဇ္ဈိမ ပဋိ ပဒါလမ်းကို ထုံးစံမပျက် ရေးပြပါမည်၊ ထိုပွဲတော်များတွင် ခပ်သိမ်းသော လူအပေါင်း၊ နတ်ဗြဟ္မာ အပေါင်းတို့ ပါဝင်လာရောက် ကုသိုလ်ပါရမီ အတူပြုလုပ် ကြရန် စေတနာကပင် နိုးဆော်ဘိတ်ကြားရပါမည်၊ခပ်သိမ်း သောသူများတို့က စွမ်းအင်ရှိသမျှ ပူဇော်လာကြရန်မှာ အလွန်အရေးကြီးပါသည်။

၄။ ပဏ္ဍာမအဖြစ် ရှက်ဆောင် ပွဲစရန်မှာ သံဃာတော်များ တတ်စွမ်းနိုင်သမျှပင့်၍ ဆွမ်းခဲဘွယ်များ ကပ်လှူပူဇော်ပြီး ထိုစေတီတော် တည်မည့်နေရာပေါ်တွင်၊ သိမ်နှုတ်ပြစ်ရပါ မည်၊ ထိုပွဲ ၅-ပွဲ၏ ပဏ္ဍာမမှာ သိမ်နှုတ်ခြင်းပင် ဖြစ်ပါ၍ မြေကိုးရာဇမတ်ကာပါ သဲဖြူခင်းပါ ငှက်ပျောပင်၊ ကြံပင် စိုက်ပါ၊မြေအပြင်ကို သုတ်သင် ညီညွတ်စေပါ ပဗ္ဗာဇနိယ ကမ္မဝါများ ရွတ်ခြင်း စသည် သံဃာတော်များဖြင့် ရှက် ဆောင်၍ ပဏ္ဍာမပွဲကို အဆင့်သင့် ဖြစ်ပါက စတင်ရပါ မည်။

## ၅။ ရွှေပန္နက်တော် ပွဲအတွက် ကြိုတင် ပြင်ဆင်ခြင်း။

၁။ ပန္နက်တော်ချရန် မင်္ဂလာရက်ကောင်း၊ နေ့ကောင်း၊ နက္ခတ်ကောင်း၊အခါကာလကောင်းကို ရွေးချယ်ရပါမည်။

ထိုသို့ ရွေးရာတွင် တစ်ခုတခုသော လပြည့်နေ့၊ တနေ့နေ့ ဖြစ်သင့်ပါသည်၊ ဥပမာ ဝါဆိုလပြည့်၊ ကဆုန်လပြည့် ဖြစ်ပါသည်၊ လပြည့်နေ့ တနေ့နေ့မှ ယှဉ်နက္ခတ်ကောင်း မရနိုင်ပါမူ အခြားရက်များ ရွေးနိုင်ပါသည်၊ အချိန်အခါ မှာ နေတက်ချိန် မွန်းတည့်ချိန်သာ ဖြစ်ရပါမည်၊ မွန်းယိမ်း စောင်းတွင် မဖြစ်စေရပါ၊ မြေခံလည်း ရွေးရပါမည်၊ သို့သော် တော်သင့်ယုံ ဖြစ်ကလည်း သင့်ပါပြီ မြေခံ နေ့ရက်ကောင်း လုံးဝပါယ်၍လည်းသဘောကျ ရွှေ့ဆောင် နိုင်ပါသည်။

၂။ ပန္နက်တော်ချ မင်္ဂလာပွဲတော်နေ့ နံနက်တွင် သံဃာတော် များပင့် ဆွမ်းကပ်လှူ ပူဇော်လှူဒါန်းပြီး ပရိတ်တရားတော် နာ၍ သံဃာတော်များက မြေနေရာတွင် ပရိတ်တော် ကမ္မဝါတော်များ ရွတ်သင့်ပါသည်၊ အကြီးအမှူးတို့သည် လည်း တတ်စွမ်းနိုင်သမျှ ထိုမြေပေါ်တွင် ပရိတ်ဓမ္မစကြာ မဟာ သမယသုတ် စသည်များ ရွတ်ဖတ်သရဇ္ဈာယ် သစ္စာ အဓိဋ္ဌာန်များပြု မေတ္တာပို့ခြင်း ညကပင် ပြုပြီး ဖြစ်စေရပါ မည်။

၃။ ရွှေပန္နက် ဆိုသည့်အတိုင်း အလယ်ပဟိုရ် ပန္နက်မှာ ရွှေသားပန္နက် ရသင့်ပါသည်၊ အကယ်၍ မရပါကလည်း ဩဇာသား၊ ပိန္နဲသား၊ ထိန်သား တခုခု ရရာကို ရွေးချရ ပါမည်၊ အစုစု ပန္နက် ၉-ချောင်း လိုပါသည်၊ ပန္နက်ဖြစ်သင့် သော အခြား အသားများမှာ အင်ကြင်း၊ ပိတောက်၊ ညောင်၊ သီး၊ သစ်ကနက်၊ လင်းလွန်း၊ ရေသဖန်း၊ ကသစ်

သခွပ်၊ သပြေသားများဖြစ်ပါသည်၊ မိမိတို့က ပန္နက်အဖြစ် ခုတ်ယူမည့် အပင်သို့ ကောင်းစွာချဉ်းကပ်၍ ဘုရားစေတီတော်အတွက် ပန္နက်ရလိုပါကြောင်း နှုတ်ဝစီမှ ကောင်းမွန်စွာ ပန်ကြားတောင်းယူ အမျှဝေ မေတ္တာပို့သပြီးမှ ရတနာသုံးပါး အာရုံပြုပြီး ခုတ်ယူရပါမည်၊ သို့ခုတ်ယူပြီးလျှင် ပန္နက်များကိုမူ အရင်းဘက်မှသာ ချွန်ရပါမည်၊ ပမာဏမှာ ၈-၉-၁၀ လက်မများ ဖြစ်သင့်ပါသည်၊ သို့မဟုတ် ၂၄ လက်မ ဖြစ်သင့်ပါသည်၊ ၂၇-ဖြစ်စေ သို့မဟုတ် တာဝန်ခံ အကြီးအမှူး၏ တစ တောင်နှင့် တလက်မဖြစ်ကလည်း ကောင်းမြတ်ပါသည်။

၄။ ပဟိုရ်ချက်မှ ပန္နက်တချောင်း အရပ် ၈-မျက်နှာမှ ၈-ချောင်းဖြစ်၍ ပန္နက်တော် ၉-ချောင်းတို့ကို အမျက်အပြစ်အနာ ပိုးလွတ်စေပြီးမှ ရွေးချယ်ရပါမည်။ ထိုပန္နက်များကို ဘုရားစင်တွင် ပွဲများ ပြင်ကပ်ရာတွင် ပါဝင် ကပ်ထားပါ အကြီးအမှူးတို့သည် နဝင်္ဂသီလ၌ တည်စေပြီး၍ ပရိတ်မေတ္တာများ တန်ခိုးကြီးသုတ်များ ရွတ်ဆိုပြီး သော်ရွှေပန္နက်များကို တချောင်းစီယူပြီး အချွန်ဘက်ကို နှုတ်ခမ်းဖြင့် ထိလျက် ရွတ်မန်းရန်မှာ--

၁။ ဘုရားဂုဏ်တော် ၄၉-ခေါက်ဖြစ်စေ ၁၀၈-ခေါက်ဖြစ်စေ တထောင်ဖြစ်စေ၊

၂။ ပဌာန်းဒေသ ဂါထာတော်...................ရင်း....................။

၃။ အနေကဇာတင်ဂါထာတော်........ ........ ....ရင်း....................။

၄။ သံဗုဒ္ဓေဂါထာတော်ကြီး..............................ရင်း.....................။

၅။ မိမိတို့ နှစ်သက် အားကိုးသော ဂါထာတော်တခုခု ဥပမာ စ မ ၄-လုံး ဂါထာ ရွှေပန္နက်တော်များကို (ဥုံ)ခံပြီး တချောင်းစီ တချောင်းစီတွင် [၅]ပါးသော ဂါထာမြတ်တို့ဖြင့် စုပ်၍ တန်ခိုးသိဒ္ဓိ တင်ရပါမည်။တဖန် ဘုရားပြန့်တင် ကပ်ထားပါ။

၅။ မိမိတို့ တည်ထားမည့် ဘုရားစေတီတော် အရွယ်ပမာဏကို ဆုံးဖြတ်ပြီးဖြစ်၍ ဘုရား၏ အုဋ္ဌမြစ် ပမာဏကိုလည်း သိမြင်ပြီးဖြစ်ရပါမည်၊ ထိုအုဋ္ဌမြစ်၏ ပမာဏအတိုင်း အုဋ္ဌမြစ် နေရာတွင်ပင် ပန္နက်ကို အဝိုင်း ( ၀ )လုံးပုံစံ ချရပါမည်။ သို့ဖြစ်၍ ပဟိုရ်ကို ပဌမဆုံး ရွေးချယ် အတည်ပြုပြီးသော် ကန့်ပါဖြင့်ထောက်၍ ဝိုင်းသလို ထို ပဟိုရ်ပန္နက်မှ ကြိုးဖြင့် လိုသော ပမာဏအတိုင်း တနင်္ဂနွေအရပ်မှ လက်ျာရစ်ဝိုင်း မှတ်သား ထင်ရှားစေရပါမည်၊ ထိုဝလုံးထဲတွင် တောင် မြောက်ပြ အိမ်မြှောင်ကိုချပြီး အရပ် ( ၈ ) မျက်နှာကို ပဟိုရ်မှ မျဉ်း( ၈ )ချောင်း ပမာဏ ညီမျှအောင် ခွဲစိပ် မှတ်သားထားပြီး ဖြစ်စေရပါမည်။ ပဟိုရ်ပန္နက်နှင့် ပန္နက်ယံ ၈-ချောင်းတို့၏ နေ ရာ ကို တပါတည်း အ တ ည် ပြု ရွေးချယ်ထားရပါမည်၊ ရွှေပန္နက်ချပွဲတွင် အသင့်ဖြစ်ရန် ယာယီ ရွေးထားခြင်းဖြစ်သည်၊

၆။ ရွှေပန္နက်တချောင်းလျှင် တိုက်ပုဂံပြားကြီး တချပ်စီဖြင့် လုပ်စွာ ဘုရားစဉ်ပေါ်တွင် တင်ထားပြီး ရွှေထီးဖြစ်စေ ထီးဖြူများဖြစ်စေ ဖြန့်မိုးထား ပူဇော်ရပါမည်။ ဘုရားစေတီတော် ပန္နက်ချမည့်နေရာကိုလည်း ဘုရားစေတီ အုဋ္ဌမြစ်မှ တော်သင့်သလိုခွာပြီး ရာဇမတ်ကာ ( အရပ် ၄-မျက်နှာ

အပေါက် ၄ ပေါက်ဖြင့် ) လျက် ထီးဖြူသုတ်၍ ငှက်ပြော ပင် ကြံပင်စိုက်၍ တန်ခွန် ကုက္ကား မုလေးပွားတို့ဖြင့် ပူဇော်လျက် ပတ်ဝန်းကျင်ပါ သာယာ ပြန့်ပြူးအောင် ပြင်ဆင် ပူဇော်ထားရပါမည်၊ ပဟိုရ်ပန္နက်နှင့် တကွသော ပန္နက်များနေရာတွင် ယာယီမြေကိုစိုက်၍ ယာယီပန္နက်များ စိုက်ထားပါ၊ သို့မှသာ တကယ် ရွှေပန္နက်တော်ချ မင်္ဂလာ ပွဲတော်တွင် မူလယာယီ ပန္နက်များကို နှုတ်ပစ်၍ ရွှေပန္နက် များကို ရိုက်စိုက်မနေရဘဲ အသာပင် စိုက်ချလိုက်ရန်ဖြစ်ပါ သည်၊နေရာမမှားရန် အတွက်လည်း ဖြစ်ပါသည်။

## ၆။ လိုအပ်သော ပရိဘောဂများ။

၁။ ၁။ ရွှေလုံတော် သို့မဟုတ် ငွေလုံတော် တချောင်း နှင့် စက်ဝိုင်း ပမာဏရှိသော မွန်မြတ်သော ကြိုးတချောင်း စည်တော်တီးဝိုင်းနှင့် ဥပသကာ ဗုံတောင် တီးဝိုင်းများ။

၂။ ကျိုင်း ၂-လက်၊ ပန်းတောင် ၂-ခု၊ကွမ်းတောင် ၂-ခု၊ ရွှေအုပ် ၂-လုံး၊ ဗုဒ္ဓသာသနာ အောင်လံတော် ၂-လက်။

၃။ နတ်စစ်သူကြီးတုရင် (၈)စုံ၊ သိကြားတုရင် တစုံ၊ ပုဏ္ဏားတော် ဝတ်စုံတစုံ၊ ခရုသင်း ရေသွန်းရန်တခု၊ မှုတ်ခရုသင်း တခု။

၄။ ရွှေဖလားကြီး လေးလုံးနှင့် ငွေဖလားငယ် သို့မဟုတ် ကြေးဖလားငယ် (ရေသောက်ဖလားထက် ကြီးလိုက ကြီးပါစေ) (၈) လုံး။

၅။ ထီးဖြူ ၈-လက်၊ ရွှေထီး ၄-လက်၊ တန်ခွန်၊ ကုက္ကား၊ မုလေးပွား၊ ကျက်လျှာများ။

၆။ ရွှေကြုပ် သို့မဟုတ် ငွေကြုပ်၊ သို့မဟုတ် လှပ သောပုလင်းတွင် ဓါတ်တော်များထည့်ပြီး အောက်ခံ ရွှေ၊ ငွေကလပ်နှင့် မှန်ပေါင်း ခြောင်အုပ်ဖြင့် ဘုရား ဓါတ်တော်များ။

၇။ ထို့အတူ ပူဇော်ပြင်ဆင်လျက် ရဟန္တာဓါတ်တော် များ။

၈။ သပ္ပါယ်သော ဆင်းတုတော် တဆူ၊ ထို ဆင်းတုတော် အတွက် ဝေါယာဉ်ဖြင့် ပင့်ယူသွားရန် ပြဿဒ် ရွှေ ကျောင်းဆောင်တခု၊ ဘုရား စမ္မခဏ် အခင်းတခု။

၉။ ရတနာသုံးပါး ပွဲစုံ (၃) ပွဲ၊ အသျှင် ဥပဂုတ် ပွဲတော် တပွဲ၊ သာသနာတော်စောင့်များ မှ တပွဲ၊ အစုစု ကန်တော့ပွဲ ငါးပွဲ ပြင်ထားပါ၊ အောင်သပြေအိုးကြီး အိုးပြည့်ထိုးလျက် ရွှက်အိုး ၂-လုံး။

၁၀။ ရွှေကြာသွတ်အိုး ၉-လုံး၊ ရွှေမြူတာအိုး ၉-လုံး၊ အိုးလပ်ငယ်တွင် ရွှေမှင်သုတ်ပြီး ကြာ ပန်း စိုက် ရွှေကြာသွတ်အိုးခေါ် သည်။ ရွှေအိုးတွင် အောင် သပြေ နည်းနည်းလုရှိ ပန်းပွင့်များပါ ရေထဲထည့် ထား၊ ရွှေမြူတာအိုးဖြစ်၏ရေစင်သန့်ပါစေ။

၂။ (က) တာဝန်ခံ မဟာနာယကာ၊ အကြီးအမှူးက၊ ဗဟိုပန္နက်ကို၊စတင်ချပြီးနောက်၊ ရွှေကြိုးဖြင့်ချည်၍ ရွှေလှံတွင် တဖန် ချည်ပြီး ကွန်ပါဝိုင်းသကဲ့သို့ အရေးအကြောင်းဖြစ်စေရန်၊တနင်္ဂနွေ ဒေါင့်မှစ၍ လက်ျာရစ် စက်ဝိုင်းပြုရန် ရွှေလှံ ရွှေကြိုးဖြစ်သည်။

(ခ) ဗုဒ္ဓသာသန အောင်လံတော်နှင့် ရွှေကျိုင်းတော်ကိုင် (၄)ဦးတို့မှာ ရှေး မြန် မာ စစ် သည် တော် ကဲ့သို့ ဝတ်ဆင်၍ ခါးလွယ်ပါရမည်၊ ဘော်ကြယ်ဖေါက် ရွှေဇာနားသပ် ဘောင်းဘီအစိမ်း ( သို့မဟုတ် အနီ ) ကိုယ်ကြပ် ကြဲသေးအင်္ကျီ၊ ချပ် ဆင့်၊ မောက် တို ဆောင်း၊ ရွှေခါးလွယ်၊ ခြေနင်းစီး၊ ပုဆိုးတောင်ရှည် ခါးတောင်း ကျိုက်မိတ်စချ၊ ပတ္တမြားခါးစီး၊လက် စီ လက်ကြပ်ဆိုက၊ ပြည့်စုံပါပြီ။

(ဂ) ရွှေကွမ်းတောင်ကိုင် ရွှေပန်းတောင်ကိုင် ရွှေ အုပ်တော်ကိုင် အမျိုးသမီး လုံမပျို (၆) ဦးတို့ဖြစ်သည်၊ အမည် အညွန့် အစ ရုပ်လက္ခဏာကောင်း ဖြစ်ရပါမည်၊ ရှေးနန်းတွင်းသူများ ကဲ့သို့ပင် ဝတ်ဆင်ရပါမည်၊ စည်းပုံမဆောင်းဘဲ၊ဆံထုံးဆံမိတ်ချ ဖြစ်သည်၊ လက်စီး လက် ကြပ် ကို ( တ တောင် ဆစ် နှင့် လက်ကောက်ဝတ်တန်းဆာ) ရှိက သုံးနိုင်ပါသည်။

(ဃ) ပန်းတောင်တွင် ပန်းလှမွှေးများ တတ်ဆင်ထည့်ပါ ကွမ်းတောင်တွင် ကွမ်းရာပြီး အသင့်များ ထည့်ပါ၊

ရွှေအုပ်တွင် ရတနာမိုး ရွာကြဲဖြန့် ပူဇော်ရန် ကျောက်သံပတ္တမြား ငွေစ ကြေးစများ (ပိုက်ဆံ) ထည့်ထားရပါမည်။

(င) နတ်စစ်သူကြီး (၇)ဦးကို သီလ၊ သမာဓိ အညွှန့်အစ အမည်ကောင်းသူ၊ ဥပဓိရုပ်ခန့်သူ ခြေလက်အင်္ဂါ မချို့ယွင်း ရောဂါအနာဆိုး မရှိသူကိုရွေးပါ။ အထူးကား၊ အရပ် ၇-မျက်နှာတွင် ရွှေပန္နက်တော် စိုက်ချရန်အတွက် ပုဂ္ဂိုလ် ၇-ဦးမှာ နေ့နံသင့် (၇)နေ့သားများ ဖြစ်ရပါမည်၊ အဝတ်တန်းဆာအားလုံး တူညီရပါမည်။

(စ) သိကြားမင်း တုရင် ဝတ်သူမှာ အလယ်ဗဟို ရွှေပန္နက်ကို ချရန်အတွက် ပဉ္စမ အကြီးအမှူးနှင့် အတူ ရွက်ဆောင်ရန် ဖြစ်သည်၊ ရွှေပန္နက်နှင့်ခရုသင်း မြေဇာတို့ကို သယ်ယူခဲ့ပြီး ပန္နက်ချချိန်ရောက်မှ ပဉ္စမ အကြီးအမှူးက ရွှေလုံဖြင့် စိုက်ပြုပြီး စက်ဝိုင်း ဝိုင်းပြီးမှသာ ရွှေပန္နက်ကိုချရန် သိကြားမင်းက၊ ပဉ္စမ မဟာနာယကကို အပ်နှင်းရန်ဖြစ်သည်၊ ထို ရွှေပန္နက် ချပြီးပါကလည်း ရွှေပန္နက်ပေါ်တွင် ခရုသင်းမြေဇာ မြက်ဖြင့် အဘိသိတ်သွန်းရန် တာဝန်ယူရလေသည်။

(ဆ) ပဉ္စမ နာယက တာဝန်ခံမှာ၊ပုဆိုးတောင်ရှည်၊သိုရင်း အင်္ကျီရှည်ဖြူ၊ ခေါင်းပေါင်း အုပ်ပေါင်း၊ ပတ္တမြား ခါးစည်း စပ္ပါယ်တင်(လောကပတ်)ပုဝါ ပုတီးဖြူ လက်စီးလက်ကြပ် ရှိလျှင်သုံး၊မရှိလဲ တော်သင့်ပါပြီ၊

သူသည် ရွှေကြိုးရွှေလုံဖြင့် ဇက်ဝိုင်းပြုရန်၊ ဇဟိုပန္နက်ချရန် ပန္နက် (၈)ချောင်းနေရာ ရွှေလုံဖြင့် စိုက်ပြပေးရန် တာဝန်ကို ရွက်ဆောင်ရပါမည်။

(ဇ) ပုဏ္ဏားမှာမူ ခရုသင်း (ပုရောဟိတ်ပုဏ္ဏား) မှုတ်ပြီး အချိန် ပေး အခါပေးရန်နှင့် ရွှေပန္နက်တော်ပွဲပြီးအောင်မြင်ပါက၊ စိန္တာမဏိ ဂါထာရွတ်၍ အဘိသိတ်ပေး၊ ကောင်းချီးပေးရန် တာဝန်ဖြစ်သည်။ ပုရောဟိတ်ပုဏ္ဏားတော်ကဲ့သို့သော ဝတ်စုံလည်း ရှိရပါမည်။

(ဈ) ငွေဖလားကြီး ၄-လုံးတွင် ၁၊ ဆန် တချမ်းဖြူ တချမ်းဝါများ ကြဲပက် ပူဇော်ရန် ထည့်ထား။ ၂။ ပန်းအဆင်းအနံ့ ရှိ၊ မရှိ၊ ပန်းများကြဲ ပူဇော်ရန်ထည့်ထား ၃။ ပေါက်ပေါက်များ ပိုက်ဆံများကြဲရန်ထည့်ထား၊ ၄။ အမွှေးနံ့သာရည် ရေမွှေးများထည့်၍ အောင်သပြေ ၄-၅ ညွန့် စိုက်၍ထား၊ ပက်ဖြန်းပူဇော်ရန်ဖြစ်သည်၊ ထိုဖလား (၄) လုံးကိုမူ၊ အရွယ်အဆင်းနှင့်ပြည့်စုံ ညီညွတ်သူ အမျိုးသမီးပျို ၄-ဦးကို ရှေးနန်းတွင်းသူများကဲ့သို့ရင်း၊ ရိုးရိုး ယဉ်ကျေးသော ဝတ်စုံဖြင့်ရင်း ညီညွတ်စွာ ဝတ်ဆင်ဖီးလိမ်း၍ ငွေဖလားဖြင့်၊ ပက်ပူဇော်ရန်ဖြစ်သည်။

(ည) ငွေရေသောက်ဖလား ၈-လုံး သို့မဟုတ် ကြေးဖလား ၈-လုံးမှာ၊ အမွှေးနံ့သာ ရေစင်များ ထည့်ယူခဲ့ပြီးပါက၊ နတ်စင်သူကြီး ၈-ဦးတို့က၊ မိမိတို့၏ ရွှေပန္နက်များကို၊ မြေသို့ချပြီးပါက၊ မိမိတို့က၊ ရွှေပန္နက်ပေါ်မှ ရေသွန်း ဆုတောင်းရန် ဖြစ်သည်။

(၃) ထီးဖြူ ၈-လက်၊ ရွှေထီး ၄-လက် မိုးကာသူများမှာ ရှေးမြန်မာ စစ်သည်တော်များကဲ့သို့ဝင်း၊ သို့မဟုတ် ပုဆိုးတောင်ရှည် ခါးတောင်းကျိုက် သို ရင်း တို ခေါင်းပေါင်း ပတ်ပေါင်း(ဆံပင်ရှိပါက)ပေါင်းက ပြီးပါ၏၊ ဆံပင်မရှိပါက ( ဆံစုဖြင့် ထုံးမရပါက ) အုပ်ပေါင်း၍ ခေါင်း ပေါင်း စ ချ ဖြစ်ပါသည်၊ ဘောင်းဘီမှာ ဘောင်ကြယ်ဖေါက် အစိမ်းဖြစ်ပါသည် (လက်စီးလက်ကြပ် ချပ်ဆင့်မသုံးရ။)

(၄) ဘုရား ကန်တော့ပွဲရွက်သူ ဆရာမကြီးတဦး၊အောင်သ ပြေအိုး ၂-အိုးရွက်သူ အဒေါ်ကြီး ၂-ဦး၊ အောင်သ ပြေအိုးမှ အောင်သပြေ များ ရွှေပန္နက်ချ ပွဲတော်လာသမျှ ပုဂ္ဂိုလ်တိုင်း တဦးမကျန်၊အောင်သ ပြေ လက် စွဲ၍ တာ ဝန် ရွက်ဆောင်ကြရန် ဖြစ်၍ အောင်သပြေများ ၂-ညွန့် ၃ ညွန့်စီ ဝေ လိုက် ဝေပေးကုန်စေရပါမည်၊ ကန်တော့ပွဲမှာ ဘုရားရှေ့ တွင် ချထားရန် ဖြစ်၏။

(၃) ဘုရားဆင်းတုတော်ကိုမူ အ ရှေ့ သို့ မျက် နှာ မူ ၍ စမ္မခဏ်ခင်းတော်အပေါ်တွင် ပန္နက်၊ ဗဟို ပန္နက်ကို မျက်နှာမူ၍ (ပန္နက်၏ အနောက်ဘက်မှ)ချထားရပါ မည်၊ရွှေပန္နက် ချသောအခါတွင်မူ၊ဘုရား၏ရှေ့တော် တွင်ပင် ချရပါမည်။

(၈) ရွှေကြာသွတ်အိုး ၉-လုံး၊ ရွှေမြူတာအိုး ၉-လုံးတို့ကို အရွယ်ညီမျှသော ကုမ္မာရီ(၁၈)ဦးတို့က၊ရိုးရိုး မြန်မာ

ဝတ်စုံဝတ်၍ သယ်ယူရပါမည်၊ ထိုအိုး ၂-လုံးစီမှာ ရွှေပန္နက်တော်များအား တဘက်စီညှပ်၍ ပူဇော်ထားရန်ဖြစ်ပါသည်၊ ဗဟိုပန္နက်ကိုမူ တောင်နှင့်မြောက်ဘက်ဆီမှထားပူဇော်၍ အရံပန္နက် ၈-ချောင်းကိုမူ စက်ဝိုင်း စည်းအရ စည်းများပေါ်မှ၊ တဘက်စီ ညှပ်ပြီး ပူဇော်ထားခဲ့ရပါမည်။

(ဏ) ရွှေပန္နက်တော် ချပြီးပါက၊ ပူဇော်ထွန်းရန်၊ ကျောက်ဖရောင်းတိုင် တထွာခန့် ၉-တိုင်ဖြစ်စေ ဘီအိုစီ ဖရောင်းတိုင် ၅-တိုင်စီ ပူးချည်ထားသော ၉-တိုင်ဖြစ်စေ၊ (တတိုင်တည်းဆိုက လေတိုက် မီးငြိမ်းသွား၏) ခံ ထွန်း စ ရာ၊ ခဲ ၉-ခဲပါ အသင့်ဆောင်ခဲ့ရပါမည်။ အမွှေးတိုင်များပါ ပူဇော်ရပါမည်။

## ၇။ (၁) ရွှေပန္နက်တော်ချ မင်္ဂလာပွဲတော်

၁။ ကောင်းမြတ်သော အချိန် အခါတွင် အခမ်းအနားတွင် ပါဝင်သူတို့သည် အားလုံးပင် ထိုနေ့၌ နဝင်္ဂသီလတော်များ ဆောက်တည်လျက်၊ စိတ်နှလုံး ချမ်းသာစွာဖြင့် မင်္ဂလာပွဲတော်ကို၊ ပါဝင် ရွက်ဆောင်ရန် ထက်သန်အသင့်ဖြစ်နေကြရန် အုပ်ချုပ်သူ အကြီး အမှူးတို့က အခမ်းအနား ပါသူများကို ကြိုတင်စုဝေး၍ ဇာတ်တိုက်သကဲ့သို့ ( Rehearsal )လုပ်၍ ရှင်းလင်းပြောပြ နားလည် ထား အောင် ပြုပါ၊ သို့မဟုတ်က အခမ်းအနားတွင် အလုပ်မတွင် ယောင်နန ဖြစ်နေပါလိမ့်မည်၊

ဆော်ဩသူ အုပ်ချုပ် စီစဉ်သူများက အခမ်းအနားတွင် မပါဝင်ဘဲ၊ မိမိတို့က၊ စီ မံ ရွက် ဆောင် ပေး သင့် ၏ (အချို့ပါ-အချို့စီမံ)။

၂။ ရွှေပန္နက်တော် ချရန်အတွက် မိမိ တို့၏မူလ နေရာ ( Unit ) မှ ဘုရားစေတီတော် တည်ထားမည့် နေရာတွင် ရွှေပန္နက်တော် သွားချရန် အတွက် အခမ်း အနားထွက်ခွါရန် အစီအစဉ်များကို ရှေ့ဦးဖျားမှ စ၍ နောက်သို့ အစဉ်အတိုင်း ပြောသွားပါမည်။

၁။ ရွှေကျိုင်းတော်ကိုင် ၂ ဦး (၎င်း၏ရှေ့မှ၊ဥပသကာ ဗုံတောင်တီး ရှိပါစေ)

၂။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် စစ်သည်တော် ၂ ဦး

၃။ ပန်းတောင်ကိုင် အမျိုးသမီး ၂ ဦး။

၄။ ကွမ်းတောင်ကိုင်အမျိုးသမီး ၂ ဦး။

၅။ ရွှေအုပ်တော်ကိုင်အမျိုးသမီး ၂ ဦး။

၆။ ပုရောဟိတ် ပုဏ္ဏားတော်နှင့် မဟာနာယကာ လူကြီး ရွှေလှံနှင့်ရွှေကြိုးကိုင်လျက်။

၇။ သိကြားမင်းက၊ ဗဟိုရွှေပန္နက်နှင့် ခရုသင်းရေပြည့် မြေဇာပင်ကိုင်လျက်။

၈။ ရွှေထီးတော်မိုး ၂ ဦးက၊ တဘက်စီမှ အမှတ် ၆ နှင့် ၇-တို့၏ဘေးဘက်မှလိုက်။

၉။ ရွှေကြာသွတ်အိုးကိုင် အမျိုးသမီး ၉-ဦးတို့က၊ ၂-ဦးစီ တန်းပါ။( တတန်း၌ ၃ ဦးဖြစ်)

၁၀။ မြတ်စွာဘုရား၏ ဝေါယာဥ်တော်တွင် ရွှေထီး (၂) လက်နှင့် ထီးဖြူ( ၂ )ချက်မိုး၍ လိုက်စေရမည်။ ရွှေဝေါယာဥ်ပြဿာဒ်ကို ထမ်းသူမှာ ရေးမြန်မာ စစ်သည်တော်ကဲ့သို့ ဝတ်ဆင်သင့်၏။မရှိပါက၊ ဥပ သကာကဲ့သို့ရင်း၊ သိုရင်းအင်္ကျီရှည် - ပုဆိုးတောင် ရှည် ခေါင်းပေါင်းဖြင့်ရင်း၊ တညီတည်းဝတ်ပါ ၆-ဦး၊ ၈-ဦး၊ ၄-ဦး ဖြစ်ပါသည်။

၁၁။ ရွှေဒလားကြီးကိုင် အမျိုးသမီး ၄ ဦးက၊ ၂ ဦးစီတန်း ၍ (လမ်းတွင်မကြဲဘဲ ပန္နက်ပွဲတွင် ကြဲရန်ဖြစ်ပါ သည်။)လိုက်ပါ။

၁၂။ ရွှေပန္နက်ကိုင်စွဲထားသူ နတ်စစ်သူကြီး ၈ ဦးတို့က ငွေရေပြည့်ဖလား အောင်သပြေ နှင့် တ ကွ ကိုင်၍ ၂ ဦးစီ ၄ တန်းဖြစ်သည်၊ ထီးဖြူတော်မိုး(၆)ဦး တို့က၊ ဘေးဘက်စီမှ ၂ဦးစီ၊ ရှေ့တဦး၊နောက်တဦး မိုးကာ လိုက်ရပါမည်။

၁၃။ ရွှေမြူတာအိုးကိုင်သူ အမျိုးသမီး ၈ ဦးတို့က၊၂ဦးစီ ( ၄ )တန်း လိုက်ပါ။

၁၄။ အောင်သပြေအိုးရွက်သူ ၂ဦးလိုက်။

၁၅။ စည်တော်တီးဝိုင်းလိုက်ရပါမည်။

☆ ၁။ ဘုရားဓါတ်တော် ကလပ်နှင့် ရဟန္တာ ဓါတ်တော် ကလပ်များကိုမူ၊ ဘုရားသခင်၏ ဝေယာဥ်ပေါ် တင်က လည်း ဖြစ်ပါသည်၊ သိကြားမင်း နှင့် မဟာနာယက လူကြီးတို့က ယူက ပိုသင့်ပါသည်၊ လူသစ် ၂-ဦး တိုးပြီး သိကြားမင်းတို့ရှေ့မှ နေရာယူစေလဲ ဖြစ်ပါသည်။

၂။ ဘုရားကန်တော့ပွဲကို ဝေယာဥ်တော်ပေါ် တင်လိုက တင်ပါ၊သို့သော် ဝေယာဥ်တော်၏ရှေ့မှပင်၊ဆရာမကြီး တဦး ရှက်ကလည်း ပိုကောင်းပါ၏၊ ကောင်းစွာဝတ်၍ ပုဝါစုံချပါ။

၃။ တန်ခွန်၊ ကုက္ကား၊ မုလေးပွားတွေ များများလုပ်ပြီး အခမ်းအနားပါသူတွေလဲ ကိုင်ပါစေ၊ဝေပါ၊ အခြား သူများလည်း ဝေကိုင်စေပြီး လိုက်ပါစေက သင့်ပါ ၏၊ ပို၍ ကောင်းသည်မှာ ဂေါရီရွယ် လုံမငယ်များ တို့ကို ၄၀-ခန့် ၈၀-ခန့် စုပြီး အထက်ဖော်ပြပါ အခမ်း အနား တန်းစီထားသမျှတို့၏ ဘေးတဘက်စီမှ တဦး စီ၊ တန်ခွန်ကုက္ကား မုလေးပွားကိုင်ပြီး တန်းလိုက်စေ ပါက၊ ပိုမို မြိုင်၍ လှပါသည်။

၃။ အခမ်းအနားတွင် ပါဝင်သူများသာ ရာဇမတ်တွင်းမှာ ရှိသင့်ပါသည်၊ သို့မှသာ စံနစ်ကျနပြီး ပိုမို ကျက်သရေ ရှိပါသည်၊ အခြား သူများမှာ ရာဇမတ်များ၏ ပြင်ပမှ သာ၊ ပူဇော် ဝိုင်းရံ နေသင့်ပါသည်၊ ၎င်းပြင် အားလုံး ထိုင်ပြီး လက် အုပ်ချီ၍ နေသင့်ပါသည်၊ သို့မှသာ စံနစ်ကျ၍ မွန်မြတ်ပါမည်။ ( ကလေး လူကြီးများ တိုးဝှေ့မတ်တတ်ခိုင်း၍ ရှိုင်းစိုင်းစွာ မရှိစေနှင့်)

## ၁။ ရွှေပန္နက်တော်ချ မင်္ဂလာပွဲတော်
## ရာဇမတ်တွင်း နေရာယူခြင်း၏ ပုံစံ



## ၄။ ရာဇမတ်တွင်း၌ နေရာယူခြင်း

၁။ မြတ်စွာဘုရားနှင့် ဓါတ်တော်ကလပ်များကို၊ ဗဟိုပန္နက်တော်ကို မျက်နှာမူ(အရှေ့)၍ တတောင်ခန့်ကွာမှ စမ္မာကျခင်းပြီး ချထားပါ၊ မဟာနာယကလူကြီးမှာ မြောက်ဘက်မှ သိကြားမင်းက ဘယ်ဘက်မှ ဗဟိုပန္နက် နေရာနှင့် အရှေ့ဘက် ခပ်စောင်းစောင်း မျက်နှာခြင်းဆိုင် နေရာယူရမည်။

၂။ သံဃာတော်များက ရာဇမတ်တွင်း အရှေ့မျက်နှာမှ ထွက်ဝင်လမ်းချန်ပြီး ပန္နက်ဘက်သို့ မျက် နှာ မူ ပြီး သင်ဖြူး စသည်ခင်းပြီး ထိုင် သီတင်းသုံးရန် နေရာ ချထားပါ၊ အမှန်မှာ သံဃာများပါက ရာဇမတ် အတွင်း ရွက်ဆောင် ဘူများကို ပါတ်ရံလျက်ပင် သီတင်းသုံး နေရပါမည်။

၃။ ကန်တော့ပွဲကို ပန္နက်၏ အရှေ့ဘက် ဘုရားရှေ့မှာ ချထားပါ။

၄။ ကျောင်းတော်ကိုင် ၂-ဦးမှာ အရှေ့ပေါက်မှသာ ဝင်ရပါသဖြင့် အဦးကပင် အရှေ့ပေါက်ဝတွင်၊ တဘက် တဦး နေရာယူရပါမည်၊ မတ်တတ်ရပ်နေပါ။

၅။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦးမှာ ရာဇမတ်တွင်း၊ အင်္ဂါနှင့် တနင်္ဂနွေ ဒေါင့်ဘက်နားမှ နေရာယူပါ၊ မတ်တတ်ရပ်နေပါ။

၆။ နတ်စစ်သူကြီး ၈-ဦးတို့မှာ မိမိတို့၏ နေ့နံသင့် အရပ်တွင် မိမိတို့ ပန္နက်ချမည့် နေရာ၌ ဗဟိုသို့ မျက်နှာမူ၍ ထိုင် (ပုဆစ်ဒူးထောက်) နေရာယူပါ။

၇။ ရွှေကွမ်းတောင်ကိုင်၊ ရွှေပန်းတောင်ကိုင် ရွှေအုပ်တော်ကိုင်တို့သည်၊ ဗဟိုမှ မဟာနာယကကြီးနှင့် သိကြားမင်းတို့က၊ ရွှေလုံ ရွှေကိုးတို့ဖြင့် အဝန်းအဝိုင်း (စက်ဝိုင်း) ပုံစံပြုပြီးမှသာ မိမိတို့၏ ပန်းတောင်များ၊ ကွမ်းတောင်များ၊ ရွှေအုပ်များကို၊ မြတ်စွာဘုရားရှေ့ ပုံစံတွင် ဖေါ်ပြထားသော နေရာတွင် ချကပ်လှူပြီး မိမိတို့၏ နေရာစက်ဝိုင်းအနီး ဖေါ်ပြပါ နေရာပြန်နေပါ၊ ရွှေကွမ်းဘောင်ကိုင်က၊အရှေ့ဘက်နှင့် (၂) ဘက်မှ နေရာယူပါ။

၈။ ရွှေပန်းတောင်ကိုင် ၂ဦးက တောင်ဘက်နှင့်မြောက်ဘက်က၊ နေရာယူပါ။

၉။ ရွှေအုပ်တော်ကိုင်အမျိုးသမီး ၂-ဦးတို့က၊ အနောက်ဘက် ၂ ဘက်မှ နေရာယူပါ။

၁၀။ ပုရောဟိတ်ပုဏ္ဏားတော်က အရှေ့အရပ်မှ နေရာယူပါ

၁၁။ ငွေဖလားကြီး ၄ လုံးကို၊ စက်ဝိုင်းပြုပြီးမှသာ အတွင်း၌၊ နေရာသွားချရပါမည်၊ စည်းဝိုင်းတွင် အရပ် ၄ မျက်နှာမှ နေပြီး အရပ် ၄ မျက်နှာမှပင် ဖလားထားပါ။ ကြဲပူဇော်ရန် ပန္နက်များ စိုက်ပြီးပါက၊ အဘိသေက သွန်းဆဲမှ ဖလားများဝင်ယူပြီး ပူဇော် ကြဲကြရပါမည်၊ စက်ဝိုင်း အတွင်းအပြင် ကြဲရပါမည်။

၁၂။ ထီးဖြူတော် (၈)လက်ကို အရပ် (၈) မျက်နှာမှ ရွှေပန္နက်တော်ချသော နတ်စစ်သူကြီးတို့ ဝဲဘက်မှ မိုးကာ ပူဇော်ရပ်ရပါမည်။

၁၃။ ရွှေထီးတော် (၄)လက် စက်ဝိုင်းမပြုမီတွင် စက်ဝိုင်းရာပြင်ပမှ အရပ် ၄-မျက်နှာမှ မိုးဖြန့်ကာ ပူဇော်နေသော်လည်း စက်ဝိုင်းရာပြီးပါက အတွင်းသို့ ဝင်ပြီး အရပ် ၄-မျက်နှာမှ ရပ်၍ ဖြန့်မိုး ပူဇော်ရပါမည်၊ အမှန်မှာ၊ မူလကပင် စက်ဝိုင်းအတွင်းမှာဝင်ပြီး အရပ် ၄-မျက်နှာမှ ဘုရားအား မိုးကာနေပြီး စက်ဝိုင်းပြုမှသာ၊ ခေတ္တရှောင်ဖယ်ပေးပြီး တဖန် ပြန်မိုးရပါမည်၊ ရှုပ်ရပ်ရပ်နှင့် ဖြစ်မည်စိုး၍သာ၊ ပဌမနည်းကို ရေးပါ၏၊ နှစ်သက်သလို ရွက်ဆောင်ရပါမည်။

၅။ အားလုံးတို့သည် ရွှေပန္နက်တော်ချ မင်္ဂလာပွဲတော် ကျင်းပရာတွင် မိမိတို့၏ တာဝန်များကို အသီးသီး ကျွမ်းကျင်ပြီးသော်၊ မူလနေရာမှ၊ ရွှေပန္နက်တော်ချရာသို့ စတင်ထွက်ခွါသွားကြရပါမည်၊ အတီးအမှုတ် အကစုံတို့ဖြင့်၊ ပူဇော်ပျော်ရွှင် ခမ်းနားစွာ လိုက်နိုင်ကြပါသည်၊ အခမ်းအနားပါသူတို့မှာ၊ ရာဇမတ်ကာထားရာတွင် မင်္ဂလာဟု သမုတ်အပ်သော အရှေ့အရပ်မှသာ စတင် ဝင်ကြရပါမည်၊ ရွှေကျိုင်းတော်ကိုင် ၂-ဦးတို့က ဝင်စ အဝတွင်ပင် နေရာယူရပါမည်၊ အားလုံးတို့မှာ ဣန္ဒြေမပျက် ကိုယ့်နေရာကိုယ် ယူကြရပါမည်၊ ပို၍ သေချာစွာ ဣန္ဒြေရရန်အတွက် မတိုင်မီ ရက်ကပင်

ကိုယ်နေရာများ တာဝန်များကို၊ ထိုစေတီတော် တည်မည့်နေရာတွင် ( Rehearsal ) ဇာတ်တိုက်ထား ပြထားသင့်ပါသည်၊ သံဃာတော်များက၊ ပါတ်လည် အပြည့် ကာရံနေရပါမည်၊ သို့သော်လည်း အရှေ့ဘက် တဘက်ထဲမှလည်း ဖြစ်ပါကြောင်း၊ အသင့်ဖြစ်ပါက၊ ဆရာမကြီး ၂-ဦးတို့က၊ အောင်သပြေ ၂-အိုးထဲမှ အားလုံးကုန် ပရိသတ်ကုန် အတွင်းအပြင်မကျန် ဝေပါ အောင်သပြေ လက်စွဲ၍သာ ရွက်ဆောင် ကုန်ရာသည်၊ ထီးတော်မိုးများ ကျိုင်းကိုင် အောင်လံကိုင်များမှတပါး အားလုံး ကောင်းစွာ ထိုင်ရပါမည်။

☆ ၁၄။ ရွှေကြာသွတ်အိုးကိုင်များ ရွှေမြူတာအိုးကိုင် အစုစု ၁၈-ဦးတို့သည် နတ်စစ်သူကြီး ယာဘက်မှ ရွှေကြာသွတ်အိုး၊ နောက်ဘက်မှ ရွှေမြူတာအိုးကိုင်တို့က ၂-ဦးစီ အရပ် ၈-မျက်နှာ နေရပါမည်၊ ပဌမမှာ၊ ကိုင်မထားပြီး ရွှေပန္နက်တော်များ ချပြီးပါက၊ ကိုယ်တိုင်ထပြီး ပန္နက်၏အနီး အတွင်းဘက်မှ ကပ်ထိ ၂-ဘက်ညှပ် ပူဇော်ထားကြရပါမည်၊ အလယ်ဗဟို ပန္နက်တွက် ၂-ဦးမှာမူ၊ အရှေ့အရပ်မှ စက်စိုင်းပြင်ပမှသာ နတ်စစ်သူကြီးအနီး စောင့်နေပြီး ပန္နက်တော် ချပြီးပါက၊ အလယ်ဗဟို ပန္နက်တော်အား တောင်မြောက် အိုး ၂-လုံးညှပ်ပြီး ပူဇော်ချထား ပူဇော်ကြရပါမည်။

၁၅။ ရွှေပန္နက်ချရမည့် နေရာများကို အစက်ပြထားသည်၊ ပြီးစီးမှ ဆီမီးအမွှေး ပူဇော်ပါ။

## ၆။ ရွှေပန္နက်တော်ချခြင်း။

(၁) မူလယာယီအမှတ်ပြု ပန္နက်တွေကို ချတ်ပစ်ပါ၊ အသင့်ဖြစ်ပါက၊ အခါတော်ပေး ပုရောဟိတ်ကြီးက အခါပေး ခရုသင်းမှုတ်ပြီး (အချက်ပေး) အခါပေးပါ၊ ထိုအခါ (တီးမှုတ်ရပ်ထား) သိကြားမင်းကထ၍ ဗဟိုပန္နက်တော်နေရာကို ညွှန်ပြပါ၊ ထိုအခါ၊မဟာနာယက,ကြီးက ထိုနေရာကို ရွှေလုံဖြင့် ဝိုက်ထောက်ပြီး၊ တဖန် သိကြားမင်းကို ရွှေကြိုးစကို ကိုင်စေပြီး ဗဟိုပန္နက်နေရာမှ မဏ္ဍိုင်ကိုင် ရပ်စေပြီး ရွှေလုံကို နှုတ်၍ ကြိုးစတွင် ပမာဏအတိုင်း ချည်နှောင်၍ တနင်္ဂနွေ အရပ်မှစပြီး လက်ျာရစ် စက်ဝိုင်းရာ ပြုရပါမည်၊ ထိုနောက် အရပ် ၈-မျက်နှာရှိ ရွှေပန္နက်တော်ရာ-၈-ချက်တို့ကို ရွှေလုံတော်ဖြင့် လိုက်ပြီး တနင်္ဂနွေဒေါင့်မှစ၍ လက်ျာရစ် စိုက်,စိုက်,ပြီး ပြ,ပြ,ပေးသွားရပါမည်၊ ထို့နောက်မှ ရွှေလုံ ရွှေကြိုးချည်လျက် အနီးတွင် စိုက်ထားပြီး သိကြားမင်းက ရွှေသားပန္နက်တော်ကို ကမ်းလင့်ရမည်၊ ထိုအခါ နတ်စစ်သူကြီး ၈-ဦးတို့ကပါ အတူတပြိုင်တည်း ရွှေပန္နက်ကို စိုက်ချရန် အသင့်ပြုထားပုံမှာ၊ ဘယ်လက်ကို အချွန်နားအောက်မှ ကိုင်ပြီး ညာလက်ကို ငွေပန္နက်ပေါ်မှ အုပ်ကိုင်၍ ညာဒူးထောက် ဘယ်ဒူးထောင်ပြီး၊အသင့်

ချိန်ထားရပါမည်၊ အဆိုကို ဆိုပြီး၍ ချပါကလည်း ဗဟိုပန္နက် ချပြီးမှသာ အရံပန္နက် ၈-ချက်တို့က တချိန်တည်း စိုက်ချရန်ဖြစ်သည်၊ ဗဟိုပန္နက်တော် ချပြီးပါက၊ မဟာနာယကကြီးက၊ ညာလက်မြှောက် ထားပြီး အောက်ချလိုက်သည်နှင့်တပြိုင်နက် တညီ တည်း စိုက်ချရပါမည်၊ အဓိဋ္ဌာန်ဆို၍ ဆုံးသည်နှင့် တပြိုင်နက်၊ ခရုသင်းမှုတ်ဆဲ၊ စည်တော် ယွန်းဆဲဘွင် ပင်၊ ဗဟိုရွှေပန္နက်တော်ကို စတင်ချရပါမည်၊ (ပုံစံကိုကြည့် လေ့လာထားပါ) အခမ်းအနား ပါ သူတို့က၊ တညီတညွတ်တည်း ဆိုရန်မှာ (အလွတ်မရက စာကြည့်ဆိုပါ) သို့မဟုတ် တိုင်ပေးနိုင်ပါသည်။

၇။ ပဏ္ဍာမစာအဖြစ် မဟာနာယကကြီး တဦးတည်းက အသံချဲ့စက်ဖြင့် ဖြစ်စေ ခန့်ညားစွာ ဆိုရန်များမှာ- (မာတိကာသာ ဖေါ်ပြမည်၊ စာနောက်တွင်ပါသည်)

(၁) သမ္မာဒေဝနတ် ပင့်ခေါ် တိုင်တည်ခြင်းနှင့် သမန္တာအနက်။

(၂) အရပ် (၁၀) မျက်နှာ စည်းချရန်။

(၃) ပဌဝီဇေယျ (၁၀) ဂါထာတော်နှင့် အနက်များ။

## အများတို့ အခမ်းအနား ပါသူများ ဆိုရန်မှာ
## ( သစ္စာအဓိဋ္ဌာန် )

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃)

ဂ။ (၁) ပရိနိဗ္ဗာန်သို့ စံဝင် တော်မူပြီးကြကုန်သော၊ အရဟံ အစရှိသော ဂုဏ် တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင် အပေါင်းတို့သည်၊ ဂင်္ဂါဝါဠု သဲစု မျှမက ဖြစ်ပွင့်တော် မူပြီးကြကုန်ပြီးကြောင်း မှန်ပါ၏၊ထိုဗုဒ္ဓဘုရားရှင် အပေါင်းတို့သည် ပါရမီ ၃၀-တို့ကို ဖြည့်ကျင့်တော် မူကြ၍သာ ဗုဒ္ဓ ဘုရား စစ်စစ် ဖြစ်ပွင့်တော်မူကြရ ကြောင်း မှန်ပါ၏၊ ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

(၂) သွာက္ခာတော အစရှိသော၊ ဂုဏ်တော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော၊ အကြင် လောကုတ္တရာ တရား ၉-ပါးသည်ရှိ၏၊ ထို မဂ်ဖိုလ်သမာဓိ တရားနှင့်တူသော တရားသည်၊ ဤလောကၗ မရှိကြောင်း မှန်ကန်ပါ၏။
ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

(၃) သုပ္ပဋိပ္ပန္နော၊ အစရှိသော ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော၊ ပရမတ္ထအရိယာ သံဃာ

အပေါင်းတို့သည်၊ ကိလေသာ အာသဝေါ တို့မှ ကင်းကုန်ပြီး၍၊ ပရိနိဗ္ဗာန်သို့ စံဝင်တော်မူပြီးကြကုန်ပြီ ဖြစ်ကြောင်း မှန်ပါ၏၊ မဂ်ပညာဖြင့် ကိလေသာ အာသဝေါ တရားတို့ကို ပါယ်သတ်ပြီးကုန်၍ တဖန် ပဋိသန္ဓေသို့ မပြန်ပြီ ဖြစ်ကြောင်း မှန်ပါသည်။

ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

(၄) ဤ,စကြာဝဠာ ကမ္ဘာလောက တခွင်၌ရင်း၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုံပြည် တို့တွင်ရင်း၊ အလုံးစုံ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ရတနာ အမျိုးမျိုးတို့သည်၊ တည်ရှိကြကုန်၏၊ ထိုအလုံးစုံသော နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ရတနာ အပေါင်းတို့ထက် ဘုရားတည်းဟူသော ရတနာသည် မြတ်၏၊ တရားတည်းဟူသော ရတနာသည်မြတ်၏၊ သံဃာတော် တည်းဟူသော ရတနာသည် မြတ်၏၊သာ၍အတုမရှိ မြတ်ကြောင်း မှန်ပါ၏၊

ဤဆိုသော သစ္စာစကားသည် မဖေါက် မပြန် တည်မှန်ပါ၏။

(၅) ဗုဒ္ဓမြတ်စွာ ဘုရားသခင် သည် ပရိနိဗ္ဗာန်သို့ စံဝင်တော် မူပြီးသည့်နောက် ကျန်ဝေနေယျ အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ သရီရ

ဓါတ်တော်စသော၊ဓါတ်တော်၊မွေတော်၊ ဆံတော် စွယ်တော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကြပ်တော် ဓါတုစေတီတော် အပေါင်းနှင့် သာသနာတော်မြတ် ( ၅၀၀၀ ) ငါးထောင်ကို တည်ထားတော်မူသော ဗျာဒိတ်တော်သည် မှန်ကန်ပါ၏၊ ထိုသာသနာတော် ငါးထောင် အတွင်း၌ အရိယာ ရဟန္တာအပေါင်းတို့သည် အစဉ်သဖြင့် တည်ရှိကြကုန်၏၊ မဆိပ်မသုံးကြ ကုန်ကြောင်း မှန်ပါ၏။

ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၉။ ဘုရားတပည့်တော် ယခုဆိုခဲ့သော ငါးချက်သော သစ္စာစကားသည် မဖေါက်မပြန်တည်မှန်ပါ၏။(၂)

(၁) ဤမှန်ကန်စွာဆိုရသော ငါးချက်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ ဤ - ကောင်းမြတ်သော မြေအဘို့၌၊ ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ ဝေနေယျ အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ ဗုဒ္ဓမြတ်စွာဘုရား၏ ဓါတ်တော်များ ကိန်းဝပ်တော်မူသော စေတီ ဘုရားသည်၊ ထင်ရှားစွာ ဖြစ်ထွန်း အောင်မြင် ပါစေသတည်း။ ချောမောစွာ ထမြောက်ဖြစ်ထွန်း အောင်မြင်ပါစေသတည်း။

(၂) ဤမှန်ကန်စွာ ဆိုရသော ငါးချက်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ဤ ကောင်းမြတ်သော မြေအဘို့၌၊ခပ်သိမ်းကုန်သော လူနတ်ပြဟ္မာ ဝေနေယျအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ၊ ဘုရားတပည့်တော်တို့၏ ရွှေပန္နက်တော်ချစိုက်သည် နှင့် တပြိုင်နက်၊ ဗုဒ္ဓမြတ်စွာဘုရား၏ဓါတ်တော်များ ကိန်းဝပ်တော်မူသော စေတီဘုရားသည်၊ထင်ရှားစွာ ဖြစ်ထွန်းအောင်မြင်ပါစေသတည်းချောမောစွာ ထမြောက် အောင်မြင်အောင် ရှက်ဆောင်နိုင်ရပါစေသတည်း။

(၂) ဤမှန်ကန်စွာ ဆိုရသော ငါးချက်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ဤ-ကောင်းမြတ်သော မြေအဘို့၌၊စေတီဘုရား တည်ရာတွင် တန်ခိုးကြီးကုန်သော သာသနာတော်စောင့်နတ်၊သိကြား၊ပြဟ္မာ၊ ဝိဇ္ဇာဓိုရ်အပေါင်းတို့သည် ထင်ရှားစွာ မ,စ,စောင့်ရှောက်ကူညီပါစေသတည်း၊ဘေးအန္တရာယ် အနှောက်အယှက်အပေါင်း မကျ, မတွေ့မရောက်ပါစေသတည်း၊ ချောမောစွာ အောင်မြင်ရပါစေသတည်း။

☆ ထိုသစ္စာစကား၏ အဆုံးတွင် ဗဟိုပန္နက်တော်ကိုင် မဟာနာယက,ကြီးသည် ရွှေပန္နက်တော်ကို ချစိုက်လိုက်ရပါမည်၊ နှုတ်မှလည်း ( အောင်စေသတည်း ) ( အောင်စေသတည်း ) ( အောင်စေသတည်း ) ဟု

မြွက်ဆိုလိုက်ရမည်။ ထိုနောက်မတ်တတ်ထ၍ ညာလက်ကို မြှောက်ပြီး ဖြတ်ခနဲ အောက်ချ အချက်ပေးသည်နှင့် တပြိုင်နက်၊ အရံပန္နက်ကိုင် နတ်စစ်သူကြီး (၈)ဦးတို့က တပြိုင်နက် ရွှေပန္နက်များ စိုက်ချလိုက်ရမည်။

၁၀။ ထိုသို့ ရွှေပန္နက်တော်များ ချစိုက်ပြီးသော်၊ ဗဟိုပန္နက်တော်ကို၊ သိကြားမင်းကရင်း၊ နတ်စစ်သူကြီးတို့က ငွေဖလား ရေစင်မွှေး အောင်သပြေတို့ဖြင့် ထိုရွှေပန္နက်တော်ပေါ်သို့ အဘိသေက ရေစင်များ ဖြေးဖြေးခြင်း သွန်းချရင်း ဆိုရမည်ကား–

၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနု ဘာဝေန၊သဒါသုခီ ဘဝန္တုမေ။

၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗ ဓမ္မာ နုဘာဝေန၊ သဒါသုခီ ဘဝန္တုမေ။

၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါသုခီဘဝန္တုမေ။

၄။ ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိ
ဝဍ္ဎနော၊ ဝေမေဝဇယော ဟောတု၊ ဇယဿု
ဇယမင်္ဂလေ။

အပရာဇိတ ပလ္လင်္ကေ၊ သီသေပုထု ဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။
သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏေ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊
တေအတ္ထလဒ္ဓါ သုခိတာ၊
ဝိရုဠှာ ဗုဒ္ဓသာသနေ၊ အရောဂါ သုခိတာ
ဟောန္တု သဟသဗ္ဗေဟိ ဉာတိဘိ။

၅။ ဣဓဝေါ၊ ဤလူ့ပြည်၌ရင်း၊ ဟုရံဝေါ၊ နဂါးပြည်၊ ဂဠုံပြည်၌ရင်း၊ သဂ္ဂေသုဝေါ၊ နတ်ပြည်တို့၌ရင်း ယံကိဉ္စိ၊ အကြင်အမှတ် မရှိသော၊ ဝိတ္တံ နှစ်သက် အပ်သော၊ ပဏီတံ၊ တောင့်တ အပ်သော ယံရတနံ၊ အကြင်ရတနာသည်၊ အတ္ထိ၊ ရှိ၏၊ တံရတနံ၊ ထိုရတနာသည်၊ တထာဂတေန၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား သခင်နှင့် သမံ၊ တူသောရတနာသည်၊ နနောအတ္ထိ၊ မရှိသည် သာကလျှင်တည်း၊ ဗုဒ္ဓေ၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏ ဓမ္မေ၊ ဓမ္မဿ၊ တရားတော်မြတ်၏၊ သံဃေ၊ သံဃဿ သံဃာတော်မြတ်၏၊ ဣဒမ္ပိရတနံ၊ အယံပိရတနဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်လည်း၊ ပဏီတံ ပဏီတော၊ ထို့ထက် ထူးကဲသာလွန် မွန်မြတ်လှစွာ ၏။ ဧတေနသစ္စေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်သော စကားကို ဆိုရခြင်းကြောင့်၊ သဗ္ဗပါဏိနံ၊

ခပ်သိမ်းသော သတ္တဝါတို့အား၊ သုဝတ္ထိ၊လောကီ လောကုတ္တရာစီးပွားချမ်းသာသည်၊ဟောန္တု၊ဖြစ်ပါ စေကုန်သတည်း။ဇိတံမေ........ဇိတံမေ .... ဇိတံမေ။

၁၁။ ထိုသို့ဆိုပြီး ရေများ ရွှေပန်းကန်များပေါ်သို့ ဖလားများမှ၊ အကုန်သွန်ချလိုက်ပြီး၊ရွှေပန်းကန်များပေါ်သို့၊ အောင်သပြေများဖြင့်စည်းနှောင်ထားကြပါ၊ဆန်း၊ပန်း၊ပေါက်ပေါက် အမွှေးနံ့ သာပျောင်းတို့ ကြဲဖြန့်ပူဇော်ကြပါ၊ ခရုသင်းမှုတ်၍ ကခုံတီးမှုတ်ကြပါစေ။ ရွှေအုပ်ကိုင် အမျိုးသမီးများကလည်း ရွှေအုပ်ထဲမှ ရတနာမိုး ရွာသွန်းဖြိုးရပါမည်၊ အပိုရတနာခွက်များ၊ ဆန်၊ပန်း၊ပေါက်ပေါက်များ ပါသူများ ကြဲဖြန့်ပူဇော်နိုင်ပါသည်၊ ရွှေပန်းကန်တော်များကို ရွှေကြာသတ်အိုး၊ ရွှေမြူတာအိုးများဖြင့် ဝဲယာ ပူဇော်ထားခြင်းဆိမ်း၊ အမွှေးတိုင်များ ပူဇော်ကြရပါမည်။

၁၂။ (၁) အတန်ကြာ တီးမှုတ်ကြပြီးသော် ရပ်ထားပါ၊ ထို့နောက် ပုရောဟိတ် ပုဏ္ဏားသည် စိန္တာမဏိ ဂါထာတော်ကြီးကို ဌာန်ကရိုဏ်း ပုဏ္ဏားသံဖြင့် ဆို၍ အောင်ဆုပေးရမည်။(နောက်တွင် စိန္တာမဏိ ဂါထာတော် သီးခြားပါသည်။)

(၂) ပုဏ္ဏားတော် အောင်ဆုပေးပြီးသော်၊သံဃာတော်များကို ကန်တော့ ကြိုဆို၍ ကန်တော့ကြပါ၊ သံဃာတော်များက၊ပရိတ်မေတ္တာများ ရွတ်ခြင်း၊ (အပေါင်းရွတ်ခြင်း )ပြုရပါမည်၊ ပရိတ်တရားနာပြီးသော်။-

(၃) အမျှဝေ။ မိမိတို့ ရသလို ဆိုဝေပါ၊ (မရပါက-ရှေ့အုဋ္ဌမြစ်ချပွဲတွင်ပါသည်။)

(၄) သာဓုခေါ်ပါ။ ကုသိုလ်မေတ္တာ ခံယူပြီးပါက ပြီးစီးကြောင်းကြေငြာပါ။

(၅) ဗုဒ္ဓ မြတ်စွာဘုရား၏ စေတီဘုရား တည်ထားရန် အတွက်၊ ယခု ကြွရောက်လာကြကုန်သော၊ ခပ်သိမ်းသော မြတ်စွာဘုရား၏ (တပည့်ဒါယကာ ဒါယကာမ အပေါင်းတို့) ဥပသကာ ဥပသကီ အပေါင်း တို့ခင်ဗျား။ ယခု အချိန်ကောင်း အချိန်မြတ်တွင်၊ .... .... .... .... စေတီဘုရား၏ ရွှေပန္နက်တော်ချပွဲ မင်္ဂလာတော်သည် အောင်မြင်ပြီးစီးပါပြီခင်ဗျား၊ (၂) ခရသင်းမှုတ်၍ တပြိုင်နက် တီးစေ။

၁၃။ မူလအစီအစဉ်အတိုင်း အရှေ့ဘက်အပေါက်မှ ထွက်၍ ရာဇမတ်၏ အပြင်မှ လက်ျာရစ် သုံးပါတ်လှည့် ပူဇော်ပြီး ပြန်ထွက် သွားနိုင်ပါကြောင်း၊ (ဘုရားနှင့်ဓါတ်တော်များ ပြန်ပင့်ယူပါ။) ၁။ ရွှေပန္နက်တော် မင်္ဂလာပွဲပြီး၏။

## ဂ။ မြေတွင်း အုဋ္ဌမြစ်ခံခြင်း။

၁။ ရွှေပန္နက်တော်ချ မင်္ဂလာပြီးသောညတွင် သံဃာတော် များပင့်၍ ဆေးပစ္စည်း ဖျော်ရည်ယမကာတို့ဖြင့် ကပ်လှူ၍ သံဃာတော်များ၏အပေါင်း ရွတ်သရဇ္ဈာယ် ဟောခြင်းကို

စေတီပန္နက်ရာတွင် ပြုရပါမည်၊ လူများ သံဿာများက (၃)ရက်၊ (၅)ရက်၊ (၇)ရက်တန်သည် ရွတ်နိုင်ပါသည်၊ ရွတ်နိုင်ဟောနိုင်သမျှ ကောင်းလှပါသည်။

၂။ ကြေနပ်အောင် ရွတ်ပူဇော်ပြီးသော် မြေတွင်းအုဋ္ဌမြစ် ခံရပါမည်၊ မြေကြီးသည် မြေသဲကျောက်လား၊ မြေပွလား စသည်စစ်ဆေးပါ၊မြေတွင်း အုဋ္ဌမြစ်ခံရသည့်သဘောမှာ စေတီဘုရားသည် နှစ်ပေါင်းရာထောင် ခိုင်ခန့်စိမ့်သောငှါ စီရင်သော အစီအရင် ဖြစ်ပါ၏၊ မြေထက်ပိုမာနိုင်ရန် လုပ်ရပါမည်၊ အကယ်၍မြေသည်၊သံကျောက်မြေကြီးဖြစ်ပါမူ မြေတွင်းအုဋ္ဌမြစ် အနက်ကြီးတူးရန် မလိုပါ၊ အပေါ်မြေ လောက်သာ ဖယ်တူးပစ်ပြီး အုဋ္ဌမြစ်စနိုင်ပါကြောင်း၊ အကယ်၍ မြေပွ - မြေကြပ်ဖြစ်ပါမူ၊ ၃-၅-၇-၉-တောင် စသည် မြေနက်ထိပင် တူးဖယ် ပစ်ရတတ်ပါသည်၊ မြေ အစားစား စစ်ဆေး၍၊တော်သင့်လောက်အောင် အနက်တူး ပါ၊တူးပစ်ပြီး မြေထက်ခိုင်စေအောင်၊ အဓိကထားပြီး မြေတွင်း ကံကရစ် ပြုရပါမည်၊ မြေကြီးကို တူးပစ်ရန်အတွက်၊ စေတီ တော်သည်၊ ဂ-မျောင့်ချိုးဖြစ်စေ၊ အဝိုင်းဖြစ်စေ၊ မြေတွင်း အုဋ္ဌမြစ်ကို၊အဝိုင်းခံရပါမည်၊သို့သော် အချို့ စေတီတော်မှာ မုခ်ရှည်ပါပြီး မြေမှာအလွန်မာသော မြေမျိုးဖြစ်ပါမူ၊ မုခ်ပါသည့်သဘောအတိုင်းပင် ကျက်ချေခတ် ပုံစံချိုး၊တူးရ တတ်ပါသည်၊ အချို့လည်း ပိုမိုခိုင်ခန့်စေလို၍ မုခ်ပင်ပါ သော်လည်း မြေညံ့ပါက၊ အားလုံး ထုတ်တူးပစ်ပြီး၊အဝိုင်း ပင် မြေတွင်း ကံကရစ်ခံပါသည်။

၃။ မြေကို မိမိတို့သဘောတူသမျှ၊ အနက်တူးပြီး ထုတ်ပစ်လျက် အုဋ္ဌကျိုးစငယ်များ၊ ကျောက်ဂရစ်ခဲများ၊ သဲများ ထုံးမှုန့်၊ဘိလပ်မြေ၊အုဋ္ဌမှုန့်များ စသည်တို့ဖြင့် မြေတတောင်ခန့်တွင်၊သံဇကာ တလွှာခံ၍(သို့မဟုတ် ကံကရစ် တထွာခန့်တွင်၊သံဇကာ တလွှာခံ၍)လေးလံသောအရာများ ဥပမာ လမ်းကြိတ်စက် သို့မဟုတ်(ဒိ)ဖြင့် နာနာဝိုင်း၍ ဆောင့်၍ ဆောင့်၍(အဆောင့်နာဘို့လိုပါကြောင်း)သိပ်သဲစေ၍သာ အထက်တက်ပါ၊ အတက်မလောပါနှင့် ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီတော် တည်ရာမှာ ပိုမိုခိုင်ပြီး ဆင်ဖြင့်တက်နင်းစေတာပင်၊ရဟန္တာများက၊စီသမျှအုဋ္ဌတော့ ရက်ပေါင်းများစွာ၊ တန်ခိုးတော်ဖြင့် မြေတွင်း နှစ်နှစ်ပစ်ရဘူးလေသည်၊ မဟာစေတီတော်မှာ၊ သာသနာတော် ငါးထောင် ခိုင်ခန့်စေလို၍ဖြစ်၏၊ ခိုင်လည်းခိုင်ပေ၏။ ရှေးအခါကမူ၊ဆင်ကြီးများခြေတွင် သားရေဘိနပ် စွပ်ပေးခါ၊အကြိမ်ကြိမ် နင်းသိပ်ပြီးပုံသည့် အလေ့ရှိ၏၊ ယခုလိုခေတ်တွင် လမ်းကြိတ်စက် စသည်ဖြင့် နင်းခြင်းပြုနိုင်ပါ၏၊ စက်သီး ဒိအား ဖြင့် ဆောင့်သိပ်သင့်ပါသည်၊ ကံကရစ်ခိုင်မာရေး ပဓါနဖြစ်၍ မိမိတို့ အစွမ်းကုန် အခိုင်ဆုံးပြုကြပါရန်။

၄။ အချို့ပြည့်စုံ တတ်နိုင်ပါက၊ မြေကြီး လည်း ညံ့ပါက၊ မြေကြီးကို ဒယ်အိုးပုံစံကဲ့သို့ အုဋ္ဌမြစ် ပလ္လင်နေရာ၏အပြင်ဘက်-မြေများပါ၊ ပါတ်လည် ၇-တောင်ခန့်စီပါ၊ဖယ်ပစ်ပြီး ကံကရစ် အဝိုင်းတက်လာပြီး မူလမြေအညီရောက်မှ၊ ဘေးက၊အုဋ္ဌကျောက်မြေမာများ ပြန်ဘို့ပြီး လမ်းကြိတ်စက်ဖြင့် နင်းပါမူ၊ တိုက်များဆောက်သကဲ့သို့ အလွန်ခိုင်ပေမည်။

၅။ ထိုသို့မြေတွင်း အင်္ဂုမြစ်ကံကရစ်ကို စိတ်ချရလောက်အောင်၊ ပြုလုပ်ပြီး အမြင့်မြေညီ ရောက်သော်၊အပေါ်ယံကို စည်မျက်နှာပြင်သဘွယ် ညီညွတ်စေပြီးမှသာ၊အင်္ဂုမြစ်တော်ချ မင်္ဂလာပွဲတော်အတွက်၊ အသင့်ဖြစ်ပါလိမ့်မည်၊ အင်္ဂုမြစ်ချပွဲ ပြုလုပ်ရန် အစစ-အသင့်ဖြစ်အောင်၊မြေတွင်း အင်္ဂုမြစ်ကို စီမံရပါကြောင်း သစ်သားပန္နက်များကို အားလုံး ၉-ချောင်းလုံး မြေတွင်း ကံကရစ်ထဲသို့ ထည့်လိုက်ရပါမည်။

## ၉။ ရွှေအင်္ဂုမြစ်ချ မင်္ဂလာပွဲတော်တွက် ကြိုတင် စီစဉ်ခြင်း။

၁။ မြေတွင်း အင်္ဂုမြစ်ခိုင်ခန့်စွာ ခံပြီးသောအခါတွင် စေတီတော်ကုန်းကိုသဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင် ကြံပင်များစိုက်ခြင်း၊ တန်ခွန် ကုက္ကား မုလေးပွားများဖြင့် ထပ်မံ၍ အသစ်ပူဇော်ထားရပါမည်၊ လ-ရက်-နေ့-မြေခံ အချိန်အခါကောင်း၊ နက္ခတ်ကောင်းကို ရွေးချယ်ပါ၊ ထိုသို့ရွေးရာတွင်၊ လပြည့် တခုခုရသင့်ပါသည်၊ ထိုသို့လပြည့် မရမှသာ အခြားရက်ကိုယူပါ၊ သို့သော်လည်း ဘုရားစေတီတော် တည်ရာတွင် ရက်-လ-အချိန်အခါကောင်း မရွေးဘဲလည်း လုပ်နိုင်ပါသည်၊ ကဆုန်လပြည့် ရပါမူ အလွန်ကောင်းပါ၏။ သို့သော် ဝါဆိုလပြည့် တပေါင်းလပြည့် တန်ဆောင်မုန်းလပြည့်များ ရလည်းကောင်းပါ၏ ပုံမှန်မှာ ဝါဆိုလပြည့်နေ့၊ရွှေပန္နက်တော်ချပြီး၊ကဆုန်လပြည့်နေ့တွင် အင်္ဂုမြစ်တော်ချပြီး တဆက်တည်း တည်သင့်ပါသည်၊

သို့သော်လည်း၊အစစအရာရာ သုံးသပ်ပြီး၊ အဆင်ပြေသော ရက်များတွင်၊ ရွက်ဆောင်ကြပါ။ သိတင်းကျွတ်လပြည့်နေ့ ရွှေပန္နက်တော်ချပြီး၊တန်ဆောင်မုန်းလပြည့်နေ့၊ ရွှေအင်္ဂုမြစ် ချပြီး၊ စ တည်သင့်ပါသည်။ အထူးပြောလိုသည်မှာ၊ရွှေအင်္ဂုမြစ်ချပြီးလျှင် ဆက်တိုက် တည်သွားနိုင်သောအားဖြစ်ရန် ကြိုတင်၍ ပြင်ဆင်ရပါမည်။

၂။ ယခု လိုအပ်သောပစ္စည်းများနှင့် ပုဂ္ဂိုလ်များကို ပြောပါမည်၊သို့ပြောရာတွင်၊ပဌမ ရွှေပန္နက်တော်ချပွဲမှု၊ နမူနာယူပါ ဥပမာ ရွှေကျိုင်းတော်ကိုင် ၂-ဦး၊ ဆိုသော် ရေးမြန်မာ စစ်သည်တော် ဝတ်စုံများလည်း ထပ်မံ မရေးနိုင်တော့ပါ၊ ဤမျှဆိုရုံဖြင့် ရေးနည်းမှီးပြီး သိစေချင်ပါကြောင်း၊လိုအပ်သောပစ္စည်း ပုဂ္ဂိုလ်များမှာ--။

(၁) ရွှေချထားသော ရွှေအင်္ဂုတော်၊၉-ချပ် (မှန်စီရွှေချ အင်္ဂုကိုပတ္တမြားအင်္ဂုခေါ်၏။ကျောက်နီများမြုပ်၍ စီချယ်ထားပါစေ၊)ပတ္တမြားအင်္ဂု ၉-ချပ်၊ ငွေအင်္ဂု ၉-ချပ်။

(၂) ထီးဖြူ-၈-လက်နှင့် ထီးတော်မိုး စစ်သည်တော် ၈-ဦး။

(၃) ရွှေကျိုင်းတော် ၄ - လက်၊ ရွှေကျိုင်း တော် ကိုင် စစ်သည်တော် ၄-ဦး(ဓါးလွယ်ပါ)။

(၄) ဗုဒ္ဓသာသန အောင်လံတော်ကိုင် စစ် သည် တော် ၂-ဦး၊(ဓါးလွယ်ပါ)။

(၅) တင့်တယ်သပ္ပါယ်သော၊ဆင်းတုတော်တဆူ၊ထိုဆင်းတုတော်မှာ၊ နောင်ဘုရားအတွင်း ဌာပနာရာ၌ရှင်းမှိမ်များတွင်ပါရန်ရှင်း၊ ဖြစ်သော ဆင်း တု တော်ဖြစ်ကာ၊သာ၍ကောင်းပါ၏။မူလ ပန္နက်တော်ချပွဲပါပါသော် ကောင်းလှ၏၊ ဘုရားဓါတ်တော်ကလပ်၊ ရဟန္တာဓါတ်တော်ကလပ်။

(၆) ရွှေထီးတော် ၄-လက်နှင့် ရွှေထီးတော်မိုး စစ်သည်တော် ၄–ဦး။

(၇) ရွှေပန်းတောင် ၂-ခုနှင့် နန်းတွင်းသူ အမျိုးသမီးပျို ၂-ဦး။

(၈) ရွှေကွမ်းတောင် ၂-ခုနှင့် နန်းတွင်းသူ အမျိုးသမီးပျို ၂-ဦး။

(၉) ရွှေအုပ်တော် ၂-အုပ်နှင့် နန်းတွင်းသူ အမျိုးသမီးပျို ၂-ဦး။

(၁၀) ရွှေအင်္ကျီများ သယ်ယူကိုင်သူ နန်းတွင်းသူ အမျိုးသမီးပျို ၈–ဦး။

(၁၁) သိကြားမင်းနှင့် မဟာနာယကကြီး (ဝတ်စုံဖော်ပြပြီး)ပုရောဟိတ် ပုဏ္ဏားတော် ၂-ဦး။

(၁၂) ရွှေကြာသွတ်အိုး ၉-လုံး၊ ရွှေမြူတာအိုး ၉-လုံးနှင့် ယဉ်ကျေးစွာ ဝတ် ဆင် ထား သူ အမျိုးသမီးပျို ၁၈-ဦး။

(၁၃) ငွေဖလား ၄ - လုံးနှင့် ယဉ်ကျေးစွာ ဝတ်ဆင်ထားသူ အမျိုးသမီးပျို ၄-ဦး။

(၁၄) ရွှေအင်္ကျီများကို အင်္ကျီမြစ်ချပေးမည့် နန်းတွင်းလုလင်ပျို (၈)ဦးတို့မှာ၊ ပုဆိုးတောင်ရှည်၊ သိုရင်းအင်္ကျီ၊ ခေါင်းပေါင်း အုပ်ပေါင်း ခေါင်းပေါင်းစည်ဘချ၊ ပတ္တမြားခါးစည်း၊ ချပ်ဆင့်၊ လက်စီး၊ လက်ကြပ်၊ စပါယ်တင် ပုဝါသိုင်းလျက် ခြေနင်းစီးနိုင်သည်။ ခါးတောင်းမကျိုက်ရပါ၊ (နားဋ္ဌောင်း စလွယ်ရှိက သုံးနိုင်၏။)

(၁၅) အထက်ပါပုဂ္ဂိုလ် (အမျိုးသား - အမျိုးသမီး) များကို ဥပမိရုပ်ကောင်းခြင်း၊ အမည်အညွှန့်အစကောင်းခြင်း၊ ရောဂါဆိုးမရှိ ခြေလက်အင်္ဂါပြည့်စုံခြင်း ရှိသူများသာ ရွေးပါ။

(၁၆) ရေသွန်းရန် (အဘိသေကပွဲရန်) ခရုသင်းနှင့် မြေဇာမြက် အောင်သပြေ ကို သိကြားမင်းက ပွဲလုပ်ရန် ဖြစ်၏၊ ယူဆောင်ခြင်းကို မဟာနာယကကြီးက ရွက်ဆောင်ခဲ့ပြီး၊ ရွှေအင်္ကျီ ပတ္တမြားအင်္ကျီ ငွေအင်္ကျီများကိုမူ သိကြားမင်းက သယ်ယူခဲ့ပြီး အင်္ကျီမြစ်ချခါနီးမှ ပစ္စည်းခြင်း လဲအပ် ရွက်ဆောင်ရပါသည်။

(၁၇) မှုတ်ရန်ခရုသင်း ၂-လက်နှင့် မြေဇာမြက် အောင်သပြေတို့ကို ပုဏ္ဏားတော် ၂-ဦးက-ယူ၍ အချက်ပေးခြင်း အောင်ဆုပေးခြင်း ပွဲရန်ဖြစ်၏၊ ပုရောဟိတ်ပုဏ္ဏားမှာ၊ ဝင်းဝတ်စုံစလွယ်စသည် ပြည့်စုံပြီး တူစေရပါမည်။

(၁၈) ဘုရားသခင်အား ပင့်ယူသွားရန် ဝေါယာဉ်တော်နှင့် ပြဿဒ်ကျောင်းဆောင်ပေါ် အသင့်ပြုထားရန် လူ ၄-ဦး ထမ်းသူမှာ စစ်သည်တော် ၄-ဦးဖြစ်စေ နန်းတွင်း လုလင် ၄-ဦးဖြစ်စေ၊ ဥပသကာ ၄-ဦး ဖြစ်စေ ပြင်ဆင်ထားပါ။

(၁၉) ဘုရားဓါတ်တော်ကလပ်နှင့် ရဟန္တာဓါတ်တော် ကလပ်များကို၊ ဘုရားကျောင်းတော်ပေါ်၌ တင်နိုင်က-တင်ပါ၊ မတင်လိုပါက၊ ဥပသကာကြီး ၂-ဦး ဗြဟ္မာကြီး ၂-ဦးကဖြစ်စေ၊ ပင့်ယူလာစေရပါမည်။

၃။ ခရုသင်းတွင် ရေစဉ် ရေမွှေးထည့်ပါ၊ ကွမ်းတောင်တွင် ရာပြီးအသင့် ကွမ်းရာများ ပါပါစေ၊ ပန်းတောင်တွင် အဆင်း အနံ့ ရှိသော ပန်းမွှေးများ လှပစွာ ချယ်သလျက် အတွင်းအပြင် ပါပါစေ၊ ရွှေအုဋ္ဌ်တွင်း၌ ရတနာမိုးရွာရန် (ကြဲပူဇော်ရန်) ကျောက်သံပတ္တမြား ရတနာစုံ ပါပါစေ၊ ဖလားကြီး ၄-လုံးတွင်၊ ဆန်၊ ပန်း၊ ပေါက်ပေါက်၊ အမွှေးနံ့သာ ပျောင်းရည်များ ကြဲပူဇော်ရန်ထည့်ပါ၊ ကြာသွတ်အိုးတွင် ကြာပွင့် ကြာဖူးမျိုးစုံနှင့် ရွှေမြူတာအိုးတွင် အောင်သပြေ လှရုံသာ စိုက်ပါ၊ ရေများမွှေးပါစေ၊ တန်ခွန်၊ ကုက္ကား၊ မုလေးပွား၊ ကျက်လျှာများ၊ အောင်သပြေအိုးကြီး ၂-လုံးပြည့်နှင့် သယ်ယူသူ အဒေါ်ကြီး ၂-ဦး၊ ပုဝါစုံချလျက် (မင်္ဂလာပွဲတွင် ထုံးစံအတိုင်း ဝေရန်ဖြစ်၏) ၎င်းပြင် ဘုရားကန်တော့ပွဲတပွဲ သံဃာ ကန်တော့ပွဲ တပွဲ ရွက်သူ အမျိုးသမီးလပ် ၂-ဦး၊ ပုဝါစုံချပြီး ယဉ်ကျေးထယ်ဝါရမည်။

☆ အထူးမှာ။ ရွှေအင်္ဂုမျာ းပေါ်တွင် ကြဲရန် (မြတ်လေးပန်း) လိုပါသည်၊ မြတ်လေးပန်းကို ပန်းတောင်တွင်းမှဖြစ်စေ၊ ငွေဖလားတွင်း အောက်ထပ်မှ သီးခြားထား၍ဖြစ်စေ၊ သီးသန့် လုံမ ၁-ဦးဖြင့် ငွေဖလားဖြင့်သယ်၍ဖြစ်စေ ပါရပါမည်၊ အင်္ဂုမြစ် ချပြီးနောက် မဟာနာယကကြီးကိုယ်တိုင် မြတ်လေးပန်းဖြင့် ရွှေအင်္ဂု သုံးချပ်စီပေါ်၌ ကြဲစီရ ပူဇော်ရရိုး ထုံးစံရှိပါ၏၊ အကယ်၍ မြတ်လေးပန်းမရနိုင်ပါက(တစုံ တစုံသော တရာပန်းကိုပင်) မြတ်လေးပန်းဟု သမုတ်ပြီး အသုံးပြုရပါမည်။ ဤကား ထုံးစံတည်း၊ ရှေးမူဖြစ်၏။

၄။ ညှော်ခံမဏ္ဍာပ်၏ ဘုရားစင်တော်တွင် မှန်စီရွှေချ ပန်းကလပ်များရှိက၊ ၎င်းပန်းကလပ်များဖြင့်၎င်း၊ သို့မဟုတ် ရွှေလင်ပန်း ၉-ချပ် ( ရွှေမင်သုတ်ကလည်း ဖြစ်ပါ၏ ) တို့တွင် တချပ်စီတွင် ရွှေအင်္ဂု ပတ္တမြားအင်္ဂု၊ ငွေအင်္ဂု အင်္ဂု သုံးချပ်စီ၊ သုံးချပ်စီထည့်၍ လှပစွာ ပြင်ဆင်၍ ထား၊ ပါမည်၊ အားလုံးပရိဘောဂများ အစုံ ဘုရားစင်တွင် အသင့်ထားပြီး လိုအပ်သမျှ စစ်ဆေးပါ၊ ဘုရားစင်တွင်မူ ရတနာ သုံးပါးတွက် ကန်တော့ပွဲ ၃-ပွဲ၊ အသျှင်ဥပဂုတ်ကိုယ်တော်ကြီး တပွဲ၊ သာသနာ ပွဲတပွဲ၊ ပွဲများဖြင့် ကပ်လှူထားရပါမည်၊ အခမ်းအနား သွားရာတွင်မူ ဘုရားပွဲနှင့် သံဃာပွဲသာ ယူသွားပြီး ဘုရားပွဲမှာမူ ပြန် ယူကပ်၍ သံဃာပွဲမှာ သံဃာများ လှူလိုက်ရန်ဖြစ်ပြီး အသစ်တဖန်

ကင်ထားရပါမည်၊ သို့ဖြစ်၍ ကပ်ထားသော ပွဲမယူဘဲ သံဃာပွဲပိုတခု ဖြစ်ခြင်းက ပိုသင့်ပါ၏၊ အဆင်သင့်ဖြစ်ရန် များမှာ--

(၁) အုတ်မြစ်ချပွဲအတွက် ပရိဘောဂ၊ ပုဂ္ဂိုလ်၊ အဝတ် တန်းဆာ စုံအောင်စစ်ဆေးပါ။

(၂) အုတ်မြစ်ချပြီးနောက် ဆက်လက် ဘုရားစေတီ တည်သွားနိုင်ရန် အဆင်သင့် ဖြစ်ပါ။

(၃) ပါဝင်သူ ပုဂ္ဂိုလ်များ အားလုံးတို့သည် မိမိ တို့ တာဝန်ကို သိရန် ကြိုတင်၍ ရှင်းပြပြီး ထိုဘုရား ကုန်းတွင် နေရာယူနည်းနှင့် တာဝန်ကို သန့်သင် ပြသပေး ဇာတ်တိုက် (Rehearsal) လုပ်သင့် ပါသည်၊ ရှေ့ဦးဖျားမှသွားရန် ဥပသကာ အတီး ဗုံတောင်တီးဝိုင်းနှင့်၊ စည်တော်တီးအဖွဲ့ မုချ ရှိရပါမည်၊ သို့သော်လည်း အပိုအဖြစ် ဒိုးပတ် အိုးစည်က တီးဝိုင်းများ တပင်တိုင် အကနှင့် တူရိယာစုံ တီးဝိုင်းများလည်း ပါဝင်က ကောင်းမြတ်ပါသည်၊ အကြီး အမှူး တို့သည်၊ ဆော်ဩရေးမှူး၊ အုပ်ချုပ်ရေးမှူး၊ အခမ်းအနားမှူး စသည်ဖြင့် တာဝန်ခွဲဝေ ရွက်ဆောင်မှ တော်သင့်ပါ ၏၊ လိုအပ်သလို ပူဇော်ပွဲကို တိုးချဲ့ခြင်း မင်းခမ်း မင်းနား ဝန်းကြီးပင်ခင်း၍ ပြုနိုင်ပါသည်၊ အစစ အဆင်ပြေ အောင်ခမ်းနားအောင်သာပြုကြပါကုန်

## ၁၀။ ထွက်ခွါရန် အစီအစဉ်နှင့် တာဝန်များ။

၁။ ယခုအခါ စံကျောင်းတော်မှ စေတီဘုရား ကုန်းတော်သို့ ရွှေအင်္ဂမြစ်ချပွဲတော် ကျင်းပရန်အတွက် စတင်ထွက်ခွါရန် အစီအစဉ် အခမ်းအနားကို ဆိုပါမည်၊ ရှေ့ဦးမှစ၍ နောက်သို့ ဆိုသွားပါမည်၊ ဤအစီအစဉ်အတိုင်း ထွက်ခွါရန် ဖြစ်ပါသည်။

၁။ ဥပသကာ ဗုံတောင်တီးအဖွဲ့၊ ၎င်း၏ရှေ့ဖျားမှ သံဃာတော်များဖြစ်သည်။

၂။ ရွှေကျိုင်းတော်ကိုင် ၄-ဦးမှာ ၂-ဦးစီ ခပ်ကွာကွာနေပါ။

၃။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦး။

၄။ ရွှေပန်းတောင်ကိုင် အမျိုးသမီးပျို ၂-ဦး။

၅။ ရွှေကွမ်းတောင်ကိုင် အမျိုးသမီးပျို ၂-ဦး။

၆။ ရွှေအုပ်တော်ကိုင် အမျိုးသမီးပျို ၂-ဦး။

၇။ ရွှေအင်္ဂများ ယူဆောင်သည့် အမျိုးသမီးပျို ၈ - ဦး ၂-ဦးစီ တန်း။

၈။ ရွှေအင်္ဂမြစ် ချပေးမည့် နန်းတွင်းလုလင်ပျို ၈-ဦး၊ ၂-ဦးစီတန်း။

၉။ ထီးဖြူတော် ၈-လက်ကို၊ နံပါတ် ၇-နှင့် ၈-၏ ဘေးတဘက်စီ တလက်စီ လိုက်ပါ။

၁၀။ ပုဏ္ဏားတော် ပုရောဟိတ် ၂ ဦး။

No. 6

၁၁။ မြတ်စွာဘုရား၏ ဝေါယာဉ်တော်၊ ရွှေထီး ၄-ချက် တဘက် ၂-ဦးစီ ဘေးမှ မိုးလိုက်။

၁၂။ သိကြားမင်းနှင့် မဟာနာဂယာက,ကြီးတို့။

၁၃။ ငွေဖလားကိုင် အမျိုးသမီး ၄-ဦး ၂-ဦးစီ။

၁၄။ ရွှေကြာသွတ်အိုးရွက် အမျိုးသမီး ၈-ဦး၊ ၂-ဦးစီတန်း

၁၅။ ရွှေမြူတာအိုးရွက် အမျိုးသမီး ၈-ဦး၊ ၂-ဦးစီတန်း။

၁၆။ အောင်သပြေအိုး ၂-အိုးရွက် အမျိုးသမီးကြီး ၂-ဦး။

၁၆။ ဘုရားကန်တော့ပွဲနှင့် သံဃာတော် ကန်တော့ပွဲ ၂-ပွဲ ရွက်သူ ပုဂ္ဂိုလ်၂-ဦးကိုမူ ဘုရားသခင်၏ ဝေါယာဉ်တော်ရှေ့မှ ကပ်ပါသွားပါစေ၊ ပုဏ္ဏားတော် ၂-ဦး နောက်မှ ဖြစ်၏။

၁၇။ စည်တော်အဖွဲ့၊ ၎င်းအဖွဲ့၏နောက်မှ အမျိုးသမီးများ အမျိုးသားများက-တန်းစီ၍ တန်ခွန်၊ကုက္ကား၊မုလေး ပွားများ ကိုင်လိုက်ပါစေ။

၁၈။ အိုးစီအကဝိုင်းပါက ထည့်၊ နောက်ဆုံးမှ ထည့်နိုင်ပါသည်။

☆ (၁) ဓါတ်တော်ကလပ် ၂-ခုကို ကိုင်သူ သီးခြား ၂-ဦး ထားပါက-ထိုပုဂ္ဂိုလ် ၂-ဦးကို၊ ဘုရားဝေါယာဉ်ရှေ့မှ ထားရပါမည်၊ ကန်တော့ပွဲနောက်မှဖြစ်ပါသည်။

(၂) တပင်တိုင်အကနှင့် တူရိယာဝိုင်းပါခဲ့သော် မြတ်စွာဘုရား ဝေါယာဉ်တော် နောက်မှ လူပိုမပါစေဘဲ ယဉ်ကျေးစွာ သီဆိုတီးက သွားပါရန်၊ အခြားသင့်ရာမှလည်း ပြင်ထည့်နိုင်ပါ၏၊ အခမ်းအနား၏ သရုပ်ကို မထိခိုက်အောင် ကြည့်ထည့်ပါ။

(၃) ဟင်းဖြူ ဂ-လက် ဖြန့်မိုးရသူ (ဂ) ဦးတို့က တဘက်စီ ၄-ဦးစီဖြင့် ရွှေအင်္ဂမျှားယူသူ အမျိုးသမီး အတန်း ၄-တန်းနှင့် အင်္ဂမြစ်ချမည့် လုလင်အတန်း ၄-တန်းတွင် မျှပြီး အကွာအဝေးလျှအောင် တန်းလိုက်ဖြန့်မိုးရန်ဖြစ်သည်။

၁၉။ အထက်ပါ အခမ်းအနားတန်းများ၏ ဘေးတဘက်စီမှ လုံမငယ်ကလေးများအား လှပစွာ ဝတ်ဆင်ထုံးဖွဲ့စေပြီး အရံသဘောဖြင့် တန်ခွန်ကုက္ကား မုလေးပွား ကျက်လျှာများ ကိုင်ပြီး အတန်းလိုက် စီညီစွာလိုက်စေပါက အလွန်မြိုင်ပါကြောင်း။

၂။ အထက်ပါအခမ်းအနား ပါဝင်သူများ၏ တာဝန်များကိုဆိုပါမည်၊ နေရာယူရန်မှာ ပုံစံတွင်လည်း ရှုမှတ်ပြီးနေရာယူပါလေ၊ ထွက်ခွါသွားစဉ် လမ်းတလျှောက်လုံးကြဲပက်ပူဇော်သွားရန် ဘေးမှလိုက်ပြီး ပက်ပူဇော်စေရန်အမျိုးသမီးဂ-ဦးခန့်ကို တဘက် ၄-ဦးစီခန့် ဆန်၊ပန်း၊ပေါက်ပေါက်၊ပိုက်ဆံ၊နံ့သာ စသည်များလည်း အပိုထားသင့်ပါသည်။အားလုံးအသင့်ဖြစ်ပြီဆိုပါက ခရသင်းမှုတ် အချက်ပေး၍ စတင် တီးမှုတ် ထွက်ကြရပါမည်၊ ရွှေအင်္ဂမြစ်ချရာတွင် ဒိတိုင်း ချထားခဲ့ဘို့ မဟုတ်ပေ၊ ပန်းရံဆရာအားဘိလပ်မြေ သရွတ်ဖျော်ပြီး သံလက်ဖြင့် တဒယ် အသင့်ဖြစ်နေစေရပါမည်၊ အင်္ဂမြစ်ချရာတွင် တကာယ် သရွတ်ဖြင့် ချကပ်ရပါမည်၊ မူလကပင် အင်္ဂမြစ်ချမည့် လုလင်-ဂဦး မဟာနာယက,ကြီးတို့သည် အင်္ဂတေကပ်ပုံသိပြီး ဖြစ်စေရပါမည်။

## ၂။ ရွှေအုဋ္ဌမြစ်ချ မင်္ဂလာပွဲတော် အတွက်
## ရာဇမတ်တွင်း နေရာယူခြင်းပြပုံစံ
### (အုဋ္ဌမြစ် ချထားဟန်)



## ၂။ ရွှေအင်္ဂုဒြေမြစ်ချပွဲတော်အတွက် နေရာယူခြင်းပြ ပုံစံ၏ ရည်ညွှန်းချက်

၁။ မြတ်စွာဘုရားနှင့် ဓါတ်တော်ကလပ် ၂-ခု၊ သိကြားမင်း နှင့် မဟာနာယကကြီး။

၂။ ရွှေအင်္ဂုဒြေမြစ်ချမည့် လုလင်၏နေရာ။ အရပ်(၈)မျက်နှာ နံသင့်နေရာယူ။

၃။ ရွှေအင်္ဂုဒြေများယူရသူ အမျိုးသမီးပျို ၎င်း၏ ယာ ဘက် မှ (၈)ဦး အရပ်(၈)မျက်နှာ။

၄။ ထီးဖြူတော်မိုး( ၈ )ဦး၊ အရပ် ( ၈ ) မျက်နှာတွင်နေ၊ ဝဲဘက်မှ နေရာယူ။

၅။ ရွှေကျိုင်းတော်ကိုင် ၄-ဦးတို့၏နေရာ။

၆။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦး၏နေရာ။

၇။ ရွှေပန်းတောင်(၂) ခုနှင့် အမျိုးသမီး ၂-ဦးနေရာ။

၈။ ရွှေကွမ်းတောင် ၂-ခုနှင့် အမျိုးသမီး ၂-ဦး နေရာ။

၉။ ရွှေအုပ်တော် ၂-ခုနှင့် အမျိုးသမီး ၂-ဦး နေရာ။

၁၀။ ငွေဖလား ၄-လုံး အတွင်းနေရာနှင့် အမျိုးသမီး ၄-ဦး နေရာ၊ အရပ် ၄-မျက်နှာ။

၁၁။ ရွှေထီးတော်မိုး ၄-ဦးတို့၏နေရာ၊ အရပ် ၄-မျက်နှာ။

၁၂။ ရွှေကြာသတ်အိုးကိုင် အမျိုးသမီးများနှင့်၊ ရွှေမြူတာအိုး ကိုင် အမျိုးသမီးတို့နေရာ၊ ၂-ဦးစီ ၂-ဦးစီ အရပ်၈-မျက်နှာ။

၁၃။ ပုရောဟိတ် ပုဏ္ဏားတော် ၂-ဦးနေရာ။

၁၄။ ဝေယျာဝစ္စတော်ချထားရန်နှင့် စစ်သည် ၄-ဦး နေရာ။

၁၅။ ဓါတ်တော်ကလပ် ၂-ခုကိုင် ပုဂ္ဂိုလ် ၂-ဦး။

၃။၁။ အောင်သပြေအိုး၂-အိုးမှ အောင်သပြေများကို ဘုရားကုန်းတော်ရောက်ပြီး လကျာရစ် သုံးပါတ်လှည့်၍ နေရာယူယူခြင်းပင်၊ပရိသတ်ထုတခုလုံး ၂-ညွန့် ၃-ညွန့် စီ ဝေပေးပါ။

၂။ အုဋ္ဌမြစ်ချမည့် လုလင် ၈-ဦးမှာ နေ့နံသင့်အရ အရပ် ၈-မျက်နှာမှ အုဋ္ဌမြစ်ချရန် စက်ဝိုင်းအပြင်မှ ဒူးထောက်ထိုင် ( ညာဒူးချ ဘယ်ဒူးထောင် ) ပြီး အသင့်ဖြစ်စေရမည်။

၃။ ရွှေအုဋ္ဌ သယ်ယူသူ လုံမများကလည်း ထိုပုဂ္ဂိုလ်၏ ညာဘက်မှ နေရာယူနေရပါမည်၊ (အချက်ပေး) အချိန်ပေး ပုဏ္ဏားတော်၏ ခရုသင်းသံ ကြားပါက ရွှေအုဋ္ဌကစပြီး ကမ်းလင့်ရပါမည်၊ နောက် ပတ္တမြားအုဋ္ဌ၊ နောက် ငွေအုဋ္ဌဖြစ်၏။ အုဋ္ဌမြစ်ချရာတွင် အုဋ္ဌသုံးချပ်စီ ညီစွာ ချထားရပါမည်။

၄။ ဘုရားဆင်းတုတော် ဓါတ်တော်များကို အလည်ဗဟို အုဋ္ဌမြစ်ချမည့်နေရာကို မျက်နှာတော်မူပြီး အရှေ့သို့ မျက်နှာပြုချထား(စမ္မခဏ်ခင်းပေါ်)ရပါမည်။

၅။ ရွှေကျိုင်းတော်ကိုင် ၄-ဦးတွင် ၂-ဦးမှာ အရှေ့တခါး အဝင်ဝတွင် တဘက်စီ နေပါ အခမ်းအနား အစ အဆုံး မထိုင်ရပါ၊ ၂-ဦးက တောင်မြောက် မုခ်ဝ များမှ တဦးစီနေ။

၆။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ( ၂ ) ဦးတို့က ရာဇမတ်တွင်း တနင်္ဂနွေ အင်္ဂါထောင့်မှနေပါ။ အခမ်းအနား မပြီးမခြင်း ရပ်နေရန်ဖြစ်၏။

၇။ ရွှေထီးတော်မိုး ၄-ဦးမှာ ဘုရား၏ အရပ် ၄-မျက်နှာမှ စက်ဝိုင်းတွင်းတွင် ထီးတော်ကို ဗဟိုသို့ ဖြန့်မိုးပြီး နေရမည် အစအဆုံး မထိုင်ရပါ။

၈။ ထီးဖြူတော် ( ၈ ) လက် မိုးသူတို့မှာ အဋ္ဌမြစ်ချမည့် လုလင်၏ ဝဲဘက်မှ ထီးဖြူဖုံးအုပ် မိုးကာပြီးနေပါ။ မထိုင်ရပါ။

၉။ ပန်းတောင်ကိုင် ၂-ဦးမှာ အလည်တွင်ပန်းတော် ၂-ခု ဝင်ချထားပြီး အရှေ့အရပ်မှ တဘက်စီနေပါ။ (မြတ်လေးပန်း နောင်ကြဲ ပူဇော်မည်)ကျန်ပန်း မိမိတို့က ကြဲပါ။

၁၀။ ကွမ်းတောင်ကိုင် ၂-ဦးမှာ အလည်တွင် ကွမ်းတောင် ၂-ခု ဝင်ချကပ်ထားပြီး မိမိတို့မှ တောင်နှင့်မြောက် တို့တွင် နေရာယူပါ။

၁၁။ ရွှေအုပ်ကိုင် အမျိုးသမီး ၂-ဦးမှာ ဘုရား၏အနီးတွင် ရွှေအုပ်တဘက်စီချပြီး တောင်ဘက်နှင့်မြောက်ဘက် ( အနောက်ယွန်း ) နေရာတွင် နေရာယူပါ၊ နောင် ရတနာမိုး ရွာသွန်းဖြိုးကြဲ ဖြန့်ပူဇော်ရန်။

၁၂။ သိကြားမင်းနှင့် မဟာနာ့ဃကကြီးတို့က ဗဟိုတွင် ဘုရားအနီးမှ တဘက်စီ တောင်မြောက်နေပြီး၊ နေ့ခင်း အခါ သိကြားမင်းက အုတ်မျှား ကမ်းပေးပြီး မဟာ နာ့ဃကကြီးက အုတ်မြစ်ချမည်၊ မဟာနာ့ဃကကြီး ယူခဲ့သော ခရုသင်း-မြေဘိ-တို့ကို သိကြားမင်းအား အပ်၍ သိကြားမင်းက၊ အဘိသိက်ရေ ဗဟိုအုတ်ပေါ် (ဗဟိုအုတ်)သွန်းရန်ဖြစ်သည်။

၁၃။ ငွေဖလားကိုင် အမျိုးသမီး(၄)ဦးတို့က ငွေဖလားများ အလည်ဗဟို၏ အရပ် (၄)မျက်နှာမှချပြီး မိမိတို့ လည်း အရပ်(၄)မျက်နှာတွင် နေရာယူပါ၊(ပုံစံတွင် ရှု)နေ့ခင် အုတ်မြစ်ချပြီးပါက-ဆန်၊ပန်းပေါက်ပေါက် နံ့သာပျောင်းဖလား ပြန်ယူပြီး ဝင်ကြပက် ပူဇော် ရန်ဖြစ်သည်။

၁၄။ ရွှေကြာသွတ်အိုးကိုင် (၈) ဦး၊ ရွှေမြူတာအိုးကိုင် (၈)ဦးသော အမျိုးသမီးတို့က၊ အုတ်မြစ်ချမည့်လုလင် ၏၊ ဘေးစွန်းတဘက်စီတွင်နေ၊ အုတ်မြစ်ချပြီးပါက မိမိတို့အိုးများကို အုတ်မြစ်အုတ်များ၏ ဘေးဘက်စီမှ တလုံးစီ ညှပ်ပြီး တည် ကပ် ပူ ဇော် လိုက် ရ ပါမည်၊ ရွှေကြာသွတ်အိုးတလုံး ရွှေမြူတာအိုး တလုံးတို့မှာ ဗဟို အုတ်မြစ်အတွက်ဖြစ်၍ အရှေ့ အရပ်တွင်ပင်

စောင့်စားနေပါ၊ နောင်အဋ္ဌမြစ်ချပြီးမှ ဝင်ပြီး တောင်နှင့်မြောက် ဘေးတဘက်စီမှ ပူဇော်ညှပ်ထား ရပါမည်။

၁၅။ ဘုရားကန်တော့ပွဲကို ဘုရားရှေ့မှချပါ၊ သံဃာ ကန်တော့ပွဲကို သံဃာတော်များ၊ ( အရှေ့ဘက် သံဃာတော်များ)ရှေ့တွင် ချထားပါ။

၁၆။ စည်တော်နှင့် ဗုံတော်တီးဝိုင်းများကို သင့်သလိုနေရာ အရပ် ၄-မျက်နှာတွင် ပေးထားပါ၊ အချက်ပေး ခရုသင်းမှုတ်မှ တီးရန်ပြောပြထားပါ။

၁၇။ ပုဏ္ဏားတော် ပုရောဟိတ် ၂-ဦးမှာ စက်ဝိုင်းအဋ္ဌမြစ် တွင်း အရှေ့အရပ်မှနေပြီး အခါပေးမှုတ်ခြင်းနှင့် အဋ္ဌမြစ်ပါတ်လည်(၈)နေရာကို အဘိသေက ပေး ရမည်။

၁၈။ ဘုရားသခင်၏ ဝေါယာဉ်တော်ထမ်း ( ၄ ) ဦး နှင့် ပြဿာဒ်ကျောင်းဆောင်တော်ကို အရှေ့အရပ်မှ ဝင်လာပြီး ဗဟိုတွင် ဘုရားစတင်ချပေးပြီးသော်၊ ဝေါယာဉ်တော်ပါယူပြီး အနောက်အရပ် ရာဇမတ် တွင်းကပင်နေပြီး ပြဿာဒ်၏ အရှေ့ဘက်မှ ၂-ဦးစီ ဖြစ်စေ နေရာယူရပါမည်။

၁၉။ ဓါတ်တော်ကလာပ်ကိုင်သူ ၂-ဦးရှိပါက ဗဟိုတွင် ဓါတ်တော်ကလပ်များ ဘုရားရှေ့တွင် ချပြီး

အနောက်ဘက်တွင်နေရာယူပါ၊ပြဟ္မာကြီး တရင်စုံဖြင့် ပြဟ္မာဖြစ်ပါက၊ အတွင်းမှာပင် မဟာနာယကကြီး အား ရုံပြီး နေရာယူပါ။

၂၀။ အရုပ်ပါခဲ့သော လုံမင်ယ်များအားလုံး ရာဇမတ်ပြင်ပမှ ရာဇမတ်အနီး ဝိုင်းရံ ပါတ်ထားရပါမည်။

၄။ သံဃာတော်များက ရာဇမတ်တွင်း အရှေ့ဘက်မှရင်း၊ အခမ်းအနား ပရိဿတ်ကို ပါတ်ရံ၍ ၎င်းနေရာ သီးတင်းသုံးရပါမည်။ အမှန်မှာ ဝိုင်းရံရှိရပါမည်၊ သို့သော် သင့်တော်သလို စီမံပါကုန်။ တီးဝိုင်းများကိုမူ အချက်ပေးမှတီးရန် အတိုတီးစေရမည့် နေရာဖြစ်သော အဌမြစ်ချဆဲတီးပြီး တဖန်ရပ်၍ ဆိုရှုတ်ပြီး အမျဝေပြီးမှ တဖန်တီးရန်များ ကြိုတင် ပြောဆိုထားရပါမည်၊ နေရာယူ ဇယားပုံစံတွင်၊နားရှင်းအောင် ကြည့်မှတ်ထားသင့်ပါသည်၊အဌများကိုမူ ပုံစံတွင် ဖေါ်ပြသလို အထောင်လိုက် သုံးချပ်စီ ချပါ ကန့်လန့် မချရပါ၊ လကျာရစ် သုံးပတ်လှည့်ပြီးမှသာ အရှေ့အပေါက်မှ ဝင်ရပါမည်၊ ထွက်လျှင်လည်း အရှေ့အရပ်မှသာ ထွက်၍ လကျာရစ် သုံးပတ် ပူဇော်ပြီးမှ ပြန်ထွက်ရပါမည်၊ အားလုံး အိန္ဒြေရရ နေထိုင် လုပ်ကိုင်သွားသင့်၏၊ စကားတွေများခြင်း အပိုရှုပ်ထွေး နေရာမမှန်ခြင်းများ အခမ်းအနားအစမှ အဆုံးထိ မဖြစ်ပေါ်ပါစေနှင့်၊ အထူးမှာ ယခုကဲ့သို့ မင်္ဂလာအခမ်းအနားတွင် အမင်္ဂလာအဖြစ်မျိုး မဖြစ်ပေါ်ရန် အထူးဂရုစိုက် ရှက်ဆောင်ပါကုန်၊ အားလုံး စိန်စ်တကျ နေရာယူပြီးပါက ရွှေအဌ

မြစ်ချ ပွဲတော်ကို စပါလိမ့်မည်၊ ရာဇမတ်ကို တော်သင့်အောင်လုပ်ပြီး အခမ်းအနားပါသူများ သံဃာများ ဆန့်တော်ရုံ ဖြစ်သင့်ပါသည်၊ရာဇမတ်တွင်းသို့ ဘယ်သူမှ ဖိနပ်စီးမဝင်ရပါ၊ ခြေနင်း ပါသူတွေပါ ပြင်ပ၌ ချွတ်ခဲ့ပါ။

## ၁၁ (၂) ရွှေအုဋ်မြစ်တော်ချ မင်္ဂလာ ပွဲတော်။

၁။ အားလုံးအသင့်ဖြစ် ညီသောအခါတွင် ဗဟိုတွင်ရှိသော မြတ်စွာဘုရားနှင့် ဓါတ်တော်တို့ကို ရောက်လာသမျှသော ပရိသတ်ကြီးတို့အား ကန်တော့ပူဇော်ကြရန် နိုးဆော်ပြီး ခရုသင်းမှုတ် အချက်ပေးပြီး အားလုံး ကန်တော့ ကြိုဆို ကန်တော့ကြပါ။

ကန်တော့ပြီးကြပါက၊အခမ်းအနားပါသူများက၊အားလုံး မှန်မှန် အောက်စာများ ရွတ်ပူဇော်ပါ။

(၁) ၁။ ပရိတ်ကြီး၊ မေတ္တသုတ်၊ မင်္ဂလသုတ်၊ ဓမ္မစကြာ သုတ်။

ထိုသို့ ရွတ်ပြီးသော် မဟာနာယက,ကြီးက၊တဦး တည်း ဆိုရန်များမှာ။

(၂) ၁။ သမ္ဗာဒေဝနတ်ပင့် (သမန္တာအနက်) ကိုဆို။
၂။ အရပ် ၁၀-မျက်နှာစည်းချ။
၃။ ပထဝီဇေယျ ၁၀-ဂါထာ ပါဠိအနက်ဆို။
(အားလုံး နောက်တွင်ပါပြီး)

(၃) မဟာနာယကကြီးသည် ထိုစာများ ရွတ်ပြီးက မတ်တတ်ရပ်ပြီး မာန်ပါပါဖြင့် ဤဖော်ပြသော အမိန့်တော် ပြန်တမ်းကြီးကို ရတနာသုံးပါး ဦးထိပ်ထားပြီး ပြန်ဆိုရမည်၊ (ထိုအမိန့်တော် ပြန်တမ်းကြီး နောက်ပိုင်းတွင်ပါပြီး)

(၄) အမိန့်တော် ပြန်တမ်းကြီး ပြန် ဆိုပြီး ပါက အားလုံးညီညာ(သာဓု)သုံးကြိမ် ခေါ်စေရမည်၊ ခရုသင်း မှုတ်စေရမည်၊ တဖန်ဆက်ပြီး အားလုံး အခမ်းအနားပါ ပရိသတ်များ လိုက်ဆိုပြီး အုဋ္ဌမြစ်ချရန် သစ္စာငါးချက်ကို တိုင်ပေး လိုက်ဆို စေရမည်။

၂။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

☆ ၁။ ပရိနိဗ္ဗာန်သို့ စံဝင်တော်မူပြီးကြကုန်သော၊ အရဟံ အစရှိသော၊ ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော၊ သဗ္ဗညုတ ဉာဏ်ရှင်၊ ဘုရားသခင် အပေါင်းတို့သည်၊ ဂင်္ဂါဝါဠုသဲစုမျှမက ဖြစ်ပွင့်တော်မူပြီးကြကုန်ပြီဖြစ်ကြောင်း မှန် ပါ၏၊ ထိုဗုဒ္ဓဘုရားရှင် အပေါင်းတို့သည်၊ပါရမီတော်(၃၀)တို့ကို ဖြည့်ကျင့်တော်မူကြ၍သာ၊ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်ပွင့်တော်မူကြကြောင်း မှန်ပါ၏။

ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၂။ သုဂတ္တာတော အစရှိသော၊ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ အကြင် လောကုတ္တရာ တရားတော် ၉-ပါးသည်ရှိ၏၊ ထိုမဂ်ဖိုလ် သမာဓိတရားနှင့် တူသော တရားသည် ဤလောက၌ မရှိကြောင်း မှန်ကန်ပါ၏။

ဤ ဆို သော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၃။ သုပ္ပဋိပ္ပန္နော၊ အစရှိသော ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော် မူသော၊ ပရမတ္ထအရိယာ သံဃာတော် အပေါင်းတို့သည်၊ ကိလေသာ အာသဝေါတို့မှ ကင်းကုန်ပြီး၍ ပရိနိဗ္ဗာန်သို့ စံဝင်တော် မူပြီးကြကုန် ပြီ ဖြစ်ကြောင်း မှန်ပါ၏၊ မဂ်ပညာဥာဏ် ဖြင့် ကိလေသာ အာသဝေါတရားတို့ကို ပယ်သတ်ပြီး ကုန်၍ တဖန် ပဋိသန္ဓေသို့ မဖြစ်မပြန်ပြီ ဖြစ်ကြောင်း မှန်ပါ၏၊ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၄။ ဤစကြာဝဠာ ကမ္ဘာလောကဓာတ်ခွင်၌ရှင်း၊ နတ်ပြည် နဂါးပြည်-ဂဠုန်ပြည်တို့တွင်ရှင်း၊ အလုံးစုံ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော၊ ရတနာအမျိုးမျိုးတို့သည် တည်ရှိကြကုန်၏၊ ထိုရတနာအပေါင်းတို့ထက် ဘုရားတည်းဟူသော ရတနာသည် မြတ်၏၊ တရားတည်း

ဟူသော ရတနာသည် မြတ်၏၊ သံဃာတည်းဟူသော ရတနာသည်မြတ်၏၊ သာလွန် အတု မရှိ မြတ်သော ရတနာစစ် မှန်ပါ၏။

ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၅။ ဗုဒ္ဓမြတ်စွာဘုရားသခင်သည်၊ ပရိနိဗ္ဗာန်သို့ စံဝင်တော်မူ ပြီး သည့် နောက်၊ ကျန်ဝေနေယျ အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ၊ သရီရဓါတ်တော် စသော ဓါတ်တော် - မေ့တော်-ဆံတော် - စွယ်တော် - ညှပ်ရိုးတော်၊ နဖူးသင်းကြပ်တော်တို့နှင့် သာသနာတော် မြတ် ငါးထောင်ကို တည် ထား တော် မူ ခဲ့ကြောင်း မှန်ပါ၏၊ ထိုသာသနာတော် ငါးထောင်အတွင်း၌၊ အရိယာ ရဟန္တာမြတ်အပေါင်းတို့သည် အစဉ်သဖြင့် တည်ရှိကြကုန်၏ မ ဆိပ် မ သုဉ်း ကြ ကုန် ကြောင်း မှန်ပါ၏။

ဤဆိုသော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

ဤဆိုခဲ့သော ငါးချက်သော သစ္စာစကားသည် မဖေါက်မပြန် တည်မှန်ပါ၏။

၃။ ၁။ ဤမှန်ကန်စွာ ဆိုရသော ငါးချက်သော သစ္စာစကား ၏ တန်ခိုးတေဇော်၊ အာနုဘော်တော်အားဖြင့်၊ ဤ အဌမြစ်ချပြီးသည်နှင့်တပြိုင်နက် ဤ.......................

စေတီတုရားသည် (လျှင်မြန်စွာ ထမြောက်အောင်မြင် တည်ထွန်းပါစေသတည်း။ ၂ )

၂။ ဤမှန်ကန်စွာ ဆိုရသော ငါးချက်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်၊ ဤ ..................စေတီတုရားသည် (ဘုရား ဓါတ်တော်များ တည်ကိန်း၍ သာသနာတော် ငါးထောင်ကာလပါတ်လုံး တည်ထွန်းပါစေသတည်း။ ၂ )

၃။ ဤမှန်ကန်စွာ ဆိုရသော ငါးချက်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့် ဤ- ........စေတီတုရား တည်ထားရာ၌၊ ဤရွှေအုဋ်မြစ်များ ချတည်သည်နှင့် တပြိုင်နက် ဘေးရန် အန္တရာယ် မရှိ မတွေ့ရဘဲ၊ ချောမောစွာ ထမြောက် ပြီးပါစေ သတည်း၊ (တန်ခိုးကြီးသော သိကြား-နတ်အပေါင်းတို့သည် ကူညီစောင့်ရှောက်ပါစေသတည်း။ ၂ )

၄။ အောင်စေသတည်း၊ အောင်စေသတည်း၊ အောင်စေသတည်း၊ ဟု ဆိုပြီး ဗဟိုမှ မဟာနာယကကြီးနှင့် မင်္ဂလာဟု သမုတ်အပ်သော အရှေ့အရပ်မှ ရွှေအုဋ်များကို စတင်ပြီး တပြိုင်နက် အင်္ဂတေကိုင်ပြီး ချလိုက်ပါလေ၊ အမျိုးသမီးများ အုဋ်များ တချပ်စီ ကမ်းလင့် ပေးရပါမည်၊ ရွှေအုဋ်ချပြီးသော် ပတ္တမြားအုဋ် ဆက်ချပါ၊ ပတ္တမြားအုဋ် ချပြီးသော် ငွေအုဋ်ကို ဆက်ချပါ၊ ထိုသို့ ဗဟိုမှ သုံးချပ်၊ အရှေ့အရပ်မှ သုံးချပ်ချ၍ပြီးပါက၊ကျန်အရပ် ၇-မျက်နှာမှ

ရွှေအင်္ကျီများကို တပြိုင်တည်း စ၍ ပုံစံတွင် ပြသကဲ့သို့ ချရပါမည်၊ အစဉ်အတိုင်းချ၍ အားလုံး အင်္ကျီများချ အင်္ဂတေကိုင်ပြီးပါက (မူလကပင် အင်္ဂတေဖျော်ပြီး ခွက် ၉-ခွက် အသင့် သံလက်ပါ ရှိပါစေ၊ ) သိကြားမင်းက ခရုသင်း မြေဇာမြက် အောင်သပြေဖြင့် အလည်ဗဟို အင်္ကျီတို့ကိုရင်း၊ ပုဏ္ဏားတော်များက၊ တပြိုင်နက် ခရုသင်းမှုတ်ပြီး အချက်ပေးခါ အရှေ့အရပ်မှ အင်္ကျီများကိုရင်း အဘိသိတ်ရေများ သွန်းချဆုပေးကြရမည်၊ ကျန် အင်္ကျီများကို လည်း ပုရောဟိတ်တို့က လက်ျာရစ်လှည့်၍ ခရုသင်းမြေဇာ အောင်သပြေတို့ဖြင့် အဘိသေကများ မင်္ဂလာ ပြုကြရပါမည်၊ ပြီးစီးပါက တဖန် ခရုသင်း မှုတ်ပြီးလျှင် အမျိုးသမီးက (**မြတ်လေးပန်း**) ကို မဟာနာဃကအား ဆက်သ ရွှေပန်းအုပ်ဖြင့် ( ရွှေပန်းတောင် ) ဆက်သ၍ ဗဟိုမှစပြီး အရှေ့အရပ်မှ တဖန် လက်ျာရစ်လှည့်၍ မြတ်လေးပန်း တို့ကို ရွှေအင်္ကျီများ ရွှေအင်္ကျီမြစ်များပေါ်တွင် ဖြန့်ချပူဇော် ပြီးသည်နှင့် တပြိုင်နက် **ခရုသင်း တတိယ** အကြိမ်မှုတ်၍ တီးဝိုင်းများက တီးမှုတ် ကခုန်ကြပါစေ။

၅။ ထိုသို့ အောင်မြင်စွာ အင်္ကျီမြစ် ချပြီး၍ တီးမှုတ်ကုန် ကကုန်၊ သိကုန်ဆဲတွင်ပင်–

(၁) ကျောင်းတော်ကိုင်များ၊ အောင်လံတော်ကိုင် များက၊ ရွှေကျောင်း၊အောင်လံတို့ကို ဝေ့ရမ်းမြှင့်မြှောက်၍ရင်း

ထီးတော်မိုးများက ထီးများမြင့်မြောက်ချီပြီး (အောင်ပြီ-အောင်ပြီ-အောင်ပြီ)ဟု ကြွေးကြော်ကြရပါမည်။

(၂) ဆန်၊ ပန်း၊ ပေါက်ပေါက် အမွှေးနံ့သာပျောင်း ငွေဖလားကိုင် အမျိုးသမီးမျိုးများကလည်း မိမိတို့ ဖလားကို ထယူ၍ ကြဲဖြန့် ပူဇော်ရပါမည်။

(၃) ရွှေပန်းတောင်ကိုင် အမျိုးသမီးများက ပန်းများကြဲ ပူဇော်ပါ။

(၄) ရွှေအုပ်ကိုင် အမျိုးသမီးတို့က ရတနာမိုး ရွာသွန်းဖြိုး ကြရပါမည်၊ ရတနာ ကျောက်များကို အဋ္ဌမြစ် အင်္ဂတေထဲသို့လည်း သွင်းပေးပါ။

(၅) ကွမ်းတောင်ကိုင် အမျိုးသမီးများကလည်း ကွမ်းများ ထကပ်လှူပါ။

(၆) ရွှေကြာသွတ်အိုးကိုင် အမျိုးသမီးများ၊ ရွှေမြူတာအိုး ကိုင် အမျိုးသမီးများကလည်း ရွှေအဋ္ဌမြစ်များကို ဘေးတဘက်စီမှ ညှပ်၍၊ရွှေကြာသွတ်အိုး၊ ရွှေမြူတာ အိုးတို့ဖြင့် ထိ၍ ပူဇော်ချထားရပါမည်။

(၇) တန်ခွန်ကက္ကား မှလေးပွားပါသမျှတို့အား ရာဇမတ် တွင် ထိုးစိုက်ခြင်း၊ပရိဿတ်ကွင် အပိုပါသော ပူဇော် ကြဲစရာများကို ပူဇော်ကြဲဖြန့်ရန် အခါပေတည်း။ အားလုံးပူဇော်သက္ကာရ ပြုနိုင်ကြပါ၏၊အတီးအမှုတ် များ ရပ်စေဦး၍-

No 7

၆။ အားလုံးပြီးစီးပါက တဖန် ဗဟိုဌာနရှိသော ဘုရားဓါတ်တော်တို့နှင့် စေတီတော် ကုန်းတော်ကို အာရုံပြု၍ ကန်တော့ကြိုဆိုပြီး ကန်တော့ကြရပါမည်၊ ကန်တော့ပြီးလျှင်၊-

၁။ ပုဏ္ဏားတော်များက စိန္တာမဏိ ဂါထာဆို၍ အောင်ဆုပေး။

၂။ အမျှဝေ၊ သာဓုခေါ် ဆုမေတ္တာခံ၊ ဆုတောင်းရပါမည်။

တဖန် သံဃာတော်များအား ကန်တော့ပူဇော်ပြီးလျှင် ဝေါယာဉ်ထမ်းများက ဘုရားကိုယ်တော်နှင့် ဆင်းတုတော်ကို ဝေါယာဉ်ပေါ် ပင့်တင်ပြီး မူလအစီအစဉ်အတိုင်း အရှေ့ပေါက်မှ ထွက်ပြီးလျှင်၊ လက်ျာရစ် သုံးရစ် ပူဇော်၍ ပြန်သွားနိုင်ပါပြီ၊ အခမ်းအနားအတိုင်း ပြန်သွားရာတွင် တီးမှုတ် က-ခုန် ပျော်ရွှင်စွာ ပြန်ကြရပါမည်။

၇။ အမှန်မှာ ထိုသို့ ရွှေအင်္ဂြမြစ်များချပြီးပါက၊သံဃာတော်များက၊အပေါင်း၏ ရွတ်သရဇ္ဈာယ်ခြင်းကို ပြုကြရပါမည်၊ အချိန်ကြာမြင့်ပြီဖြစ်၍ နေပူဒါဏ် ခံသည်ထက် ခံအောင် ထိုဘုရားကုန်းတော်ပေါ်မှ မဏ္ဍာပ်မြင့်မြင့် ထိုးထားသင့်ပါ၏၊လူများ ပြန်ထွက်သွားကြပြီးနောက် သံဃါတော်များက တဖန်၊စေတီပေါ်နှင့် ပတ်ဝန်းကျင် အပြည့်နေပြီး၊ရာဇမတ်

တွင်း၌ တဖန် အပေါင်း ရွတ်သရဇ္ဈာယ် ခြင်း ဖြင့် ရွတ်သရဇ္ဈာယ် ပူဇော်ကြရပါမည်၊သို့သော်လည်း အခါ ကာလ ဒေသလိုက် အချိန်ကြည့်ပြီးလျှင်၊-

(၁) သံဃာများပါ ရောပြွန်ပြီး ညမှ တဖန် အပေါင်း ရွတ်စေခြင်း။

(၂) လူများ မပြန်စေဘဲ တဆက်တည်း ကန်တော့ပြီး သည်နှင့် တပြိုင်နက် အပေါင်းရွတ်ခြင်း၊ ဆက်တိုက် ရွတ်သရဇ္ဈာယ်ခြင်း။

(၃) သို့မဟုတ် နံက်ကတည်းက ရွတ်ပူဇော်ခြင်း။

အစရှိသဖြင့် တော်သင့်သလို သံဃာများ လူကြီးများ တိုင်ပင်ပြီး အလုပ်လုပ်ကြရန် ဖြစ်ပါသည်။ အမှန်မှာ-အဌမြစ်ချ ပြီး သံဃာများ အလှည့်ကြလည်း အပေါင်း ရွတ်သရဇ္ဈာယ်ခြင်း ပြုရပါမည်၊ ညလည်း ပြုရပါမည်၊ ထိုသို့ ၁-ရက် ၃-ရက် စသည် ပူဇော်ပြီးမှ တခါတည်း စေတီတော်ကို စတင် တည်ကုန်ရာ၏၊ စေတီဘုရား တည်ရာတွင် အလောတကြီး မလုပ်ပါနှင့် သာသနာ ငါးထောင် ကာလပါတ်လုံး ခိုင်ရန်ဟု စေတနာမှန်ထားပြီး မှန်မှန် စံနစ်ကျကျ ခိုင်ခန့်ပြည့်စုံအောင် ရှက်ဆောင်ကြရပါကြောင်း။

၂။ ရွှေအုပ်မြစ်ချ မင်္ဂလာတော် ပြီးပြီ။

★

# ဤပုံသည် မြားနေပဲ၏ သတ္တဌာန ဘုရားများတည်ပုံ။ စာမျက်နှာ ၁၈၀ သို့ ကြည့်ပါ




ရည်ညွှန်းချက်။

၁။ ဌာပနာတိုက်အတွင်းတွင် သတ္တ ဌာန ဘုရားများ ကို၎င်း၊ အစဉ်အတိုင်း ချထားရန် ဖေါ်ပြထားခြင်းဖြစ်သည်၊ အကွာအဝေး ပမာဏမဟုတ်။

၂။ မြတ်စွာဘုရားများကို မျှားပြထား သက်သို့သာ သူ့ပုံစံမှန်အတိုင်း ချထားရပါမည်။

၃။ ဂဏန်းစဉ်အတိုင်းသာ အစဉ်အတိုင်း ချရပါမည်၊ ဂဏန်းစဉ်ကျော်မချရပါ

၄။ ရတနာစင်္ကမနသတ္တဟ၌ စင်္ကြံ အလယ်မှ အရှေ့သို့ မျက်နှာပြု၍ ချထားပါ။

၅။ ပဌမသတ္တဟမှာ ရှိပြီးဖြစ်၍ ထိုပုံတော်ကို အဋ္ဌသတ္တဟ ဂ-အဖြစ် အရှေ့သို့ မျက်နှာမူ၍ ချထား အသုံးပြုပါ။

## ၁၂။ (၃) ဌာပနာသွင်း မင်္ဂလာပွဲတော်တွက် ပြင်ဆင်ခြင်း။

၁။ စေတီဘုရားအား အခိုင်အမာ တည်ဆောက်ခဲ့၍ တတိယ ပစ္စယံရောက်လျှင် ဌာပနာတိုက် လုပ်ရပါမည်၊ ဌာပနာတိုက် ၂-ထပ်ထားရပါမည်၊ သို့သော်လည်း အဓိက ဌာပနာတိုက်မှာ၊ တတိယ ပစ္စယံရှိ ဌာပနာတိုက်သာ ဖြစ်သင့်ပါသည်၊ ဒုတိယ ဌာပနာတိုက်မှာ ခေါင်းလောင်း အတွင်းဖြစ်စေ။ သပိတ်အတွင်းဖြစ်စေ၊ ထားရပါမည်။ အချို့ ရှေးမူများတွင် ဌာပနာ သုံးဆင့်ထားကြောင်း ထုံးဟောင်းရှိပါသည်။ ဌာပနာတိုက်တခုမှာ ပဌမ ပစ္စယံတွင်ဖြစ်ပါသည်၊ ရှေးအခါကမူ စေတီဘုရားတည်ရာတွင် ဘိနပ်တော် လည်း ကြီးမားမြင့်ပါသည်။ ပန်းတင်ခုံကား ပြောဘွယ်မရှိ ကြီး လည်းကြီး၍ မြင့်လည်း မြင့်လှပါသဖြင့် တတိယ ပစ္စယံတွင် ပဌမ ဌာပနာတိုက်ထားပါတော့၏၊ ခုခေတ်တွင်ကား အခြေ အလွန်ခိုင်ခန့်သော ဘိနပ်တော် ပန်းတင်ခုံတို့ကို သာမန် ပါရုံမျှသာထားလေ့ရှိပြီး၊ မြေတွင်းအဌ္ဌမြစ်လည်း ခပ်ပေါ့ ပေါ့လုပ်လေ့ရှိသဖြင့် ဖြစ်ကာမျှ ဒုလ္လဘရဟန်းခံသကဲ့သို့ သာ ဖြစ်ရုံပြုကြခြင်းမှ ကာကွယ်ကြဘို့ သင့်လှပါသည်။ သို့သော်လည်း ဌာပနာတိုက် တ ထပ် တည်း တတ် နိုင် က တထပ်သာလုပ်နိုင်ပါသည်။ အမှန်မှာမူ(၂)ထပ်လုပ်သင့်ပါ ကြောင်း၊ တတိယ ပစ္စယံနှင့် ခေါင်းလောင်းသပိတ်တွင် ဖြစ်ပါသည်။

၂။ ဌာပနာတိုက်သည် အလျားအနံ တညီတည်းလေးထောင့် စပ်စပ်သေတ္တာကဲ့သို့ လုပ်ရပါမည်၊ အစောက် (အနက်) မှာမူ တော်သင့်အောင် အလျားအနံထက်ပင် အနက်ရှိသင့်ပါ၏၊ သို့ဖြစ်၍ ကျောက်ဖျာ (၆) ချပ် မှာရပါမည် ကျောက်ဖျာမှာ(၄)ချပ်ကိုတရွယ်တည်းထားပြီး အခင်းနှင့် အပိတ်ဖုံးကို ပိုပြီးကြီးထားရပါမည်(မန္တလေးတွင် စကြြင် ကျောက်ဖြစ်စေ မှာယူနိုင်ပါသည်။ ) ကျောက် ဖျာ ကို ကျောက်ဆစ်သမားအားဖြင့် ဖြစ်စေရပါမည်၊ယခုခေတ်မှိမှ ပရံဆရာအပ်ပြီး သံဇကာ စိပ်စိပ်ခံပြီး ဘိလပ်မြေဖြင့်လည်း ကျောက်ဖျာလုပ်ယူ၍ရပါသည်။ သို့သော်လည်း သဘာဝ ကျောက်သားကျောက်ဖျာပင် ကောင်းပါသည်။ ကျောက် ဖျာ(၆)ချပ်၊ တချပ်ကိုခင်းပြီး( ၄ )ချပ်ကို သေတ္တာကဲ့သို့ (၄)မျက်နှာမှကာပြီး ဘိလပ်မြေဖြင့် ကျောက်ဖြစ်အောင် ဆက်စပ်ခိုင်ခန့်ပြီး တချပ်ကို ဖုံးအုပ်ရန် အသင့်ထား ရမည်။

၃။ အဓိကလိုအပ်သော ဌာပနာရန် ပစ္စည်းများမှာ-။

(၁) ဌာပနာတွင် အောက်ဆုံးမှခင်းရန် ငွေစမ္ပခဏ်တခု ထိုငွေစမ္ပခဏ်တွင် ဘုရားအတွက် တ ည် ရ သော အကြောင်း၊ ဆုတောင်း စ သည် ရေး နိုင် ပါသည်။ ဌာပနာတိုက်ပြည့်ခင်း။

(၂) ထိုငွေစမ္ပခဏ်ပေါ်မှာ ပိုး-ဖဲ-ဘန်ကောက် ပိုးစသည် အပြည့်ခင်း၊ တခုတွင် ဇာတ်တော်ပုံများရေးထိုးပြီး ဘုရားဘွဲ့များ ထိုး၍ခင်းရန်တခု။

(၃) အပေါ်ဆုံးမှ ဌာပနာတိုက်ကိုဖုံးသော ဗိတာန်ကျက် ငွေတခုနှင့် ပွတ်တိုင် ၄-တိုင်ခံပြီး ဗိတာန်ကျက်ရန် ပိုးသားဗိတာန်တခု၊ ထိုဗိတာန်တွင် နေ-လ-နက္ခတ် များ ထွက်ဟန်ရေးထိုး၊ နတ်များပူဇော်ဟန် ရေးထိုး ဘော်ကြယ်-ရွှေဇာသတ် စသည် ပြုလုပ်နိုင်စွမ်း သလောက် ပြုလုပ်ပူဇော်နိုင်ပါကြောင်း။

(၄) မြတ်စွာဘုရား၏ ဓါတ်တော်များ ထည့်ပူဇော်ရန် ဝက်အူရစ်ဖြင့် ရွှေဓါတ်တော်ကြုပ်တခု၊ များက ပိုကောင်းပါ၏။

(၅) ရွှေဓါတ်တော်ကြုပ်ထည့်ရန် ငွေဓါတ်တော်ကြုပ် ကြီးတခုနှင့် ငွေဖလားကြီးတလုံး၊ ရွှေဓါတ်တော်ကြုပ် ကို ငွေဓါတ်တော်ကြုပ်ထဲ ထည့်ပြီး ငွေဖလားတွင် ထည့်ပြီး ရွှေသလွန်-ငွေသလွန်ပေါ်တွင်တင်၍ ပူဇော် ဌာပနာရန်ဖြစ်၏။

(၆) ငွေသားဗောဓိပင်ကြီးတပင် ခက်မငါးဖြာဖြင့် အင်္ဂါ စုံအောင် ပြုလုပ်ပါ။ ထိုဗောဓိပင်သည် အရွက်အရိုး အဖူးအညွန့် စသည်တို့တွင် ရွှေသေတ္တာ စသည်ဖြင့် အထူးပြုလုပ်နိုင်ပါသည်။ အမြစ်ပါစုံလင်စွာ တည် ထား၍ ခိုင်အောင်လုပ်ပါ။

(၇) ရဟန္တာဓါတ်တော်များ၊ ထည့်ပူဇော်ရန် ရွှေကြုပ် သို့မဟုတ် ငွေကြုပ် ဝက်အူလှည့်ဖြင့် တလုံး ပြုလုပ် ရပါမည်။

(၈) ရွှေ-ငွေ-ကြေး-သံ-မိုးကြိုးဖြင့် ပြုလုပ် သွန်းသော ဗောဓိပင်နှင့် လျှော်သော ဆင်းတုတော်တဆူ (ထိုင်လျက်ပုံတော်)ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူပုံဖြစ်၍၊ ငွေပလ္လင်တော်လည်း ပါရပါမည်။ ထိုငွေပလ္လင်တော်၌ အောင်ခြင်း(၈)ပါး ရေးထိုးနိုင်ပါသည်။

(၉) သတ္တဌာန ဘုရားပုံတော်ခုနစ်ဆူ၊ ၎င်းတို့မှာ မန္တလေးတွင် ဝယ်ရာ၌ အမည်ခေါ်ဖြစ်ရုံ ပုံပန်းပျက်ပုံများသာ များပါ၏၊ သို့ဖြစ်၍ မိမိတို့က ရွှေ-ငွေ-ကြေး ပေးပြီး ကိုယ့်ကြေးသွန်းဆရာဖြင့်ကိုယ်ဖြစ်စေ၊ပီသစွာ ထုလုပ်သင့်ပါသည်။ သို့သော်လည်း ငွေပိုပေးပြီး စိတ်ကြိုက် အရွယ်မှာပါက ရမည်ထင်ပါ၏။ ယခုပုံများမှာ၊ နိုင်ငံခြား ဘာသာခြားများ မြင်၍မှမလျော်၊ နောင်လာ- နောက်သား ပညာရှိတို့ ကဲ့ရဲ့ ဘွယ်ပင် ဖြစ်ကတတ်ဆန်းပြုထားကြပါသည်။ ပြုပြင်သင့်လှ၏။

(၁၀) ငွေပရိက္ခရာ(၈)ပါးကို ပီသစွာ ခပ်ကြီးကြီးလုပ်ပါ၊ ပဒေသာပင်လုပ်ပြီး ငွေပဒေသာပင်တွင် သီးထားပါ။

(၁၁) ငွေပြားသုံးချပ်(၅)လက်မ၊ ၁၀-လက်မရွယ် သဘောဖြစ်သည်၊တချပ်တွင် မြတ်စွာဘုရား၏ ဇာတာတော်ဖွဲ့ 'လူ့ဇာတာဖွဲ့သကဲ့သို့'ပြီးရေးပါ၊တချပ်တွင် ဓမ္မက္ခန္ဓာ ပေါင်း(၈၄၀၀၀)အကျဉ်းချုပ် ပဋ္ဌာန်းတရားရေးပါ တချပ်တွင် ယခုဘုရား၏ အုဋ္ဌမြစ်ချတည်သောအချိန်

နေ့-ရက်-လ-ယှူပြီး ဇာတာ ဖွဲ့၍ ဘုရား၏ ဗုဒ္ဓဝင် အကြောင်းရေးရပါမည်။ ရေးသားရာတွင် ကာည့်ဖြင့် ပီသစွာရေးဘို့ လိုအပ်ပါသည်။ မြေမွက္ခန္ဓာများ ရေးရာတွင် သုတ်ဝိနည်း အဘိဓမ္မာစုံအောင် အကျဉ်းချုပ် အရေးကြီးရာများပါပါစေ၊ တချပ်မရပါက-တတ်စွမ်းနိုင်သမျှ ငွေပြားများများ ပြည့်ပြည့်စုံစုံတွင် ရေးနိုင်လေ၊ မှန်မြတ်လေ ဖြစ်ပါကြောင်း။ မြတ်စွာဘုရား၏ ဇာတာဟူသည် သိဒ္ဓတ္ထမင်းသား၏ ဖွားဇာတာကို ပြောခြင်းဖြစ်ပါသည်။ (၆၈ - ခု၊ ကဆုန် လပြည့် သောကြာနေ့ နံနက် ၉-နာရီကျော်ခန့်)။

(၁၂) ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူကုန်သော ဘုရားဆင်းတုတော် ၄-ဆူ အမည် ကမ္ပည်းထိုး၍ ထည့်ရပါမည်။

(၁၃) အဂ္ဂသာဝက၊ ရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာ်၊ ရဟန္တာမြတ် ၂-ပါး၏ ပုံတော်နှင့် ရဟန္တာပုံတော်များ (၈၀-ဖြစ်စေ ပါဝင်ပါစေ။)

ဤအထက်ပါတို့ကား ဘုရားဓါတ်တော်စစ်၊ ရဟန္တာ ဓါတ်တော်စစ် ရပြီးသောသူများ ဂေါပကများအတွက် အခြေခံ ရတနာသုံးပါးဂုဏ် ပြည့်စုံစေရန်နှင့် စေတီလေးပါးဂုဏ် ပြည်စုံ စေခြင်း ပဓါန လိုအပ်သော ဌာပနာရန်ပစ္စည်းများ ဖြစ်ပါသည်။ ဆိုခဲ့ပြီးသော အသုံးအဆောင်များ အမှန်ပြည့်စုံအောင် မုချ ထည့်သွင်းပူဇော်ရမည်သာတည်း။

၄။ အပိုပြည့်စုံပါက ထပ်မံထည့်သွင်း ဌာပနာရန်များမှာ။

(၁) ရွှေ - ငွေ သလွန်တခု၊ (၂) ဘုရား ၄-ဆူတွက် ငွေပရိက္ခရာ ၄-စုံ၊ (၃) အမွှေးနံ့သာ ပျောင်း ထည့် ပူဇော်ထားသော ငွေမြူတာအိုး ၊ရွှေမြူတာ အိုးများ။

(၂) ဘုရားဓါတ်တော်နှင့် ရဟန္တာဓါတ်တော်များ ထည့် ပူဇော်သော ရွှေ-ငွေကြုပ်များပါ။

(၃) ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ပတ္တမြားပန်းခိုင်၊ စိန်ပန်း ခိုင်များ။

(၄) ငွေသလွန်ပေါ်တွင် ရွှေ - ငွေ လျှောင်းတော်မူတပုံ၊ အခင်း၊ ခေါင်းအုံး အပြည့်အစုံပါ။

(၅) ငွေထီးဖြင့် ပူဇော်ဖြန့်မိုးနေသော ဗြဟ္မာကြီးပုံဟန်။

(၆) ဝိဇယုတ္တာ ခရသင်းဖြင့် အဘိသေက ပေးနေ ဟန် သိကြားမင်း၏ပုံဟန်။

(၇) စောင်းဖြင့်တီးပူဇော်နေသော ပဉ္စသိခ်နတ်သားရုပ်။

(၈) စတုလောကပါလနတ်မင်းကြီး ၄-ပါးအရုပ်။

(၉) ကာလနဂါးမင်းက ပရိဿတ်ဖြင့် က-ခုံ-တီးမှုတ်၍ ပူဇော်ဟန်အရုပ်။

(၁၀) သဟံပတိဗြဟ္မာမင်းက ရွှေပန်းကုံးဖြင့် တရားဟော ရန် တောင်းပန်ပုံအရုပ်။

(၁၁) သာသနာပြု ထွက်ကြွကုန်သော ရဟန္တာကြီးများ ပုံတော်။

(၁၂) ကပိလဝတ်ပြည် ဆွေတော် မျိုးတော်များ အား တန်ခိုးပြာဋိဟာပြရင်း ဗုဒ္ဓဝင်ကို ဟောနေတော်မူပုံ။

(၁၃) ဓမ္မစကြာသုတ္တန်ကို ဟောနေတော်မူပုံ။

(၁၄) တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ ဒေသနာတော် ဟောနေတော်မူပုံ။

(၁၅) သရက်ဖြူပင်ရင်းတွင် ဒိဋ္ဌိတို့ကို နှိမ်နင်းသော တန်ခိုး ပြာဋိဟာပြပုံ။

(၁၆) သောက်တော်ရေ ကပ်လှူဟန် ရေခွက်ကိုင်နတ်ရုပ်။

(၁၇) ဆီမီး၊ပန်းတို့ကို ပူဇော်နေသောနတ်ရုပ်များ။

(၁၈) ဓါတ်တော်တိုက်ကို စီရင်ဟတ်သော မဟာကဿပ ရဟန္တာအရှင်မြတ်ကြီးက သံထီးကြီးကို မိုးကာ၍ စောင့်ပုံတပုံ။(ပါသင့်လျှ၏)

(၁၉) ဓါတ်တော်တို့ကို ပင့်ဆောင်နိုင်သော အလွန်တန်ခိုး ကြီးသော အရှင်သောဏုတ္တရ ရဟန္တာ မထေရ်မြတ် ၏ ပုံတော်၊လက်တော်တွင် ဓါတ်ကြုပ်ကိုကိုင်လျက်၊ (ပါသင့်၏)။

(၂၀) ဘုရားမယ်တော် သံတုသိတနတ်သားပုံ။

(၂၁) သုယာမနတ်မင်းက ပတ္တမြားယပ်ဖြင့် ပူဇော်နေပုံ။

(၂၂) ရတနာ-စိန်-ပတ္တမြား - နီလာ - ဥဿဖယား စသော နဝရတ် ၉-ပါး တို့ကို ပေါက်ပေါက်အဖြစ် ဓါတ် တော်တိုက် ဌာပနာတိုက်တွင် ကြဲပူဇော်ရန်။

(၂၃) အရပ် လေးမျက်နှာမှ နတ်စစ်သူကြီး ၄-ဦး ၈-ဦး၊ သံလျက်စွဲ၍စောင့်ဟန်။

ဤသို့စသည်ဖြင့် အကျဉ်းမျှသာ ဖေါ်ပြပါသည်။ ဂန္ဓကုဋီ ဌာပနာတိုက်အတွင်းတွင် ရတနာသုံးပါးနှင့် စပ်သမျှ စွမ်းနိုင်သမျှ ထည့်ပူဇော် အပ်ပါကြောင်း။

၅။ အထူးမှာ၊ ဌာပနာတိုက်အတွင်းသို့၊ စေတီ လေးပါး ထိုက်သမျှ ရတနာသုံးပါး စပ်သမျှသာ ထည့်သွင်းပူဇော် ရပါမည်၊မလျော်သော လူ၏ ဆံပင်များ၊အင်း၊ဆေးပြဒါး သံ၊ ဂန္ဓာရီများ မထည့်ရပါ၊ သို့သော် ဓါတ်လုံးများအား ပေါက်ပေါက်အနေနှင့် ဘုရားကို လှူသောသဘောမျှ ထည့် ပါ၊ အစိအရင်အနေဖြင့် မထည့်အပ်ပါ၊ ငင်းပြင် ဆေးမြေ့ စေတတ်သော သစ်သား၊ပန်း စသည်များကိုလည်း မထည့် စေလိုပါ၊ အထူးမှာ ဘုန်းတော်ကြီး အရိုးဘုရားများ လုံးဝ မပါစေရန် လိုအပ်ပါသည်။ အခြား မသင့်တော်သော အရာများ မပါမိပါစေနှင့်။

၆။ ရတနာ ရွှေ ငွေများ လက်စွပ်၊ လက်ကောက်စသည် ဒီတိုင်းထည့်လှူပူဇော်ခြင်း များကြပါ၏၊အများသိမြင်လွန်း ၍လည်း အန္တရာယ် ရှိတတ်ပါ၏၊ အမှန်မှာ တတ်နိုင်သမျှ ရတနာစုကို ပြင်ပ အများ မသိမမြင်စေသင့်ပါ၊ ဖျက်ပြီး ဓါတ်တော်ကြုပ် ပန်းခိုင်ဖြစ်စေ လုပ်လှူကြဘို့ တိုက်တွန်း ဟောပြောသင့်ပါ၏၊ထိုဆိုအပ်ခဲ့ပြီးသော ပစ္စည်းများထက် ဘုရားဓါတ်တော် စစ်စစ်များများ၊ ရဟန္တာဓါတ်တော် များများရရေးမှာ ပဓါနဖြစ်ပါ၍ ပြည့်စုံအောင် ဝေါပက

ပုဂ္ဂိုလ်များ အထူး ကြိုးစားကြပါကုန်၊ ရတနာသုံးပါးနှင့် စပ်သမျှ ထည့်ပြီး၊ စေတီ ၄-ပါးသာ ထိုက်စေပါက များစွာထည့် ပူဇော်ရမည်ဖြစ်ပြီး၊မသန့်မရှင်းများ မပါရန် ဂရုစိုက်ကြရမည်။

## ၃။ ဌာပနာသွင်း မင်္ဂလာပွဲတော်တွက် အခမ်း အနား အစီအစဉ်များ။

၁။ ဌာပနာသွင်းရန် အားလုံး ပြည့်စုံပြီဖြစ်ပါက ဌာပနာသွင်း မင်္ဂလာ ကျင်းပရန်အတွက် အခါကာလ ရက်နေ့ အချိန်ကောင်း ရွေးချယ်ရပါမည်။သို့သော်လည်း တစုံတခုသော လပြည့်နေ့ပင် ဖြစ်သင့်လှပါသည်။ ဥပမာ ကဆုန်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့် စသည် အများသဘောကြသလို အခါကောင်း ရွေးချယ်ပါလေ၊ နက္ခတ်ကောင်းကြုံဆဲ ဖြစ်သင့်လှပါကြောင်း။ဌာပနာမည့် ပစ္စည်းများကိုလည်း အများပြည်သူ လူခပ်သိမ်းတို့ ပူဇော် ကြည်ညိုနိုင်ရန် မဏ္ဍပ် စံကျောင်းတော်တွင် လှပစွာ ရွှေထီး၊ ထီးဖြူတော်၊ ပွဲတော်စုံ၊ တန်ခွန်ကုက္ကား မုလေး ပွား၊ ကျက်လျှာများဖြင့် ကောင်းမွန်စွာ ပူဇော်ဖွင့်ပြထား သင့်ပါကြောင်း၊ဌာပနာမည့် အကြောင်းကိုလည်း၊နိုးဆော် စာများ ပုံနှိပ်ဝေငှ ကြော်ငြာသင့်ကြပါကြောင်း။

၂။ ထုံးစံအတိုင်း ပြုရန်ဖြစ်သော သဲဖြူခင်း ရာဇမတ်ကာ ငှက်ပျောပင် ကြံပင်စိုက် ရာဇမတ်ထုံးသုတ် တန်ခွန် ကုက္ကား စိုက်ခြင်းစသည်နှင့် ဌာပနာသွင်းမည့် နံနက်ဆွမ်း

ကပ်ရေးများကို ကြိုတင် စီစဉ်ရပါမည်၊ သံဃာများကို လှူရန်များနှင့် မိမိတို့ စွမ်းအားအလျောက် ပင့်ပါ၊ သို့သော် အပေါင်းရှုတ်ခြင်း ပြုရမည်ဖြစ်၍ ပြည့်စုံသော သံဃာများများ ပါစေချင်သည်၊ယခုအခါ ဌာပနာသွင်းပုံ နည်း ၂-နည်း ရှိပါသည်၊ မိမိတို့ နှစ်သက်နိုင်နင်းရာကို အသုံးပြုရန်ဖြစ်ပါသည်။

(၁) ပဌမနည်းမှာ၊ မူလ စံကျောင်းတော်မှ ဌာပနာမည့် စေတီ ၄-ပါးတို့ကို ဝေါယာဉ် ပြဿဒ်ကျောင်းလုပ်ပြီး တင်ဆောင် ပင့်ယူသွားပြီး ဌာပနာသောနည်း ဖြစ်ပါသည်။

(၂) ဒုတိယနည်းမှာ၊ စံကျောင်းတော်မှ ဘုရားရောက်သည့်တိုင်အောင် ပရိသတ်များ စီတန်း ရပ်နေပြီး လက်ဆင့်ကမ်း ပင့်ယူ ဌာပနာသော နည်း ဖြစ်ပါသည်။

ထိုနည်း ၂-နည်းတို့ကို မိမိတို့ နှစ်သက်စွမ်းနိုင်ရာနည်းကို အသုံးပြုကြရန် ဖြစ်ပါသည်။ ထိုသို့ ဌာပနာရာတွင် စေတီဘုရား မြင့်ပါက၊ မြေမှ ဌာပနာတိုက်ထိအောင် နတ်လမ်းပြုလုပ်ရပါမည်၊ စေတီနိမ့်လျှင်လည်း ငြမ်းများမှတဆင့် လက်ဆင့်ကမ်းခြင်း၊ လှေကားထောင် လက်ဆင့်ကမ်းခြင်းပြု၍ ဌာပနာနိုင်ပါသည်၊သို့သော် နတ်လမ်းဖြင့် ဣန္ဒြေရစွာ ဌာပနာသင့်လှပါသည်။

၃။ ဌာပနာရန်များကို ဝေါယာဉ်ကျောင်းတော်ဖြင့် ပင့်ယူပြီး ဌာပနာရန်နည်းမှာ။ –

(၁) ဘုရားပင့်ကို ရှိသေစွာ ဆိုလျှောက်၍ ဘုရားပင့်ရပါမည်။

(၂) ကျောင်းတော်နှင့် ဘုရား ထိ လမ်းဖေါက်ရမည်၊ လမ်းဟူသည် သဲဖြူခင်း ရာဇမတ်ကာ၊ငှက်ပြောပင်ကြံပင်စိုက်၊ ရာဇမတ်ထုံးသုတ် တန်ခွန် ကုက္ကားမုလေးပွား ကျက်လျှာတွေစိုက်၊(လမ်း အသင့်အတင့်ကြယ်ပါစေ) ခြင်းကို ဆိုလိုသည်။

(၃) ရွှေဝေါယာဉ်တော်ကို ထမ်းသော လုလင်ပျို ၈-ဦး (တစ္စန်း ၂-ဦးစီထမ်း) တို့အား ရှေးနန်းတွင်းသားလုလင်တို့ကဲ့သို့ငှင်း၊မြန်မာစစ်သည်တော်တို့ကဲ့သို့ငှင်း ဝတ်ဆင်စေရမည်။

(၄) ရွှေထီး ၄-လက်၊ ထီးဖြူ ၈-လက်၊ထီးတော်မိုး ၁၂-ဦးမှာ မြန်မာ စစ်သည်တော်များ ကဲ့သို့ ဝတ်ရမည်၊ ဝေါယာဉ်တော်ရှေ့မှ ရွှေထီး ၂-လက်နှင့် ထီးဖြူတော် ၂-လက် ဘေးဘက်မှ ထီးဖြူတော် ၂-လက်နှင့် ဝေါယာဉ်တော်၏ နောက်မှ ရွှေထီး ၂-လက် ထီးဖြူတော် ၂-လက် ဝေါတော်ဘေးမှ ထီးဖြူတော် ၂-လက်မိုးကာ လိုက်ရပါမည်၊ သို့ဖြစ်၍ လမ်းကြယ်ရန်လိုပါ၏။

(၅) ဝေါတော်၏ ရှေ့ဖျားမှ၊ ရွှေကျိုင်းတော်ကိုင် ၄-ဦး၊၎င်းနောက်မှ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦး၊ ၎င်းနောက်မှ၊ ပန်းတောင်ကိုင် အမျိုးသမီးပျို ၂-ဦး ထို့နောက် ကွမ်းတောင်ကိုင် အမျိုးသမီးပျို

၂-ဦး၊ ထို့နောက် ကန်တော့ပွဲ ၂-ပွဲ၊ (ဘုရားနှင့် သံဃာ ကန်တော့ပွဲ) ထို့နောက် သိကြားမင်းနှင့် မဟာနာဝယကကြီး၊ ပုရောဟိတ် ပုဏ္ဏားတော် ၂-ဦး တို့ဖြစ်ပါသည်၊ ၎င်းတို့မှာလည်း ရှေးက အစီအစဉ်တွင် ဖေါ်ပြထားပြီးအတိုင်း ဝတ်ဆင်ကြရပါမည်။

(၆) ဝေါယာဉ်တော်၏ နောက်မှ ရွှေအုပ်ကိုင် အမျိုးသမီး ပျို ၂-ဦး၊ ဆန်၊ ပန်း၊ ပေါက်ပေါက် အမွှေးနံ့သာ ပျောင်း ငွေဖလားကြီး ၄-လုံးကိုင် အမျိုးပျို ၄-ဦး ထို့နောက်မှ အောင်သပြေအိုးရွက် အမျိုးသမီး ၂-ဦး ထို့နောက်မှ စည်တော်တီးအဖွဲ့နှင့် ရှေ့ဖျားမှ ဥပါသကာ ဗုံတောင်တီးအဖွဲ့ သွားစေပြီး ဤအကျဉ်းဆုံးသော အခမ်းအနားဖြင့် ဘုရားပင့်ကြရသည်။

(၇) လမ်းတလျှောက်လုံး၏ ဝဲယာတို့တွင် ရွှေကြာသွတ်အိုး၊ ရွှေမြူတာအိုးများကို ၁၀၈-အိုးစီ၊ အမျိုးသမီး ၂၁၆-ဦးတို့က ရပ်ရွက်၍ဖြစ်စေ တင်ထားစရာဖြင့်တင်၍ဖြစ်စေ ပူဇော်နေစေရမည်၊ ဘုရား၏ဝေါ်တော်ကြွသွားပါက မိမိတို့လည်း ကိုယ့်အိုးကိုယ် မပြီးနောက်မှ ဝင်လိုက်သွားရပါမည်၊ သို့ဖြစ်၍ လမ်းရာဇမတ်ကို အရှည်ကြီး ပိတ်ကာမပစ်ဘဲ ၁၀ တောင်ခန့်တပိုင်း ၁၀-တောင်ခန့်တပိုင်းဖြင့် အပိုင်းပိုင်းခြား၍ (နည်းနည်းတလံစသည်ခွါ၍) (စိပ်စိပ် ၂-တောင်ခန့်) ကာရပါမည် အမြဲတန်း ပူဇော်ထားသော

ရွှေကြာသွတ်အိုး၊ရွှေမြူတာအိုးများလည်း၊ဝါးရေအိုး စဉ် တင်စရာကဲ့သို့ဖြစ်စေ တင်စရာဖြင့် ပူဇော်ထားရ ပါမည်။

(ဂ) ဘုရား၏ပါတ်လည် ကုန်းတော်ပေါ်တွင်လည်း အမြဲ တန်း ပူဇော်ထားသော ရွှေမြူတာအိုး၊ရွှေကြာသွတ် အိုးများ ရှိနှင့်ရပါမည်၊နောင်-အမျိုးသမီးများ ယူလာ မည့် ၂၁၆-အိုးလည်း ရောက်လာပါက၊ စေတီဘုရား ပါတ်လည်တွင် တင်စရာများပြု၍ ဖြစ်စေ၊ ပန်းတင် ခုံပေါ် တင်ပြီးဖြစ်စေ ပါတ်လည် စေတီဘုရားအား ပူဇော်ထားရပါမည်။ (ပြန်ယူရန်မဟုတ်ပါ)။

(ဃ) ဘုရားဝေယျာဉ်တော် ကြွမည့်လမ်းပေါ်တွင် သဲဖြူ ခင်း ရာဇမတ်တွင်းတွင် အခမ်းအနား မပါသူများ မဝင် မသွားရပါ။ဘေးတို့မှလည်း လမ်းတလျှောက် လုံး၊ ဆန်၊ပန်း၊ပေါက်ပေါက် အမွှေးနံ့သာပျောင်း ပိုက်ဆံ ရွှေငွေများ ကြဲပူဇော်ရန် တော်တော်များ များ ချထားစီမံရပါမည်။ပြည်သူလူထုတို့အားလည်း ပူဇော်ကြရန် ခွင့်ပြု နိုးဆော်ထားရပါမည်။

၄။ ဤကား အကျဉ်းချုပ် ဘုရားစေတီသို့ ဝေယျာဉ်ဖြင့် ပင့်ယူနည်းဖြစ်၏၊ တတ်စွမ်းနိုင်ပါမူ ရှေ့ဝန်း နောက်ဝန်း မင်းခမ်းမင်းနားဖြင့် ပင့်ယူနိုင်ပါသည်။ ဘုရားဝေယျာဉ် အနီးတွင် ဂဠုန်၊ နဂါး၊သိကြား၊ဗြဟ္မာမင်းတို့၊ ယပ်ဝန်းများ ဖြင့် ပူဇော်ပြီး လိုက်စေခြင်း စသည်ဖြင့်၊ချဲ့ထွင် ပူဇော်ကြ

နိုင်ပါကြောင်း၊ ယခုတဖန် လက်ဆင့်ကမ်း၍ ဘုရားပင့်နည်းကို ဆိုပါမည်။ ဌာပနာသွင်းပွဲ ထုံးစံအတိုင်း စံကျောင်းတော်တွင် ရတနာသုံးပါးတွက် ပွဲ-၃-ပွဲ၊ အသျှင်မဟာကဿပဂုတ္တမထေရ်တွက် တပွဲ၊ အသျှင်သောဏုတ္တရ မထေရ် အတွက် ပွဲတပွဲ၊ အသျှင် ဥပဂုတ် မထေရ်အတွက် ပွဲတပွဲ၊ သာသနာတော်စောင့်များအတွက် ပွဲတပွဲ ထိုကဲ့သို့ ပွဲများ ကပ်ပူဇော်ထားရမြဲဖြစ်ပါသည်။

၅။ ဘုရားစေတီကိုလည်း သဲဖြူ ခင်း ရာဇမတ်ကာခြင်းစသည် ထုံးစံအတိုင်း ပူဇော်ထား၊ ဘုရားကြွတော်မူမည့်လမ်းကိုလည်း ဖေါ်ပြပြီးအတိုင်း သဲဖြူခင်း ရာဇမတ်ကာစသည်၊ ပြု မြဲ အ တိုင်း ပြုကြရပါမည်။ ရွှေမြူတာအိုး၊ ရွှေကြာသွတ်အိုးများလည်း ထုံးစံအတိုင်း ဘုရားလမ်းနှင့်စေတီတော် ပါတ်လည်တွင် ပူဇော်ထားရပါမည်။

(၁) ပင့်ယူကြရမည့် ဘုရားဌာပနာရန် ပစ္စည်းအားလုံးတို့ကို၊ စာရင်းကျနစွာ လုပ်ထားပြီး၊ ငွေလင်ပန်း၊ ကြေးလင်ပန်း၊ သို့မဟုတ် တိုက်ပုဂံပြားကြီးများ၊ သို့မဟုတ် ရွှေမင်သုတ်ထားသော သံလင်ပန်းငယ်များတို့ဖြင့်၊ ဓါတ်တော်၊ ဆင်းတုတော်စသော ပင့်ယူရမည့် ပစ္စည်းအားလုံးကို တော်သင့်ရုံ ခွဲခွဲပြီး ငွေလင်ပန်းများတွင် ခွဲဝေထည့်ထားပါ။ ထိုယူစရာ ငွေလင်ပန်းချပ်ပေါင်း ဥပမာ ၂၄-ချပ် ဆိုပါတော့၊ ရွှေထီးထီးဖြူပေါင်း ၂၄-ခု၊ သို့မဟုတ် ၂-လက်စီ ဖြစ်၍ ၄၈-လက် ထီးများ ရှာထားရပါမည်။

(၂)ရွှေကျိုင်းတော်ကိုင် စစ်သည်တော် ၂-ဦး၊ ဗုဒ္ဓသာသန အောင်လံတော်ကိုင် စစ်သည်တော် ၂-ဦး၊ ရွှေပန်း တောင်ကိုင် အမျိုးသမီးပျို ၂-ဦး၊ရွှေကွမ်းတောင်ကိုင် အမျိုးသမီးပျို ၂-ဦး၊ ရွှေအုပ်တော်ကိုင် အမျိုးသမီးပျို ၂-ဦး၊ဆန်၊ပန်း၊ပေါက်ပေါက်၊အမွှေးနံ့သာပျောင်း ငွေဖလားကြီး ၄-လုံးကိုင် အမျိုးသမီးပျို ၄-ဦး၊ သိကြားမင်းနှင့် မဟာနာယကကြီး၊ ပုဏ္ဏားတော် တဦး၊ ၎င်းတို့သည် ရှေ့ဖျားချီအဖွဲ့ဖြစ်၏။ ပဌမဆုံး ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူသော ဘုရား နှင့် ဘုရားရွှေခေါတ်တော်ကြုပ်ကို ငွေသလွန်ပေါ် တင်၍ သိကြားမင်းကြီးက ပင့်ယူလျက် မဟာနာယ ကကြီးက၊ အောင်သပြေ၊ မြေဇာ၊ ငွေခရုသင်းကို ကိုင်၍ ပုဏ္ဏားတော်က ခရုသင်းမှုတ်(အချက်ပေး) အချိန်ပေးရန် အောင်သပြေ၊ မြေဇာပင်ဖြင့် ကိုင်၍ ရွှေထီး၊ ထီးဖြူများ မိုးကာ၍ ရှေ့ဦးဆုံးမှ ကြွချီရ မည့် အဖွဲ့ဖြစ်ပါသည်။ ၎င်းတို့အား လက်ဆင့် မကမ်း ရတော့ဘဲ တောက်လျှောက် ပင့် ယူ သွား ဆဲ မှာ ဘုရားလမ်းအတွင်း၊၎င်းတို့လွန်သွားမှ၊လက်ဆင့်ကမ်း ကုသိုလ်ပြုလိုသူများနှင့် အခမ်းအနား ပါသူများက ဝင်ရပ် နေရာယူစေရမည်။ ထိုရှေ့ဦးအဖွဲ့ စေတီရောက် မှ လူစဉ်ပြီး လက်ဆင့်ကမ်းရပါမည်။

(၃) နတ်သား ၇-ဦး၊ နတ်သမီး ၇-ဦး၊ တုရင်ဝတစုဖြင့် အမျိုးသမီး အမျိုးသား ၁၄-ဦးတို့ ဖြစ်ပါသည်။

(၄) နန်းတွင်းသား ၈-ဦး၊ နန်းတွင်းသူ ၈-ဦး၊ အမျိုးသား အမျိုးသမီး ၁၆-ဦး။

(၅) သိုရင်း အင်္ကျီရှည်၊ ပုဆိုးတောင်ရှည် ဖေါင်းလုံးပေါင်း စပေါယ်တင်ဖြင့် အမျိုးသားကြီး ၈-ဦး။

(၆) စွပ်ကြယ်အင်္ကျီ၊ အပေါ်ဖုံး ရင်စိအင်္ကျီ၊ ပုဆိုးတောင် ရှည်ဖြင့် အမျိုးသားကြီး ၈-ဦး။

(၇) ခေတ်မြန်မာ အမျိုးသား ဝတ်စုံအပြည့် ဝတ်ထားသူ အမျိုးသားကြီး ၈-ဦး၊လုလင်အမျိုးသားငယ် ၈-ဦး။

(၈) ခေတ်မြန်မာ အမျိုးသမီးဝတ်စုံ အပြည့်အစုံ ဝတ်ထား သူ-အမျိုးသမီးကြီး ၈-ဦး။ အမျိုးသမီးငယ် ၈-ဦး။

(၉) ပြည်ထောင်စုသားများဖြစ်သော ရှမ်း၊ကရင်၊ကချင် မွန်၊ ကယား၊ ပလောင် စသော အမျိုးသားဝတ်စုံ အမျိုးသမီး ဝတ်စုံတို့ဖြင့် ၈-ဦးစီ၊ ၈-ဦးစီး လူမျိုးစု စုံအောင် ဝတ်ဆင်ပါစေ။

(၁၀) ကုလား၊ တရုပ်၊ အင်္ဂလိပ်လူမျိုး ဝတ်စုံဖြင့် အမျိုး သား ၈-ဦးစီ စသည်ဖြင့် မိမိတို့ စွမ်းနိုင်သမျှ လူမျိုး စုံ ပြင်ဆင်ပါ။

၆။ ထိုဆိုခဲ့သော လူ-နတ် မျိုးစုံတို့အား ဘုရား လမ်း တလျှောက် မုလ စံကျောင်းတော်မှ ဘုရားကုန်းတော် တိုင်အောင်၊စီတန်းပြီး၊ဘုရားလမ်းပေါ်တွင်၊ ခပ်ကြဲကြဲလေး နေရာယူထားပါ၊ခပ်ကြဲကြဲလေးဟူသည်၊ အတွင်းမှာ အရပ် သားများ နေရာယူစေရဦးမည်ဖြစ်၍ ခပ်ကြဲကြဲဟု ပြောပါ သည်။

၇။ သိကြားမင်းနှင့် မဟာနာယကကြီး အဖွဲ့သည်၊ ဘုရားပင့်ကို ဆို၍ ( ဘုရားပင့် နောက်တွင်ပါ၏၊ ကွက်လပ်ဖြည့်ဆို အလွတ်မရက၊ စာအုပ်ကြည့်ဆို ) ဘုရားပင့်ပြီးလျှင်၊ သိကြားမင်းအဖွဲ့က၊ ပဉ္စမဦးဆုံး ဘုရားဓါတ်တော်ကြုပ်နှင့် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူသော ပုံတော်ကို၊ စတင်ပင့်ယူသွားရပါမည်။ စည်တော်များ၊ ဗုံတောင်အတီးများ တော်သင့်သော နေရာများမှ တီးနေကြပါစေ။ ထိုအဖွဲ့ ဘုရား ရောက်ပြီးပါက လမ်းတလျှောက်လုံး ဖေါ်ပြခဲ့သော သူများ ခပ်ကြဲကြဲလေး တဦးခြင်း တန်းစီရပါမည်။ ထိုအတွင်း အတွင်းမှာ ပြည်သူလူထုထဲမှ အချို့တို့က ကြားကွက်လပ်ပြည့်အောင် ဝင်တန်းစီပါစေ၊ ခလေးတွေ မဖြစ်စေရပါ၊ ကြီးကြပ်ရေး လိုပါ၏၊ အသံချဲ့စက်ဖြင့်ရင်း လမ်းတလျှောက် ကြီး ကြပ် သူ များ စေ လွှတ် ၍ ငင်း စောင့်ထိန်းပါ၊ စောင့်ထိန်း ဟူရာတွင် လူတွေ ခလေးတွေ စည်းကမ်းမရှိခြင်းကို၊ ရှိပြီး ဣန္ဒြေရစေရန်သာ ထိန်းရခြင်း မဟုတ်သေး၊ ဌာပနာမည့် အဘိုးတန်ပစ္စည်းများ မပျောက် မရှရေးလည်း များစွာ လိုအပ်ပါကြောင်း။

၈။ အုပ်ချုပ်သူများက ကြပ်မတ်၍ ခပ်ဖြေးဖြေး ခပ်နှေးနှေး ဌာပနာမည့် ငွေလင်ပန်းများကို တ ချပ် စီ ခပ်လေးလေး စ၍ လက်ဆင့်ကမ်းပါလေ၊ ရသူတိုင်းတို့က ခေါင်းပေါ်တွင် တင်၍ရွက်ပြီး ဂုဏ်တော် ရွတ်ကြရပါမည်။ အားလုံး တလမ်းလုံး ဂုဏ်တော်ကို ရွတ်စေရပါမည်။ လွှတ်လိုက်သော ငွေလင်ပန်း တချပ်တိုင်းတွင် ရွှေယိုးဖြစ်စေ ထီးဖြူ

ဖြစ်စေ၊ တလက်ဖြစ်စေ၊ နှစ်လက်စီဖြစ်စေ၊ မိုး ကာ ပြီး လိုက်သွားရပါမည်။ လက်ပြောင်းသွားတိုင်း လိုက်မိုးရင်း ကြည့်ပါ။ ထီးတော်မိုးများမှာ ဌာပနာမည့် ပစ္စည်းများ မပျောက်ရေးကို၊ တာဝန်ယူစေပြီး လွှတ်ပါလေ၊ ငွေလင်ပန်း ဥပမာ ၂၄-ချပ် ထီးတော်မိုးတွေ ၄၀-ဦးတို့ပါ တရွေ့ရွေ့ ဖြေးဖြေး သွားကြပါစေ။ မနီးလွန်း မဝေးလွန်းပါစေနှင့်၊ ဂုဏ်တော်ပွားပြီး ခေါင်းပေါ် ရွက်ရွက်ပြီး လက်ဆင့်ကမ်း ပါစေ။

၉။ ထိုသို့ ဌာပနာဘုရားများ ကြွနေဆဲတွင် ဘေးမှရှိသော (ရာဇမတ်တွင်း မဝင်စေရ) ပြည်သူအပေါင်းတို့က၊ ဆန်၊ ပန်း၊ ပေါက်ပေါက်၊ အမွှေးနံ့သာများဖြင့်၊ ပက်ကြဲ ပူဇော် ရန် ခွင့်ပြုပါ၊ မိမိတို့ကလည်း ဆန်ပန်းပေါက်ပေါက် နံ့သာမွှေး ကြဲပက်သူများ လမ်းတလျှောက် အများပင် ချထားရပါမည်။ အထူးသဖြင့် ပိုမိုကောင်းမွန်မည်မှာ လူတိုင်း ဝင်တိုးတွေ့ခြင်းမှ မဖြစ်ရန်ရင်း၊ ပူဇော် မြိုင်စေ ရန်ရင်း၊ လမ်းတဘက်စီမှ တန်ခွန် ကုက္ကား မုလေးပွား ကိုင်၍ရင်း၊ ရွှေကြာသွတ်အိုး၊ ရွှေမြူတာအိုးများဖြင့်ရင်း၊ ပူဇော် တန်းစီစေပြီး လူခြင်းထိမျှ လုံမလေးများမကျန် တန်း၍ လူခြင်းထိပြီး လမ်းတဘက် တချက်မှ တန်းထား ပါက၊ ပို၍လည်းလှပြီး ဣန္ဒြေရပါသည်။ လူတိုင်းလည်း အများပြည်သူတို့ ပူဇော်ခွင့်၊ လက်ဆင့်ကမ်းခွင့် ရရေးကို၊ ဦးစားပေးသော စံနစ် ဖြစ်ပါကြောင်း။ လိုအပ်သလို စီစဉ် ရွက်ဆောင်ကြပါ။

★၁၀။ ဌာပနာမသွင်းမီ ညတွင် ဖြစ်စေ ၃-ညဖြစ်စေ၊ ဌာပနာမည့် ဓါတ်တော်အစုံ ပူဇော်ဘွယ်တို့ကို ဘုရားစဉ်သလွန်ပေါ်ပလ္လင်ပေါ်တွင်တင်၍ ခမ်းနားစွာ ပူဇော်ပြသ ဖူးမျှော်ခံထားရပါမည်။ ထိုအခါ သံဃာတော်များ လူများက အပေါင်း ရွတ်သရာဇ္ဈယ်ခြင်းကို ပြု ပူဇော်ရပါမည်။ အနည်းဆုံး တညဖြစ်စေ သံဃာများဖြင့် အပေါင်းရွတ်ပါ ဘုရားပင့်ကို ဆို၍ မပင့်မီ ပင့်ခါနည်းတွင် သိကြားမင်း၊ မဟာနာယကကြီး၊ ဗြဟ္မာမင်း၊ ပုဏ္ဏားတော်များက လောကီ အဘိသိက်၊ လောကုတ္တရာ အဘိသိက်များ ပေးကြရပါမည်၊ခရုသင်း မြေဇာမြက် အောင်သပြေတို့ဖြင့် ဌာပနာမည့် ပစ္စည်း၊ဓါတ်တော် အားလုံးတို့အား၊ ခရုသင်း ရွှေစင်မွေးဖြင့် ရေဖြန်း အဘိသိက် ၂-ပါးကို ပြုရခြင်းမှာ အဓိက ပြုရိုး ဓမ္မတာဖြစ်ပါကြောင်း။ ထို့ပြင်လည်း ဌာပနာများကို ရှေ့ဝန်း နောက်ဝန်းတို့ဖြင့် ခမ်းနားစွာ ဝန်းကြီးခင်း၍ ပင့်ရာတွင်လည်း မြင်းသည်တော်များ၊ ဆင်များ၊မြင်း ၄-ကောင်က၊ရထားတို့ဖြင့်လည်း ပူဇော်ပင့်နိုင်ပါကြောင်း။ထိုသို့ဌာပနာများ ပင့်ယူလာရာတွင်လည်း၊ လက်ဃာရစ် သုံးပါတ်ပူဇော်ပြီးမှ အရှေ့အရပ်မှသာ မုချ ဝင်ရပါမည်။ဌာပနာတိုက်မှာလည်း ဘေးပေါက်မဟုတ် မလုပ်ရပါ၊ သေတ္တာ(မဋ္ဌူ တံသင်း) ကဲ့သို့သာ အပေါ်မှကျောက်ဖျာ ပိတ်ဖုံးရရိုး ထုံးစံအတိုင်း ပြုရပါမည်။ ရွှေကြာသွတ်အိုး၊ ရွှေမြူတာအိုး ၁၀၈-လုံးတို့ကိုလည်း၊ စေတီ ဘုရား ပါတ်လည်တွင် အမြဲ ပူဇော်ထားနိုင်ပါကြောင်း ထုံးဟောင်း ရှိသမျှ ဖေါ်ပြအပ်ပါသည်။

# ၁၄။ စေတီဘုရား တည်ရာတွင် အထူး ထုံးတမ်း စဥ်လာများ။

၁။ စေတီဘုရား၏ သပိတ်မှောက် ( သပိတ် )ကို ပိန္နတိုင်က မဖေါက်ရပါ။

၂။ စေတီတော်သည် တဘက်ဘက်သို့ ( အရှေ့ အနောက် တောင် မြောက် ) မတိမ်းစောင်းစေရပါ။

၃။ ပွဲတော် ၅-ပွဲကို အထူး ပူဇော်၍ မုချ ကျင်းပရမည်။

၄။ ထိုပွဲတော် ၅-ပွဲ ရွက်ဆောင်ရာတွင် စေတီကုန်းသို့ အဘယ် အခါမှ အနောက်အရပ်၊ တောင်၊ မြောက် အရပ် တို့ မှ အခမ်းအနားဖြင့် မဝင်ရပါ။ အရှေ့အရပ်မှသာ ဝင်ရသည်။

၅။ ဥပုသ်နေ့မည့် စေတီလေးပါး၊ ရတနာသုံးပါးများ မုချ ပြည့်စုံစေရပါမည်။

၆။ ဥပုသ်နေ့မည့် ည နှင့် ဥပုသ်နေ့ပြီး ညများတွင် သံဃာတော် များ၏ အပေါင်းရွတ် ပူဇော်ခြင်းပြုရပါမည်။

၇။ ဥပုသ်သွင်းခါနည်း၊ ဘုရားပင့်ခါနည်းတွင်ရင်း၊ ဥပုသ်နေ့ ပြီးသောအခါ၊ ကျောက်ဖျာ မပိတ်မီရင်း (ပိတ်ခါနည်း) လောကီ အဘိသိက်၊ လောကုတ္တရာ အဘိသိက်များ ပေးရ ပါမည်၊ ပူဇော်ပွဲ ကျင်းပရပါမည်။

၈။ ဥပုသ်တိုက် (ဂန္ဓကုဋီတိုက်)မှာ မုချ တတိုက် ပြည့်စုံလျှင် ၂-ဆင့် ဖြစ်ရပါမည်။

၉။ ဘုရားဆင်းတုတော်များကို၊ ဌာပနာရာတွင်၊ အတွင်းဘက်သို့လည်ထားခြင်းမပြုရ။

၁၀။ သတ္တဌာန ပုံတော်များမှာမူ ထုံးစံပုံမှန်အတိုင်း ထည့်တည်ရပါမည်။

၁၁။ ထီးတော်တင်သောအခါတွင် တခါတည်း မတပ်ဆင်ဘဲ ဘုရားစေတီ၏ ငှက်ပြောဖူး အနီးတွင် မြေပေါ်တွင် စုပုံထားခဲ့ခြင်း မပြုရ။ တခါတည်း တပ်ဆင် ပူဇော်ရမည်သာ ဖြစ်ပါသည်။

၁၂။ ထီးတော် မစောင်းငိုက်စေရန် သတိကြီးရမည်၊ ပိုနဲ့တိုင်မတ်မှန်ပါစေ။

၁၃။ ကြွေးတင်ခံပြီး စေတီဘုရား မတည်ထားရ။ (ကြွေးမကျန်ရှိစေရ)။

၁၄။ စေတီဘုရား၏ ဘွဲ့တော်ကို သာမည လူမည်ကဲ့သို့ မပညတ်ရ၊ ရှေးဘုရားပွင့်တော်မူပြီး ဘုရား၏ ဘွဲ့များ၊ လူနတ်တို့ဖြင့် မစပ်ဆိုင်နိုင်သော ဘွဲ့မည်များသာ အဓိပ္ပါယ်နက် ဆောင်သော ဘွဲ့မည်တော်သာ သသင့်ပါသည်။

၁၅။ ဘုရားသခင်၏ ဓါတ်တော်စစ်မရဘဲ၊ မရှိဘဲ၊ မပါဘဲနှင့် ဌာပနာတိုက်ကို မပိတ်ပါနှင့် အခြား မအပ်စပ်သော ပစ္စည်းများပါလျှင် တာဝန်ခံပြီး ဌာပနာတိုက် မပိတ်ရ။

၁၆။ ဌာပနာတိုက် ပိတ်ပြီးပါက အတွင်းသို့ ရေဝင်ပြီး ရေဝပ်နေခြင်းမျိုး ရေဝင်ခြင်းမျိုးလုံးဝ မရှိအောင် ရှက်ဆောင်ရမည်။

၁၇။ ဥာပနာတိုက်ကို သေတ္တာ (မဉ္ဇူ တံသင်း) ကဲ့သို့သာလျှင် ကျောက်ဖျာခင်းကာပြီး၊ အပေါ်မှ ကျောက်ဖျာပိတ်ရပါမည်။ ဘေးပေါက် ဥာပနာတိုက် ဟူ၍ မဖြစ်ရပါ။

၁၈။ ဌာပနာသော သတ္တဌာန ဘုရား ၇-ဆူ၏ နေရာမမှားမယွင်း စေရပါ။

၁၉။ ပွဲတော်ငါးပွဲ ကျင်းပချိန်တွင်၊ ရွှေကြာသွတ်အိုး၊ရွှေမြူတာအိုး ၁၀၈-လုံးစီ ပူဇော်ရပါမည်။

၂၀။ အုဌ်မြစ်တော် ချပြီးသည့် ရွှေအုဌ်မြစ်များပေါ်မှ၊မြတ်လေးပန်းဖြင့်သာ ပူဇော် ကြဲရပါမည်။ (အခြားပန်းများ အပို ပူဇော်ကြဲနိုင်ပါသည်)

၂၁။ ပွဲတော်၅-ပွဲ ကျင်းပတိုင်းပင် သံဃာတော်များ စွမ်းအားရှိသမျှပင့်ပြီး ဆွမ်းကပ်ခြင်း၊ပစ္စည်း ၄-ပါးတို့ဖြင့် စွမ်းအားရှိသမျှ လှူဒါန်းရပါမည်။

၂၂။ အခမ်းအနားပွဲတော် ဦးစီးလူကြီးစု(အရေးပါသူ)များမှာ ပွဲတော် ကျင်းပရက်တွင် ( နဝင်္ဂသီလ ) သီလဖြင့် ပြည့်စုံရပါမည်။

၂၃။ ဌာပနာများတွင် ရှေးဦးပဌမ ဗောဓိပင်နှင့် ဘုရားကိုယ်တော် (ပဌမ သတ္တဟ) ကိုသာ၊ ဦးစွာထည့်သွင်း တည်စေရမည်။

## ၁၅။ ဌာပနာများ စေတီတွင်း တည်သွင်းခြင်း။

၁။ ဌာပနာတိုက်အတွင်းသို့ ဌာပနာစေတီတော် လေးပါးတို့အား၊ ထည့်တည် သွင်း နေ ချိန်တွင်၊ သိကြား မင်း က မဟာနာဃကကြီးအား၊တဆင့် လှမ်းပေးပြီး၊မဟာနာဃကကြီးကသာ၊ဌာပနာများကို တည့်ထည့်သွင်း ပူဇော်ဆဲတွင် ဗြဟ္မာမင်း၊ သုယာမ နတ် မင်း များက ယပ်စွန်းများဖြင့် ဖြစ်စေ၊ထီးဖြူများဖြင့်ဖြစ်စေ မိုးကာ ပူဇော်နေစေရမည်၊ အနီးတွင် ပုရောဟိတ် ပုဏ္ဏားသည် အခါတော်ပေးလျက် ခရုသင်းမှုတ်လျက် ကောင်းချီးပေး အခါပေးလျက်ရှိရမည် ပြည့်စုံပါက၊နဂါးမင်း၊ ဂဠုန်မင်းတို့ကလည်း၊ အနီးမှ ဗြဟ္မာမင်းတို့ကဲ့သို့ ပူဇော်နေရပါမည်။ဆန်၊ပန်း၊ ပေါက်ပေါက် အမွှေးနံ့သာပျောင်းတို့ဖြင့် ပူဇော်ကြ နေစေကြရပါမည်၊ ဌာပနာတည်သွင်းသူ ပုဂ္ဂိုလ်သည်၊ကိုယ်၊ အဝတ်တန်းဆာ၊ စိတ်ဓါတ်တို့ သုဒ္ဓိ သန့်စင်စွာဖြင့် ဌာပနာတိုက် ( ဂန္ဓကုဋီ တိုက်)(ဓါတ်တော်တိုက်) အတွင်းသို့ ထည့်ရာတွင် ယခု အစဦးစွာ ထည့်ရမည်မှစ၍ အစဉ်အတိုင်းသာလျှင် ဖော်ပြ သွားပါမည်။ထိုအစဉ်ဖြင့်သာ ဌာပနာကုန်ရာ၏၊ရှေ့ဦးစွာ မှစ၍ ဖော်ပြသွားပါမည်။

၁။ ငွေစမ္ပခဏ်ကို၊ ဂန္ဓကုဋီတိုက်ပြည့် ဖြန့်ခင်းပါ၊ ထိုငွေစမ္ပခဏ်ပေါ်မှ ပိုးသား စမ္ပခဏ်ကို ဖြန့်ခင်းရပါမည်။

၂။ ရတနာ၊ ကျောက်မျက် ရတနာများ ဖြန့်ခင်းပူဇော်ကြဲချရပါမည်။

၃။ မဟာဗောဓိ ပရိဘောဂ စေတီတော် (ငွေဗောဓိပင်မင်း) အား တိုက်၏ ဗဟိုမှ တည်ချထားရပါမည် (ခက်မငါးဖြာပါသော ငွေသားဗောဓိပင်)

၄။ အပရာဇိတ ငွေ(ရွှေ)ပလ္လင်တော်ကို (ရတနာများ စီချယ်လျက်) ဗောဓိပင်မင်း၏ အရှေ့အရပ် ဗောဓိပင်ရင်းတွင် ချတည်ထားပါ။

၅။ ထိုပလ္လင်တော်ပေါ်တွင်၊ ငွေဆင်းတု(ဆင်းတုတော်မြတ်တဆူ) (ရွှေဆင်းတုဖြစ်စေ) တော် တဆူ ထိုင်တော်မူပုံကို အရှေ့မျက်နှာမူပြီး ချတည်သွင်းပါ။

၆။ ငွေပရိက္ခရာ(၈)ပါးကို၊ထိုမြတ်စွာဘုရား၏ ရှေ့တွင် (ငွေပဒေသာပင်ဖြစ်လျှင်)ပူဇော်ချတည်ပါ၊ပဒေသာမသီးပါက ဗောဓိပင်ရင်း ပါတ်လည်မှပင် ချစီထားပါ။

၇။ သတ္တဋ္ဌာန ဘုရားများမှ ( ၂ ) အနိမိဿသတ္တာဟကို တနင်္ဂနွေဒေါင့်မှ ဗဟိုသို့ မျက်နှာမူပြီး ချတည်ထားပါ နောက်တွင် သတ္တဋ္ဌာန ဇယားပုံစံ ပါပါသည်၊ထိုပုံစံများကို ရှုပြီး အစဉ်အတိုင်း ချ ရ မည် မှာ ။ (၃) ရတနာ စင်္ကမ သတ္တာဟ၊ (၄) ရတနာ ဃရ သတ္တာဟစေတီ (၅) အဇပါလ သတ္တာဟစေတီဘုရား၊ (၆) မုစလိန္ဒသတ္တာဟ စေတီဘုရား၊ (၇ ) ရာဇာယတနသတ္တာဟစေတီဘုရား၊ဤသို့အားဖြင့် ဘုရားစေတီတော် ( ဆင်းတု ဘုရားကိုဆို၏ ) တို့ကို တည်ချ ထားရပါမည်။

၈။ ယခုအခါ သတ္တဌာနဘုရား(၇)ဆူတွင် ပဌမ သတ္တဟ ဘုရား ကျန်နေသည်ကို သ တိ ပြု မိ ပ ါ လိမ့် မည်။ ထိုဘုရားအား(အဌသတ္တဟ)အဌအဇပ ါလ သတ္တဟ အဖြစ်၊အရှေ့သို့ မျက်နှာမူပြီး၊အရှေ့အရပ်မှ ချတည် ထားရပါမည်။

၉။ လက်အုပ်ချီနေဟန် ရဟန္တာကြီး ၂-ဆူအနက် အသျှင် သာရိပုတ္တရာ မထေရ်ကို မြတ်စွာဘုရား၏ လကျာ ဘက်မှ၊ဘုရားဘက် မျက်နှာပြုပြီး ချတည်ပါ။ တဖန် လက်ဝဲဘက်မှ အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်ကို ဘုရားဘက်လှည့်၍ အနီးမှ တည်ချထားရပါမည်။ ရဟန္တာပုံတော် ၂-ဆူလုံး လက်အုပ်ချီ ထိုင်ပုံတော် ဖြစ်၏။

၁၀။ ငွေသလွန်ကို ဗောဓိပင်မင်းအား ခေါင်းရင်းထားပြီး ဗောဓိပင်၏ အနောက်တည့်တည့်မှ ခင်းချပါ။ အခင်း ခေါင်းအုံးစသည် အ ပြည့် အ စုံ ငွေပိုးစသည်ဖြင့် ပြုပြီး အပြည့်အစုံ ဖြစ်ပါစေ။ငွေသလွန် ( အစား ရွှေလည်းလုပ်နိုင်ပါ၏)တွင် ရတနာများ စီချယ်ပါ။

၁၁။ ထိုငွေသလွန်ပေါ်တွင် မြတ်စွာဘုရား၏ ရွှေ ကြု ပ် တော်မြတ်ကို ချတည်ထားပါ။

၁၂။ အကယ်၍ ရွှေ-ငွေ-မိုးကျိုး-ကျောင်းတော်မူ ပုံတော် ပါလျှင်၊နေရာဆန့်ပါက၊ကျောင်းတော်မူ ငွေသလွန် ပေါ်တွင် ဘုရားဓါတ်တော်ရွှေကြုပ်ပါ အတူထား ရပါမည်။ ကျောင်းတော်မူရှိပြီး မဆန့်ပါက ဘုရား

ဓါတ်တော်ကြုပ်ကို ငွေပလ္လင်တော်ဖြင့် ဗောဓိပင်၏ မြောက်ဘက်မှ ဗောဓိပင် ချေရင်းတွင် တည်ချပါ (ပရိနိဗ္ဗာန် ပုံမဟုတ်)

၁၃။ ရဟန္တာများ၏ ဓါတ်တော်များ၊ငွေ(ရွှေ)ကြုပ် တခုထဲ၊ ရှိပါက ဗောဓိပင်၏ တောင်အရပ်အနီးတွင်ချပါ၊ အကယ်၍(၈)ကြုပ် ဖြစ်ပါက အရပ်(၈ )မျက်နှာမှ ဝိုင်းယံ၍ ချရပါမည်။

၁၄။ သာဝက ရဟန္တာပုံတော် ၈-ဆူပါပါက အရပ် ၈-မျက်နှာမှ ပူဇော်ပုံအားလုံး ဗဟိုရ်ရှိသို့ မျက်နှာမူပြီး ချထားပါ။

၁၅။ ဓမ္မာက္ခန္ဓာပေါင်း (၈၄၀၀၀)ရေးထားသော တရားတော်မြတ် ငွေပြားတို့ကို၊ ဓါတ်တော်တိုက်၏ အ ရှေ့. အ ရပ် နံရံတွင် မှီထောင် ထားရပါမည်။

၁၆။ ဂေါတမ မြတ်စွာဘုရားသည်၊ သက္ကရာဇ် ၆၈-ခု၊ ဥတုဂိမန္တ၊ ကဆုန်လပြည့် သောကြာနေ့ နံက် တချက်တီးအချိန်၊ သိဟ်လဂ်၊ ဗြိဿာစန်း၊ ဝိသာခါ နက္ခတ်နှင့် စန်းယှဉ်၍ ဖွားတော်မူသည်။ ၎င်းစာတမ်း ပါလူများ ဇာတာဖွဲ့ သကဲ့သို့ ငွေပြား ရွှေပြား ဇာတာ ဆွဲထားသော ဘုရားသခင်၏ ဇာတာတော်ကို မြောက်ဘက်နံရံတွင် ထောင်ထည့်ပါ။

၁၇။ ယခုတည်သော၊ဘုရားစေတီ၏ ရွှေအင်္ဂမြစ် စချသော၊ ခုနှစ်-သက္ကရာဇ်-လ-ရက်-နေ့-အချိန်ကိုယူပြီး ငွေဇာတာဖွဲ့ပြီး တောင်ဘက်နံရံတွင် ထည့်ထောင်မှီပါ။

၁၈။ ယခုဘုရား၏ တည်ရသော ဗုဒ္ဓဝင် ငုံ၍ တည်ပါက ယခင် ဘုရား၏ ဗုဒ္ဓဝင်ပါ ရေး၍ ဆုတောင်း ပတ္ထနာလျက် အကြောင်းအကျိုး ငွေပြားပေါ်တွင် ရေးသော ငွေဗုဒ္ဓဝင် ပတ္တနာ ငွေပြားကို အနောက်ဘက် ဌာပနာတိုက် နံရံတွင် မှီထောင်ထည့်ပါ။

၁၉။ ကကုသံ မြတ်စွာဘုရားကို အရှေ့သို့ မျက်နှာပြု၍၊ ကောဏာဂုံ မြတ်စွာဘုရားကို တောင်သို့ မျက်နှာပြု၍ ကဿပ မြတ်စွာဘုရားကို အနောက်သို့ မျက်နှာပြု၍ ဂေါတမ မြတ်စွာဘုရားကို မြောက်သို့ မျက်နှာပြုပြီး ဗောဓိပင်ကို ဗဟိုပြုပြီး ဘုရားလေးဆူတို့ကို ယခုဖော်ပြသော အစဉ်အတိုင်း ထည့်တည်ထားရပါမည်။

၂၀။ တဖန် ပရိက္ခရာ( ၄ )စုံ ( ပဒေသာ သီးထားသော ပရိက္ခရာ) ငွေပရိက္ခရာများကို အစဉ်အတိုင်း ဘုရား ၄-ဆူ၏ ရှေ့တွင်တည်ချထားရပါမည်။

၂၁။ ဤကား စေတီဘုရားတဆူတွင်၊ မုချပါစေရမည့် ဌာပနာ များ ဖြစ်ပါသည်။ ရတနာသုံးပါး၊ စေတီလေးပါး ပြည့်စုံ ထိုက်ပြီးဖြစ်လေသည်။ ယခုကဲ့သို့ ပြည့်စုံစွာထည့်ပြီးနောက် ရတနာမိုးရွာကြဲပူဇော်ပါဦး၊ ထို့နောက်တွင်ကား ဌာပနာ ဘွယ်ရှိသမျှသော အပိုဌာပနာရန်များကိုမူ၊ အစီအစဉ်ဟူ၍ မရှိတော့ပါ။ မိမိတို့ နှစ်သက်ရာရာတို့ဖြင့်၊ဌာပနာတိုက် အတွင်းသို့၊ ရှိသေစွာ တည်ထားရပါမည်။ သို့သော်လည်း ပြဟ္မာမင်းကြီးများ၊ သန္တုဿိတနတ်သား၊ သိကြားမင်း စသည်တို့ ပါခဲ့လျှင် ဗောဓိပင် ရှေ့ပလ္လင် အောင်တော်မူသော ဘုရားအနီးမှာပင် ပူဇော်ဟန် တည်ထားရပါမည်။

ထိုသို့ ဌာပနာဘွယ်များအားလုံး ပြီးစီးကုန်ပါလျှင် ရွှေအုပ် တွင်းမှပါသော ရတနာ ကျောက်သံ ပတ္တမြား တို့ဖြင့် အပေါ်မှ ကြဲဖြန့်ချပြီး ပူဇော်ရပါမည်။ နှံ့သာမွှေးအိုး (ငွေအိုး)များ၊ ရွှေပန်းခိုင် စသည် အားလုံးတည်ထားပြီး ဆီမီးတွန်း(ပြားဖယောင်းတိုင်)ပူဇော်ထားနိုင်ပါ၏။

၃။ ☆ ရတနာသုံးပါး စေတီဘုရားတို့အား၊ ရတနာမိုး ရွာ သွန်းဖြိုးလျက် ပူဇော်လှူဒါန်းပါ၏ဘုရား။ ။ဟု ဆို၍ ရတနာကြဲပါ။ ထိုသို့ ဌာပနာတိုက် မပိတ်မီ အဘိသေက ၂-ပါးလုံးပေး၍ ပူဇော်ပါကုန်။ ကန်တော့ကြပါကုန် အများသောသူတို့ ဖူးမျှော်ခွင့် ပြုသင့်ပါ၏၊ အသင့်အတင့် ဖူးမျှော်စေပြီးသော်ကား၊အားလုံးခရသင်း မှုတ်ပြီး အချက် ပေး၍ ကန်တော့ကြစေ။

ထိုသို့ ကန်တော့ကြပြီးနောက်၊ဌာပနာတိုက် ပိတ်တော့ မည့်အကြောင်း ကြေငြာလျက်-။

(၁) ဆီမီး သာသနာတော် ငါးထောင်ပတ်လုံး မငြိမ်းစေ ရန် သစ္စာပြုပြီး၊ အပေါ်မှ-။

(၂) ပိုးဗိတာန်ကို ပွတ်တိုင်ရွှေချ(၄)လုံးထောက် ( တိုင် ၄-တိုင်ခံ)လျက် ဗိတာန်ကျက်ပူဇော်ပါ။

(၃) ထိုပိုးဗိတာန်ပေါ်မှ ငွေ ( ရွှေ ) ဗိတာန်ကျက်ဖြန့်မိုး ပူဇော်ပါ။

(၄) ထိုအပေါ်မှ ကျောက်ဖျာပိတ်ပြီး အင်္ဂတေ သယွတ် အလုံပိတ်စေရပါမည်။

၄။ ✡ ထိုသို့ ကျောက်ဖျာပိတ်ရာတွင် သစ္စာဆိုပြီး အရပ် ၄-မျက်နှာမှ ပုဂ္ဂိုလ်ကြီး ၄-ဦး၊ အခြား ရင့်ကျက်သူများပါ ကိုင်ပြီး သစ္စာငါးချက်ဆိုပြီး။

(၁) ရန်သူမျိုးငါးပါး၊စေတီဘုရားအား၊ မဖျက်ဆီးနိုင်စေသတည်း။

(၂) ဤစေတီအတွင်း၌ စေတီလေးပါး ဓါတ်တော်များ ကိမ်းဝပ်စေသတည်း။

(၃) ဝိဇ္ဇာစစ်သည်၊နတ်စစ်သည်၊စတုလောကပါလနတ်မင်းကြီးလေးပါး စောင့်ရှောက်စေသတည်း။ ရန်သူတို့အား သုတ်သင်ဖျက်ဆီးစေသတည်း။

(၄) ဤစေတီဘုရားသည် သာသနာ ငါးထောင် ကာလ ပါတ်လုံး တည်ပါစေသတည်း။

(၅) ဤစေတီဘုရားသည် ထင်ရှားစွာ တန်ခိုးပြာဋိဟာ ပြစေသတည်း။ပူဇော်ကုန်သော၊သူအပေါင်းတို့အား ဒိဋ္ဌမှ အကျိုးပေးစေသတည်း။

သစ္စာငါးချက်ကိုဆိုပြီး၊ ဤသို့ဆိုပြီး ကျောက်ဖျာကို ပိတ်လိုက်ရပါသည်။

၅။ ဤသို့ ခိုင်မာစွာပိတ်ပြီးမှ ကြွရောက်သော ပရိသတ်တို့အားလုံး၊ မြတ်စွာဘုရား စေတီတော်အား၊ ကန်တော့ ကြိုဆို၍ ပူဇော်ကန်တော့ လှူဒါန်းကြရမည်။

**No. 9**

(၁) ပုဏ္ဏားတော် ပုရောဟိတ်က၊စိန္တာမဏိ ဂါထာကိုဆို၍ အောင်ဆုပေး။

(၂) အမျှဝေ....တိုင်တည်....သာဓုခေါ် ။....ဆုခံယူ။........။ ဆန်၊ပန်း၊ပေါက်ပေါက် အမွှေးနံ့ သာပျောင်းတို့ဖြင့် ပူဇော်၊ ပူဇော်ဘွယ် ကြာသွတ်အိုးများ စသည်ဖြင့် ပူဇော်ကြကြရမည် (ခရုသင်းမှုတ်ပြီး (အောင်မြီ)ဟု ကြေငြွာရမည်။) ထိုနောက် စေတီဘုရားအား လက်ျာရစ် သုံးပါတ်ပူဇော်၍၊ မိမိတို့ မူလ အစီအစဉ် အတိုင်း၊ ပြန်လည် ထွက်ခါ တီးမှုတ်ကခုန် ပျော်ရွှင် စွာ ပြန်နိုင်ပါကြောင်း။

၃။ ဌာပနာသွင်း မင်္ဂလာပွဲတော်ပြီး၏။

# ၁၆ (၄) ရွှေထီးတော်တင် မင်္ဂလာပွဲတော်။

၁။ ရွှေထီးတော်ကို ဘုရားစေတီတော်၏ အမြင့်နှင့်ငှက်ပြောဖူးအားကို လိုက်၍၊ထီးတော်ပမာဏ ထိပ်ဝဘယ်နှစ်တောင်ဟု ဆုံးဖြတ်ရပါမည်။ ထိုသို့ အရွယ်ပမာဏကို ဆုံးဖြတ်ရာတွင်၊ ထီးမှာ မကြီးလွန်း မငယ်လွန်း အဆင်ပြေအောင်ဖြစ်ရပါမည်။ ထီးနှင့်ဘုရားမလိုက်၍ အကြည့်ရမဆိုးပါစေနှင့် ထီးမှာ မကုဋ္ဌဆတ္တ၊ ခေါ် မကိုဋ္ဌ၊ ထီးတော်သာဖြစ်ရပါမည်။ လူတို့တွင် အမြတ်အထွဋ္ဌဆုံးမှာ ဘုရင်ပင်ဖြစ်၏ ထိုဘုရင်များ၊သမုတိနတ်များ၏ အမြတ်ဆုံးအပိုင်းဖြစ်သောဦးခေါင်းတွင်၊ ဆောင်းတင် တန်းဆာဆင်ရာတွင်မူ သရဖူးမကိုဋ္ဌပင်ဖြစ်၏၊ထိုအထွဋ္ဌအမြတ်ဆုံးသော မကိုဋ္ဌတော်ကို၊ဝိသေသပူဇာရယာပြု၍ အမြတ်တကာတို့၏ဘုရင်ဖြစ်သော၊ဗုဒ္ဓဘုရားအား ပူဇော်ကုန်ရာသည်။ ထို့ကြောင့်၊ ရှေးသူမြတ်ဘိုးဘွားစဉ်လာ ဓမ္မတာတင်ရိုးမကိုဋ္ဌထီးသာ မုချတင်လှူရပါမည်၊ ထီးတော်မှာ သံတထပ် ကြေးတထပ် ဖြစ်သော ၂-ထပ်ထီးကိုမှာပါ၊ ထို ၂-ထပ်ထီးတွင် အားလုံး ဆွဲလွဲမှ စ၍၊ကိရိယာတန်းဆာ ပြည့်စုံရေးကိုဂရုပြုပါလေ၊ဆွဲလွဲဝိုင်းရစ်များ ၄-၅ ခု၊ တီးမှုပြီး နဂါး ၄-ကောင်ဖြင့် အဆင်ပြေအောင်တတ်ဆင်ကြည့်ပြီး၊ပဏာရအောင်လုပ်ပါ။ပဏာရအောင်ဟု ဆိုသောစကားမှာ ထီးကိုတင်ပြီးပါက၊အထစ်လိုက်ပြီး ရစ်ပြီး ထင်နေမှု၊ အရုပ်ဆိုးမှု မရှိရန်။ ဥပမာ ရွှေတိဂုံဘုရား ထီးတော်ကဲ့သို့ ပြေသွားရန်၊ငှက်ပြောဖူးနှင့် ပြေရန် အလွန်လို၍ ပြောနေရခြင်းဖြစ်ပါသည်။

၂။ ☆ အထူး အရေးကြီးဆုံးမှာ။ ထီးမှာ ဝယ်သောဆိုင်မှ သံပိန္နဲတိုင် ပါပါလိမ့်မည်၊အဲဒီ သံပိန္နဲတိုင်ဟာ(၁)ငှက်ပြော ဖူးထိပ်မှစပြီး စေတီတွင်း နှစ်နေသော ပမာဏကာ၊ဘယ်နှစ် ပေ။(၂)ငှက်ပြောဖူးထိပ်မှ ထီးတပ်ဆင်ရန် လိုအပ်သော ပမာဏက-ဘယ်နှစ်ပေလို၍ အစုစု၊ ဘယ်နှစ်ပေ ရှည်ရမည် ဆိုသော အချက်ကတချက်။ (၂)မိမိတို့ ဘုရားစေတီတော် တွင်၊ ထိုသံပိန္နဲတိုင် စိုက်ထည့်ရန် သံပိုက်လုံးကို ပိန္နဲတိုင် လုပ်ရပါမည်။ထိုသံပိုက်လုံး၏ ဝမ်းခေါင်းအကြယ် ပမာဏ နှင့် သံပိန္နဲတိုင်၏ အတုတ်ပမာဏလည်း ကိုက်ညီရေးသည် ဒုတိယ အရေးကြီးလှပါ၏။

သို့ဖြစ်၍ ဘုရားတွင်၊သံပိုက်လုံးခံစဉ်ကပင်၊စဉ်းစားပြီး နှိုင်းဆ၍ လုပ်ရပါကြောင်း၊ထိုသို့ ဂရုမပြုပါက၊ပိုက်ပိန္နဲတိုင် နှင့် သံပိန္နဲတိုင် ကြယ်လွန်းနေ၍ လှုပ်ယိုင်နေခြင်း၊ မတန်၍ အခက်အခဲတွေ့ရခြင်း၊ သံချောင်းတိုနေ၍ ထီးပုနေခြင်း၊ ဘိလပ်မြေတွေ သိပ်ပြီးလုပ်လဲ၊ချောင်ပြီး အောက်နိမ့်သွား ပြီး၊ ငှက်မြတ်နား မလည်ခြင်းတွေ ဖြစ်တတ်ပါသည်။ ကြိုတင် စစ်ဆေးမှုမရှိ၍ တခါတရံ သံပိန္နဲတိုင်ထိပ်ဖျား သံလုံးသည်၊ အထက်ဆင့် ဘုံထီးတွေ စိန်ဖူးတွေနဲ့ မတန် သွင်းမရခြင်းစသည်၊ဖြစ်တတ်လှပါ၏။သေချာစွာ ဂရုပြုကြ ပါကုန်။ ကြိုတင် စမ်းသပ်ကြည့်ပါဦး။

၃။ စေတီတော်နှင့် ထီးတော်အားလုံး အဆင်သင့်ဖြစ်ပါက ရွှေထီးတော်တင်ရန် လ-ရက်-နေ့ အခါကောင်းကို၊ နက္ခတ် ကောင်းကို ရွေးရပါမည်။တစုံတခုသော လပြည့်နေ့လည်း

ဖြစ်သင့်ပါ၏။ ကဆုန်လပြည့်၊ ဝါဆိုလပြည့်၊ တပေါင်းလပြည့် ဖြစ်သင့်ပါသည်။ ထီးတော်တင်လှူမည့်ရက် အချိန်ကို၊ နှိုးဆော်စာများ ထုတ်ဝေပြီး ပြုလုပ်သင့်ပါကြောင်း ထိုသို့ထီးတော် တင်လှူရာတွင်လည်း–

(၁)နတ်လမ်းဖြင့်တင်လှူခြင်း(၂)ပန်းရထားပုံ စက်ကြိုးဖြင့်ဆွဲတင်ခြင်း။ ဟူ၍ နည်း နှစ်နည်းကို ပြုလုပ်နိုင်ပါသည်။ နတ်လမ်းဖြင့် တင်နည်းမှာ ရှေးမူထုံးဖြစ်ပါသည်။ စက်သီးဖြင့် ဧင့်တင်တင်၊ နတ်လမ်းဖြင့် ပင့်တင်တင်၊ ထီး တော် တင် ရာ တွင်၊တာဝတိံသာသို့ တက်တော်မူသော မြတ်စွာဘုရား၊ မ ဟာ ဗောဓိပင် သို့ အရှေ့အရပ်မှ၊ ဝင်တော်မူသော မြတ်စွာဘုရားကိုယူ၍၊ အ ရှေ့ အရပ်မှရင်း၊ တောင်အရပ်မှရင်း၊ ရွှေထီးတော်ကို၊ တ င် လှူ ရ ပါ သည်။ယခု ပဥ္စမ နတ်လမ်းဖြင့် ထီးတော်တင်ခြင်းကို ပြပါမည်။

## နတ်လမ်းဖြင့် ရွှေထီးတော်တင်ခြင်း။

၄။ ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်ပွားတော်မြတ် ဆင်းတုတော် ဓါတ် ဥဒ္ဒိဿစေတီတော်၊ ဗုဒ္ဓမြတ်စွာဘုရား၏ အသွေးအသားတော်မှ ဖြစ်သော သရီရဓါတ်ဓါတုစေတီတော်၊ ဗုဒ္ဓဘုရားသခင်၏ အသုံးအဆောင် မဟာဗောဓိပင်၊ပရိက္ခရာ (၈)ပါး၊ ပရိဘောဂ စေတီတော်၊ ဗုဒ္ဓဘုရား ဟောကြားတော်မူသော ဓမ္မစေတီတော်၊ ပိဋကတ်ဓါတ်၊ဘုရားရတနာ တရားရတနာနှင့် အရိယာပရမတ္ထ သံဃာတော်တို့၏ ကိုယ်သွေးသါးမှဖြစ်သောဓါ ရဟန္တာဓါတ်တော်နှင့်သံဃာတော်များ၏ ကိုယ်စားတော် ပုံတော်များ သံဃာရတနာ၊ဤသို့သော

ရတနာ သုံးပါးဂုဏ် လွှမ်းခြုံ ပြည့်စုံသော ယခုစေတီတော်ဘုရားကို၊ လူ-နတ်-ဗြဟ္မာ ဝေနေယျအများ၊ နောင်လာ သား-မြေး အစဉ် လူသားစဉ်ဆက် သာသနာတော် မပျက် မယွင်း ထင်လင်းစွာ၊ လောကီ အကျိုးစီးပွား လောကုတ္တရာ အကျိုးစီးပွား အလို့ငှါ၊ လွန်စွာမြတ်လှစွာသော စေတနာတရားဖြင့် ခက်ခဲစွာ တည် ထား ကိုး ကွယ် ကြ ကုန် သော ဤ-အတိဒုလ္လဘ ဖြစ်ခဲလှစွာသော စေတီဘုရား တည်ထားကြပြီး၍ အထူးထူးတို့ကို ပြုပြင်စီရင်၊ မွန်းမံ ဖန်ဆင်းခြင်းဖြင့် သမန္တပါသာဒိက၊ ကြည်ညိုဘွယ်ပြုခြင်းကို ဖြစ်စေလျက် ရွှေထီးတော်တင်သ၊ ဥကင်မြတ် ဖွင့်လှစ်မင်္ဂလာပြုခြင်း၊ ဗုဒ္ဓါဘိသေက မင်္ဂလာတော် ဘုန်းသမ္ဘာ ဥာဏ်တော် တန်ခိုးပေါင်းစုံဖွင့်ပွဲတော်ကြီးအဖြစ် လူတို့၏ သမုတိနတ် ဘုရင်မြတ်အပေါင်းတို့၏ မကုဋကေတု အထွဋ်ရှုတော် မကိုဋ်တော်မြတ်ကို ဗုဒ္ဓဘုရား စေတီတော်အား မကိုဋ်ထီးတော်အဖြစ် တင်လှူသော မင်္ဂလာပွဲတော်ကြီးကို ကြည် သာ ရွှင်လန်း ပီတိလျှန်းလျက် ကျင်းပ ပူဇော်ကုန်ရာသည်။

၅။ (၁) စေတီဘုရား၏ တောင်ဘက်မှ ခိုင်ခန့်သော သစ်တိုဖြင့် ဘုံပြဿဒ် ပေါက်သောနတ်လမ်းမ စောင်းတန်းကိုဆောက်ပါ။ (ပြဿဒ် ၃-ဆောင်၊ ၅-ဆောင် သင့်သလိုလုပ်ပါ။)

(၂) စောင်းတန်း နတ်လမ်း၏ အဆုံး၌ ယာယီစံကျောင်းတော်ကို၊ ပြဿဒ်ရံ ဂ-ဆူနှင့်တကွ ကောင်းစွာ ဆောက်ပါ။

(၃) ရွှေထီးတော်ကို ပြည်သူခပ်သိမ်းတို့ ပူဇော်နိုင်ရန် မူလကျောင်းတော် (မဏ္ဍပ်) အတွင်းတွင် ပူဇော်ဘွယ်အစုံတို့ဖြင့်၊ ရှေးကကဲ့သို့ပင်၊ ပူဇော်ထားရပါမည်။ ရွှေကျိုင်းများ၊ ရွှေပန်းတောင်းများ၊ ရွှေကွမ်းတောင်များ၊ ရွှေအုပ်များ၊ ရွှေထီးများ၊ ထီးဖြူများ ဗုဒ္ဓသာသန အောင်လံတော်များ၊ တန်ခွန်ကုက္ကားမုလေးပွားများ၊ ဆန်၊ ပန်း ပေါက်ပေါက်၊ အမွှေးနံ့သာ ပျောင်းများထည့်- ငွေဖလားကြီးများ၊ ရွှေကြာသွတ်အိုးများ၊ ရွှေမှုတာအိုးများနှင့်၊ ရတနာသုံးပါး၊ ကန်တော့ပွဲသုံးပွဲ၊ အသျှင်ဥပဂုတ်မထေရ်၊ အသျှင် မဟာကဿပမထေရ်၊ အသျှင် သောဏုတ္တရမထေရ်၊ ၃-ပါးတွက် ကန်တော့ပွဲ၊ ၃-ပွဲ၊ သိကြားသာသနာစောင့်များတပွဲ၊ ပွဲ(၇)ပွဲ ပူဇော်ကပ်ထားလျက် အထူးပူဇော်ထားရပါမည်။ ပြည်သူအပေါင်းတို့ ကြည်ညိုဖူးမျှော်စေရပါမည်။

☆ (၄) အရေးကြီးသော အချက်မှာ၊ စိန်ဖူးတော်ကို၊ မိမိတို့က အထူးမွမ်းမံလျက် (အထူးမွမ်းမံဟူသည်၊ ငွေ-ရွှေတို့ဖြင့် စိန်ဖူးနှင့် ငှက်မြတ်နားကို ပြုလုပ်ပြီး၊ ရတနာကျောက်မျိုးစုံတို့ စီချယ်ခြင်းကို ဆိုပါသည်၊) ပူဇော်နိုင်ပါက၊ ယခု ထီးတော်တင်ရာတွင် စိန်ဖူးနှင့်ငှက်မြတ်နားကိုမတင်ဘဲ ချန်လှပ်ထားပြီး ထီးတော်တင်ပွဲအဖြစ်ကြေငြာ။ နောင်မှ စိန်ဖူးငှက်မြတ်နား တင်မည့်အကြောင်း ကြေငြာလျက်၊ ထီးတော်သာတင်ရန်ဖြစ်

ပါ၏၊အကယ်၍ ထိုကဲ့သို့ ဝိသေသမပြု မပူဇော်နိုင်ပါ လျှင်လည်း စိန်ဖူးနှင့် ငှက်မြတ်နားကိုပါ တပါတည်း ကြေငြာပြီး တင်လှူရပါမည်။

(၅) ရွှေကျိုင်းတော်ကိုင် ၂-ဦး- (ရွေးကဆိုခဲ့သည့် အဝတ် တန်းဆာများကိုယူ။)

(၆) ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦး။

(၇) ရွှေပန်းတောင်ကိုင် ၂- ဦး၊ စည်းပုံဆောင်း လက်စီး လက်ကြပ် ပတ္တမြားခါးစည်း။

(၈) ရွှေကွမ်းတောင်ကိုင် ၂- ဦး၊ ................ရင်း။

(၉) ရွှေအုပ်တော်ကိုင် ၂- ဦး ။

(၁၀) ငွေဖလားကြီး ၄- လုံးကိုင် ၄- ဦး (အမျိုးသမီးပျို) (ယာယီကျောင်းတော်မှ)

(၁၁) ငွေဖလားကြီး ၄- လုံးကိုင်၊ နတ်လုလင်များ ၄- ဦး၊ (မြေပေါ်အတွက်)

(၁၂) ရွှေထီးတော်မိုး နတ်လုလင်(၄) ဦး၊

(၁၃) ထီးဖြူတော်မိုးလုလင် (၈) ဦး။

(၁၄) ဗြဟ္မာကြီး ၂- ဦး၊ သိကြားမင်းတဦး၊ မဟာနာယက ကြီး ဝတ်စုံပြည့်။ (၄-ဦး)

(၁၅) အခါတော်ပေး ပုဏ္ဏားတော် ပုရောဟိတ် တဦး။

(၁၆) နတ်လမ်းတလျှောက်တွင်၊တန်ခွန်ကုက္ကား မုလေးပွား ကျက်လျှာ စသည်များဖြင့်၊ထိုးစိုက် ပူဇော်ထားပါ။

(အခြား ပူဇော်ဘွယ်များပါ ပြင်ထား။)

(၁၇) နန်းတွင်းသား ၄-ဦး၊ နတ်သားလုလင် ၄-ဦး၊ (ထီးတော်ပင့်ရန်၊)

(၁၈) စည်တော်တီးဝိုင်း၊ ဗုံရှည်တီးဝိုင်းဖွဲ့များ၊ ( အခြားတီးမှုတ် ကခုန်ခြင်းများ )ရှေးကဆိုခဲ့ဘူးသည့် အစီအစဉ်အတိုင်း အခမ်းအနားနှင့် ပစ္စည်းများ ပြည့်စုံပါစေ။

၆။ ☆ အထူးမှာ။ ။ ရွှေထီးတော် တင်တော့မည်ဖြစ်က၊ အရင် ထီးတော်တပ်ဆင်သော သံပိန္နဲတိုင်ကို စေတီထဲရှိ သံပိုက်ပိန္နဲတိုင်တွင်၊ သေခြာစွာ စိုက်တည်မတ်ပါစေ။ထိုသို့ စိုက်ရာတွင်၊ (၁) သံပိန္နဲတိုင် မလှုပ်စေရန် မယိမ်းစေရန်၊ သေခြာစွာ ဘိလပ်မြေသယွတ်ဖြင့်၊ကြိုတင်ပြီးပြုလုပ် ခိုင်မာစေရမည်။ (၂) ထိုပိန္နဲတိုင်မှ ရေများ သံပိုက်ထဲမဝင်နိုင်စေရန်မှာ ကြေးစလောင်းကို တိကြပ်ခိုင်မာ အတန်သင့်ရှိသော ကြေးစလောင်းဖြင့် အလုံပိတ်ရပါမည်။ ဈေးကဝယ်သော ပေါ့ပေါ့ ကြေးစလောင်းများမှာ၊ အပေါက်ကြယ်နေ၍ရေမလုံပါ။ရေမလုံပါက၊ ဘုရားအတွင်းထဲ ရေဝပ်ခြင်း ပိုက်တွေ သံကြီးတက်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုကိစ္စဂရုပြုပါ။

၇ ပရိသတ် အစုံအညီ ထီးတော်စံကျောင်းတော်မှ ယာယီစံကျောင်း(နတ်လမ်းစောင်းတန်း ခြေရင်းရှိကျောင်းတော်) သို့ ပင့်ကြရန်မှာ ထီးတော်ပင့်ကိုဆို၍ပင့်ရန် ရှေးဦးစွာ အားလုံးထိုင်၍ ပူဇော်ဘွယ်တို့ဖြင့် ပူဇော်၍ ကန်တော့ကြို ဆိုပါ။ ကန်တော့ပြီးနောက်၊ နတ်များပင့် တိုင်တည် ဘိတ်ခေါ်ပြီး၊ ဤထီးတော်ပင့်ကို ဆို၍ပင့်ပါ။

# ထီးတော်ပင့်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဩကာသံဒေဝဘန္တေ။ ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ ဩကာသံ လျှောက်ထား တောင်းပန်ရအံ့ သောငှာ၊ ဒေထ၊ ပေးသနားတော်မူပါအရှင်ဘုရား။

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ၊ ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားကို ရည်မှတ်၍ ဥဒ္ဒိဿစေတီတော်၊ ဓါတုစေတီ တော်၊ ဓမ္မစေတီတော်၊ ပရိဘောဂစေတီတော်၊ စေတီ လေးပါး ဂုဏ်တော်အားဖြင့် ဘုရားရတနာ၊ တရားရတနာ သံဃာရတနာ ရတနာသုံးပါးတို့၏ ကျေးဇူးတော် ဂုဏ်တော် သိက္ခာတော် အပေါင်းတို့၏ တည်ရာဖြစ်စေ၊ ဘုရားတပည့်တော် ဒါယကာ ဒါယိကာမ ဥပသကာ ဥပသကီ အပေါင်းတို့သည် တည်ထား ကိုးကွယ်တော်မူသော၊ ဤ ...............စေတီဘုရားကြီး အား၊အတိဒုလ္လဘ၊အထူးပူပြင်စီရင် မွမ်းမံတည်ဆောက်အပ်သော စေတီတော်တွင် သမန္တပါသာဒိက ကြည်ညို ဘွယ် ဖြစ်စေ၍ ရွှေထီးတော်တင်သ၊ ဥကင်မြတ် ဖွင့်လှစ် မင်္ဂလာပြုခြင်း။ ဗုဒ္ဓါ ဘိသေကမင်္ဂလာ၊ ဘုန်း သမ္ဘာ ဥာဏ်တော်၊ တန်ခိုး တော်စုံ ဖွင့်လှစ်သော၊ လူတို့၏ သမုတိနတ်၊ ဘုရင်မင်းမြတ် များ၏ ဦးခေါင်းတန်းဆာ အမြတ်ရတနာ ဖြစ်တော်မူသော၊မကုဋ္ဌဆတ္တ ရွှေမကိုဋ္ဌတော်ထီးကြီးကို၊ တင်သ ကပ် လှူပူဇော်ဘွယ် ပရိဘောဂ စေတီတော်မြတ်အရှင် ထီးတော်မြတ်သည်၊ ယခု သာသနာတော်

၂၅၀....ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂....ခုနှစ်၊ ........လ........ရက် ........နေ့၊ ယခု အချိန်မှစပြီး၊ ရွှေစက် ဖြန့်ချီတော်မူလျက်၊ ဤ........ စေတီတော်ထက်တွင် တည်နေကိမ်းဝပ်လျက် လူ - နတ် - ဗြဟ္မာ ဝေနေယျာ အပေါင်းတို့အား သနားဂရုဏာ ချီးမြှောက်တော် မူပါအသျှင်မြတ်ဘုရား။

ပရိသတ်ကြီးက (သာခု) သုံးကြိမ်ဆို၍ တီးမှုတ်ကြစေ။

ဂ။ ထီးတော်ကို မူလ စံကျောင်းတော်မှ ယာယီစံကျောင်း တော်သို့ ယခုပင့်ပို့ရပါမည်။ ထို ယာယီစံကျောင်းတော်မှ တဖန်၊ အခမ်းအနားဖြင့် လက်ဆင့်ကမ်း၍ စတင်မည့် ပဌမ ဘုံဆင့်မှစပြီး ပင့်တင်ရပါမည်။ယခုယာယီစံကျောင်းတော် သို့ လက်ဆင့်ကမ်းပို့ရန်မှာ-။

၁။ အခမ်းအနားကို မူလအတိုင်း (ရှေးကဖေါ်ပြပြီး ပုံစံ) စီစဉ်ချထားပြီးလျှင်။

၂။ ထီးတော်မြတ်အား အဘိသေက ၂-မျိုးလုံး သွန်းကြ ရမည်။ သိကြား-ဗြဟ္မာမင်း ၂-ဦး၊ မဟာနာယက ပုဏ္ဏားတော်တို့က၊ အဘိသေကပြု ရေစင်ခရုသင်းဖြင့် မြှောက်ရပါမည်။ ( မြေဇာ မြက် အောင် သ ပြေ ခရုသင်း)။

၃။ ဗြဟ္မာမင်းကြီး ၂-ပါးက ပဌမဘုံဆင့်ကို မ,ပင့်,ချီပြီး နတ်သားလုလင် ၄ - ဦး၊ တဘက်တဦးစီ ၂ - ဦး၊ (၂-တန်း ) သို့ လှန်းလင့်၊ တဖန် နတ်လုလင် ၂-ဦး၊ တဖန် နန်းတွင်းလုလင် ၂-ဦးမှ ၎င်း ၂-ဦး၊ ၎င်းတို့မှ လူထုလက်ထဲထည့်၍ ပဌမဘုံဆင့်ကို ရွှေကျိုင်းတော်

ကိုင်က၊ရှေ့ဦးဖျားမှနေပြီး၊ မင်းခမ်းမင်းနားအတိုင်း မဟာနာယကကြီး၊ သိကြားမင်း၊ ပုဏ္ဏားတော်တို့က မင့်ယူသွားပြီး၊ ယာယီစံကျောင်းတော်တွင်၊ အစီ အစဉ်မှတ်ပြီး ချထားပါ။ ( ထီးတင်ရန်အတွက် ) နောက်မှ ဒုတိယဘုံဆင့် စသည်ဖြင့်၊ထီးတော်တခုလုံး အစုံ၊ ဆွဲလဲပါမကျန်၊ လူထုကို၊တန်းစီစေပြီး၊ လမ်းကို ရာဇမတ်ကာနိုင်က - ကာပါ၊ မကာနိုင်ကလည်းရှိပါ စေ)လက်ဆင့်ကမ်း သွားကြရပါမည်။ထီးမှုတ်ကခုန် ပြီး ယာယီ စံကျောင်းတော်သို့ အားလုံးစုမိမှသာ အချိန်တော်ပေး ပုရောဟိတ်က ခရုသင်းမှုတ် အချိန် အခါပေးမှ၊တဖန် အခမ်းအနားများဖြင့်တင်ရပါမည် အခမ်းအနား အစီအစဉ်များမှာ။

၉။ ထီးတော်တင်လှူခြင်း။

၁။ ယခုအချိန့်သင့်မြတ်ကြောင်း ပုရောဟိတ်ပုဏ္ဏားတော် က ( အချက်ပေး ) အခါပေး ခရုသင်း မမှုတ်မီ စောင်းတန်းနတ်လမ်းခြေရင်းရှိ ယာယီထီးစံကျောင်း တော်မှ စေတီဘုရား၏ အထက်သို့ ထီးတော်တင်လှူ ရန်အတွက် စောင်းတန်း နတ်လမ်းတွင် လက်ဆင့် ကမ်းရန် အစဉ်များမှာ။

၂။ ရွှေကျိုင်းတော်ကိုင် ၂-ဦးမှာ ထီးတော်ရုံဝနတ်လမ်း စောင်းတန်း အတက်ဝတွင် ရပ်တည်။

၃။ ဗုဒ္ဓသာသန အောင်လံတော်ကိုင် ၂-ဦးမှာ၊စေတီပေါ် အရောက် နတ်လမ်းဝတွင် လွှင့်ထူရပ်တည်မပါ။

၄။ ရွှေပန်းတော်ကိုင်၊ ရွှေကွမ်းတောင်ကိုင်၊ ရွှေအုပ်တော်ကိုင် အမျိုးသမီး ၆-ဦးတို့မှာ၊မိမိတို့၏ ပူဇော်ရာများကို၊ထီးတော်ပါတ်ဝင်းကျင်တွင်၊ချပူဇော်ထားပြီး မိမိတို့ ၆-ဦးမှာ ထီးတော် တင်ရာတွင် ၂-ဦးစီ အတွဲလိုက်ပင် နတ်လမ်းမ၏ အစမှစပြီး တာဝန်ယူရပါမည်။နောက်ဆုံး ထီးတော်ကုန်ပါက၊မိမိတို့၏ ပူဇော်ဘွယ်များပါ လက်ဆင့်ကမ်းပြီး စေတီထိပ်သို့ ပို့လှူကပ်ရပါမည်။

၅။ ငွေဖလား ၄-လုံးကိုင် အမျိုးသမီး ၄-ဦးတို့က၊ ရွှေထီးတော် ပင့်နေ တင်နေဆဲတွင်၊ မိမိတို့ဖလားများဖြင့် ကြဲပက်ပူဇော်နေရပါမည်။

၆။ ငွေဖလားကိုင် နတ်လုလင် ၄-ဦးတို့က စေတီ၏ထိပ်ပြမ်းပေါ် အရပ် ၄-မျက်နှာမှ ထီးတော်တပ်ဆင်လှူနေခြင်းကို ပူဇော်ကြဲရန် နေရာယူပါ။ (နတ်ကြီး ၄- ပါး )

၇။ ရွှေထီးတော် (၄)လက် မိုးများက၊ ဘုရားစေတီပြမ်းပေါ်တွင် အရပ် ၄-မျက်နှာမှ ထီးတော် ဖြန့်မိုးပူဇော်ရာ၏။

၈။ ရွှေထီး ၈-လက်တွက် ၂-လက်က ထီးတော် ယာယီကျောင်းပေါ်တွင်ပင် ဖြန့်မိုးပြီး ကျန် ၆-လက်မှာနမ်းလမ်း တလျှောက်တွင် ခပ်ကြဲကြဲ နေရာယူပြီး ဖြန့်မိုး ပူဇော်နေရန်ဖြစ်ပါသည်။

၉။ ဗြဟ္မာကြီး ၂-ဦးတို့က ထီးတော် စံကျောင်းတော်မှ ထီးတော်ကို အခစ်အတိုင်း စတင်ပြီး ပင့်ယူ လက်ဆင့် ကမ်း တာဝန်ဖြစ်ပါသည်။

၁၀။ သိကြားမင်းနှင့် မဟာနာဂယကကြီးတို့မှာ စေတီငြမ်း ထိပ်တွင် အတူတကွ ထီးတော်ကို၊ တပ်ဆင် တင်ကပ် သော တာဝန်ကို ရွက်ဆောင်ရပါသည်။

၁၁။ အခါတော်ပေး ပုရောဟိတ်က ငြမ်း ထက် တွင် မဟာနာဂယကကြီးတို့နှင့်ရှိပြီး၊ အခါပေး တာဝန်ယူရ မည်။

၁၂။ နန်းတွင်းသား ၄-ဦး၊ နတ်သားလုလင် ၄-ဦး၊ကျွဲ ၈-ဦး တို့မှာ နတ်လမ်းတလျှောက်တွင် ၂-ဦးစီ လက်ဆင့် ကမ်းရန် နေရာယူ မျှ ယူပါ။

၁၃။ စည်တော်မှစပြီး ဗုံတောင်ဝိုင်းများအားလုံး စေတီ ဘုရား၊ အရပ် ၄-မျက်နှာမှ တီးမှုတ် ကခုန်၊ ပျော်ရွှင် စွာ၊ ပရိသတ်ကြီးများပါ ရှိပါစေ။

၁၄။ သို့ဖြစ်၍ နတ်လမ်းတလျှောက်တွင်၊ အမျိုးသမီး ၆-ဦး၊ ၃-တွဲ၊နတ်လူ ၈-ဦး ၄-တွဲ။အစုစု ၇-တွဲ၊ပုဂ္ဂိုလ် ၁၄-ဦး နှင့် ထီးဖြူတော်မိုး ၆-ဦးပါ လူ ၂၀ ခိုင်အောင် ရွေးဦးကပင် နတ် လမ်း ခိုင် ခန့် ကြယ် ရ ပါ မည်။ ငြမ်းပေါ်တွင်လည်း၊ ငွေဖလား နတ် ၄-ဦး၊ ရွှေထီး ၄-ဦး၊ မဟာနာဂယက၊ သိကြားမင်း၊ ပဏ္ဏားတော်ပါ ၉-ဦးဖြစ်ပြီး၊ဗုဒ္ဓသာသနအောင်လံတော် ၂-ဦး၊၁၁-ဦး အနည်းဆုံးနိုင်အောင် ခိုင်ခန့်သော ငြမ်း ဖြစ်သင့်ပါ

သည်။ စံကျောင်းတော်တွင်လည်း ရွှေကျိုင်း ၂-ဦး အဝတွင်။ ပြဟ္မာ ၂-ဦး၊ ထီးဖြူ ၂-လက်၊ ငွေဖလား ၄-ဦးတို့ဖြစ်၍၊အစုစု ၈-ဦး ဖြစ်ပါ၏။ နတ်လမ်းရှည် ပြီး ခိုင်ပါက လှူလက်ဆောင့်ကမ်း ဝေးပါက၊ထပ်ဖြည့် တိုးနိုင်ပါကြောင်း။

၁၀။ ထိုကဲ့သို့ အစစအရာရာ အဆင့်သင့်ဖြစ်ပါက၊ပုဏ္ဏားတော်က ခရုသင်းမှုတ်ပြီး အခါပေးပါက၊အခမ်းအနားပါသူ အားလုံး တို့မှာ အသံချိုစက်ဖြင့် ၂-ဦး(၄-၅-ဦး စသည်)က၊ ဆိုစေပြီး ရွှေထီးတော်တင် ဂါထာကိုဆိုပြီး၊စတင်၍ ရွှေထီးတော်တင် လှူပါ။ထီးတော်တင်အစမှ အပြီးတိုင် ထီးတော်တင်ဂါထာ ကို၊အထပ်ထပ် မှန်မှန်ဆိုပြီး တင်ရပါမည်၊အားလုံး အလှူတတ် ရသင့်ပါ၏။မရပါက၊ အသံချိုစက်မှ ဆိုသူ၏အသံကို အမှီပြု ဆိုကြရပါမည်၊ တညီတည်းသာဆိုရပါမည်။ထီးတော်များ ကုန်ပါက၊ ရွှေပန်းတောင် - ရွှေကွမ်းတောင်-ရွှေအုပ်များပါ လက်ဆောင့်ကမ်းတင်ပြီး ပြဟ္မာမင်းကြီး ၂-ဦးပါ တက်လိုက် သွား ရပါမည်။ အားလုံး ထီးများ အခိုင်အမာတပ်ဆင်ပြီး ပါက၊ ငှက်မြတ်နားကို လည်မလည် စစ်ဆေးပါ၊ပြီးမှ ပြဟ္မာ ၂-ဦး၊သိကြားမင်းနှင့် မဟာနာယကကြီးတို့က၊အဘိသေက စေတီ ထီးပါ ပြုရပါမည်။ ထိုနောက် ပုဏ္ဏားတော်က၊ စိန္တာမဏိ ဂါထာဆို ခရုသင်းမှုတ်ပြီး၊ မဟာနာယကကြီးက

(၁) အမျှဝေပါ။သာဓုခေါ်ပါ ။မေတ္တာကုသိုလ်ခံယူပါ။

☆ ဆုပတ္ထနာခြင်း ပြုကြပြီးပါက၊ပြီးစီးကြောင်း အောင်မြင်ကြောင်း ကြေငြာပြီး၊အားလုံးတီးမှုတ်ကခုန်ကြပါစေ။ (အဘိသိက် ၂-ပါးပေးဆဲမှာ တီးမှုတ်ရပ်ထား) ထိုနောက် ရွှေအုပ်-ငွေပန်းတောင်များရှိ ပန်းရတနာတို့ ကြဲပူဇော်ပြီး လက်ျာရစ် ၃-ပါတ်လှည့် ပူဇော်၍ ပြန်နိုင်ပါကြောင်း။

ဗုဒ္ဓသာသနအောင်လံတော်ကိုင် ၂-ဦးမှာ အောင်လံများ ချည်နှောင်လှူပြီး ထီးတော်ကို၊ စိုင်းမကူ လက်ဆင့်ကမ်းပါဝင် မ တင်နိုင်ပါသည်၊ ထီးတော် တင် ဂါ ထာနောက်တွင်ပါပြီးဖြစ်သည်။ရွှေမှုတာအိုး၊ရွှေကြာသွတ်အိုး ၁၀ဂ-လုံးစီ၊ မူလကပင် ပူဇော်ထားပါ။

## ၁၇ (၄) ရထားပျံ စက်ကြိုးဖြင့် ထီးတော် တင်နည်း။

၁။ စက်သီးကြိုးဖြင့် ထီးတော်တင်ရာတွင်၊ အထူးသဖြင့်၊ငြမ်းခိုင်ရပါမည်။ ထိုသို့တင်ရာတွင် (၁)ရထားပျံဖြင့် တင်ခြင်း (၂)ဆင်၊ မြင်း၊ နတ်ပြဟ္မာရုပ်တို့ဖြင့် တင်ခြင်းဟူ၍ ရှိပါသဖြင့် မိမိတို့သဘောကြရာဖြင့်တင်ပါ။ အခမ်းအနားမှာလည်း နည်းသွားပါသည်။ရွှေကြာသွတ်အိုး၊ရွှေမြူတာအိုး ၁၀ဂ-လုံးစီမှာ စေတီပါတ်ဝန်းကျင်တွင် ပူဇော်ထားရပါမည် ယာယီ ထီးတော်စံကျောင်းကို ဆောက်ရပါမည်၊ ပြဿာဒ်ဆောင် (ဂ) ဆောင်ရံသော ဗဟိုပြဿာဒ်နှင့် ထီးတော်ကျောင်းဆောက်ပြီး၊ သဲဖြူခင်း ရာဇမတ်ကာခြင်း စသော ပြုဘွယ်များ ပြုရပါမည်။

၂။ ရွှေထီးတော်ကို မူလစံကျောင်းမှ ရထားပံ့ဖြင့် ပင့်မည့် ယာယီစံကျောင်းတော်သို့မူ (၁) မပင့်မီ အဘိသေက ၂-ပါး ပေးခြင်း၊ (၂)ထီးတော်ပင့်ဆို၍ ပင့်ယူခြင်း၊ (၃)ထီးဖြူ ရွှေထီးစသောအခမ်းအနားဖြင့်၊ရွှေ့ကပေါ် ပြုပြီးသကဲ့သို့ပင် ယာယီစံကျောင်းတော်သို့ ပင့်ယူရာတွင် လက်ဆင့်ကမ်း သောစံနစ်ဖြင့် ပြည်သူ လူအပေါင်းတို့အား ဝင့်လက်ဆင့် ကမ်းရန် စီစဉ်ရပါသည်။ ရွှေ့ကမှုတွင် ပါပြီး အတိုင်း ဖြစ်ပါ၏။

၃။ ယာယီစံကျောင်းတော်သို့ စံနစ်တကျ ပြည့်စုံအောင် ရောက်ပြီးမှ ရထားပံ့ဖြင့် မတင်မီ အခမ်းအနား ၂-ဌာန ခွဲရပါမည်။တဌာနက၊ယာယီစံကျောင်းတော် ရထားပံ့ပေါ် တင်ပြီး ကြိုးဆွဲသောအဖွဲ့ (မြေပြင်အဖွဲ့) ဖြစ်ပြီး၊ တဖွဲ့မှာ စေတီဘုရားထိပ်ရှိ ငြမ်းပေါ်မှအဖွဲ့ (ငြမ်းပေါ်အဖွဲ့) ဖြစ်၍ ၂-ဖွဲ့ ခွဲရန်မှာ။

၄။ မြေပြင်အဖွဲ့မှာ၊ ထီးတော်ကို မချီ၍ ရထားပံ့ပေါ် ပင့် တင်သော ပြဟ္မာကြီး ၂-ဦး၊ ငွေဖလား (၄) လုံး ကိုင် အမျိုးသမီး(၄)ဦး၊ထီးဖြူတော်မိုး(၈)ဦး ကျိုင်းတော်ကိုင် ၂-ဦး၊နတ်သား ၂-ဦး၊နတ်သမီး ၂-ဦး၊နန်းတွင်းသား ၂-ဦး၊ နန်းတွင်းသူ ၂-ဦး၊ ထိုလူနတ်(၈)ဦးတို့သည်၊ ပြဟ္မာမင်းနှင့် အတူ၊ထီးတော် မချီတင်ခြင်းနှင့် စက်ကြိုးဆွဲခြင်းများပြုရန် ဖြစ်၏။ ထိုသို့ဆွဲရာတွင် အဝေးသို့ဆွဲမသွား၊ မလိုက်သွားဘဲ

အစမှာသာ ဆွဲပေးပြီး ကြိုးစကို ပြည်သူ ခပ်သိမ်းတို့အား ဆွဲစေပြီး မိမိတို့က နေရာမှရပ်ခါ၊ ဆွဲပေးရန်(ရွှေ့သွားရန် မဟုတ်)သာဖြစ်ပါ၏။

၅။ ငြမ်းပေါ်အဖွဲ့တွင်မူ၊ သိကြားမင်းနှင့် မဟာနာယကကြီး ၂-ဦး၊ ပုရောဟိတ်တဦး၊ ရွှေထီးတော်မိုးနတ်သား ၄-ဦး၊ ငွေဖလား(၄)လုံး ပူဇော်သော နတ်သား ၄-ဦး။ ဗုဒ္ဓ သာသနအောင်လံတော်ကိုင် ၂-ဦး၊ အောင်လံကို ချိထားပြီး ထီးတော်ကို ဝိုင်းကိုင်ချပြီး သိကြားမင်းတို့ ၂-ဦးအား ကူညီရန်ဖြစ်သည်၊ထီးတော်ကို ကျွမ်းကျင်သူ(ပန်းရန်ဆရာ ဖြစ်စေ)ပါဝင်အသုံးပြုမှ ပိုသေချာပါမည်၊ တတ်ဆင်ရေး၌ ကျွမ်းကျင်သူအား အခမ်းအနားပါအဖြစ် သုံးလိုက သုံးနိုင်သည်။

၆။ ပေါ်ပြပြီးအတိုင်း ပဏ္ဏားတော်က၊ အချက်အခါပေး ခရသင်းမှုတ်ပြီး အသံချဲ့စက်မှ ၂-ဦး၊ ၄-ဦးတို့က၊ထီးတော် တင် ဂါထာကို မှန်မှန်ဆိုစေပြီး၊အခမ်းအနားပါသူအားလုံး တို့ကပါ ဆို၍ တင်ရပါမည်။ ထီးတော်တင် မပြီးမခြင်း ဂါထာကို အခေါက်ခေါက်ထပ်ဆိုရပါမည်၊ ထီးတော်တင် ကို၊ သီးခြား အမျိုးသား ၂-ဦး၊ အမျိုးသမီး ၂-ဦးထား၍ ဖြစ်စေ၊ မြေပြင်အဖွဲ့မှ ငွေဖလားကိုင်များ၊ ထီးတော်မိုး များက ဆို၍ဖြစ်စေ၊ အသံချဲ့စက်မှ ဆိုစေသင့်ပါသည်။ ပွဲတော် စကတည်းက အောင်သမြေများ ကမ်းရပါမည်၊ ထီးတော်ကို တခါတည်း တပ်ဆင်ရပါမည်။

ကန်တော့ပွဲများလည်း ထုံးစံအတိုင်း အစုံဖြင့် ကပ်လှူထားရပါမည်။ ကြိုးဆွဲသူ လူအပေါင်းတို့က၊ ဆွဲလွန်းသွားတတ်ပါ၏။ ကြည့်ကြပ် အုပ်ချုပ်သူဖြင့် ထားပြီး ကြိုးစ၏ အဆုံးဆွဲရမည့်နေရာကို ကြိုး ကို မူလကပင် စမ်း သတ်ဆွဲစဉ်ကပင် ရထားလမ်းအဆုံးတွင် ပိုင်းတားများ ထားသကဲ့သို့ ပိုင်းတား လုပ်ထားသင့်ပါ၏။ ထိုပိုင်းတားကို ကြိုးစရောက်က ရပ်ရပါမည်၊ သို့မဟုတ်က အလွန်အော်ပြောရခက်ကြပါသည်။

ဤကား ရထားပုံ စသည်ဖြင့် တင်နည်းဖြစ်ပါသည်။

## (၃) လက်ဆင့်ကမ်း၍ တင်နည်း။

(၁) ဤ-လက်ဆင့်ကမ်း တင်နည်းမှာ အလွန် နိမ့်သော စေတီတော်များနှင့်၊ နတ်လမ်းရထားပုံ စက်ကြိုးတို့ဖြင့်တင်ရန် အကြောင်းမဖြစ်သော အခါများတွင် အသုံးပြုနိုင်ပါသည်။ ယာယီ စံကျောင်းတော်ကို စေတီဘုရား ခြေတော်ရင်း အနီးတွင် ဆောက်လိုပါက-ဆောက်ပါ၊သို့မဟုတ် မူလ စံကျောင်းတော်မှပင် တောက်လျှောက် တင် လို က လည်း (နီးပါက) မဆောက်တော့ဘဲ တန်းတင်ရပါမည်။

(၂) ထီးတော်လမ်းအဖြစ် သဲဖြူခင်း ရာဇမတ်ကာခြင်း စသည် ပြုနိုင်ပါက ပြုရပါမည်။ ငြမ်းကို ခိုင်စေရပါမည်။ ကန်တော့ပွဲများ တန်ခွန်ကုက္ကား မုလေးပွား ကျက်လျှာများ၊ ရွှေကြာသွတ်အိုး၊ ရွှေမြူတာအိုးများ

ဆန်၊ ပန်း၊ ပေါက်ပေါက် အမွှေးနံ့သာများ စသည်ဖြင့် မိမိတို့အား စွမ်းအားလျော်စွာ ပူဇော် သက္ကာရ ပြုရပါမည်။

(၃) ထီးတော်ပင့်ကိုဆိုပြီး ပင့်ယူရပါမည်၊ ထီးတော်တင် ဂါထာဖြင့်ဆို၍ ကပ်လှူရမြဲပင် ဖြစ်ပါသည်။ မူလ စံကျောင်းတော်မှ စေတီဘုရား၏ ငြမ်းပေါ်စေတီ ထိပ်ထိ လူများ တန်းစီနေစေပြီး စတင် လက်ဆင့် ကမ်းပြီး တခါတည်း ထီးတော်ကို တပ်ဆင်ရပါ မည်။ သို့ဖြစ်၍ အောက်မှ ထီးတော် ပင့်ပေးသူက ပဌမဘုံဆင့်ကို စတင်ပြီး၊ အစဉ်အတိုင်း ပင့်သွားရပါ မည်။ အပေါ်တွင်၊ အသင့် တတ်ဆင်ရန် ပင့်ရပါမည် အကျဉ်းချုပ် လက်ဆင့်ကမ်း တင်သည်ဆိုသော်လည်း မိမိတို့ စွမ်းအားရှိသမျှ ပူဇော်သက္ကာရ ပြုရပါမည်၊ သံဃာတော်များ ဆွမ်းကပ်ရပါမည်။

(၄) ထီးတော်ကို စံနစ်တကျ တတ်ဆင်ပြီးခြင်း ကြေးစ လောင်း ခိုင်မာလုံချုံခြင်း ဖြစ်စေပြီး သော် ကန်တော့ ကြိုဆိုပြီး၊ ထီးတော်ကပ် ဆုတောင်းပါ။ အမျှ သုံးကြိမ်ဝေပါ။ သာခုခေါ်ပါ။ မေတ္တာကုသိုလ် ခံယူပါ။ ဆုပတ္ထနာများတောင်း၍ ပြီးစီးအောင်မြင် ကြောင်း ကြေငြာပြီးပါက စေတီဘုရား အား လက်ျာရစ် သုံးပါတ်လှည့် ပူဇော်ပြီးမှပင် ပြန်ထွက် လာကြရပါမည်။

ဤကား အကျဉ်းဆုံး လက်ဆင့်ကမ်း ထီးတင် ခြင်း ဖြစ်ပါကြောင်း။

## ၁၈။ (၅) စိန်ဖူးတော်တင်နှင့် အနေကဇာတင် ပွဲတော်။

၁။ ဘုရားဒါယကာ ဂေါပကအဖွဲ့ လူကြီးများသည်၊ စိန်ဖူးတော်ကို ဝိသေသပြုပြီး မပူဇော်နိုင်ပါက၊ ထီးတော်တင်စဉ်ကပင် တပါတည်း တင်လှူလိုက်ရပါမည်၊ အကယ်၍ မိမိတို့က ဝိသေသပြုပြီး၊ ငွေ-ရွှေတို့ဖြင့် စိန်ဖူးငှက်မြတ်နားကို ပြုပြီး ရတနာများ စီချယ်မွမ်းမံ၍ အားထုတ်ဦးမည်ဟု ကြိုတင်ပြီး ဘုရားတည်နေဆဲကပင် ဆုံးဖြတ်နိုင်ပါက၊ အလွန်သင့်မြတ်ပါ၏၊ အဘယ်ကြောင့်ဟူမူ အတိုးတန်သော စိန်ဖူးတော်အား ကာကွယ်ရန် (သံကျားလှန်) များကို စေတီတော်တည်စဉ်ကပင် တပါတည်း တပ်ဆင်ရန်အတွက် ဖြစ်ပါသည်။ နောက်မှ စဉ်းစားပါက (သံကျားလှန်)ကို ဘုရားအတွင်းထိ မတပ်ဆင်ဘဲ အပေါ်မှပင် စီညှပ်၍ တပ်ဆင်ရပါက၊ မသမာ သူမိုက်တို့က၊ လွယ်ကူစွာ ဖျက်ဆီးနိုင်လေ့ရှိပါသည်။ ကြိုတင်ပြုပါက (သံကျားလှန်)အတွင်း လက်လေးလုံးခန့် မြှုပ်ပြီး ဘိလပ်မြေဖြင့် ဘိထားပါက ပိုမိုစိတ်ချရ၍ ဖြစ်ပါကြောင်း။

၂။ စိန်ဖူးကို ငွေ-ရွှေဖြင့် ပြုလုပ်ရာတွင်၊ သေချာစွာတိုင်းထွာပြီးလုပ်ပါ။ ရတနာမျိုးစုံ စီချယ်ပြီးလျှင် စိန်ဖူးအတွင်းသို့ မြတ်စွာဘုရားဓါတ်တော် ဌာပနာရန်တွက် အတွင်းတထပ်ကို၊ ရေမိုးလုံစေရပါသည်။ တဖန် အပိတ်ပါ ပြင်ဆင်ပြီး ပန်းတိမ်အားမှာပါ၊ စိန်ဖူးအတွင်းတွင် ရွှေကြုပ်ဖြင့်

မြတ်စွာဘုရား ဓါတ်တော်များသာ ဌာပနာသွင်းပိတ်ပါ။ ထိုစိန်ဖူး ငှက်မြတ်နားတို့အား ကောင်းစွာ မွမ်းမံပြီး အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားရန် ပူဇော်ခံထားပါ။

၃။ အခါကောင်း ရက်ကောင်း ရွေးပြီးနောက် သံဃာတော် ထေရ်သိက္ခာကြီးများ အများပင့်ပြီး ဆွမ်းကပ်လှူပူဇော်ပြီး၊ စိန်ဖူးတော်ကို တင်ပြီးမှသာ အနေကဇာတင်ရပါသည်။ သို့ဖြစ်၍ စိန်ဖူးတော်ကို တင်ရန်မှာ-စက်ကြိုးဖြင့် နတ်ပြဟ္မာရုပ်လုပ်ပြီး ၎င်းလက်တွင် ၂-ဘက်ကိုင်သကဲ့သို့ ပြုလုပ်ပြီး စက်ကြိုးဖြင့် တင်ရေးကို စီမံကြရပါမည်။ အသင့်ဖြစ်ပါက၊

၄။ (၁) စိန်ဖူးတော်ကို ထီးတော်ပင့်ကို ဆိုသကဲ့သို့ပင် ပင့်ဆိုရပါမည်။

(၂) အခမ်းအနားများမှာ ထီးတော် တင်စဉ်ကကဲ့သို့ မြေပြင်အခမ်းအနားအဖွဲ့နှင့် ငြမ်းပေါ်အခမ်းအနားအဖွဲ့ ၂-ဖွဲ့ထားပြီး၊ထီးတော်တင်ဂါထာကို၊အရင်နည်းအတိုင်းဆိုပြီး တင်ကပ်ကြရပါမည်။ သို့သော် ထီးတော်အစား၊ စိန်ဖူးတော်ထည့်ဆိုရန်မှာ။ ဆတ္တဂ္ဂံအစား(ဝဇီရကေတုံ) (ရတနာ စိန်ဖူးတော်မြတ်ကို) ဟုသာ ပြင်ဆိုရပါမည်။

(၃) စက်ကြိုးအစကို နတ်-လူတို့ကဆွဲပြီး ပြည်သူလူထုက ကြိုးကို ဖြေးဖြေး ဆွဲကြစေရပါမည်။

(၄) စိန်ဖူးတော်ကို တပ်ဆင်ရာတွင် ခိုင်မာစွာဖြစ်ရန် ကြေးကြိုးများဖြင့် ကောင်းမွန်စွာ ဖွဲ့ထားရပါသည်။

(၅) ငှက်မြတ်နားမှာ လေယူရာသို့ လည်စေရပါမည်။

(၆) စိန်ဖူးငှက်မြတ်နား အန္တရာယ်မရှိရန် သစ္စာပြုပြီး ထားရပါမည်။

၅။ စိန်ဖူးတော်ကို စံနစ်တကျ တပ်ဆင်ပြီးပါက ကန့်တော့ ကြိုဆိုပါ။ အမျှဝေပါ။ သာဓုခေါ်ပါ။ ဆုပတ္တနာခြင်း ပြုကြရပါမည်။ ထီးတော် တင်စဉ်ကကဲ့သို့ပင် အထူး ဝိသေသပြုပြီး ပူဇော် သက္ကာရ ပြုရပါမည်။

၆။ စိန်ဖူးတော်ကို ခိုင်မာစွာ တင်ကပ်ပြီးသော် သံဃာတော် များက၊အနေကဇာတင်ပါလိမ့်မည်။အနေကဇာတင်ပွဲတွင် မိမိတို့ စွမ်းအားရှိသလောက် လှူဒါန်းပူဇော်နိုင်ပါကြောင်း အဘယ်ကြောင့်ဟူမူ အနေကဇာတင်ပွဲမှာ၊ ဗုဒ္ဓါဘိသေက မင်္ဂလာတော်ကြီးဖြစ်၍ ဖြစ်ပါကြောင်း။ နောက်ဆုံးပွဲ လည်းဖြစ်၍ (ပွဲ)များပါထည့်ပြီး ဆွမ်းတော်ကြီးတင်ပွဲ၊ ဆွမ်းကြီးလောင်းပွဲများ၊ အငြိမ့်ဇာတ်ပွဲများပါ ပြုလုပ်နိုင် ပါကြောင်း၊ အောင်ပွဲပင် ဖြစ်ပါသည်။ ဘုရားစေတီတဆူ တည်ရာတွင် အလွန် ကြီးလေးသော တာဝန်ကြီးကို ရွက်ဆောင်ခဲ့ရရာ ယခုပွဲမှာ ၅-ကြိမ်မြောက် နောက်ဆုံးပွဲ ဖြစ်၍ အထူး ဝိသေသပူဇော်ပွဲ အောင်ပွဲဖြစ်ပါသည်။ သံဃာတော်များဖြင့် ရေစက်ချ အမျှပေးဝေ သာဓုခေါ် ကြေငြာ၍ ဆုပတ္တနာ ပြုကုန်ရာသည်။

☆ စိန်ဖူးတော်ကို အခမ်းအနားဖြင့် ပင့်ခါနည်းတွင်ရင်း၊ တပ်ဆင်ပြီးလျှင်ရင်း၊ ထီးတော်ကဲ့သို့ပင် ၂-ကြိမ်၊ အဘိသေက ၂-မျိုးစီ ပေးရ ပူဇော်ရကြောင်းကိုလည်း မမေ့ဘဲ ရှက်ဆောင်ရပါမည်။

၇။ ဖော်ပြခဲ့သည့်အတိုင်း စေတီဘုရား တဆူတဆူတွင် ပွဲတော် (၅)ပါး ကျင်းပ၍ မိမိတို့ စွမ်းအားရှိသလောက် ပူဇော်သက္ကာရပြုပြီး ရှက်ဆောင် ကြရသည်မှာ အလွန် စိတ်ဝင်စားဘွယ် နက်နဲ သိမ်မွေ့သော ပါရမီခါတ် လုပ်ငန်းကြီးဖြစ်ပါသည်။ ထိုကဲ့သို့ အတုမရှိသော အစိန္တေယျ မြတ်စွာဘုရား၏ စေတီလေးပါး ရတနာသုံးပါးတို့ တည် ကိမ်းသော စေတီဘုရားကြီးတဆူကို ပွဲတော် ၅-ပွဲ ကျင်းပ ရှက်ဆောင်ကြရန်မှာ ရှေးထုံးရိုးရာ ကျင့်စဉ်လာ တရားဖြစ်ပါသဖြင့်၊စေတီဘုရားတည်ကြရာတွင် ပေါ့ဆဆ စည်းစံနစ်မရှိဘဲ၊ မဖြစ်စေရန်၊လေးမြတ်ကြပါရန် အလွန်လိုအပ်လှပါကြောင်း။ ပညာရှိ သူတော်ကောင်းအပေါင်းတို့ ရှင်လန်းဝမ်းမြောက် ကြပါကုန်သတည်း။

ဤသို့ဖြင့် ဘုရားစေတီတည်၍ ပြီးပြီဟု ဆိုသော်လည်း ဂေါပက လူကြီးစုတို့သည်၊ စေတီဘုရား၏ ရွှေချရေး၊ တံတိုင်းခတ်ရေး၊ ဝေယျာဝစ္စပြုရေး၊ တန်ဆောင်း၊ အာရုံခံဆောက်ရေး စသည်ဖြင့် များစွာ ကျန်သေးသော တာဝန်များကို စိတ်နှလုံး ချမ်းသာစွာဖြင့် အေးအေး မှန်မှန်၊

ဩဝါဒါစရိယ သံဃာတော်များအဖွဲ့ပါ ဆက်လက်ထား ပြီး၊ ရှက်ဆောင်ကြရပါဦးအံ့ဟု အာရုံပြုကြရပါမည်။ ရှက်ဆောင်ကြရပါဦးမည်။ ဤကား စေတီဘုရားတဆူ၏ ဖြစ်မြောက်ရေး တာဝန် ဝတ္တရားတို့ပါတည်း။

ရှင်လန်းချမ်းသာ အောင်မြင်ကြပါစေ။

ဣဒံမေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု။

( နိဂုံးတံ )

★




## ရည်ညွှန်းချက်

၁။ မြေတွင်းအုဋ္ဌမြစ်။

၂။ ဘိနပ်တော် (ကြိုက်သလိုမြင့်နိုင်၏)

၃။ ပန်းတင်ခုံ(ဖေါင်းခံပြီး)............ရင်း............။

၄။ ပဌမ ပစ္စယံ၊ (ဖေါင်းခံပြီး)

၅။ ဒုတိယ ပစ္စယံ(ဖေါင်းခံပြီး)

၆။ တတိယ ပစ္စယံ (ဖေါင်းခံပြီး)

၇။ ကြာခုံမှောက်။

၈။ ဖေါင်းရစ်ကြိုး။

၉။ ကြာခံဖွင့် (သုံးထပ်)

၁၀။ ခေါင်းလောင်းနှား။

၁၁။ ခေါင်းလောင်း။

၁၂။ ဖေါင်း၊

၁၃။ သပိတ်မှောက် (ပန်းဆွဲပါ)

၁၄။ ကြာခံဖွင့်၊

၁၅။ ဖေါင်းရစ်များ၊

၁၆။ ကြာနှုပ် သုံးထပ်မှောက်၊

၁၇။ ခရွှဲသီး၊

၁၈။ ကြာလျှန်သုံးရစ်လှန်၊

၁၉။ ငှက်ပြောဖူး၊

၂၀။ ထီးတော်၊

၂၁။ စေတီရံနှင့် မုခ်၊

၂၂။ ကျားလှန်၊

၂၃။ ငှက်ဖြောက်ရုံ၊

## ရွှေပန္နက်တော် ချရာတွင်ရင်း၊ ရွှေအုဋ္ဌမြစ်တော် ချရာတွင်ရင်း၊ ပဏာမအဖြစ် မဟာနာယကကြီးက ဆိုရန်။

### ၁။ သမ္ဘာဒေဝ နတ်ပင့်ခေါ်ခြင်း။

ပထဝီမြေ၊ သုန္ဒြေနှင့်၊ ပရမေမြတ်၊ ငါးထပ်အာလိံ၊ တာဝတိံက၊ ဒေဝိံသကျ၊ ဘုမ္မဒေဝါ၊ သာသနာကို၊ များစွာစောင့်ကြပ်၊ နတ်မင်းမြတ်တို့၊ သိပါစေကုန်သတည်း။ အထက်ဝိဇ္ဇာမိုရ် ဆရာမြတ်ကြီး အပေါင်းတို့သည်၊ သိတော်မူကြပါစေကုန်သတည်း။ ဤဘုရားတည်ရာဌာနသို့၊ ကြွရောက်လာပြီးလျှင် တရားတော်နာကြား၍၊ ဘုရားစေတီတည်ရာတွင်၊ ကူညီစောင့်ရှောက်တော်မူပါစေကုန်သတည်း။ သက်သေအဖြစ် တည်ပါစေသတည်း။

သမန္တာ၊ ဤစကြာဝဠာတိုက်၏၊ ထက်ဝန်းကျင်သော အရပ်တို့မှ၊ စက္ကဝါလေသု၊ ဇသောင်းသော၊ စကြာဝဠာတိုက်တို့၌၊ တည်နေကြကုန်သော၊ ဒေဝတာ၊ နတ်ဗြဟ္မာ ဟူသမျှအပေါင်းတို့သည်၊ မုနိရာဇဿ၊ ရဟန်းအပေါင်းတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏၊ သဂ္ဂမောက္ခဒံ၊ နတ်ရွာနိဗ္ဗာန် ကြိုးသုံးတန်ကို၊ ဧကန်ဆတ်ဆတ်၊ ပေးတော်မူတတ်ထသော၊ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့သည်၊ ချီးမွမ်းအပ်သော၊ မြတ်သောတရား

တော်ကို၊ သောတုံ၊ နာကြားအံ့သော၌ါ၊ အတြ၊ ဤဘုရား တည်ရာအရပ်သို့၊ အာဂန္တုကျ၊ တပါးမကျန် ကြားသိ၍၊ လာလှည့်ကြကုန်လော့၊ သုဏန္တု၊ တရားတော်ကို၊ နာကြားရအံ့ သော၊ အခါကြီးပါပေတည်း။

ဘဒ္ဒန္တာ၊ အိုနတ်-ဗြဟ္မာအပေါင်းတို့၊ အရုံ၊ ဤအခါ သမယကြီးသည်ကား၊ ဓမ္မဿဝဏကာလော၊ တရားတော်မြတ်ကို နာကြားရအံ့သော အခါကြီးပါပေတည်း။

အရဟာတော၊ ပစ္စည်းလေးပါးကို၊ ခံတော်မူထိုက်သော အရဟာတော၊ ဆိပ်ကွယ်ရာအရပ်၌၊ မကောင်းမှုကို၊ ပြုပြင်ခြင်းငှါ၊ ထိုက်စောာ်မမူထသော၊ အရဟာတော၊ သံသရာစက်၏ အကန့်ဖြစ် သော၊ အဘိသင်္ခါရကို၊ ပယ်တော်မူပြီးထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ပယ်အပ်ပြီးသော ကိလေသာတို့သည်၊ မဖြစ်ပြန်သဖြင့်၊ ကောင်းစွာ မိမိအလိုလို သစ္စာလေးပါး၊ တရားတို့ကို၊ သိတော်မူပြီးထသော၊ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား၊ နမော၊ ရှိခိုးပါ၏။

တွေ့ဝါ၊ ဤစကြာဝဠာ၌ရင်း၊ လောကန္တရေဝါ၊ စကြာဝဠာတပါး၌ရင်း၊ သန္တာ၊ ငြိမ်သက်ကုန်ထသော၊ သန္တစိတ္တာ၊ ငြိမ်သက်သော စိတ်ရှိကုန်ထသော၊ တိသရဏာ သရဏာ၊ ရတနာသုံးပါးလျှင်၊ ကိုးကွယ်ရာ ရှိကုန်ထသော၊ ဘုမ္မာ၊ မြေ၌ တည်ကုန်ထသော၊ ယေဒေဝါစ၊ အကြင်နတ်တို့သည် ၎င်း၊ အဘုမ္မာ၊ ကောင်းကင်၌ တည်ကုန်ထသော၊ ယေဒေဝါစ၊ အကြင်နတ်တို့သည်၎င်း၊ သဗ္ဗကာလံ၊ အခါခပ်သိမ်း၊ ဂုဏာဂဏာ ဂဟာဏ ဗျာဂဋ္ဌာ၊ လောကီကျေးဇူး လောကုတ္တရာ ကျေးဇူးတို့

အပေါင်းကို၊ ယူခြင်း၌ ကြောင့်ကြကုန်၏၊ ဧတေဒေဝါစ၊ ထိုနတ်တို့သည်ရင်း၊ ဝရကနကမယေ၊ မြတ်သော ရွှေဆိုင်အတိဖြင့် ပြီးသော၊ မေရုရာဇေ၊ မြင့်မိုရ်တောင်မင်း၌၊ ဝသန္တာ၊ နေကုန်သော၊ သန္တော၊ သူတော်ကောင်းဖြစ်ကုန်သော နတ်တို့သည်ရင်း၊ သန္တောသယဟောတုံ၊ ရောင့်ရဲလွယ်ခြင်း၏ အကြောင်း ဖြစ်ထသော အင်္ဂံ၊ မြတ်ထသော၊ မုနိဝရဝစနံ၊ မြတ်စွာဘုရား စကားတော်ကို၊ သောတုံ၊ နာအံ့သောငှါ၊ သမဂ္ဂါ၊ အညီအညွတ်၊ အာယန္တု၊ လာလတ်ကုန်လော့။

သဗ္ဗေသု၊ ခပ်သိမ်းကုန်သော၊ စက္ကဝါဠေသု၊ စကြာဝဠာတို့၌၊ ယက္ခာစ၊ ဘီလူးတို့သည်ရင်း၊ ဒေဝါစ၊ နတ်တို့သည်ရင်း၊ ဗြဟ္မာနောစ၊ ဗြဟ္မာတို့သည်ရင်း၊ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဘီလူး-နတ်-ဗြဟ္မာတို့သည်၊ သဗ္ဗသမ္ပတ္တိသာဓကံ၊ ခပ်သိမ်းသော စည်းစိမ်ကို ပြီးစေတတ်ထသော၊ ယံပုညံ၊ အကြင်ကောင်းမှုကို၊ အမှေဟိ၊ ငါတို့သည်၊ ကတံ၊ ပြုအပ်ပြီး၊ တံပုညံ၊ ထိုကောင်းမှုကို၊ အနုမောဒိတွာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ သမဂ္ဂါ၊ ညီညွတ်ကုန်သည်ဖြစ်၍၊ သာသနေ၊ သာသနာတော်၌၊ ရတာ၊ မွေ့လျော်ကုန်သည်၊ ဟောန္တု၊ ဖြစ်စေကုန်လော့၊ အာရက္ခာသု၊စောင့်ရှောက်ခြင်းတို့၌၊ ဝိသေသတော၊အထူးသဖြင့်၊ ပမာဒရဟိတာ၊ မေ့လျော့ခြင်းမှ ကင်းကုန်သည်၊ ဟောန္တု၊ ဖြစ်စေကုန်လော့။

သာသနဿစ၊ သာသနာတော်၏ရင်း၊ လောကဿစ၊ လူအများ၏ရင်း၊ ဝုဍ္ဎိ၊ စီးပွားခြင်းသည်၊ သဗ္ဗဒါ ခပ်သိမ်းသော

အခါ၌၊ ဘဝတု ဖြစ်စေသတည်း။ သာသနမ္ဗိစ၊ သာသနာတော်ကို၎င်း၊လောကဥ္စ လူအများကို၎င်း၊ ဒေဝါ-နတ်တို့သည်၊ သဗ္ဗဒါ ခပ်သိမ်းသောအခါ၌၊ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗေ ခပ်သိမ်းကုန်သော သူတို့သည်၊ အတ္တနော၊ မိမိ၏၊ ပရိဝါရေဟိ၊ အခြံအရံတို့နှင့်၊သဒ္ဓိံ၊ တကွ၊ သုခီ၊ ချမ်းသာကုန်သည်၊ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သူတို့သည်၊ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော ဉာတိဘိ အဆွေအမျိုးတို့နှင့် သဟ တကွ၊ အနီဃာ၊ဆင်းရဲမရှိကုန်သည်၊ ဟောန္တု၊ ဖြစ်စေကုန်သတည်း သုမနာ ဝမ်းမြောက်ကုန်သည်၊ ၊ဟောန္တု၊ ဖြစ်စေကုန်သတည်း။

ရာဇတောဝါ၊ မင်းဘေးမှ၎င်း၊ စောရတောဝါ၊ သူခိုးဘေးမှ၎င်း၊မနုဿတောဝါ၊လူဘေးမှ၎င်း၊ အမနုဿတောဝါ၊လူမဟုတ်သော၊ ဘီလူးဘေးမှ၎င်း၊ ဂ္ဂိတောဝါ၊ မီးဘေးမှ၎င်း၊ ဥဒကတောဝါ၊ရေဘေးမှ၎င်း၊ သာစတော်ဝါ၊ မြေဘုတ်ဘီးလူးဘေးမှ၎င်း၊ခါဏုကတောဝါ၊ သစ်ငုတ်ဘေးမှ၎င်း၊ ကဏ္ဍကတောဝါ၊ ဆူးငြောင့်ဘေးမှ၎င်း၊ နက္ခတ္တတောဝါ၊ မကောင်းသော နက္ခတ်ဘေးမှ၎င်း၊ ဇနပဒရောဂတောဝါ၊ ဇနပုဒ်၌ဖြစ်သော အနာဘေးမှ၎င်း၊ အသဒ္ဓမ္မတောဝါ၊ မသူတော်တို့၏ တရားဘေးမှ၎င်း၊ အသန္ဒိဋ္ဌိတောဝါ၊ မှားသောအယူ ဘေးမှ၎င်း၊ အသပ္ပုရိသတောဝါ၊ မသူတော်ဘေးမှ၎င်း၊ စဏ္ဍဟတ္ထိ၊ အဿ၊ မိဂ၊ ဂေါဏ၊ ကုက္ကုရ၊ အဟိဝိစ္ဆိက၊ မဏိသပ္ပ၊ဒီပိ၊အစ္ဆ၊တရစ္ဆ၊ သူကရ၊မဟိံသ ယက္ခ ရက္ခသာဒီဟိ၊ကြမ်းသောဆင်၊ ကြမ်းသောမြင်း၊ကြမ်းသောသား၊ ကြမ်းသောနွား၊ ကြမ်းသောခွေး၊ ကြမ်းသောမြွေ၊ ကြမ်းသောကင်းသန်း၊ ကြမ်းသောမြွေစိမ်း၊ ကြမ်းသောသစ်

ကြမ်းသော စံ ကြမ်းသော အောင်း ကြမ်းသော ဝက် ကြမ်းသောကျွဲ ကြမ်းသောဘီလူး ကြမ်းသော ရေစောင့်ဘီလူး စသည်တို့ကြောင့် ဖြစ်ကုန်သော၊ နာနာဘယတော်ဝါ အထူးထူး သော အနာဘေးတို့မှုရင်း၊ နာနာရောဂတော်ဝါ၊ အထူးထူး သော ရောဂါဘေးတို့မှုရင်း နာနာဥပဒ္ဒဝတော်ဝါ အထူးထူး သော ရောဂါဘေးဥပဒ်တို့မှုရင်း အာရက္ခံ အစောင့်အရှောက် ကို ဂဏှန္တု ယူကုန်လော့။

# အရပ် ဆယ်မျက်နှာကို စည်းချရန်။

အရှေ့မြောက်အရပ်။

သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယာဣဒ္ဓိ၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အရှေ့အရပ်။

သဗ္ဗေဗုဒ္ဓါ ခေမပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယောခေမော၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အရှေ့တောင်အရပ်။

သဗ္ဗေဗုဒ္ဓါ ဇယပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယောဇယော၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

တောင်အရပ်။

သဗ္ဗေဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယောလာဘော၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အနောက်တောင်အရပ်။

သဗ္ဗေဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနုဗုဒ္ဓ ယောတေဇော၊
အရဟန္တာနုဗုဒ္ဓ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အနောက်အရပ်။

သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံဗလံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အနောက်မြောက်အရပ်။

သဗ္ဗေဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယောယသော၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

မြောက်အရပ်။

သဗ္ဗေဗုဒ္ဓါ သီရိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာသီရိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အရှေ့မြောက်အရပ်။

သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယာဣဒ္ဓိ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အထက်အရပ်။

သဗ္ဗေဗုဒ္ဓါ ဈာနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံဈာနံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

အောက်အရပ်။

သဗ္ဗေဗုဒ္ဓါ နိစ္စပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံနိစ္စံ၊
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံဗန္ဓာမိ သဗ္ဗသော။

## ပထဝီဇေယျ ၁၀-ဂါထာ။

၁။ သြိ........ပထဝိဇယံသဗ္ဗံ၊
အနေက အန္တရာယိကံ၊
ဇယံပစ္စေက ဗုဒ္ဓါစ၊
ဇယံပရိမဟောသဓော။

၂။ ဇယံဟာရော ဟာရိဒေဝေါ၊
ဇယံဗြဟ္မာဓတရဋ္ဌော၊
ဇယံ နာဂေါစ ဝိရူဠှော၊
ဝိရူပက္ခောစ စန္ဒိမာ။

၃။ ဝိဏှုန္ဒော ဝေနတေယျောစ၊
ကုဝေရော ဝရုဏောပိစ၊
အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊
ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊
သုခိတာစ ပသိဒ္ဓိယော၊
အသီတိမဟာသာဝကာ၊
သဗ္ဗံဇယံ ဒဒန္တုမေ။

၅။ ဇေယျော ဓမ္မောစ သံဃောစ၊
ဒသဗလောစ ဇေယျကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဇေယျာသုခီ ဘဝန္တုမေ။

၆။ နရာဒေဝါစ ဗြဟ္မာနော၊
ယက္ခာ နာဂါစ ဂရုဠာ၊
တေပိဒိဋ္ဌာ ပိယာ မယှံ၊
ပုတ္တံမမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊
အရဟာ အဂ္ဂသာဝကာ၊
သဗ္ဗေရောကန္တုမေမေတ္တံ၊
သဗ္ဗေတိဋ္ဌန္တု မေတ္တကေ။

၈။ တေသံ မေတ္တာ နုဘာဝေန၊
သဗ္ဗေ ရောဂါ သုသီတလာ၊
သဗ္ဗေ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊
ဗဟူအနန္တပါဏိနော၊
အနန္တ စက္ကဝါဠေစ၊
ဗဟူ အနန္တပါဏိနော။

၁၀။ ဣမေသတ္တာ အဝေရာစ၊
အညမညံ ပိယာဟောန္တု၊
ဣမေသတ္တာ အဝေရာစ၊
အညမညံ သုခါဟောန္တု။

# ပထဝီဇေယျ ဂါထာအနက်။

၁။ အနေက အန္တရာယ်ကို၊ တပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော၊ သဗ္ဗ မကြွင်းဥဿုံ အလုံးစုံ သော၊ ပထဝိဇယံ၊ မြေအပြင်၌ အောင်မြင်ဘွယ်ဟူသမျှ၊ တေးရန်အဝဝကို၊ ညှိ............ကောင်းကျိုး လျှမ်းတောက်၊ ချမ်းသာရောက်အောင်၊ မျက်မှောက်ထင်ထင် အောင်မြင် ပါစေသတည်း။ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည်လည်း၊ မေ အကျွန်ုပ်အား(နော အကျွန်ုပ်တို့အား) ဇယံ၊ အောင်ခြင်းကို၊ ဒဒန္တု၊ ပေးတော်မူပါစေကုန်သတည်း။ မဟေသယောစ၊ မြတ်သောသီလက္ခန္ဓစသည်ကို ရှာတော်မူ ကုန်ပြီးသော၊ပညာဓိက၊သဒ္ဓါဓိက၊ဝီရိယာဓိက၊ဘုရားသခင်၊ အရှင် အဂ္ဂသာဝက၊မဟာသာဝက၊ပကတိသာဝက ရဟန္တာ မြတ်တို့သည်လည်း၊ ပရိထက်ဝန်းကျင် အကြွင်းမရှိသော အားဖြင့်၊မေ အကျွန်ုပ်အား(နော အကျွန်ုပ်တို့အား) ဇယံ အောင်ခြင်းကို၊ ဒဒန္တု၊ ပေးတော်မူကြ ပါစေကုန်သတည်း။

၂။ ဟာရော၊ ဟာရ မည်သောနတ်သည်၎င်း၊ ဟာရိဒေဝေါ၊ ဟာရိ မည်သော နတ်သည်၎င်း၊ မေ အကျွန်ုပ်အား ( နော အကျွန်ုပ်တို့အား)ဇယံ၊ အောင်ခြင်းကို၊ ဒဒန္တု၊ပေးကြပါစေ ကုန်သတည်း။ဗြဟ္မာ ဗြဟ္မာသည်၎င်း၊ ဓတရဋ္ဌော၊ ဓတရဋ္ဌ နတ်မင်းသည်၎င်း၊ မေ အကျွန်ုပ်အား ( နော အကျွန်ုပ်တို့

အား)ဇယ်၊အောင်ဆုကို၊ ဒဒန္တု၊ပေးကြပါစေကုန်သတည်း
နာဂေါစ မဟာနာဂ နတ်မင်းသည်၎င်း၊ဝိရူဠှဗ္ဗောစ၊ဝိရူဠှက
နတ်မင်းသည်၎င်း၊ ဝိရူပက္ခောစ ဝိရူပက္ခ နတ်မင်းသည်
၎င်း၊ စန္ဒိမာပိ လနတ်သားသည်၎င်း။

၃။ ဝိဏ္ဏုန္ဒောစ၊ အထူးထူးသော နတ်တို့ကို၊ အစိုးရသော
သိကြားမင်းသည်၎င်း၊ ဝေနတေယျောစ၊ ဝိနတာ အမည်ရှိ
သော နတ်သမီး၏ သားဖြစ်သော နတ် မင်း သည် ၎င်း၊
ကုဝေရောစ၊ကုဝေရနတ်မင်းသည်၎င်း၊ဝရုဏောပိစ ဝရုဏ
နတ်မင်းသည်၎င်း၊ အဂ္ဂိစ၊ မီး နတ် သ ား သ ည် ၎ င် း၊
ဝါရုဏောစ၊ လေ နတ်သားသည်၎င်း၊ ပဇ္ဇုန္နောစ၊ မိုးယ်း
နတ်သားသည်၎င်း၊ ကုမာရောစ၊ ကုမာရနတ်သည်၎င်း၊
စတုလောကပါလောစ၊ လောကပါလ နတ်သားလေး
ယောက်သည်၎င်း၊ မေ အကျွန်ုပ်အား (နော-အကျွန်ုပ်တို့
အား)ဇယ်၊အောင်ဆုကို၊ဒဒန္တု၊ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ၊ ချမ်းသာအောင် ဆောင်နိုင်ကုန်သော၊ အဋ္ဌာ
ရသမဟာဒေဝါစ၊တဆယ့်ရှစ်ယောက်ကုန်သော၊ နတ်မင်း
ကြီးတို့သည်၎င်း၊ ပသိဒ္ဓိယော၊ အထူးထူး၊ အပြားပြား
စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော၊ အသီတိ မဟာ
သာဝကာစ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်
တို့သည်၎င်း၊မေ အကျွန်ုပ်အား၊ (နော- အကျွန်ုပ်တို့အား)
သဗ္ဗဇယံ အောင်ဆုဟူသမျှကို ဒဒန္တု ပေးတော်မူကြပါ
စေကုန်သတည်း။

၅။ ဓမ္မောစ၊ ဆယ်ပါးသောတရားတော်သည်၎င်း၊ သံဃောစ သမ္မုတိပရမတ် နှစ်ရပ်သောသံဃာတော်သည်၎င်း၊ ဇေယျော ရန်ဟူသမျှကို အထူးအောင်မြင် တော်မူပေ၏။ ဒသဗလော စ၊ ကာယဉာဏ်တော် အားဆယ်ဘော်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသခင်သည်လည်း၊ ဇေယျကော၊ ရန်မျိုး ဥဿုံ၊ အလုံးစုံ၊ ကိုချက်ကုန်မကြွင်း၊ ခုတ်စင်းဖျက်ချေ၊ အထူး အောင်မြင်တော်မူပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ဆိုငြား မှန်ကန်သော သစ္စာစကားကြောင့်၊ ဇေယျာ၊ ရန်အပေါင်း ကို၊ အထူးအောင်မြင်ကုန်သည်၎င်း၊ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်၎င်း၊ မေ - အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား)ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၆။ နရာစ၊ လူတို့သည်၎င်း၊ ဒေဝါစ၊ နတ်တို့သည်၎င်း၊ ဗြဟ္မာ နောစ၊ ဗြဟ္မာတို့သည်၎င်း၊ ယက္ခာစ၊ ဘီလူးတို့သည်၎င်း၊ နာ ဂါစ နဂါးတို့သည်၎င်း ဂရုဠာစ ဂဠုန်တို့သည်၎င်း တေပိ ထိုလူနတ် ဗြဟ္မာ ဘီလူး နဂါး ဂဠုန်တို့သည်လည်း၊ ဒိဿာ မြင်သည်ရှိသော်၊ မယှံ အကျွန်ုပ်အား (နော အကျွန်ုပ်တို့ အား) ပိယာ၊ မြတ်နိုး ချစ်ခင်ကြကုန်သည်၊ ဟောန္တု၊ ဖြစ် ပါစေကုန်သတည်း။ ပုတ္တံ မိမိတို့၏သားကို သိနေဟာဏ္ဍ ချစ်ခင်ကြကုန်သကဲ့သို့၊ မမ အကျွန်ုပ်အား (နော အကျွန်ုပ် တို့အား) ပိယာ မြတ်နိုး ချစ်ခင်ကြကုန်သည် ဟောန္တု ဖြစ်ပါစေကုန်သတည်း။

၇။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်၎င်း၊ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေက ဗုဒ္ဓါတို့သည်၎င်း၊ အရဟာစ၊ ရဟန္တာတို့သည်၎င်း၊ အဂ္ဂသာ ဝကာစ၊ အဂ္ဂသာဝကတို့သည်၎င်း၊ သဗ္ဗေ၊ အလုံးစုံကုန်သော

ဘုရား၊ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကတို့သည်၊ မေ အကျွန်ုပ်အား၊(နော၊ အကျွန်ုပ်တို့အား)မေတ္တံ ချစ်ခြင်း မေတ္တာကို၊ ကရောန္တု၊ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ဘုရား ပစ္စေကဗုဒ္ဓါ၊ရဟန္တာအဂ္ဂသာဝက တို့သည်၊ မေ-အကျွန်ုပ်အား(နော-အကျွန်ုပ်တို့အား) မတ္တကေ၊ ဦးခေါင်းထက်၌၊ တိဋ္ဌန္တု၊ရပ်တည်တော် မူပါစေကုန် သတည်း။

၈။ တေသံ၊ထိုဘုရား၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာ၊အဂ္ဂသာဝကတို့၏ မေတ္တာနုဘာဝေန မေတ္တာ၏ အာနုဘော်တော်ကြောင့် သဗ္ဗေ အလုံးစုံကုန်သော ရောဂါ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည်၊ သုသိတလာ အလွန်ငြိမ်းအေးကြ ကုန်သည်၊ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။သဗ္ဗေ အလုံး စုံကုန်သော၊ ဘယာ၊ ကြောက်မက်ဘွယ် ဘေးအမျိုးမျိုးတို့ သည်၊ဝိနဿန္တု၊ပျောက်ကွယ်ကြပါစေကုန်သတည်း။သဗ္ဗေ အလုံးစုံကုန်သော၊ ဥပဒ္ဒဝါ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်၊ နဿန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

၉။ ဣမသ္မိံ၊စက္ကဝါဠေ၊ ဤစကြာဝဠာ၌၊ ဗဟူ၊များစွာကုန် သော၊ အနန္တပါဏိနော၊ အဆုံး အပိုင်း အခြား မရှိသော သတ္တဝါအပေါင်းတို့သည်ရင်း၊ အနန္တ စက္ကဝါဠေ အဆုံး အပိုင်း အခြား မရှိသော၊ စကြာဝဠာ တိုက်အပေါင်း၌ ဗဟူ များစွာကုန်သော၊ အနန္တပါဏိနော၊အဆုံး အပိုင်း အခြား မရှိသော၊ သတ္တဝါ အပေါင်းတို့သည်ရင်း။

၁၀။ ဣလမေသတ္တာ၊ ဤဆိုအပ် ကုန်ပြီးသော၊ သတ္တဝါအပေါင်းတို့သည်၊ အညမည်၊ အချင်းချင်း တယောက်သည် တယောက်အား၊ အဝေရာ၊ ရန်မရှိကြ ကုန်သည်ဖြစ်၍၊ ပိယာစ၊ မြတ်နိုး ချစ်ခင်ကြ ကုန်သည်လည်း၊ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဣလမေသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော၊ သတ္တဝါအပေါင်းတို့သည်၊ အညမည်၊ အချင်းချင်း တယောက်သည် တယောက်အား၊ အဝေရာ၊ ရန်မရှိကြ ကုန်သည်ဖြစ်၍ သုခါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း၊ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

# ဓါတ်တော်ပေါင်းစုံ ဘုရားပင့်။

ဩကာသံ ဒေဝ ဘန္တေ၊ ဘန္တေ ရွှေဘုန်းတော်သခင်
အသျှင်မြတ်ဘုရား၊ဩကာသံ၊ လျှောက်ထား တောင်းပန်ပါရအံ့
သော အခွင့်ကို၊ ဒေထ၊ ပေးသနားတော်မူပါအရှင်ဘုရား၊

၁။ တသိန်းလွန်လေ၊လေးသင်္ချေထက်၊ပရမေသကျူ၊ ဂေါတမ
လောင်းလျာ၊သုမေဓါသည်၊ ပြည်သာနိဗ္ဗါန်၊ ရှိသင့်တန်ဟု
အကြံမချ ၊ဥဿဟဖြင့်၊ လုံ့လသီးစွာ၊ ကိုယ့်တာကိုယ်ရေး
ကိုယ့်သွေးကိုယ်သား၊ ကိုယ့်မယားကို၊ လေးစားမပြု
အမှုမစိုက်၊ အထိုက်လျှော်စွာ၊ ဝေနေယျာကို၊ပြည်သာနိဗ္ဗူ
ကျွန်းသောင်ငူသို့၊ ဆောင်ယူကယ်ကြုံး၊ ရွှေနှလုံးဖြင့်၊
ဖြတ်ထုံးနိယတ၊ကပ်ကာလဝယ်၊ ဒဿပါရမီ၊ဆယ်လီတိံသ
အမျှသုံးဆယ်၊ကြွေးကိုးဆယ်တို့ကို၊ အယုတ်အလပ်၊ အမြတ်
အားဖြင့်၊ ဖြည့်ကျင့်တော်မူပြီးမှ၊ပြည်ကြီးကပ်ိလ၊ နဂရဝယ်
စကြာစည်းစိမ်၊ ဖျင်းသိမ်ထင်လာ၊ စွန့်ပစ်ခွါ၍၊ ဝဇီရာသန၊
ပလ္လင်မဉ္ဇ၊ကဆုန်လပုဏ္ဏမီ၊ဂုဏ်တိဂ္ဂိ ပြည့်ဝ၊နေ အာရုဏ်ခြည်
ကြွသည်နှင့် တပြိုင်နက်၊ မယုက်မထွေး၊ မရှေးမနှောင်း၊
တသောင်းသော လောကကို၊ အိုးထိန်းစက် ချားရဟတ်ကဲ့
သို့၊ ပွဲတင်သံထပ်စေ၍၊ လူနတ်တို့၏ ဆရာ၊ သမ္မာသမ္ဗုဒ္ဓ၊
အတုလမ္မရာဇ်၊ မင်းဆုံး၏ အဖြစ်ကို၊ ခံယူတော်မူပြီးလျှင်၊
ကျွတ်ထိုက်သည့် ဝေနေယျာတို့ကို၊ အို-နာ-သေ-နေ၊
ကင်းလွတ်စေသည်၊ ဘုံရွှေသာထွဋ်၊ အရိမဒ်သို့၊ ကြပ်မတ်
ပို့ဆောင်တော်မူ၍၊၄၅-ဝါ၊ စေ့ရောက်ကာလ ကုသိနာရုံ

ရဂုံသာကြွယ်၊ အင်ကြင်းစုံ အလယ်၌၊ တင့်တယ်စွာ စီမံ ခြယ်လယ်အပ်သော၊ရတနာ့ရွှေညောင်စောင်း၌၊ မြောက်သို့ ဦးခေါင်းပြုလျက်၊လည်းလျောင်းတော်မူပြီးလျှင်၊အစမထင် ကြင်လည်ရာ အဆက်ဆက်က၊ ဆောင်ရွက်တော်မူခဲ့ရသည့် ခန္ဓာတော်ရန်စစ်ကို၊ စွန့်ပစ်ပါယ်ချ၍၊ ခန္ဓာနိဗ္ဗာန်၊ကျင်းမဲ့ စံလည်း၊နောက်ကျန်ဝေနေမျှားတတွေ့ကို၊အရှည်မျှော်ခေါ် တော်မူ၍၊ ထားတော်မူခဲ့သော၊ ကိုယ်တော်မှ၊ အစိပ်ဖြစ် သော၊ ဓါတ်တော်တို့သည်၊ ပြိုကွဲကုန်သော၊ သန္ဓိနှ ဓါတ်တော်တို့သည်ရင်း၊ မပြိုကွဲကုန်သော၊ အသန္ဓိနှ ဓါတ်တော်တို့သည်ရင်း၊ ဤသို့အားဖြင့်၊ နှစ်ပါး အပြား ရှိကုန်၏။ ပြိုကွဲကုန်သော သန္ဓိနှ ဓါတ်တော်တို့တွင်၊ ပမာဏ အားဖြင့်၊ အကြီး-ပဲနောက်စေ့ အလပ်-ဆန်ကျိုး အငယ် မုန်ညှင်းစေ့ အဆင်းအားဖြင့် အကြီး၊ရွှေ အလပ်ပုလဲ အငယ်-မြတ်လေးငုံ အချင်းအားဖြင့် အကြီး ငါးကွမ်း စား၊ အငယ်-ငါးကွမ်းစား၊ အငယ်-ခြောက်ကွမ်းစား၊ ဤသို့ အား ဖြင့်၊ အချင်း အဆင်း၊ ပမာဏ အားဖြင့် ပြားကုန်သော မြတ်စွာဘုရားသခင်၏ ပြိုကွဲကုန် သော သန္ဓိနှ ဓါတ်တော်တို့သည်ရင်း၊ မပြိုကွဲကုန်သော အသန္ဓိနှဓါတ်တော်တို့တွင်၊ လက်ျာအထက် စွယ်တော် သည်၊ နတ်ပြည်၌ တည်တော်မူ၏။ လက်ျာအောက်စွယ် သည်၊ နဂါးပြည်၌ တည်တော်မူ၏။ ယခုအခါ သီဟိုဠ် ကျွန်း၌ တည်တော်မူ၏။ လက်ဝဲ အထက် စွယ်တော်သည်၊ ဂန္ဓာရာဇ်တိုင်း၌ တည်တော်မူ၏။လက်ဝဲ အောက်စွယ်တော် သည်၊ ကာလိင်္ဂရာဇ်တိုင်း၌ တည်တော်မူ၏။ ယခုအခါ

စစ်ကိုင်းမြို့ ကောင်းမှုတော်ကြီး၌ တည်တော်မူ၏။ ဤသို့အားဖြင့် ၄-ဆူသော စွယ်တော်မြတ်၊ ၂-ဆူသော ညှပ်ရိုးတော်မြတ်၊ တဆူသော နဖူးသင်းကြပ်တော်မြတ်၊ ဤသို့အားဖြင့်၊ ခုနှစ်ဆူကုန်သော အသန္တိန္န ဓါတ်တော်တို့သည်ရင်း၊ သပိတ်တော်သည် ဝဇီရရာဇ်ပြည်၌ တည်တော်မူ၏။ ဆင်ဝတ်တော်မူသော သင်းပိုင်တော်သည်၊ ကုလဂရာဇ်ပြည်၌ တည်တော်မူ၏။ ဖန်ရည်စွန်းသော ကိုယ်ဝတ်တော်သည်၊ ဗြဟ္မာပြည်၌ တည်တော်မူ၏။ ခါးပန်းတော်သည်၊ ပါဋလိပုတ်ပြည်၌ တည်တော်မူ၏။ ရေစစ်တော်သည်၊ ဝိဒေဟတိုင်း၌ တည်တော်မူ၏။ ပဲခွပ် အပ်တော်သည် ဣန္ဒပတ္တတိုင်း၌ တည်တော်မူ၏၊ဤသို့အားဖြင့် ခြောက်ဆူသော ပရိဘောဂ စေတီတော်မြတ်၊ ခုနှစ်ဆူကုန်သော အသန္တိန္နဓါတ်၊ ရှစ်စရွတ်ကုန်သော သန္တိန္နဓါတ်တော်တို့ကို၊ ဒါယကာ၊ ဒါယိကာမ တစုတို့သည်၊ ဂရုဂါရဝ သက္ကစ္စဖြင့်၊ ချီးပကော်ရော်၊ ပူဇော်သက္ကာရ ပြုလိုကြပါကုန်သည်။

၂။ သဗ္ဗညုတ မြတ်စွာဘုရားသခင်သည်လည်း၊ ကြာချပ်မှုံ ရင့်၊ ပွင့်နှင့်မည့်သူ၊ရွေးကာယူသို့၊ ရောင်ဖြူလျှံတောက် ပုလဲလုံးဖေါက်၊ ကောက်ခါသီသို့၊ မ,တည်ဝဇ္ဇာ၊ ရှင်းရှင်းကွာသား၊ အညာတာဝိ ၊ ဣန္ဒြေရောက်၊ကောက်ခါယူသွယ် လက်ထက်ဝယ်၌၊ ကယ်ယူတော်မူသော အင်္ဂုတ္တိုရ် ကျမ်း အလာမှာ၊သချေ်၂၀-နှင့်ကုဋေ သုံးသန်း၊ခြောက်သိန်း၊ခုနှစ်သောင်း ခုနှစ်ထောင်ကုန်သော ကျွတ်စာရင်းဝင် သချာတွင်၊ မပါဝင်ကြကုန်သော၊ဒါယကာ၊ ဒါယိကာမ တစုတို့မှာ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ

တည်းဟူသော ဩဃလေးဖြာ၊သံသရာမှ၊မိဘဆရာ၊ ဥာတကာတို့၊ကယ်ယူမလာ၊ကိုယ့်ကြမ္မာဖြင့်၊ရှည်စွာသောကာလက၊ သံသရာဝဋ္ဋဒုက္ခကို၊ အဖန်ဖန် ကြုံကြလျက် ရှိနေကြပါကုန်သည်။

အဖန်ဖန် ကြုံကြလျက် ရှိနေကြပါကုန်သည်။

ယခုအခါ၊ဗုဒ္ဓုပ္ပါဒ နဝမခန၊ခေတ္တမင်္ဂလာ၊အခါကောင်း မြိုက်ကြုံရကြိုက်ကို၊ အာသဝေါဂ၊ ယောဂ၊ ကန္တာ ဥပဒါ၊ နိဝရဏ ( အနုသယ ဓမ္မ ) အင်္ဂန ၁၀-ပါးတည်း ဟူသော မြစ်သံသရာ၊ မဟာဝဲဂယက်အတွင်းဝယ်၊ ကြောက်မက်ဘွယ်လိ၊ ဇာတိဗျာဓိ၊ စုတိမစဲ၊ သားရဲငါးရဲတို့သည်၊ ကိုက်ခဲမပြတ်၊ နှိပ်စက်အပ်သည်ဖြစ်၍၊ ရောင်တော်ပုံမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌၊ စင်စစ်အေးချမ်း၊ နောက်ကျွတ်တန်း အနေနှင့်၊ လေးသချေ်နှင့် ကုဋ္ဌေနှစ်သန်း လေးသိန်း ခုနှစ်သောင်း သုံးထောင်ကုန်သော၊ကျန်စာရင်းဝင်၊ သချေ်ာတွင်၊ သက်ဝင်လိုပါသောကြောင့်၊ ဒါယကာ၊ ဒါယိကာမ တစုတို့သည်၊ ပုံပြင်စီရင်အပ်သော၊ သိကြားဩဇာ၊ နတ်-သုဒ္ဓါကဲ့သို့သော၊ ဆွမ်းတော်ရေချမ်း၊ ပန်းတော်သစ်သီး၊ ဆီမီးကျိုက်လျှာ၊ အဖြာဖြာ အဝဝ၊ လှူဒါန ပစ္စယတို့ကို ကြွရောက် အလှူခံ သီ တင်း သုံး လာ တော် မူ ပါ မည့် အကြောင်းကို၊ ဒါယကာ ဒါယိကာမ တစုတို့အား၊ သနားမေတ္တာ ဂရုဏာဖြင့်၊ ဝေးကွာသော ထိုထိုနေရာ၊ စံဝိဟာမှ

ဝသိဂ်ါးတန်၊ ဈာန်ယာဉ်ပျံဖြင့်၊ တိမ်ယံကို ဖွဲ့ခွါလျက်၊ ...............ခုနှစ်...............လ...............ရက်နေ့၊ ယခုအချိန်မှ အစပြု၍၊ ဤ သာသနာ (၅၀၀၀) ကာလပါတ်လုံး ဤ-...............စေတီဘုရား၏ ဂန္ဓာကုဋိ ဌာပနာတိုက် အတွင်းသို့၊ မဟာဂရုဏာ ရှေ့ထား၍၊ ကြွရောက် သီတင်းသုံးလာတော်မူပါမည့် အကြောင်းကို၊ ဆယ်ချောင်းလက်စုံ၊ ကြာဖူးငုံသို့၊ နှစ်စုံသော စက်တော်မြတ်ကို၊ ဦးထိပ်ရွက်၊ ပန်ဆင်လျှောက်ထား အသနားတော်မြတ် ခံပါသည်၊ သုံးလောက တိုက်တခွင်၌၊ ရှိရှိသမျှ အနန္တတို့၏ ထိပ်ခေါင်တင်၊ အမြတ်ဆုံးတင်ရသည့် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဘုရား။

★

# စိန္တာမုနိဂါထာတော်။

ဥုံ ဇေယျတု သဗ္ဗမင်္ဂလံ၊
ဥုံ အမရှံ ဟြိုဟြို၊ ဆရိမုခပင်္ဂျံ၊
တောပိဋကတ္တယံ၊ ဟြိုဟြို၊ဗာဟိန္ဒြို၊
မဟိန္ဒြို၊ ရုက္ခိန္ဒြို၊ ပြစန္ဒြို၊ နရစန္ဒြို၊
ဗေရာဘာရာဂျဟာ၊ ရှုရာဂျဂဂျတျာ၊
စိန္တာမုနိကောဝ၊ ဆမရှံဟြိုဟြို၊
ကြုံဗ္ဗန္တမေဂျယမင်္ဂလံ။

ဥုံ။ မကောင်းသောဘေးဒဏ်၊ ရန်မာန် အန္တရာယ် ဟူသမျှ အပေါင်း တို့ သည်၊ ကင်းငြိမ်းလွင့်ပျောက်၍၊ ဘုန်းတန်ခိုး ကျက်သရေ မင်္ဂလာ ဟူသမျှအပေါင်းတို့သည်၊ တိုးတက်ပါစေကုန်သတည်း။

သဗ္ဗမင်္ဂလံ။ ခပ် သိမ်း ကုန် သော ၊ ပစ္စုပ္ပန်၊ သံ သ ရာ၊ ချမ်း သာ စီး ပွား များ ခြင်း ၏ အ ကြောင်း ကောင်းမြတ်သော မင်္ဂလာတို့သည်၊

ဇေယျတု။ တနေ့တခြား တိုးပွား၍၊အောင်ပါစေသတည်း

ဥုံ။ မကောင်းသောဘေးဒဏ်၊ ရန်မာန်အန္တရာယ် ဟူ သ မျှ အပေါင်းတို့သည်၊ က င်း ငြိ မ်း လွင့်ပျောက်၍၊ ဘုန်းတန်းခိုး ကျက် သ ရေ မင်္ဂလာ ဟူသမျှ အပေါင်းတို့သည်၊ တိုးတက် ပါစေသတည်း။

အမရွှံပြိုပြို။ မသေရာမှန်၊မြတ်နိဗ္ဗာန်ကို၊ကေန်ထုတ်လျှောက်ရောက်အောင်ပို့ဆောင်နိုင်တော်မူပေထသော၊

ဆရီမုခမင်္ဂျံ။ မြတ်စွာဘုရားသခင်၏၊ အသရေရှိသော ခံတွင်းတော်တည်းဟူသော ကြာတိုက်မှ ဖြစ်ထသော

တျေပိဋကတ္တယံ။ သုတ်-ဝိနည်း၊ အဘိဓမ္မာဟူသော သုံးပုံသော ပိဋကတ်တော်ကို။

ပြိုပြို။ ကြည်ယုံလေးမြတ်၊ မြဲစောင့်ကြပ်ပေကုန်သော သူရဿတီ စန္ဒီ၊ပါရမီသွာ၊မဟာပိန္နဲ၊ဂေါရမန္တ၊ မဟာပိဿနိုး၊ တန်ခိုးကြီး၊ ကျော်သဲပေါက်ကြမည်ရတွင်ခြင်း၊ နတ်မြတ်မင်း အပေါင်းတို့သည်ရင်း၊

ဗာဟိန္ဒြို ခေါ်ဆိုသညာ၊ မည်တော်သာသည်၊ စူဠာရဋ္ဌ၊ မဟာရဋ္ဌ၊ အနေကဝဏ္ဏ၊ ဣသာနဿ၊ ဝိရူဋ္ဌဿ ပဇာပတိဿ၊စသည်ကျော်ဟိုး၊ ကောင်းကင်ကို အစိုးရကြပေကုန်သော၊ အာကာသစိုးနတ်မင်း အပေါင်းတို့သည်ရင်း၊

မဟိန္ဒြို။ ထုတ်ဆိုပါဠိလာ၊ သေခြာဖေါ်မိန့်၊ နှစ်သိန်းလေးသောင်း၊ရုံးပေါင်းအထု၊ သချ်ာပြုရှု၊ပံသုမဟီ၊ သေလာမည်သည့်၊ မဟာပထဝီမြေကြီးကို၊ ခိုမှီးမပြတ်၊ မြဲစောင့် ကြပ် ကုန် သော၊ နတ် မြတ် ဘုမ္မ စိုး နတ် မင်း အ ပေါင်း တို့သည်ရင်း။

ရုက္ခိန္ဒြို။ ထိုထိုဟိမဝန်၊ တောစွန်အနန္တ၊ ရှိသမျှအစင်၊ မြေအပြင်ဝယ်၊ တပင်တရွက် တခက်မလပ်၊ မြဲစောင့်ကြပ်ပေကုန်သော၊ နတ်မြတ် ၊ရုက္ခစိုး နတ်မြတ်မင်း အပေါင်းတို့သည်ရှင်း။

ပြစန္ဒြို။ ဖြန့်ဆိုရေးဖွဲ့၊ လေးဆယ့်ကိုးယူဇနာ၊ သချာ ကျယ်ဝန်း၊ တောက်ထွန်းရောင်လျှံ၊ လဗိမာန် ကို၊ နိယံမပြတ်၊ စောင့်ပေတတ်သည်၊နတ်မြတ် သောတာပန် ထိုက်ပေကုန်သော၊ လနတ်မင်း အပေါင်းတို့သည်ရှင်း။

နရစန္ဒြို။ မြင့်မိုရ်ခါးပန်း၊ သုံးသွယ်လမ်းဖြင့်၊ ကြွမြန်း လည့်ပတ်၊ သဟာဿရောင်ခြည် တထောင်ဖြင့်၊ စွမ်းဆောင်အစဉ်၊ ပြဘင်္ဂရော၊ ဘာ နု ရာ ဇာ မည်တော်သာသည့်၊ယူဇနာငါးဆယ်၊ အကျယ် ရှိသော၊သူရဇ္ဇနေဗိမာန်ကို၊နစ္စဒူဝ အစိုးရလျှက် တေဇမော်ကြွား၊ နေနတ်သားဟု၊ခေါ်ငြား အနာဂါမ် ထိုက်ပေကုန်သော၊ နတ်မြတ်မင်း အပေါင်းတို့သည်ရှင်း။

ဗေရာဘါရာဂျဟါ၊ ဗေဒင်လေးပုံ အလုံး စုံ ကို၊ အုပ် ချုံ့ မ သွေ စောင့်ကြပ်ပေသည်၊ တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ ဗုဒ္ဓဟူး၊ မည်ထူးအခြေ၊ စနေ ကြာသပ တေး၊ ခေါ်ရေးအစု၊ ရာဟုသောကြာ၊ဘွဲ့သညာ ဖြင့်၊ ဂုဏ်တေဇာ ရိုက်ခြုံးလျက်၊ ရှစ်လုံးသော ဂြိုလ်နတ်မင်း အပေါင်းတို့သည်ရှင်း။

No. 12

ရွှေရာဂျဂျတျာ။ ဇမ္ဗူဒ္ဒါသိကြားမင်း၊စီးနင်းယာဉ်သာ၊တန်ခိုးဖြာ သည့်၊ဧရာဝဏ် နတ်ဆင်မင်းနှင့်တကွ၊ မည်ရသာ မိ၊ မာတလိ ဝိသုကြုံ၊ တေဇဂုဏ်ရှင်၊ ပဥ္စသိခ်၊ ပဥ္စပဋ္ဌိတ စသော၊ နတ်မြတ်မင်း အပေါင်းတို့ သည်ရှင်း။

စိန္တာမနိကောဝ။ ကြွယ်ပြောအောင်ဟိတ်၊ သမ္မာဒိဋ္ဌိမ့်သည်၊ ဘိုးတော်ဝါသဝ သိကြားမင်းမှစ၍၊ သုံးကျိပ် သုံးပါးကုန်သော၊ သိကြားနတ်မင်းအပေါင်း တို့သည်ရှင်း။

သဗ္ဗဝိဇ္ဇာဓရာ။ သံရမာလာ တံဆိပ်ဖြာသည့်၊ ဝိဇ္ဇာနတ်မင်း မှစ၍၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေး ဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ ဟူသော သာသနာပြုဝိဇ္ဇာ ဓိုရ် ဆရာမြတ် အပေါင်းတို့သည်ရှင်း။

သဗ္ဗသမာဒေဝတာ။ စတုလောကပါလ၊ နတ်မင်းကြီး ၄-ပါးမှ စ၍၊ သာသနာတော်ကို စောင့်ရှောက်တော်မူ ကြကုန်သော အလုံးစုံသော၊ အရိယာ၊ သမာ ဒေဝ၊ သာသနာတော်စောင့် နတ်မြတ်မင်း အပေါင်းတို့သည်ရှင်း။

အာမရှုံပြုံပြုံ။ ထက်သန်ကုသလ၊ ယင်းပုညကြောင့်၊ကမ္ဘာပါ တလုံးတည်သော ကမ္ဘာစောင့် နတ်မင်းကြီး အပေါင်းတို့သည်ရှင်း။

ဝရကဏ္ဍကမယေ။ အရွေ့ကားငွေ၊ ခက္ခဓောမြ၊ မဇ္ဈိမဖန်၊ မြောက်ယံတသီး၊ မြတ်သောရွှေစင်အတိ ပြီးထ သော။

မဟာမေရုရာဇေ။ မြတ်သော မြင့်မိုရ်တောင်မင်း၌၊ ဝသန္တာ၊ ချမ်းမြေ့ရိပ်ငြိမ်၊ နတ်စည်းစိမ်ကို၊ ကြိမ်ကြိမ် ခံစား၊ ပျော်ပါး နေထိုင်ကြပေကုန်သော။

သန္တော။ သူတော်ကောင်းအစစ်၊ သမ္မာဒိဋ္ဌိမျိုး ဖြစ်ပေကုန်သော။

ဒေဝတာ။ သမာဒေဝစသည့် တသင်း နတ်ဝိဇ္ဇာမိုရ်မင်း အပေါင်းတို့သည်ငှင်း။

ဧတေ။ ဤသို့ရေရွတ် မချွတ် ဆိုအပ်ခဲ့ပြီးကုန်သော။ သူမြတ်ပုဂ္ဂိုလ် ဟူသမျှ အပေါင်းတို့သည်။

မံ။ အကျွန်ုပ်ကို အဂ္ဂံ မြတ်လှစွာထသော။

ဇယမင်္ဂလံ။ အောင်ရာ အောင်မှု အောင်ကြောင်း ဆိုဟူသမျှ အပေါင်းတို့ကို။

ဂဏှန္တု။ အောင်ဆုညီညာ ပေးတော်မူကြ ပါစေကုန်သတည်း။

ကြုဗ္ဗန္တု။ လျှင်စွာထုတ်လျှောက်၊ အပြီးရောက်အောင်၊ ချီးမြှောက် မ,စ၊ စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

## သတ္တဌာန ဘုရားများတည်ပုံ



### ရည်ညွှန်းချက်။

၁။ ဌာပနာတိုက်အတွင်းတွင် သတ္တဌာန ဘုရားများကိုချ၊ အစဉ်အတိုင်းချထားရန် ဖေါ်ပြထားခြင်းဖြစ်သည်၊ အကွာအဝေး ပမာဏမဟုတ်။

၂။ မြတ်စွာဘုရားများကို မျှားပြထားရာဘက်သို့သာ သူ့ပုံစံမှန် အတိုင်း ချထားရပါမည်။

၃။ ဂဏန်းစဉ်အတိုင်းသာ အစဉ်အတိုင်း ချရပါမည်၊ ဂဏန်းစဉ် ကျော်မချရပါ။

၄။ ရတနာစင်္ကြံမနသတ္တဟ၌ စင်္ကြံ၏ အလယ်မှ အရှေ့သို့မျက်နှာပြု၍ ချထားပါ။

၅။ ပဌမသတ္တဟမှာ ရှိပြီးဖြစ်၍ ထိုပုံတော်ကို အဌသတ္တဟ ဂ-အဖြစ် အရှေ့သို့ မျက်နှာမူ၍ ချထား အသုံးပြုပါ။

# ထီးတော်တင် ဂါထာတော်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃)

၁။ နမတ္ထု ဘဂျဝန္တဿ မာရသေန ပမဒ္ဒိနော။

မာရသေန ပမဒ္ဒိနော၊ စစ်သည်ဗိုလ်ပါနှင့်တကွ ဖြစ်သော မာန်နတ်သားကို၊ အောင်မြင်ချိုးဖဲ့၊ တန်းခိုးမဲ့လွှင့် စင်အောင်၊သုတ်သင်ရှင်းလင်းတော်မူပြီးထသော။ ဘဂျဝန္တဿ ပြိုင်သူဘက်မရ၊ အစိန္တေယျ ဘုန်းတော်လေးပါးရှိသော၊ သဗ္ဗညုတဥာဏ်ရှင်၊ ဘုရားသခင်ကိုယ်တော်မြတ်အား။ မေမမ၊ လောကဓမ္မ၊ အောင်ဆုပန်သသော၊ ဘုရားတပြည့်စော်၏။ နမော၊ ရိုသေမြတ်နိုး၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဂျဝန္တဘဒ္ဒေ၊ တောင်းဆုမသွေ၊ အောင်သည်ဖြစ်ပါစေသတည်း။အောင်ဘုန်းထီးတော်ရှင် မြတ်စွာဘုရား။

၂။ အာကာသေအနိလပထေ၊ သောဘမာနော အယံထူပေါ၊
မာန သံမာပိတောဟုတွာ။ ဝရံဒါရောပိဿတ္တဂ္ဂံ။

အယံထူပေါ၊ ဓါတ်တော်မွေတော် ဆင်းတုတော်အပေါင်းတို့ဖြင့် ဌာပနာအပ်၍၊ စေတီလေးပါးဂုဏ် ပြည့်စုံတော်မူသော ဤ..................................စေတီတော်မြတ်ကြီးသည်။ အနိလပထေ၊ ဥတုဘန်ပြု၊ လေအစု၏၊အထုကြီးစွာ၊ သွားလာရာလမ်းခရီးလည်းဖြစ်ထသော၊ အာကာသေ၊ ရေးခြစ်မထင်၊ မိုးကောင်းကင်ပြင်၌၊ သောဘနော၊ အင်္ဂကျော်အင်္ဂတော၊ ဘိလပ်မြေသရွတ်တို့ဖြင့်၊ စီရင်အပ်သည်ဖြစ်၍၊ အလွန်တင့်တယ် သပ္ပါယ်တော်မူပါပေ၏။ တံစေတိယံ၊

စေတီလေးထွေ၊ တည်ကိမ်းပေသော၊ ထို........................
စေတီဘုရားကို၊မာနသံ အသက်တမျှ၊ကြည်ညိုဆတိုး၊မြတ်နိုး
လှစွာဖြင့်၊ အမှာကာံ၊ ဂေါပက လူကြီးများနှင့်တကွသော
အများဒါယကာ-ဒါယိကာမ အပေါင်းတို့သည်၊မာပိတော
သဒ္ဓါစသည်၊ ဗိုလ်ငါးလီတို့ဖြင့်၊ စေတနာ ထန်ပြင်းလျက်
ကောင်းစွာ စီရင်ဖန်ဆင်းအပ်သည်၊ ဟုတ္တာ၊ ဖြစ်၍၊
သောဘနော၊ လွန်စွာသပ္ပါယ်၊ တင့်တယ်တော်မူပါပေ၏။
တံသူပံ၊ ဘုရားတပည့်တော်-တပည့်တော်မတို့သည်။ တည်
ထားကိုးကွယ်အပ်သော၊ ထို ........................စေတီတော်
မြတ်ကို၊ ဝရံ၊ မဂ်ဖိုလ်ရောက်ကြောင်း၊ အောင်ဆုတောင်း
လျက်၊ ဣမံဆတ္တဂ္ဂံ၊ မြတ်သောမင်းတို့အားသာ ထိုက်တန်
သော၊ ဤမကိုဋ်ရွှေထီးတော်မြတ်ကြီးကို၊ အမှာကာံ၊ ပါရမီ
ပြည့်လို၊ အောင်ဆုဆို၍၊ နိဗ္ဗာန်ဝင်ကြောင်း၊စုပေါင်းအား
ထုတ်လျက်ရှိကြပါကုန်သော၊ ဘုရားဒါယကာ၊ဒါယိကာမ၊
တပြည့်တော် တပြည့်တော်မအပေါင်းတို့သည်၊ ဒါရောပိ၊
သဒ္ဓါကြည်နူး၊ မြတ်စိတ်ထူးဖြင့်၊ ရည်စူးလျက်၊ တင်လှူကြ
ပါကုန်ပြီအသျှင်ဘုရား။

၃။ ဆတ္တံဓရေ သုရာဇဿ၊ ဆတ္တံဓရံ သိဝံကရေ၊
ရသီဗုဒ္ဓေါ ရသီဇနံ၊ သိဝေတိ သိဝေတံ ဝေရံ။

ဗုဒ္ဓေါ၊ ဘိသေကဇယ ဆတ္တမဓရ ဘဂျဝန္တ ဘဒန္တ၊ အောင်
မင်္ဂလာဆုပြီး၊ အောင်ထီးတော်ကြီးကို၊ အောင်ဗုဒ္ဓ
အဘိသိက် မင်္ဂလာဖြင့်၊ တင့်တယ်စွာ ဆောင်းတော်မူ
အပ်သော၊ အောင်ဘုန်းထီးတော်ရှင် မြတ်စွာဘုရား။
ဆတ္တံဓရသုရာဇဿ၊အဘိသိက် ထီးမြတ်မင်္ဂလာ ကောင်းစွာ

ဆောင်းအပ်သော၊ မင်းကောင်း မင်းမြတ် အား၊ ဓရုံ၊ ဆောင်းယူအပ်သော၊ ဆတ္တံ၊ အောင်ဂေါဏ်ဖြာ၊ ထီးမြတ် မင်္ဂလာသည်၊ သိဝံ၊ ကိုယ်စိတ်နှစ်ဖြာ၊ ကြည်သာရွှင်ကြောင်း ဂုဏ်အပေါင်းကို၊ ကရေ၊ ကရေယျယထာ၊ ပူပြင်စိမ်၊ အတန်တန်ပေးဘိသကဲ့သို့၊ တထာ၊ ထိုထီးမြတ်ဖြော၊ ဂုဏ် တူစွာသာလျှင်၊ ရသိ၊ ဝိမုတ္တိရသာဟူ၊ ထီးမြတ်ဆောင်းခြင်း ရှိတော်မူသော။ ဗုဒ္ဓေါ၊ လူမင်းထီးမြတ်၊ နတ်မင်းထီးမြတ် အရဟတ္တဖိုလ်ထီးမြတ်၊ သုံးထပ်ထီးဆောင်း၊ ဂုဏ်အပေါင်း ရှိတော်မူသော၊ သုံးလောက ထီးမြတ်သခင်၊ ဘုရားမြတ် ရှင်သည်။ ရသိ၊ ဓမ္မရသ၊ ထီးအမတကို ဆောင်းလိုဆန္ဒ ရှိကြပါသော၊ ရသိ၊ ထီးသုံးဆင့်ကို ဆောင်းလိုဆန္ဒရှိကြပါ သော၊ သိဝေတာံ၊ ငြိမ်သက်ပြေး၊ တရားထီးကို၊ ဆောင်းစေ အပ်ထ၊ ရပေထိုက်လှသော၊ ဇနံ၊ ဘုရား တ ပြည့် တော် တပြည့်တော်မတို့မှ စ၍၊ လူ - နတ် - ဗြဟ္မာ - ဝေနေယျာ အပေါင်းကို၊ အဝေရံ၊ ပူအိုက်နွေခက်ယှက်၊ ဒုက္ခဘက်ထွေး ရန်ဘေးမရှိအောင်ပြု၍၊ သိဝေတိဝတာ၊ တရားမင်္ဂလာ ထီး အဖြာဖြာကို၊ ဆောင်းစေ ဆောင်းစေသောအားဖြင့်၊ ငြိမ် သက်သာယာ၊ ကြည်စွာဆုံး၊ ရွှင် ပြုံး စေ တတ် သော၊ အောင် ဘုန်း ထီး တော် ရှင် မြတ် စွာ ဘု ရား ပါတကား။ တံစေတိယံ၊ ထို..............................စေတီတော်ဘုရားကို။ ဝန္ဒေ၊ သဒ္ဓါပန်းပွင့် ဉာဏ်မှုန်းချင့်လျက်၊ အသင့် မြတ်နိုး၊ လက်အုပ်မိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

သာဓု....သာဓု....သာဓု။ (အများဆိုစေ)

☆

## မဟာအမိန့်တော် ပြန်တမ်းကြီး။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ၃။

သာသနာတော် ၂၅၀၆-ခုနှစ်၊.....................လ............ရက်နေ့၊ သက္ကရာဇ် ၁၃၂၄-ခုနှစ်။

၁။ ဇေယျတုသဗ္ဗမင်္ဂလံ။ ။ပထဝီမြေ၊ သုဒ္ဒရေနှင့်၊ ပရမေမြတ်၊ ငါးထပ်အာလိ၊ တာဝတိံကာ၊ ဒေဝိံသကျ၊ ဘုမ္မဒေဝါ၊ သာသနာကို၊ များစွာစောင့်နတ်၊ နတ်မင်းမြတ်တို့ သိတော်မူကြပါစေ ကုန်သတည်း။ အလုံးစုံသော ဝိဇ္ဇာ၊ နတ်သိကြား၊ ဗြဟ္မာ၊ သမ္မာဒေဝ၊ လောကပါလ၊ နတ်အပေါင်းတို့သည် တသောင်းသော လောကဓါတ်မှ ကြားသိပါစေကုန်သတည်း။ ဤစေတီဘုရား တည်ထားရာဒေသ၊ ဤမင်္ဂလာ ရွှေအုဋ္ဌမြစ်ချ ပွဲတော်သို့လာရောက်ကြပါစေကုန်သတည်း။ (ဤအမိန့်တော် ပြန်တမ်းကြီးကို ရိုသေစွာ နာကြားကြကုန်လော။ ၃။)

၂။ ဤဘဒ္ဒကမ္ဘာကပ်၊လွန်ထူးမြတ်သည့်၊ ဟိတ်ဓါတ်ဘဂဝါစောဗုဒ္ဓါတို့သည်ကား။..................... ယေစဗုဒ္ဓါအတီတာစ သမုဒ္ဒဝါဠုကူပမာ၊ ဟူတုံသည်ကား၊ ရှေးရှေးများစွာ အတီတာက၊ သစ္စာလေးဆင့်၊ ရွှေဉာဏ်ရင့်၍၊ ဖြစ်ပွင့်တော်မူပြီး ကြကုန်သော၊ သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင် အပေါင်းတို့သည်ကား၊ဂင်္ဂါဝါဠု သစုမျှမက၊ များလှနိဗ္ဗူ

စံဝင်တော် မူပြီးကြကုန်သော၊ ဗုဒ္ဓဘုရားရှင် အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း၊

၃။ သတ္တသခင်္ချေယျဗုဒ္ဓါနံ၊ နန္ဒသခင်္ချေ၊ သုနန္ဒသခင်္ချေ။ ပထဝိသခင်္ချေ၊ မဏ္ဍသခင်္ချေ၊ ဓရဏီသခင်္ချေ၊ သာဂရသခင်္ချေ၊ ပုဏ္ဍရိကသခင်္ချေ တို့တည်းဟူသော၊ ခုနစ်သခင်္ချေတို့အတွင်း၌၊ သစ္စာလေးဆင့်၊ ရွှေဉာဏ်ရင့်၍ ဖြစ်ပွင့်တော်မူပြီးကြကုန်သော၊ ပြဟ္မဒေဝ ဗုဒ္ဓဘုရားမှစ၍၊ တသိန်းနှစ်သောင်းငါးထောင်ကုန်သော သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင်အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း။

၄။ နဝသခင်္ချေယျဗုဒ္ဓါနံ၊ သဗ္ဗဘဒ္ဒသခင်္ချေ၊ သဗ္ဗဖုလ္လသခင်္ချေ၊ သဗ္ဗရတနသခင်္ချေ၊ ဉဿာဘကၡန္ဓသခင်္ချေ၊ ခန္ဓုတ္တမသခင်္ချေ။ မာနိတသခင်္ချေ၊ ဘဒ္ဒသခင်္ချေ၊ ပဒုမသခင်္ချေ၊ သဗ္ဗဘလ္လသခင်္ချေ၊ တည်းဟူသော ကိုးသခင်္ချေတို့အတွင်း၌၊ သစ္စာလေးဆင့်၊ ရွှေဉာဏ်ရင့်၍၊ ဖြစ်ပွင့်တော်မူပြီးကြကုန်သော၊ ပေါရာဏသကျ ဂေါတမ အစရှိသော၊ ကိုးသိန်းရှစ်သောင်း ခုနှစ်ထောင်ကုန်သော၊ သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်အပေါင်းတို့၏ တေဇေန၊ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း။

၅။ စတုသခင်္ချေယျဗုဒ္ဓါနံ၊ သေလသခင်္ချေ၊ ဘာသသခင်္ချေ၊ ဇေယျသခင်္ချေ ရုစိယသခင်္ချေ၊ တည်းဟူသော၊ လေးသခင်္ချေတို့ အတွင်း၌၊ သစ္စာလေးဆင့်၊ ရွှေဉာဏ်ရင့်၍၊ ဖြစ်ပွင့်

တော်မူပြီးကြကုန်သော၊ တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား၊ ဒီပင်္ကရာဘုရား၊ ကောဏ္ဍည ဘုရား၊ မင်္ဂလဘုရား၊ သုမနဘုရား၊ ရေဝတဘုရား၊ သောဘိတဘုရား၊ အနောမဒဿီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရားရှင်အထိ တကျိပ်နှစ်ဆူကုန်သော၊ သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင် အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတေဇော်၊ မေတ္တာတော်၊ အာနုဘော်တော်အားဖြင့်ရင်း။

၆။ လက္ခကပ္ပဗုဒ္ဓါနံ။ ။ကမ္ဘာတသိန်းအတွင်း၌ သစ္စာလေးဆင့်၊ ရွှေဉာဏ်ရင့်၍ ဖြစ်ပွင့်တော် မူပြီးကြကုန်သော ပဒုမုတ္တရဘုရား၊ သုမေဓါဘုရား၊ သုဇာတဘုရား၊ ပိယဒဿီဘုရား၊အတ္ထဒဿီဘုရား၊ဓမ္မဒဿီဘုရား၊သိဒ္ဓတ္ထဘုရား၊ တိဿဘုရား၊ဖုဿဘုရား၊ဝိပဿီဘုရား၊သိခီဘုရား၊ဝေဿဘူဘုရား၊ ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားတိုင်အောင်၊ တကျိပ် ခြောက်ဆူကုန်သော၊သဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင် အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း။

၇။ အနန္တရနန္တရဗုဒ္ဓါနံ။ ။ထိုထိုသို့သော ဘုရားရှင်အပေါင်းတို့၏၊ အကြားအကြားသော ကာလတို့၌၊ သဗ္ဗပစ္စေကဗုဒ္ဓါ၊ လေးဝသစ္စာ၊မြတ်ဓမ္မာကို၊ ဆရာမခို အလိုလိုလျှင်၊ ရွှေဉာဏ်မြင်၍၊အစဉ်ဖြစ်ပွင့်တော် မူပြီးကြကုန်သော မဟာပဒုမ အာဒိစ္စဗန္ဓု အစရှိကုန်သော အရှင်မဟာပစ္စေကဗုဒ္ဓါ အပေါင်းတို့၏၊ တေဇေန၊ တန်ခိုးတေဇော်၊ မေတ္တာတော်၊ အာနုဘော်တော်အားဖြင့်ရင်း။

၈။ သဗ္ဗဓမ္မာနုဘာဝေန။ ။ဟူတုံသည်ကား၊ တေသံဗုဒ္ဓါနံ
ထိုသဗ္ဗညုတဉာဏ်ရှင်၊ ဘုရားသခင်အပေါင်းတို့၏၊ အနုသာသန ဒေသိတာနံ၊ သတ္တာဝါအများ ကြွင်နာသနား၍၊ မဟာကရုဏာတော်ဖြင့်၊ ကောင်းစွာရွေ့ရှု၊ ဟောတော်မူအပ်ကုန်သော၊ ဓမ္မဝရာနံ၊ ဝိမုတ္တိယုဂအားဖြင့်တပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ် အား ဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ကျမ်းဆောင်အားဖြင့်၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူသော အဘိဓမ္မာ ခုနစ်ကျမ်း ပါရာဇိကံ၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ ပရိဝါ၊ ဟူသော ဝိနည်းငါးကျမ်း၊ သုတ်သီလက္ခန်၊ သုတ်မဟာဝါ၊ သုတ်ပါထေယျ၊ ဟူ၍ ဒီဃနိကာယ် သုံးကျမ်း၊ မူလပဏ္ဏာသ မဇ္ဈိမ ပဏ္ဏာသ၊ ဥပရိပဏ္ဏာသ၊ ဟူသော မဇ္ဈိမနိကာယ် သုံး ကျမ်း၊ သဂါထာဝဂ္ဂသံယုတ်၊ နိဒါထာဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ ဟူသော သံယုတ်နိကာယ် ငါးကျမ်း၊ ဧကင်္ဂုတ္တရ ဒုကင်္ဂုတ္တရမှစ၍၊ အင်္ဂုရနိကာယ် တဆဲ့တကျမ်း၊ ခုဒ္ဒကပါဌ်၊ ဓမ္မပါဒ ဥဒါန်း၊ ဣတိဝုတ္တက၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု ထေရဂါထာ၊ ထေရီဂါထာ၊ အပါဒါန်၊ ဗုဒ္ဓဝင်၊ စရိယပိဋကတ်၊ ဇာတ်၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်ဟူသော ခုဒ္ဒက နိကာယ် တဆဲ့ငါးကျမ်း အားဖြင့်၊ (၅၇) ငါးဆဲ့ ခုနစ် ဆောင်ကုန်သော၊ ပါဠိတော်မြတ် ပရိယတ္တိဓမ္မ၊ ထိုထိုပါဠိတော်အားဖြင့် ပြအပ်ကုန်သော ပဋိဝေဓဉာဏ်၏ အာရုံ၏

ကျက်စားရာဖြစ်သော နိဗ္ဗာန်၊ အလုံးစုံသော ကိလေသာ အာသဝတို့ကို၊ အလုံးစုံ အမြစ်ပါတူးဖြုတ် သတ်တတ်သော သဗ္ဗညုတ ဉာဏ်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ဟူသော လောကုတ္တရာတရား ၉-ပါးတို့၏၊ တေဇေနု၊ တန်ခိုးတေဇော်၊ အာနုဘော်တော်အားဖြင့်ရင်း။

၉။ သဗ္ဗသံဃာနုဘာဝေန။ ။ဟူတုံသည်ကား၊ သဗ္ဗဗုဒ္ဓ သာဝကာနံ၊ ထိုထိုသို့သော၊ ဘုရားရှင်အပေါင်းတို့၏၊ ဟောဖေါ်ထုတ်ပြ၊ မြတ်ဓမ္မ၏၊ ပရိယတ္တိဒေသနာတော်ကို၊ သက်မျှပမာ၊ ရှိသေစွာဖြင့်၊ ကျင့်ကြံကြိုးစား၊ အားထုတ် အပ်သော၊ ပဋိပတ္တိ တရားတော်အားဖြင့်၊ ပြည့်ဝသိက္ခာ၊ သုပ္ပဋိပန္နစသည်ကိုးပါး၊ မြတ်တရားဂုဏ် လွှမ်းပြည့်စုံတော် မူကြကုန်သော၊ ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညာ၊ တေဝိဇ္ဇာပတ္တ ခီဏာသဝ၊ ပရမတ္ထထေရ်မြတ် ဝိသုဒ္ဓိနတ်၊ သံဃာတော် အရှင်မြတ်အပေါင်းတို့နှင့်၊ သိက္ခာကာမ၊ လဇ္ဇီပေသလ၊ သီလဝန္တ၊ကလျာဏပုထုဇဉ်၊ သမုတိထေရ်ကျော်၊ သံဃာ တော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့၏၊ တေဇေနု၊ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော် တော် အား ဖြင့်ရင်း။

၁၀။ ပဌမသင်္ဂါယနာ အကာ။ ။ရှင်ချစ်ဘုရားနိဗ္ဗာန်သို့ လား တော်မူပြီးသည့်နောက်၊ လေးလ မြောက်သော အခါ၌၊ ရာဇဂြိုလ်ပြည်၊ အဇာတသတ္တုမင်းကို အမှီပြု၍၊ ဝေဘာ

ရတောင် စရည်းပင်ပေါက်ရာ၊ သတ္တဘာန်ဂူလှိုင်၌ သုံးခရိုင်သော ပိဋကတ်တို့ကို၊ ပုဒ်ပါဌ်အက္ခရာ မယိုမယွင်းစေဘဲ၊ တပေါင်းတည်း သရဇ္ဈာယ်ကြ၍၊( ၇ )လတိုင်တိုင်၊ပဌမသင်္ဂါယနာတင်တော်မူကြကုန်သော၊အသျှင် မဟာကဿပ၊ အသျှင် အာနန္ဒာ၊ အသျှင် ဥပါလိ အမှူးပြုသော ငါးရာသော၊ ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇာထေရ်ကျော် ရဟန္တာ အသျှင်ကောင်း အသျှင်မြတ် အပေါင်း တို့၏၊ တေဇေနု၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်ရှင်း။

၁၁။ ဒုတိယ သင်္ဂီတိ အကာ။ ။ရှင်ချစ်ဘုရား၊ နိဗ္ဗာန်သို့ လားတော်မူပြီးသည့်နောက်၊ နှစ် တ ရာ ပြည့် ရောက် သော အခါ၌၊ ဝေသာလီပြည်ရှင်၊ ဘုရင် ကာဠာသောကကို အမှီပြု၍၊ ဝဠုကာရာမကျောင်းတိုက်တွင်၊ (၈)လကြာအောင် ဒုတိယ သင်္ဂါယနာ တင်တော်မူကြကုန်သော၊ အသျှင် မဟာယသ၊ အသျှင် သဗ္ဗကာမိ၊ အမှူးရှိကုန်သော ခုနှစ်ရာကုန်သော၊ ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ၊ တေ ဝိဇ္ဇာထေရ်ကျော်၊ ရဟန္တာ အသျှင်ကောင်း အသျှင်မြတ် အပေါင်းတို့၏၊တေဇေနု၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရှင်း။

၁၂။ တတိယသံဂီတိ အကာ။ ။ရှင်ချစ်ဘုရား နိဗ္ဗာန် သို့ လားပြီးသည့်နောက်၊ သက္ကရာဇ် ( ၂၃၅ )နှစ်ရာ့သုံးဆယ့် ငါးနှစ်သို့ ရောက်သောအခါတွင်၊ ပါဋလိပုတ်ပြည်ဌာန၌ အာသောကမင်းကောင်းကို အမှီပြု၍၊ အာ သော ကာ ရုံ

ကျောင်းတိုက်ကြီး၌ (၉) လ ကြာအောင်၊ တတိယ သင်္ဂါယနာ တင်တော်မူကြကုန်သော၊ အသျှင် မဟာ မောဂ္ဂလိပုတ္တတိဿ၊ အမှူးရှိကုန်သော တထောင် သော ဆဋ္ဌာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇာထေရ်ကျော် ရဟန္တာ အသျှင်ကောင်း အသျှင်မြတ် အပေါင်းတို့၏၊ တေဇောနုဘော်၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်ရှင်း။

၁၃။ သာသနမာမကထေရာ။ ။ထို တတိယသင်္ဂါယနာတင် ပွဲကြီး ပြီးသည့်နောက်၊ အရှင် မောဂ္ဂလိပုတ္တတိဿ မထေရ် မြတ်ကြီးသည်၊ မဇ္ဈိမဒေသအပြင်၊လွှင်ဗာဟိရ-ပစ္စန္တ(၉)ရပ် တို့၌၊ ဗုဒ္ဓသာသနာ ကြာရှည်ပြန့်ပွား၊ ထွန်းလင်းစိမ့်သော ငှာ၊ ဣဒ္ဓိမန္တ၊ ခီဏာသဝ၊ ဂုဏ်ဝိသေသ ရှိတော်မူကြကုန် သော၊ အရှင်မဟိန္ဒထေရ် အစရှိသော လေးကျိပ်ငါးဦးကုန် သော၊ သာသနာပြု ရဟန္တာ အရှင်ကောင်း အရှင်မြတ် အပေါင်းတို့၏၊ တေဇောနုဘော်၊ တန်ခိုးတေဇော်၊ မေတ္တာတော် အာနုဘော်တော်အားဖြင့်ရှင်း။

၁၄။ စတုတ္ထသင်္ဂီတိ အကာ၊ပေါတ္ထ၊ကာရုဋ္ဌာနံ၊လင်္ကာဒီပ၊သီဟဠ ကျွန်းဌာန၌၊ ရှင်ချစ်ဘုရား နိဗ္ဗာန်သို့ လားပြီးသည့်နောက် ၄၅၀ - နှစ်မြောက်တွင်၊ သီဟိုဠ်ဘုရင်၊ ဝဋ္ဋဂါမဏိမင်းကို အမှီပြု၍၊ မလယ အမည်ရှိသော၊ဇနပုဒ်အနီး၊အာလောက လိုဏ်ကြီး၌၊ နောင်အရှည်မပျက်စိမ့်သောငှာ၊ ပေထက်ရေး မှတ်၊ တိပိဋကတ် အရပ်ရပ်တို့ကို၊ စတုတ္ထ သင်္ဂါယနာတင် ခြင်းကို ပြုတော်မူကြကုန်သော၊ တိပိဋကတ်ရေး၊ စူဋ္ဌနာဂါ

မထေရ် အမှူးပြုသော နှစ်သိန်းငါးရာကုန်သော၊ ဆဠဘိညာ
ခီဏာသဝ၊ တေဝိဇ္ဇာ ရဟန္တာအရှင်မြတ်တို့၏၊ တေဇေန၊
တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်
အားဖြင့်ရှင်း။ (မဟာဓမ္မရက္ခိတ)

၁၅။ အာဒိစက္ကိကာနံ ။ ။ရှင်ချစ်ဘုရား နိဗ္ဗာန်သို့ လားပြီး
သည့်နောက်၊ သာသနာတော် (၁၅၈၈) တထောင့်ငါးရာ
ရှစ်ဆယ့်ရှစ်ခုနှစ်အခါတွင်၊ သုနာပရန်ပြည် ပေါက္ကံဦ၊
အနုရုဒ္ဓါဒေဝဘွဲ့ခံရသည့်၊ အနော်ရထာ မင်းကောင်းကို
အမှီပြု၍၊ ဘုန်းလျှံသာသနာ၊ ထွန်းစိမ့်ငှါဟု၊ ကောင်းစွာ
ပြုစုပေကုန်သော၊ သာသနာပြု ရဟန္တာ၊ ခီဏာသဝ
တေဝိဇ္ဇာ၊ အရှင် အရဟံ၊ အရှင်အာနန္ဒာ၊ အရှင် သီဝလိ
အသျှင် ဥပါလိ၊ အစရှိကုန်သော၊ သံဃာတော်မထေရ်မြတ်
တို့၏၊ တေဇေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနု
ဘော်တော်အားဖြင့်ရှင်း။

၁၆။ ပဌမသင်္ဂီတိံ အကာ၊ ရှင်ချစ်ဘုရား နိဗ္ဗာန်သို့ လားပြီး
သည့်နောက်၊ သာသနာတော် သက္ကရာဇ်(၂၄၁၅)ခုနှစ်သို့၊
ရောက်သောအခါ၊ ရတနာပုံ မဏ္ဍလ၊ မန္တလေးမြို့ နဂရတွင်
မင်းတုန်းဘုရင်ကိုအမှီပြု၍၊တိပိဋကတ် အရပ်ရပ်စာပေတို့ကို
နှောင်အဆက်ဆက် စင်ကြယ်စွာ တည်စိမ့်သောငှါ၊
ကျောက်ထက်အက္ခရာဖြင့်၊ ပဌမအကြိမ် သင်္ဂါယနာ
တင်တော်မူကြကုန်သော၊ အရှင် ဉေယျဓမ္မ၊ အရှင် ဇာဂရ၊
အမှူးရှိကုန်သော၊ သီလဝန္တ သိက္ခာကာမ၊ ဂုဏ်ကျေးဇူး

အထူးရှိပေကုန်သော နှစ်ထောင့်လေးရာ(၂၄၀၀)ကုန်သော ကလျာဏ သိမ်ဿတော်အပေါင်းတို့၏၊ တေဇေနုဲ၊ တန်ခိုး တေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရှင်း။

၁၇။ သဗ္ဗသရီရဓါတုစေတီနံ။ ။ရှင်ချစ်ဘုရား၊ နိဗ္ဗာန်သို့ လားပြီးသည့်နောက်၊ သတ္တဝါ ဝေနေယျအပေါင်းတို့အား မဟာကရုဏာအားဖြင့် ထားအပ်တော်မူခဲ့သော၊ ဓါတ် တော်၊ မွေတော်၊ ဆံတော်၊ စွယ်တော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်။ ပါဒစေတီတော်၊ ပရိဘောဂ စေတီတော်၊ ဆင်းတုတော် ကိုယ်ပွားတော်ဓါတ်၊ ပုထိုးတော်၊ စေတီတော် အပေါင်းတို့၏ တေဇေနု၊ တန်ခိုး တေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရှင်း။

၁၈။ သာသနမာမက ဣဒ္ဓိဝိဇ္ဇာဓရာနံ။ ။ရှင်ချစ် ဘုရား နိဗ္ဗာန်သို့ လားတော်မူပြီးသည့်နောက်၊ ဘဝပါရမီ၊ထုံဆက် မှီသဖြင့်၊ အင်းဆေးပြဒါးသံ၊ ဂန္ဓာရီတန်ခိုး၊ အရိယာဓါတ် နိုး၍၊ သိဒ္ဓိကုန်လုံ၊ ပေါက်ပြီးကုန်သော၊ အာယုသိဒ္ဓိ စိတ္တာမယသိဒ္ဓိ စသော၊ ၁၀-ပါးသော သိဒ္ဓိတန်ခိုးဂုဏ်ဖြင့်၊ သီလ-သစ္စာ-သမာဓိ-တရားပွားကုန်သော သာသနာတော် မြတ်ကို၊ ကောင်းစွာပြုစု စောင့်ရှောက်တော်မူကြကုန်သော ရဟန်းဝိဇ္ဇာဓိုရ် စသော၊အရိယာ ဂန္ဓာရီဝိဇ္ဇာ၊ သံဝရမာလာ အာဏာစက်ဆရာတော် ရှင်မထီး၊ရှင်အဇ္ဇဂေါဏ၊ ဓမ္မစေတီ မင်းခေါင် စကုန်သော၊ သာသနာပြု ဝိဇ္ဇာဓိုရ်တို့၏ တေဇေနု၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်ရှင်း။

၁၉။ ဗုဒ္ဓသာသနပါလဒေဝတာနံ။ ။ရှင်ချစ်ဘုရား နိဗ္ဗာန်သို့ လားပြီးသည့်နောက်၊ ဗုဒ္ဓသာသနာတော်၌ ကြည်ညို၍ မြတ်စွာဘုရား၏ ဒါယကာ ဖြစ်ကုန်သော သနင်္ကုမာရ ဗြဟ္မာမင်း၊ ဘုရားမယ်တော် သန္တုသိတ နတ်သား၊ သုံးကျိပ်သုံးပါးသော သိကြားနတ်မင်းမှုစ၍၊ သာသနာတော်ကို ပြုစုစောင့်ရှောက်တော်မူကြကုန်သော သမ္မာဒေဝ သာသနာတော်စောင့် နတ်မင်း - နတ်မြတ် အပေါင်းတို့၏ တေဇေနု၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရင်း။

၂၀။ သဗ္ဗဗုဒ္ဓင်္ကုရာနံ၊ မြတ်စွာဗုဒ္ဓါ၊ စိန္တေယျာသည် ကောင်းစွာရှေ့ရှု ဆင်ချင်ခြင်းပြု၍၊ မဟာကရုဏာ ထုတ်ဖော် ဗျာဒိပ်တော်အားဖြင့် ပေးသနားတော်မူခဲ့သော၊ ဂန့်ဂေါ်ပင် ဗောဓိပင်၌၊ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား အလောင်းတော်၊ စန္ဒကူး ဗောဓိပင်၌၊ ဖြစ်ပွင့်တော်မူလတ္တံ့သော၊ ရာမဗုဒ္ဓဘုရား အလောင်းတော်၊ ဂန့်ဂေါ်ပင် ဗောဓိ၌၊ ဖြစ်ပွင့်တော်မူ လတ္တံ့သော၊ ဓမ္မရာဇာ ဘုရားအလောင်းတော်၊ အင်ကြင်းပင် ဗောဓိ၌ ဖြစ်ပွင့်တော် မူလတ္တံ့သော၊ ဓမ္မသာမိ ဘုရားအလောင်းတော်၊ စန္ဒကူးပင် ဗောဓိ၌၊ ဖြစ်ပွင့်တော် မူလတ္တံ့သော၊ နာရဒ ဘုရားအလောင်းတော်

လက်ပန့်ပင် ဗောဓိဉ်၊ ဖြစ်ပွင့်တော် မူလတံ့သော၊ ရံသိမုနိ ဘုရားအလောင်းတော်၊ စကားပင် ဗောဓိဉ် ဖြစ်ပွင့်တော် မူလတံ့သော၊ ဒေဝါတိ ဒေဝ ဘုရားအလောင်းတော်၊ သခွပ်ပင် ဗောဓိဉ်၊ ဖြစ်ပွင့်တော်မူလတံ့သော၊ နရသီဟ ဘုရားအလောင်းတော်၊ ညောင်ပင်ဗောဓိဉ်၊ ဖြစ်ပွင့်တော် မူလတံ့သော၊ တိဿ ဘုရားအလောင်းတော်၊ ဂန့်ဂေါ်ပင် ဗောဓိဉ်၊ ဖြစ်ပွင့်တော် မူလတံ့သော၊ သုမင်္ဂလ ဘုရား အလောင်းတော်၊ ထိုရှင့်မှာတကျိပ်၊ နိယတဗျာဒိတ်တော်ရ ပြီးသော၊ဗုဒ္ဓင်္ကုရ ဘုရားအလောင်းတို့နှင့် နှမှာငါးရာ၊ဗုဒ္ဓဗီဇ ဘုရားမျိုးစေ့အပေါင်း၊ ဘုရားလောင်းတို့၏၊ တေဇေနဲ၊ တန်းခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အား ဖြင့်ရှင်း။

၂၁။ သဗ္ဗသာသနရက္ခိတ စက္ကပါလ ဓမ္မရာဇာနံ၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏၊ရှေလက်ထက်တော်မှစ၍၊ သာသနာတော်မြတ် ဉ်၊ ကောင်းစွာ သက်ဝင်ကုန်၍၊ ဥပသကာ ပါရမီရှင် ဘုန်းသမ္ဘာရှင် ဖြစ်ကုန်သော၊ မြတ်စွာဘုရား၏၊ သာသနာ တော်မြတ်ကို၊ အခကာစက်အားဖြင့်၊ ကောင်းစွာ သုတ် သင် စောင့်ရှောက်ကုန်သော၊ ကောသလမင်း၊ ဗိမ္ဗိသာရ မင်း၊ မှအစပြု၍၊ သီဟိုရ်ဘုရင်၊ ဒေဝါနံ ပီယတိဿမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ သိရိဓမ္မာသောကမင်း၊ အလောင်းစည်သူ မင်း၊ အနော်ရထာမင်းစသော အလုံးစုံသော၊ သာသနာ ပြု မင်းကောင်း၊မင်းမြတ်တို့၏၊ တေဇေနဲ၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်အားဖြင့်ရှင်း။

၂၂။ မယာပါရမီသမ္ဘာရသတ္တာ။ ကျွန်ုပ်တို့အား၊အာစရိယ ဝါဒ၊ ဆိုဆုံးမလျက်၊ ကရုဏာရှေ့ရှု ပညာဉာဏ် ထောက်မမှု ပြုပေသော၊ ဆရာဥပဇ္ဈာယ် အပေါင်းတို့နှင့် ကျွန်ုပ်တို့သည်၊ တသံသရာပတ်လုံး၊ ကြိုးစား၊ ဆည်းပူး၊ အားထုတ်ပြုစု ထားကြကုန်သော၊ သီလ၊ သမာဓိ၊ ပညာ၊ ပါရမီ သမ္ဘာရ တန်ခိုးဣဒ္ဓိပါဒ် ပညာဉာဏ် ဓါတ်တို့၏ တေဇေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော် အားဖြင့်ရင်း။

၂၃။ အမေ့ဟိ သစ္စာပါရမီဟိ၊ ကျွန်ုပ်တို့သည်၊ မဂ်ဖိုလ် နိဗ္ဗာန် ရည်စိတ်သန်လျက်၊ ကောင်းစွာစေတနာ၊ မြတ်ဓမ္မာ ဂုဏ်၊ သီလ- သမာဓိ ပညာ အပေါင်းတို့နှင့် ယခုဆိုအပ်ခဲ့ ပြီးသော၊ (၂၁) ပါးသော တန်ခိုးဂုဏ်၊ ကျွန်ုပ်တို့၏ ငါးချက်သော သစ္စာဂုဏ်၊ တန်ခိုး အာနုဘော်အားဖြင့်၊ ဤယခုတည်ထားသော ................စေတီဘုရား တည်ထား ရာ၌၊ မြန်စွာမယွင်း၊အောင်မြင်ခြင်းသို့ ရောက်စေသတည်း။

၂၄။ ကျွန်ုပ်တို့တစုမှ အစပြု၍၊ ဤဗုဒ္ဓ စေတီတော်တည်ရာ၌ ပါဝင် ရှက်ဆောင်ကြကုန်သော ဥပသကာ ဥပသကီ အပေါင်းတို့သည်၊ ၉၆-ပါးသောရောဂါ၊ ၂၅ ပါးသော ဘေး၊ ၃၂ ပါးသော ကံကြမ္မာ၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ငါးပါးသော ရန်သူ၊ ၁၀-ပါးသောဒါဏ်၊ ရှစ်ပါးသော အပြစ်၊ သုံးပါးသောကပ်ဘေး၊ အနိဋ္ဌဖလ၊ ဒုက္ခဝေဒနာ၊ အပူအဆာများ၊ မကောင်းသော ဂြိုလ်စီးဂြိုလ်နင်း၊ ခပင်း

လက်ဖွဲ့၊ ခလှဲ့အင်းစုပ်၊ ရုပ်မြုပ်နံ့ထား၊ ပညာပြုစား အောက်စက်ထားခြင်းစသော၊ မကောင်းသောအတတ်ဆိုး တို့နှင့်၊ စုံးနတ်၊ ပယောဂ၊ အဖြာဖြာတို့ အခါခပ်သိမ်း ပိန်းကြာဖက်ပြင်၊ ရေမတင်သကဲ့သို့၊ မကျမရောက်၊ မထိ မနှောက်ပါစေသတည်း၊ ဘေး ရန် အ န္တ ရာယ် အ ပေါင်း ကင်းပျောက် ပါစေသတည်း။

၂၅။ ဤဓါတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီ၊ သရီရဓါတ်တော်တို့ တည်ကိန်းတော်မူမည့် ဂန္ဓကုဋိ၊ ဤ......................စေတီဘုရား တည်ထားသော မြေအတိုင်း၌ ၎င်း၊ ဤမြေနှင့်နီးစပ်သော မြေ၊သစ်ပင်၊ အဆောက်အဦ စသည်တို့၌ တည်ရှိကြကုန်သော မကောင်းမိစ္ဆာ၊နတ်ဆိုး၊ မြေဘုတ်၊ တစ္ဆေဖုတ်၊ သရဲ၊ နတ်စိမ်း နတ်ရဲ တို့ သည်၊ ဆောလျှင်မကြာ၊ ဝေး ဒေ သာ သို့၊ ပြေး စေ ထွက် စေ၊ ရှောင်ရှားကြစေသတည်း။

၂၆။ ဤဗုဒ္ဓစေတီဘုရား တည်ထား ကိုးကွယ်ရာတွင်၊ အလုံးစုံ သော သမ္မာဒေဝ သာသနာတော်စောင့် နတ်ဗြဟ္မာ၊ဝိဇ္ဇာ ဓိုရ်အပေါင်းတို့နှင့် စတုလောကပါလ နတ်မင်းကြီး ၄-ပါး သိကြားနတ်မင်း၊ မယွင်းဝိဇ္ဇာ၊ နတ်ဒေဝါအပေါင်းတို့သည် ထင်ရှားစွာ လာရောက်မစ၊ ချီးမြှောက်ကူညီ၊စောင့်ရှောက် ပါစေကုန်သတည်း။ ဒုဋ္ဌဂါမဏိမင်း၊ ဟေမမာလာ၊ မဟာ

စေတီတော် တည်ထားခြင်းကဲ့သို့၊ ခပ်သိမ်းသော တန်ခိုးကြီးကုန်သော နတ်ဗြဟ္မာ၊ သိကြား၊ ဝိဇ္ဇာတို့သည် ထင်ရှားစွာ ကူညီစောင့်ရှောက် ပါစေသတည်း။ သက်သေမယွင်း သိစေ တည်စေသတည်း။

၂၇။ ဤစေတီတော်မြတ် ........................ စေတီဘုရားသည် သာသနာတော် ငါးထောင်ကာလပါတ်လုံး၊ ဓါတုစေတီ သရီရဓါတ်၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ အပေါင်းတို့ တည်ကိမ်း ပါ စေ သ တည်း၊ ဒါ ယ ကာ အဆက်ဆက်တို့သည် ထပ်မံ တည်ထားနိုင်ကြ၍၊ တိုးပွားကြီးမြင့်စေသတည်း။ လူနတ်နိဗ္ဗာန် ကျိုးသုံးတန်ကို ဒိဋ္ဌဓမ္မ ခံစားရကြစေသတည်း။ ဤစေတီတော်အား ပူဇော်လှူဒါန်း စမ်းအားရှိသမျှ ပူဇာရဟပြုခြင်း ပူဇော်ခြင်းတို့ကြောင့် ဒိဋ္ဌဓမ္မ ဂူဠ္ဌသယ ဆုပတ္ထနာခြင်းပြုပါက၊ ဒိဋ္ဌမသွေ ပြည့်စုံပါစေသတည်း။ ဤစေတီဘုရား၌ ပြစ်မှား နှောက်ယှက်၊ ဖျက်ဆီးကန့်ကွက် ပျက်ယွင်းစေငြားအံ့၊ထင်ရှားဒိဋ္ဌ သစ္စာ စူးစေ၊ထိစေသတည်း။ နတ်ဗြဟ္မာ ဒေဝါအပေါင်းတို့သည် ထင်ရှားစွာ သက်သေအဖြစ် တည်ပါစေသတည်း။ ဤ-စေတီတော်ဘုရားသည်လည်း ထင်ရှားစွာ ရောင်ခြည်တော် တန် ခိုး ပြာ ဋိ ဟာ တို့ သည် ထင် လင်း စွာ ကွန့် မြူး ထွန်းတောက်ပါစေသတည်း။

ဤစေတီဘုရား တည်ထားရာ၌ ယနေ့ ကျွန်ုပ်တို့သည် ရွှေအင်္ဂ၊ ပတ္တမြားအင်္ဂ၊ ငွေအင်္ဂတို့ကို ယခု ချထားသော အင်္ဂမြစ်ချမင်္ဂလာ အောင်ခြင်းဖြာဟိတ်၊ အောင်တံဆိပ်ဖြင့်

အောင်အတိတ်မါတ်၊ ဘ၀င်ခတ်အောင် ပြန့်ပွား စေ၊ အောင်စေကြောင်းကြောင်းကြွာ သိကြစေသတည်း။ ထမြောက် အောင်မြင်ပါစေသတည်း။

၁။ ဂင်္ဂါဝါဠု သဲစုမျှမက ဖြစ်ပွင့်တော် မူပြီးကြကုန်သော ဗုဒ္ဓဘုရားအပေါင်း၊

၂။ ဗြဟ္မဒေဝဘုရား၊ ဘုရားမှစ၍ တသိန်းနှစ်သောင်း ငါးထောင်ကုန်သော ဘုရားအပေါင်း၊

၃။ ပေါရာဏသကျ ဂေါတမဘုရားမှစ၍ ကိုးသိန်း ရှစ်သောင်း ခုနှစ်ထောင်ကုန်သော မြတ်စွာဘုရား အပေါင်း၊

၄။ တဏှင်္ကရာဘုရား အစရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားအပေါင်း၊

၅။ ထိုဘုရား တဆူတဆူအကြားတို့၌ ကောင်းစွာဖြစ်ပွင့် တော် မူကြကုန်သော အရှင်ပစ္စေကဗုဒ္ဓါအပေါင်း၊

၆။ ထိုထိုဘုရားရှင် အပေါင်းတို့၏ တရားတော်အပေါင်း သံဃာတော်အပေါင်း၊

၇။ ဝိဇ္ဇာဓိုရ် နတ်သိကြား၊ ဗြဟ္မာအပေါင်း၊ ဘုရား အလောင်းတို့အပေါင်း။

ကျွန်ုပ်တို့၏ ပါရမီဘုန်းသမ္ဘာနှင့် အာဏာစက်တော် အပေါင်းတို့၏ အမိန့်အာဏာ စက်တော်သည် ဤစေတီကုန်းမှစ အစပြု၍ စကြာဝဠာတိုက်တသောင်း၌ လွှမ်း မိုး အ စိုး ရ လျက် တည် စေ သ တည်း ။ တသောင်းသော စကြာဝဠာတိုက်၌ ရှိကြ ကုန်သော ခပ်သိမ်းသော လူအပေါင်း နတ်အပေါင်း၊ ဝိဇ္ဇာဓိုရ် နတ်သိကြား ဗြဟ္မာ သမ္မာဒေဝ၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ သက်ရှိသတ္တဝါ အားလုံးတို့အပေါ်၌၊ လွှမ်းမိုးအစိုးရလျက် တန်ခိုးပြာဋိဟာပြစေ၊ ထင်ရှားပါစေသတည်း အမိန့်တော် ပြန်တမ်းကြီးသည် ထင်ရှား လွှမ်းမိုး အစိုးရလျက် တည်စေ။

ဘုရား၊ တရား၊ သံဃာ၊ ဦးထိပ်ထားသော
ဘုရားသားတော် အမိန့်တော်။
နာခံကြစေ။

အမိန့်တော် ပြန်တမ်းကြီး ပြီးပြီ။

# နိဂုံး

၁။ သောတတ္တကိ၊ ၆၀၇။ ။ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို၊ ပတ္ထေန္တာ၊ တောင့်တကုန်သော၊ ကေ၊ အချို့ကုန်သော၊ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်၊ သန္တိ၊ ရှိကုန်၏၊ တေ၊ ထိုသူတို့သည်၊ သဗ္ဗသတ္တာ နုကမ္ပကာ၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ် သနားခြင်းရှိကုန်သည်၊ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏၊ ဟိတေသီ၊ အစီးအပွားကို ရှာမှီးလေ့ရှိကုန်သည်၊ သဒါ၊ အခါခပ်သိမ်း မေတ္တာ စိတ္တာ၊ မေတ္တာစိတ်ရှိကုန်သည်၊ ဘဝ-ဘဝန္တု၊ ဖြစ်ကြပါကုန်။

၆၀၉။ ။ယသ္မာ၊ အကြင့်ကြောင့်၊ သဗ္ဗသတ္တော ပကာရကံ၊ အလုံးစုံသော သတ္တဝါတို့အား ကျေးဇူး ပြုတတ်သော ဘုရားအဖြစ်ကို၊ ဣစ္ဆန္တာ၊ အလိုရှိကြကုန်သော၊ ကေစိ၊ အချို့ကုန်သော၊ ယေ၊ အကြင်သူတို့သည်၊ သန္တိ၊ ရှိကြကုန်၏၊ မေ၊ ငါသည်၊ သဗ္ဗာပါရမီ ယော၊ အလုံးစုံသော ပါရမီတို့ကို၊ ပူရေန္တု၊ ဖြည့်ကြပါကုန်။

၆၁၀။ ။ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဧဝံ၊ ဤသို့၊အဝဒိ မိန့်ပြီ၊ တ ထာ ဂ တော၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားသည်၊ ဧဝံ၊ ဤသို့၊ ဝဒိ၊ ဟော တော်မူပြီ၊ အာနန္ဒော၊ အာနန္ဒာသည်၊ ဧဝံ၊ ဤသို့၊ သုတွာန၊ ကြားရပြီး၍၊ ပုန၊ တဖန်၊ တထာဂတံ၊ မြတ်စွာဘုရားကို၊ ပုစ္ဆိ၊ မေးလျှောက်ပြီ။

၆၁၁။ ။ဘန္တေ၊ အရှင်ဘုရား၊ သစေ၊ စင်စစ်၊ ဧဝရူပံ၊ ဤသို့ သဘောရှိသော၊ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်ကို၊ သုဒုလ္လဘံ၊ အလွန်ရနိုင်ခဲ၏၊ ဧဝံ၊ ဤသို့၊ မယာ၊ အကျွန်ုပ်သည်၊ ပုဗ္ဗေ၊ ရှေး၌၊ သုတံ၊၊ ကြားဘူးပါ၏၊ တုမှာကံ၊ အရှင်ဘုရားတို့၏၊ ဝစနံ၊ စကားကား၊ ကထံ၊ အဘယ်သို့ပါနည်း။

၆၁၂။ ။ယောပဗ္ဗဇိတောစ၊ အကြင်ရဟန်းဋင်း၊ ယောနရောစ၊ အကြင်လူဋင်း၊ ယောကောစိ၊ အမှတ်မထင် အကြင် တစုံတယောက်သောသူသည်၊ ဗောဓိရုက္ခံ၊ ဗောဓိပင်ကို၊ ရောပေတိ၊ စိုက်တည်၏၊ ယောစ၊ အကြင်သူမူကား၊ သတ္ထု၊ မြတ်စွာဘုရား၏၊ ဗိမ္ဗံ၊ ဆင်းတုတော်ကို၊ ကရောတိ၊ ပြု၏၊ သော၊ ထိုဗောဓိပင် စိုက်ပျိုးသောသူ၊ ဆင်းတုတော် ပြုသသူသည်၊ ဓုဝံ၊ မချွတ်၊ ဗုဒ္ဓေါ ဘဝိဿတိ၊ ဘုရားဖြစ်လတံ့။

၆၁၃။ ။ယောအကြင်သူသည်၊ မမ၊ ငါဘုရားနှင့်၊ ပတိသမံ၊ တူသော၊ ဒေဝံပိ၊ နတ်ကိုဋင်း၊ ပုရိန္ဒဒံပိ၊ သိကြားကိုဋင်း၊ အဘိတဝန္တဝဏ္ဏာ ၊ လွှမ်းမိုးနိုင်သော အဆင်းရှိသော ဗိမ္ဗံ၊ ဆင်းတုတော်ကို၊ ကရောတိပြု၏၊ ယော၊ အကြင်သူသည် မတ္တိကာဒိဟိ၊ မြေညက်အစရှိကုန်သော၊ မဟဂ္ဃရတနေဟိ၊ အဘိုးများစွာထိုက်သော ရတနာတို့ဖြင့်၊ ဗိမ္ဗံ၊ ဆင်းတုတော်ကို၊ ကရောတိ၊ ပြု၏၊ သော၊ ထိုသူသည်၊ ကတေန၊ ပြုအပ်သော၊ တေနဗလေန၊ ထိုကုသိုလ်စွမ်းအားကြောင့်၊ လောကေ လောက၌၊ ဗုဒ္ဓေါ ဘဝိဿတိ၊ ဘုရားဖြစ်ပွင့်လတံ့။

၆၁၄။ ။တသ္မာ၊ ထို့ကြောင့်၊ သဗ္ဗညုတဉာဏာနံ၊ သဗ္ဗညုတဉာဏ် တည်းဟူသော ဉစ္စာကို၊ ဂုစ္ဆန္တော၊ အလိုရှိသော၊ ပညာဝါ၊ ပညာရှိသော၊ နရော၊ လူသည်၊ သဗ္ဗဗုဒ္ဓေဟိ၊ အလုံးစုံသော ဘုရားသခင်တို့သည်၊ ဝဏ္ဏိတံ၊ချီးမွမ်းအပ်သော၊ တံဗိမ္ဗံ၊ ထိုဘုရားဆင်းတုတော်ကို၊ ကရေယျ၊ ပြုရာ၏။

၆၁၇။ ။အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ မယာ၊ ငါသည် အာမဝုတ္တံ၊ ဩြော်-ဆိုအပ်ပေ၏။ ဣဒဥ္စ၊ ဤစကားသည်လည်း၊ မမ၊ငါဘုရား၏၊ ဝစနံ၊ စကားတည်း၊ ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏၊ ဝစနံ၊ စကားတော်သည်၊ ဝိတထံ၊ ချွတ်ယွင်းသော မည်သည်၊ နတ္ထိ၊ မရှိ၊ဓုဝသဿတံ၊ အလွန်မြဲ၏။

၂။ ဤသို့မြတ်စွာဘုရား၏စကားတော်ကို တွေ့မြင်ကုန်သော ပညာရှိတို့သည်၊ မိမိတို့၏ တောင့်တအပ်သော ဗောဓိဆုများ ပြည့်မြောက်စေရန်၊ ဗောဓိပင် တည်စိုက်ပူဇော်ခြင်း၊ စေတီဘုရားတည်ခြင်း၊ ဘုရားဆင်းတုတော် တည်ခြင်းများကိုပြု၍ ဆု ဗောဓိပတ္ထနာခြင်း ပြုသင့်လှပေသည်။ သမ္မာသမ္ဗောဓိ၊ ( မဟာဗောဓိ ) ဆုကြီးပန်များသည်၊ ထိုသို့ တည်ထားကိုးကွယ် ဆု ပတ္ထနာခြင်း အမှုပြုကြပါမူကား၊ နိယတ ဗျာဒိတ်တော်ကို ခံရဘိသကဲ့သို့ မဟာဗောဓိဆုကြီး ၏ ပြည့်စုံရာ မူလပဓါန အကြောင်းရင်းကြီး ဖြစ်ပါကြောင်း၊ အခြားသော ပစ္စေကဗောဓိနှင့် သာဝက ဗောဓိ သုံးပါးရှင်တို့လည်း ရှက်ဆောင် ပတ္ထနာခြင်းပြု၍ ပါရမီ သမ္ဘာရကို ဖြည့်ကျင့် အားထုတ်လျှင်ကား ပိုမိုလျှင်မြန်

ပြည့်စုံရခြင်း မလွဲတည်း။ ထို့ပြင်လည်း ရှေးရှေးကုန်သော လောကီဝိဇ္ဇာရှင်၊ လောကုတ္တရာ ဝိဇ္ဇာရှင်များလည်း၊ ထိုသို့သော နည်းဖြင့် ပန်းတိုင်သို့ ရောက်အောင် ရှက်ဆောင်သွားတော်မူကြခြင်းကို တွေ့မြင်ကြရပေသည်။

၃။ ဤ( စေတီဘုရားတည်နည်းကျမ်း )တွင် ရေးသားရာ၌ ( ၁ ) စေတီဘုရားနှင့် (၂) ဘုရားစေတီ၊ ဟူသော စကား နှစ်လုံး၏ အဓိပ္ပါယ်မှာမူ-။

(၁) မြတ်စွာဘုရား၏စေတီ(၄)ပါးတို့ကို တည်ထည့်သွင်းနှံ၍ စေတီဖြစ်မြောက်အောင် အားထုတ်နေဆဲမှာ ဘုရားစေတီဟု အဓိပ္ပါယ်ကောက်ယူရန်ဖြစ်ပြီး။

(၂) စေတီလေးပါး ဌာပနာပြီးမှစ၍ ထီးတင်-အနေကဇာ တင်ပြီးသည့်နောက်တွင်ကား စေတီဘုရား၊ ဖြစ်ပါသည်။ ဤသို့အဓိပ္ပါယ်ပင် ဖြစ်သော်လည်း စကားအလျှင်းသင့်သလို ရေးသား သွားပါကြောင်း မည်သူရှိတို့အား ပန်ကြားအပ်ပါသည်။

၄။ လူသုံးဦးတို့၏ ခေါင်ထွဋ်၊ သျှောင်တမွတ် ဖြစ်တော်မူသော် မြတ်စွာဘုရားသခင်၏ မဟာဂရုဏာတော် ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တသခင်၊ ဘုရားမြတ်စွာရှင်ကို၊ ဖူးမျှော်ပူဇော်ရခြင်းသည်၎င်း၊ မြတ်စွာဘုရား၏ ကိုယ်ပွားတော်၊ ဓါတ်တော်တို့အား ဖူးမျှော်ပူဇော်ရခြင်းသည်၎င်း၊ စေတနာတူမျှကြပါလျှင် တူမျှသော အကျိုးကို ဖြစ်စေ

တော်မူ၏ဟု၊ မြတ်စွာဗုဒ္ဓါ၊ ဟော ဒေသနာတော်အတိုင်း၊ အတိဒုလ္လဘာ ရခဲလှစွာသော၊ ဗုဒ္ဓသာသနာတော်တွင်း၊ မနုဿ လူသားစင်စစ် ဖြစ်ကြရကုန်သော၊ ပညာရှိ သူတော်ကောင်း၊ အမျိုးကောင်း သားသမီး အပေါင်းတို့ သည်၊ လက်ဝယ်ရထား၊ မဏိဇောတ ပတ္တမြားရတနာ အလားသို့ လက်ဆုပ်ပိုင်သ၊ အသုံးချတတ်ကြရန်မှာ၊ အလွန် အရေးကြီးသော အချက်ကြီး ဖြစ်ပါကြောင်း၊ အချိန်သည် အသက်ပင် ဖြစ်ပါသဖြင့်၊ အချိန်တို့ကို (အသက်တို့ကို) တန်ဘိုးရှိစွာ အသုံးပြုလျက် သဒ္ဓါဗိုလ်တလုံး ပြည့်စုံပါမူ ကျန် ဗိုလ်လေးပါးလည်း ထက်ချပ်ပါလာမြဲ ဖြစ်သဖြင့် သဒ္ဓါတရား လွန်ပြန့်ပွား၍ လုံ့လပြုကုန်ရာသည်။

၅။ လောကတွင် အဘယ်အရာ အဘယ်အတတ်ပညာမဟူ အာစရိယဝါဒပုဗ္ဗ၊ လက်ဆုပ်ပိုင်သ၊ အာစရိယဝါဒတို့ ပြည်စုံဘို့(ဆရာနည်း) မုချ လိုအပ်ပါသည်၊ ပညာဟူသည့် ပညာရှိတဦး၌ရှိသော ပညာသည်၊ သမုဒ္ဒရာမှ ရေတစက် မျှသာဟူသော သြဝါဒကဲ့သို့၊ ဗဟုသုတ ပညာတို့ကား ဆည်းပူး၍ကုန်ပြီ၊ ပြည့်စုံပြီဟုမရှိ၊ ဖြည့်ကျင့် ယူရမည်သာ တည်း၊ သို့ဖြစ်၍ မာနနှင့် ထမ္ဘတရား၊ ပမာဒအစုတို့ကို ပယ်နှိပ်၍၊ ပညာနိသျည်း၊ဆရာနည်းတို့ကို ခံယူသင့်သည် သာတည်း။

၆။ ဤကျမ်းငယ်ကို ပြုစုရခြင်းဖြင့် အနာဂါတ်ကာလတွင် စေတီဘုရား တည်ထားကြရာ၌ စံနစ်ကျန လွယ်ကူစေမည့် အထောက်အကူ ဖြစ်စေရန် ယုံကြည်ထားပါကြောင်း၊

စေတီဘုရားတည်နည်းကို ရယူလိုကြသဖြင့် အကြိမ်များစွာ လက်ရေးစာ ရေးပေးခဲ့ရဘူးလျှခြင်းမှုလည်း ကင်းလွတ်ရပါလိမ့်မည်၊ ရန်ကုန် မန္တလေးစသော မြို့နယ်အသီးသီးတို့မှ၊ ရဟန်းရှင်လူ သူတော်စွာတို့က အတန်တန် နှိုးဆော်တိုက်တွန်းအပ်၍ရှင်း၊ ရွှေဘိုမြို့ ရွှေမြင်တင်တောင်တွင် သာသနာပြု မာမကရသေ ဦးဗောဓိမေ့သည် အထူးတောင်းဆိုအပ်သည် ဖြစ်ပါ၍ ထိုထိုသို့သော သူတော်ကောင်း အပေါင်းတို့၏ စိတ်ရှင်လန်း ဆန္ဒပြည့်ဝ သဒ္ဓါဓါတ်လျှမ်း ပြည့်စေရန် ရေးသားစီရင်အပ်ပါသည်၊ ပညာရှင် သူတော်ကောင်းတို့သည် နှစ်သက်ရာရာကိုယူပြီး ထပ်မံ အကြံဉာဏ်ပေး ချီးမြှောက်ကြပါရန် မျှော်လင့်သီးခံအပ်ပါသည်။

ဤကျမ်းငယ်ကို ရေးသားပြုစုစီရင်သူ ဆရာဇေယျပဏ္ဍိတ၊ ခေါ် ညောင်းရမ်း ဦးဇေယျသည် တောင်ငူမြို့ အောင်သိဒ္ဓိ ဓါတ်ပေါင်းစေတီ၊ ရန်ကုန်မြို့၊ ရွှေတိဂုဏ်ဘုရားကြီး မြောက်ဘက်အနီး သွေးဆေးကန်ထိပ်ရှိ၊ ရန်ပြေမာန်ပြေ ကမ္ဘာဇ စေတီတော်နှင့် သစ္စာဇေယျဘုရားစေတီ၊ ပုပ္ပါးတောင် ကလပ်မြောက်ဘက် အနီးရှိ ပုပ္ပါးအောင်မြေ ဓါတ်ကျောင်းမြေတွင်၊ မင်းရာမ ဗုဒ္ဓရုပ်ရှင်တော်မှစ၍ စေတီ ၇-ဆူ၊ ဆင်းတုတော်ကြီး ၂-ဆူ၊ စသော စေတီဘုရား အများအပြားတို့ကိုရှင်း၊ ဗောဓိပင်ပေါင်း များစွာတို့ကို တည်စိုက်၍ရှင်း၊ ကိုယ်တိုင် စံနစ်တကျ တည်ထားခဲ့ပြီးသော ဘုရားဒါယကာကြီးတဦး ဖြစ်သည့်အတိုင်း လက်တွေ့ ရှက်ဆောင်ခဲ့ဘူးသော နိသျှည်းများကို၊ ရွေးရွေးသော

ဆရာတော်ကြီးများ၏ နည်းပုံထုံး ဩဝါဒများအတိုင်း၊ ဤစေတီဘုရား တည်ထားနည်း ကျမ်းငယ်ကို ပြုစုရပါသည်၊ သာသနာတော် ၂၅၀၆-ခု၊ ကောဇာသက္ကရာဇ် ၁၃၂၄-ခု သီတင်းကျွတ်လဆန်း ၂ ရက်နေ့ညတွင် စီရင်၍ ပြီးစီး ထမြောက်ပါကြောင်း၊ ခပ်သိမ်းသော ပညာရှင် သူတော်ကောင်းတို့၏ နှလုံးအိမ်တွင် ဗုဒ္ဓပီတိ သမာဓိဓါတ်များ ပြည့်လျှမ်းဖြိုးမောက် ရွှင်လန်းဆန္ဒပြည့်ဝကြပါစေသတည်း။ ဤကျမ်းငယ်ဖြင့် ဥပဇ္ဈာယ် ဆရာတော်ကြီးအပေါင်းနှင့် ခမည်းတော်မြတ် ညောင်ရမ်း နန္ဒသူ ကိုယ်တော်အား ပူဇော်အပ်ပါသတည်း။

ရတနာသုံးပါး ဦးထိပ်ထားလျက် ဤ ကျမ်းကို ပြီးစီး
ထမြောက်စေပါသည်။

စေတီဘုရား ဒါယကာအပေါင်းတို့ ဗောဓိဉာဏ်ပွင့်၍
အောင်ကြပါစေ။

ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု၊
ဣဒံမေပုညဘာဂဿ သဗ္ဗညုတဉာဏဿ ပစ္စယောဟောတု။

ဤ-ကျမ်းတို့အား ဓမ္မဒါန ပူဇော်ကြကုန်သော သာသနမာမက ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း ဤ ကျမ်း နှင့် အတူ ဆုပတ္ထနာမူများ ပြီးပြည့်စုံကြပါစေသတည်း။

နိဋ္ဌိတံ ။

ညောင်ရမ်းဇေယျပဏ္ဍိတ

ဥ-သ-မဟာဒနာယကမင်း၊

မ-သ-န-ခ မြင့်တင်ရေးအဖွဲ့ချုပ်

၁၉၃၊ (ည)ရပ်ကွက်၊ ရောလမ်းသွယ် (ဂ)၊

မြောက်-ဥက္ကလာပမြို့။

ညောင်ရမ်းဇေယျပဏ္ဍိတ-ရတနာစုံ စာပေတိုက်၊

မှတ်ပုံတင် ၀၁၂၀၊ / ၅-၁၁-၆၂၊

အမှတ်-၄၉၊ (ခ)ရပ်ကွက်၊

မဇ္ဈေလမ်းနှင့် တုဿိတာလမ်းဒေါင့်

မြောက်-ဥက္ကလာပမြို့။

တာဝန်ခံ ထုတ်ဝေသူ၊ ဦးဇေယျ။

ရန်ကုန်မြို့၊ အမှတ်-၃၈၊ ၁၂-လမ်း၊ ဇေယျာသိန်း-ပုံနှိပ်တိုက်၊
ယာယီမှတ်ပုံတင်အမှတ် (၀၁၃၆) တွင်
ရိုက်နှိပ်၍

မှတ်ပုံတင်အမှတ် ၀၁၂၀ / ၅-၁၂-၆၂ ဦးဇေယျ-က
တာဝန်ခံ ထုတ်ဝေသည်။

722.24,5-53
A1MMGB005660

ရန်ကုန်မြို့၊ အမှတ်-၃၈၊ ၁၂-
ယာယီမှတ်ပုံတ

ရန်ကုန်မြို့၊ အမှတ်-၃၈၊ ၁၂-လမ်း၊ ဇေယျာသိန်း-ပုံနှိပ်တိုက်၊
ယာယီမှတ်ပုံတင်အမှတ် ( ဝ ၁ ၃ ၆ ) ၌
ရိုက်နှိပ်၍

ညောင်ရမ်း ဇေယျ ပဏ္ဍိတ ရတနာစုံ-စာပေတိုက်
အမှတ်-၄၉၊ (ခ)ရပ်ကွက် မင်္ဂလာလမ်းနှင့် တုဿိတာလမ်းဒေါ
မြောက်ဥက္ကလာပမြို့။

မှတ်ပုံတင်အမှ ၁၂၀ / ၅-၁၁-၆၂ ဦးဇေယျ-က
တာဝန်ခံ ထုတ်ဝေသည်။